www.burmeseclassic.com

# ဝဏ္ဏအောင်

စား ဖုံမြိုင်

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

# ဝဏ္ဏအောင်

---

## ဓား ပုံ ပြင

( ပထမပိုင်း )

BURMESE CLASSIC

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


စာမူခွင့်ပြုချက်အမှတ် - ၁၄၅၉ / ၂၀၀၃ (၁၀)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၀၂ / ၂၀၀၄ (၅)
ပထမ အကြိမ်၊ ၂၀၀၄ - ခုနှစ်၊ ဧပြီလ
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၁၀ ကျပ်

*

ထုတ်ဝေသူ

မောင်မိုးကေခိုင် ချိုတေးသံ စာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ ၄၊
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

*

ပုံနှိပ်သူ

ဦးလှသိန်း (လှသိန်းဦး ပုံနှိပ်တိုက်)
အမှတ်(၁၂)၊ ဒါနလမ်း၊ သာယာကုန်းရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

*

ဦးထွန်းလင်း ဖိုး၀ အော့ဖ်ဆက်
အမှတ် ၁၄၇၊ ၄၅ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။


www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

ည....

လဝန်းသည် ကောင်းကင်ပေါ်တွင် ထိန်ထိန်သာနေ၏။

သို့သော်....

ထူထပ်သိပ်သည်းစွာဖြင့် ကျဆင်းနေသော သီးနှင်းများကြောင့် လဝန်းသည် ကမ္ဘာ့မြေပြင်အား ကောင်းစွာ အလင်းရောင် မပေးနိုင်ပေ။

ဆောင်းည၏ မြောက်ပြန်လေသည် ခါးသွားပမှာ အေးမြက်လှပေသည်။

www.burmeseclassic.com

www.burmeseclassic.com



နှင်းရည်စက်များသည် မိုးသီးပေါက်များပမာ တဖြောက်ဖြောက် ကျဆင်းနေသည်။

ဆိုးရွားလှန်းလှသော ရာသီဥတုဒဏ်ကိုခံစားရင်း ယင်းကျွန်း ကျေးရွာသူ ကျေးရွာသားများသည် အိပ်မောကျနေပြီ ဖြစ်လေတော့သည်။

* * *



ညဥ့်သည် တစ်စတစ်စ အိုမင်းရင့်ရော်လာသည်။

ညဥ့် နက်လာသည်နှင့်အမျှ အအေးဓာတ်သည် ပို၍ပင် လွှန်ကဲလာ၏။

ဓားသွားပမာ ထက်မြက်လှသော ရေခဲစ ရေမှုန်တို့သည် မြောက်ပြန်လေနှင့်အတူ ရောထွေးပါဝင်လာသည်

ယင်းကျွန်းရွာစွန်တွင် တိတ်ဆိတ်ခြင်းက ပို၍ကြီးစိုးနေသည်။

ဖို့အချိန်တွင်....

အဝေးဆီမှ ပြေးလွှားလာသော ခြေသံတစ်သံက တိတ်ဆိတ်ဖသော ညဥ့်ယံကိုဖောက်ထွင်းကာ ထွက်ပေါ်လာသည်။

ခြေသံသည် တစ်စထက်တစ်စ ကျယ်ခလောင်လာ၏။

ခြေသံနှင့်အတူ....

အဖြူရောင် လူရိပ်တစ်ရိပ်သည် ယင်းကျွန်း ကျေးရွာ၏ဘက်သို့ ဦးတည်ပြေးလွှားလာ၏။

နှင်းမှုန်များ ထူထပ်သိပ်သည်းစွာ ကျဆင်းနေသော်လည်း လဝန်း၏အလင်းရောင်ကြောင့် ထိုလူ၏မျက်နှာကို တင်ရှားစွာ တွေ့နိုင်၏။

ထိုလူသည် အသက်သုံးဆယ်ခန့်ရှိသော လူလတ်ပိုင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤမျှဆိုးဝါးလှသော ရာသီဥတုတွင် သူ၏ခန္ဓာကိုယ်ပေါ်၌ ပါးလွှာသော အဖြူရောင်ဝတ်စုံတစ်စုံသာ ဝတ်ဆင်ထားလေသည်။

ယခုအချိန်တွင် သူ့အတွက် လုံခြုံနွေးထွေးသော နေရာတစ်ခုသို့ ရောက်ရှိရန် အလွန်ပင် အရေးကြီးနေ၏။

ထို့ကြောင့်....

သူသည် ရှာကလေးအစွန်ရှိ မီးရောင်ပျပျ ထွက်ပေါ်နေသော အိမ်ကလေးဆီသို့ ဦးတည်ပြေးလွှားနေ၏။

မကြာပါချေ။

သူသည် အိမ်ကလေးအနီးသို့ ရောက်ရှိလာ၏။

ထိုအိမ်ကလေးသည် သစ်လုံးများဖြင့် သေသပ်စွာဆောက်လုပ်ထားခြင်း ဖြစ်၏။

အဖြူရောင်ဝတ်ဆင်ထားသူ၏ မျက်လုံးအစုံမှာ ဝင်းလက်တောက်ပသွား၏။

သူသည် စဉ်းစားခြင်း မပြုတော့ဘဲ အိမ်ကလေးရှိရာသို့ လျှောက်သွား၏။

'အိမ်ရှင်တို့....အိမ်ရှင်တို့'

ဟု ခေါ်လိုက်လေ၏။

ကိတ်ဆိတ်သောညဥ့်ယံတွင် သူ၏အသံက ကျယ်လောင်စွာ ထွက်ပေါ်လာ၏။



သူ၏အသံနှင့် မရှေးမနှောင်းမှာပင် သစ်လုံး အိမ်လေး၏ တံခါး ပွင့်လာလေ၏။

အိမ်ကလေးအတွင်းမှ အညိုရောင်ဝတ်ဆင်ထားသော လူတစ်ယောက် လှမ်းထွက်လာ၏။

ထိုလူသည် အသက်သုံးဆယ်ကျော်ခန့် ရှိမည်ဖြစ်ပြီး ခန္ဓာကိုယ် ထွားကျိုင်းသန်မာလှပေ၏။

သူသည် အဖြူရောင်ဝတ်ဆင်ထားသူအား စူးစမ်းသလိုမျိုး ကြည့်ကာ....

'ခင်ဗျားက ဘယ်သူလဲ'

အဖြူရောင် ဝတ်ဆင်ထားသူက ခြောသွေ့အက်ကွဲသော လေသံဖြင့်....

'ကျုပ်နာမည်က ရှောင်ကျင်ပါ'

အညိုရောင် ဝတ်ဆင်ထားသူက မျက်မှောင်ကြုတ်ကာ....

'ဘာကိစ္စရှိလို့လဲ'

ရှောင်ကျင်က ပြန်ပြောလိုက်သည်။

'ကျုပ်က ခရီးသွားတစ်ယောက်ပါ၊ အပြင်မှာနှင်းတွေ သိပ်ကျနေလို့ ဒီတစ်ညတာ ခင်ဗျားတို့အိမ်မှာ တည်းခိုခွင့်ပြုပါ'

www.burmeseclassic.com

www.burmeseclassic.com



အညိုရောင် ဝတ်ဆင်ထားသူက ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး....

'ဟုတ်တယ်၊ အပြင်မှာသိပ်အေးတယ်၊ ခင်ဗျား တည်းခိုရင်တော့ ရပါတယ်'

သူက ယင်းသို့ပြောပြီး ရှောင်ကျင်ကို ပြုံးပြကာ....

'အိမ်ထဲ ဝင်ပါဗျာ'

ရှောင်ကျင်၏ မျက်လုံးအစုံ ဝင်းလက် တောက်ပသွား၏။

'ကျေးဇူးတင်ပါတယ်ခင်ဗျာ'

သူသည် ယင်းသို့ပြောပြီး သစ်လုံးအိမ်ထဲ လှမ်းဝင်လိုက်သည်။

အိမ်ကလေးထဲ၌ မီးလင်းဖိုတစ်ခု ဖိုထားသည်ကိုတွေ့မြင်ရ၏။

မီးလင်းဖိုကြောင့် အိမ်ကလေးအတွင်း၌ နွေးနွေးထွေးထွေး ရှိနေ၏။

မီးလင်းဖိုနံဘေး၌ အမျိုးသမီးတစ်ယောက်ထိုင်နေသည်။

အမျိုးသမီး၏ ပေါင်ပေါ်တွင် တစ်နှစ်သား အရွယ်ခန့်ရှိ ကလေးငယ်တစ်ယောက် အိပ်ပျော်နေသည်။

ထို့အပြင်....



မီးလင်းဖိုဘေးရှိ ကြမ်းပြင်ပေါ်တွင် ဖျာတစ်ချပ်ခင်းထားသည်။

ထိုဖျာပေါ်တွင် သုံးနှစ်သားခန့်ရှိ ကလေးတစ်ယောက် နှစ်ခြိုက်စွာ အိပ်ပျော်သည်။

ထိုအမျိုးသမီးက နှင်းရည်များစိုရွှဲနေသော ရှောင်ကျင်ကို ကြည့်ကာ ကရုဏာသက်ဟန်ဖြင့် အညိုရောင်ဝတ်ဆင်ထားသူအား လှမ်းပြောလိုက်သည်။

'အစ်ကို...သူ့အတွက် အဝတ်အစား တစ်စုံပေးလိုက်ပါ၊ နောက်ပြီး အရက်တစ်အိုးနဲ့ စားစရာလဲ ပေးလိုက်ပါဦး'

ထိုအခါ...

အညိုရောင်ဝတ်ဆင်ထားသူက အခန်းတွင်းသို့ဝင်သွား၍ ဝတ်စုံတစ်စုံနှင့် အရက်တစ်အိုးကို ယူဆောင်လာသည်။

အမဲသားကြော် တစ်ပန်းကန်လည်း ပါလာလေသည်။

ရှောင်ကျင်က အဝတ်အစားများကို လဲလှယ်၍ ဝတ်ဆင်လိုက်သည်။

ထို့နောက်....

အရိုးကွဲမတတ်အေးစိမ့်မှုကို ကာကွယ်ရန် ထိုလူပေးသော အရက်နှင့် အမဲကြော်များကို ယူ၍ စားသောက်လိုက်သည်။

အမျိုးသမီးက ရှောင်ကျင်ကိုကြည့်ပြီး....

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မရဲ့နာမည် လုမေလို့ ခေါ်ပါတယ်၊ သူကတော့ ကျွန်မခင်ပွန်း ချန်းစီပါ၊ ကျွန်မတို့ကို မိတ်ဆွေလို့ သဘောထားနိုင်ပါတယ်ရှင်'

ရှောင်ကျင်က ခေါင်းတစ်ချက်ညိတ်လိုက်ပြီး....

'ဟုတ်ကဲ့၊ ကျုပ်နာမည်က ရှောင်ကျင်ပါ၊ ခရီးသွားရင်း မိုးချုပ်သွားလို့ ဒီတစ်ညတာ တည်းခိုခွင့် တောင်းခံတာပါ'

သူသည် ပြောရင်း အရက်နှင့် အမဲသား ကြော်များကို အားရပါးရ စားသောက်လိုက်၏။

ခဏအကြာတွင် စားသောက်၍ ပြီးစီးသွားသောကြောင့် လုမေက ချန်းစီအားကြည့်ကာ....

'အစ်ကို.... ညဉ့်လဲနက်လှပြီ၊ ဧည့်သည်အတွက် အိပ်ရာ ပြင်ဆင်ပေးလိုက်ပါဦး'

ချန်းစီက ချက်ချင်းပင် မြက်ဖျာတစ်ချပ်နှင့် စောင်များကို ယူကာ အိပ်ရာပြင်ဆင်ပေးလေသည်။

'မိတ်ဆွေအတွက် မီးလင်းဖိုဘေးမှာပဲ အိပ်ရာကိုပြင်ပေးမယ်၊ ရပါတယ်နော်'

ရှောင်ကျင်က ခေါင်းတစ်ချက် ညိတ်လိုက်သည်။

'ရပါတယ်ဗျာ၊ ကျုပ်အတွက်နဲ့ မိတ်ဆွေတို့ ပင်ပန်းနေပါပြီ၊ အခုလို တည်းခိုခွင့်ရတာကို ကျေးဇူးတင်ပါတယ်ဗျာ'



သူသည် ပြောပြီးသည်နှင့် ချန်းစီပြင်ဆင်ပေးသောအိပ်ရာတွင် အိပ်ကာအနားယူရန် ဟန်ပြင်လိုက်၏။

တစ်ခဏအကြာတွင်....

လုမေကနှုတ်ဆက်ကာ ကလေးငယ်ကိုချီပိုးပြီး အတွင်းဘက်မှ အခန်းသို့ ဝင်သွားလေသည်။

ချန်းစီသည် အိမ်တံခါးများကို လိုက်လံစစ်ဆေးလိုက်ပြီး လုံခြုံစွာပိတ်လျက် ကျန်ကလေးတစ်ယောက်ကို ချီပိုးကာ အတွင်းခန်းထဲသို့ ဝင်သွားလေသည်။

မီးလင်းဖိုမှာ ထင်းထပ်မထည့်တော့သဖြင့် တဖြည်းဖြည်း အရှိန်လျော့ကျသွားသည်။

အလင်းရောင် မှေးမှိန်သွားသော်လည်း အနွေးဓာတ် ပြယ်မသွားပါချေ။

ရှောင်ကျင်မှာ ခရီးပန်းလာခဲ့ခြင်းကြောင့် တဖြည်းဖြည်း မျက်ခွံများလေးလံ၍ အိပ်ပျော်သွားလေတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေသည်။

တိတ်ဆိတ်လွန်းလှသော အနေအထားကြောင့် ရှောင်ကျင့်သည် ရုတ်တရက်လန့်နိုးလာသည်။

သူသည် အသွင်းဘက်သို့ လှမ်းကြည့်လိုက်သည်။

အကွင်းဘက်၌ မှောင်မည်းနေ၍ လူရိပ်လူယောင် မတွေ့ရပေ။

ထိုစဉ်မှာပင်....

အဝေးမှ မြင်းခွာသံသဲ့သဲ့ကို ကြားလိုက်ရလေ၏။

'ဟင်....မြင်းခွာသံပါလား'

ယင်းသို့တွေးရင်း အိပ်ရာထဲလှဲနေရာမှ ဆတ်ခနဲ ထထိုင်လိုက်သည်။

တစ်ဆက်တည်းမှာပင် အိမ်ရှေ့သို့ထွက်ရန် ဟန်ပြင်လိုက်သည်။

မြင်းခွာသံများသည် တစ်စထက်တစ်စ ကျယ်လောင်လာသည်။

အိမ်ကလေးနှင့် နီးကပ်သည်ထက် နီးကပ်လာ၏။

ရှောင်ကျင့်၏ရင်ထဲ လှုပ်လှုပ်ရှားရှားဖြစ်လာ၏။

သူသည် ချက်ချင်းပင် ပြတင်းပေါက်ဖွင့်ကာ အပြင်သို့ ထွက်လိုက်သည်။



ပတ်ဝန်းကျင်၌ အကဲခတ်ကြည့်လိုက်ရာ မြင်းခွာသံကြားရသော်လည်း မှောင်နှင့်မည်းမည်း ဖြစ်နေသောကြောင့် ဘာမျှမမြင်မတွေ့ရပါချေ။

ရှောင်ကျင့်က ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ ကိုယ်ဖော့ညာအသုံးပြုရင်း အိမ်ခေါင်မိုးပေါ်သို့ ပေါ့ပါးစွာ ခုန်တက်လိုက်၏။

ခေါင်မိုးပေါ်မှတဖန် အကဲခတ်ကြည့်လိုက်သည်။

ဟိုအဝေး၊

အနောက်ဘက်မှ ဒုန်းစိုင်းနှင်လာနေသော မြင်းစီးသမားတစ်စုအား တွေ့မြင်လိုက်ရသည်။

'ဘယ်သူတွေပါလိမ့်'

တွေးတောစဉ်းစားရင်း ခေါင်မိုးပေါ်မှနေ၍ အကဲခတ်ကြည့်နေလိုက်သည်။

'ခွပ်....ခွပ်....ခွပ်'

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာပြီးလျှင် မြင်းစီးသမားတစ်စုသည် အိမ်ကလေးအနီးသို့ ရောက်ရှိလာသည်။

ယခုအချိန်ရောက်မှ အိမ်ခေါင်မိုးပေါ်မှဆင်း၍ မပြေးတော့သောကြောင့် ခေါင်မိုးပေါ်၌ ဝပ်နေလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်....

'တံခါးဖွင့်စမ်း'

ကျယ်လောင်သော စကားသံများ ထွက်ပေါ် လာသည်ကို ကြားလိုက်ရသည်။

တစ်ဆက်တည်းမှာပင် အိမ်ထဲမှ မီးရောင်များထွက်ပေါ် လာပြီး ချွန်စီနှင့် လုမေတို့၏ စကားသံများလည်း ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

မြင်းစီးသမားမှာ ငါးယောက်ဖြစ်ပြီး ရှောင်ကျင်တွေ့နေရသည်။

မြင်းစီးသမားငါးယောက်အနက် နှစ်ယောက်မှာ မြင်းပေါ်မှဆင်းလိုက်ကြပြီး ကျန်သုံးယောက်က မြင်းပေါ်တွင် ဆက်ထိုင်နေကြ၏။

မြင်းပေါ်မှ ဆင်းလာသူနှစ်ယောက်သည် အိမ်ရှေ့သို့ လျှောက်သွားပြီး....

'ချွန်းစီ၊ ခင်ဗျား ဒီမှာပုန်းနေလို့ လဲအပိုပဲ၊ အခုချက်ချင်း ထွက်လာခဲ့စမ်း၊ အိမ်ထဲ ချောင်းမြောင်းတိုက်ခိုက်ဖို့တော့ မကြိုးစားနဲ့၊ အပြင်ကိုထွက်လာခဲ့'

ယင်းစကားသံများကို ကြားလိုက်ရသောအခါ ရှောင်ကျင် ကြောင်အမ်းအမ်းဖြစ်သွားသည်။



မြင်းစီးသမားများနှင့် ချွန်းစီတို့ မည်သို့မည်ပုံ ဆက်စပ်နေသည်ကို စဉ်းစားမရဖြစ်နေမိသည်။

သူသည် ပုန်းကွယ်နေရာမှမထွက်ဘဲ ဆက်လက်၍ ချောင်းကြည့်နေလိုက်သည်။

ထိုစဉ်....

'ခင်ဗျားတို့ ကျုပ်ကို သက်သက်မဲ့အထင်လွဲနေတာ'

ချွန်းစီ၏စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

တံခါးဖွင့်သံနှင့်အတူ အပြင်ဘက်ထွက်လာသည့် ခြေသံများကိုပါ ကြားလိုက်ရ၏။

တဆက်တည်းမှာပင်

'ချွန်းစီထွက်လာပြီ တိုက်ကြ'

မြင်းစီးသမားများထံမှ ပြောသံပေးသံများ တစ်ခဲနက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ယင်းတဒင်္ဂအချိန်လေးမှာပင် မြင်းပေါ်၌ ထိုင်နေသူ သုံးယောက်က လက်နက်ကိုယ်စီဆွဲထုတ်ပြီး မြင်းပေါ်မှ ခုန်ဆင်းလာသည်ကို တွေ့လိုက်ရသည်။

'ဒုက္ခပဲ၊ ချွန်းစီတော့ ဘေးတွေ့ပြီထင်တယ်'

ရှောင်ကျင်က စိုးရိမ်ပူပန်စွာ ညည်းညူမိ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့အပေါ် ကျေးဇူးရှိသည့်အတွက် ကူညီရန်လည်း စိတ်ကူးမိသည်။

ထို့ကြောင့်

ပုန်းကွယ်နေရာမှထွက်ဖို့ ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင်

'အား'

ချန်းစီ၏ စူးရှကျယ်လောင်စွာ ထွက်ပေါ်လာသည့်အသံကို ကြားလိုက်ရသည်။

ရှောင်ကျင်၏တစ်ကိုယ်လုံး တောင့်တင်းသွား၏။

'ရှင်တို့ တရားလွန်လွန်းနေပြီ'

စကားသံနှင့်အတူ လုမေသည် အိမ်ထဲမှ ထွက်လာသည်။

သူမ၏လက်ထဲတွင် ဓားတစ်လက်ပါလာ၏။

'လုမေ၊ ခင်ဗျားတို့နှစ်ယောက် ကျုပ်တို့ကို မလိမ်တပတ်လုပ်သွားတာပဲ၊ ခင်ဗျားကိုလဲ အရှင်မထားဘူး'

မြင်းစီးသမားငါးယောက်သည် အနက်ရောင် ဝတ်ဆင်ထားပြီး အနက်ရောင်မျက်နှာဖုံး စွပ်ထား၏။

မြင်းစီးသမားငါးယောက်မှ တစ်ယောက်က လုမေအား စတင်၍တိုက်ခိုက်လိုက်၏။



လုမေက ပြန်လည်၍ တိုက်ခိုက်လိုက်၏။

တိုက်ခိုက်နေရင်းမှ လုမေသည် အော်၍ ပြောလိုက်လေသည်။

'ရှင်တို့ ဘာအတွက် လာတယ်ဆိုတာ ကျွန်မ သိတယ်၊ ရှင်တို့ အလိမ်ခံနေရတာ ကျွန်မတို့က ရှင်တို့ကို မလိမ့်တပတ်လုပ်ရော အကြောင်းမရှိဘူး'

မြင်းစီးသမားက ပြန်ပြောလိုက်၏။

'ဒါဆိုရင် မင်းတို့ နှစ်ယောက်က ဒီရွာလေးမှာ လာပြီး ခိုတ်မြုပ်နေရတာလဲ၊ မင်းတို့နှစ်ယောက်ကို ကျုပ်တို့ လိုက်ရှာနေတာ ကြာပြီ'

သူတို့သည် ပြောပြီး လုမေအား ဝိုင်း၍ တိုက်ခိုက်လိုက်လေသည်။

ငါးယောက်နှင့် တစ်ယောက် ဖြစ်နေသောကြောင့် မည်သို့မျှ မယှဉ်နိုင်ဘဲ ရှိနေ၏။

မြင်းစီးသမားများက အငြိုးကြီးစွာဖြင့် တိုက်ခိုက်နေကြသည်။

ရှောင်ကျင်သည် သူတို့အား ကြည့်၍ မည်သို့ လုပ်ရမှန်းမသိ ဖြစ်နေ၏။

'အင့်'

www.burmeseclassic.com

www.burmeseclassic.com



မသိမကဲ့ ညည်းညူသံနှင့်အတူ လှမေသည် မြေပေါ်သို့ လဲပြိုကျသွားလေ၏။

မြင်းစီးသမားများသည် ယခုမှ ကျေနပ်သွားဟန်ဖြင့် ရယ်မောရင်း မြင်းပေါ်သို့ ခုန်တက်ကာ ဒုန်းစိုင်း ထွက်ခွာသွားလေတော့သည်။

*　　*　　*



ချွန်းစီသည် အသက်ဝိညာဉ် ကင်းမဲ့စွာဖြင့် မြေပေါ်တွင် လဲကျနေ၏။

လှမေသည်လည်း မြေပေါ်တွင် လဲကျနေ၏။

သို့သော်

သူမသည် အသက်ဝိညာဉ် ချုပ်ငြိမ်းခြင်း မရှိသေးပါ။

သူမ နံဘေး၌ ဒူးထောက် ထိုင်နေသော ရှောင်ကျင်ကို အားကိုးတကြီး မော့ကြည့်နေ၏။

'ကျွန်မကို ကူညီ....'

ရှောင်ကျင်က အခလာတကြီး ပြန်မေးလိုက်၏။

'ပြောပါ ညီမ၊ ကျုပ်ဘာကူညီရမလဲ'

လှမေက တိုးညှင်းတုန်ယင်သော အသံဖြင့်....

'သား....သားလေး နှစ်ယောက်ကို စောင့်ရှောက်....'

ရှောင်ကျင်သည် ခြေသလုံးအိမ်တိုင်ရောက်သွားနေသော သိုင်းသမား တစ်ယောက်ဖြစ်သောကြောင့် အနည်းငယ် ဘဲ့ဝေသွားလေ၏။

တစ်ခဏကြာမှ....

ခေါင်းကို ညိတ်ပြလိုက်ပြီး....

'စိတ်ချပါ...ညီမ၊ ကလေးနှစ်ယောက်ကို ကျုပ် စောင့်ရှောက်လိုက်ပါမယ်'

လှမေက အားပါသဲ့သဲ့ ပြုံးလိုက်ပြီး....

'ဝမ်း....ဝမ်းသာလိုက်တာရှင်'

ရှောင်ကျင်က သိချင်စိတ်ကို မျိုသိပ်မထားနိုင်တော့ဘဲ မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'သူတို့က ဘာဖြစ်လို့ ညီမတို့ကို ရက်ရက်စက်စက် တိုက်ခိုက်ရတာလဲ'

သူမကအံ့ကြိတ်လိုက်ပြီး....

'သူ....သူတို့အကြောင်းတွေကို နေပြည်တော်ဆီ ကျွန်မတို့သတင်းပို့လိုက်တယ် ဆိုပြီး အထင်လွဲ....'

သူမသည် စကားပင် ဆုံးအောင် မပြောနိုင်ဘဲ ခေါင်းငိုက်စိုက်ကျသွားလေ၏။

ရှောင်ကျင်က အိမ်ကလေးအတွင်းသို့ ပြန်ဝင်လာ၍အသင့်တွေ့ရသော ပေါက်တူးကို ယူကာ ချန်းစီနှင့် လုမေတို့၏အလောင်းအား ကောင်းမွန်စွာ မြေမြှုပ် သင်္ဂြိုဟ်လိုက်လေသည်။

ထို့နောက်....

အတွင်းဖက် အခန်းသို့ ဝင်၍ ခုတင်ပေါ်၌ အိပ်ပျော်နေသည့် ကလေး နှစ်ယောက်ကို ပွေ့ချီလိုက်ပြီး ထိုတစ်လုံးအိမ်ကလေးမှ ကျောခိုင်းကာ ထွက်လာခဲ့လေတော့၏။

ထိုအချိန်တွင်....

ရောင်နီများ အရှေ့ဘက်မှ ပျို့အန် လာလေတော့သည်။

* * *

## ကြေးစားလူသတ်သမား ရှန်ဆင်

---

လေပြည်လေညင်းများ ဖွေယမ်း တိုက်ခတ်လာသည်။

ကောင်းကင်ပေါ်၌ တိမ်ညို တိမ်မည်းများ လေနှင့်အတူ သွင့်မျောသွားသည်၊

မိုးသားတိမ်လိပ် လွတ်ကင်းသွားသည့် တစ်ခဏတွင် ရွှန်းသဲ့ ဝင်းပသော လရောင် ဖြာကျလာ၏။

လရောင်များ ဖြာကျလာသည်နှင့် မှောင်အတိကျနေသော မြေပြင်၌ စိမ်းလန်းစိုပြေသည့် သစ်ပင်များ ဖုံးလွှမ်း၍ သာတောအလယ်တွင် ကြီးမားလှသော စံအိမ်ကြီးတစ်လုံးနှင့် ခြံဝင်းကျယ်ကြီး တစ်ခုကို တွေ့မြင်ရပေ၏။

'ဂစ်....ဂစ်'

www.burmeseclassic.com

www.burmeseclassic.com



စူးရှကျယ်လောင်စွာ အော်လိုက်သံနှင့် အတူ ညဥ့်ငှက်တစ်ကောင်သည် အတောင်ပံခတ်သံ တဖျပ်ဖျပ်မြည်အောင် ခတ်ရင်း ပျံသန်းသွားလေ၏။

လေဝှေ့ယမ်း တိုက်ခတ်လိုက်သောကြောင့် သစ်ရွက် သစ်ကိုင်းများ အချင်းချင်း ထိခတ်လှုပ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

တစ်ဆက်တည်းမှာပင်....

သစ်တောအတွင်းရှိ စံအိမ်ဆီသို့ လျှင်မြန်စွာ ချဉ်းကပ်လာသည့် ပေါ့ပါးသွက်လက်သော ခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

လူရိပ်တစ်ခုသည် လေနှင့်အတူ လွင့်မျောလာသလို သစ်ပင်များကြားမှ ဖြတ်၍ စံအိမ်ကြီးအနီးသို့ ရောက်ရှိလာလေတော့သည်။

စံအိမ်ကြီးသည် အမှောင်ထု အောက်တွင် မှောင်မည်းတိတ်ဆိတ်နေ၏။

မီးရောင်ရှိသလို လူသံသူသံ အသံဗလံများ ထွက်ပေါ်လာခြင်း စိုးစဉ်းမျှမရှိပါချေ။

လူရိပ်သည် စံအိမ်ကြီး အနီးသို့ ရောက်သည့်တိုင် လှစ်ခနဲ ပြေးသွားလေ၏။



စံအိမ်ရှေ့သို့ ရောက်လျှင် ကျောက်လှေကား ထစ်များမှ မတက်ဘဲ ကြောင်ရိုင်း တစ်ကောင်ပမာ မြေပေါ် ခြေဆောင့်၍ ဝရန်တာပေါ်သို့ ခုန်တက်လိုက်၏။

အပေါ်ဘက်သို့ ခြေချမိချိန်၌ ထိုးကျလာသော လရောင်ကြောင့် ထိုလူအား တစ်ဒင်္ဂမျှ လှစ်ခနဲ မြင်တွေ့လိုက်ရမည်ဖြစ်ပေမည်။

ထိုလူမှာ တစ်ကိုယ်လုံး အနက်ရောင် အဝတ်အစားများဝတ်ဆင်ထားပြီး ခေါင်းပေါ်၌ ခမောက်ကြီးတစ်လုံးဆောင်းထားသည်။

သူ၏ ခါး၌ ဓားဘစ်လက် ချိတ်ဆွဲထားသည်။

ထိုဓား၏ ဓားရိုး၌ မာန်ဖီနေသော ကျားသစ်နက် တစ်ကောင် ပုံသဏ္ဌာန် ထွင်းထုထားသည်။

ထိုအနက်ရောင် လူရိပ်သည် မှောင်ရိပ်ကျရာသို့ လျှင်မြန်စွာ ကပ်လိုက်၏။

အမှောင်ရိပ်ထဲ၌ပင် တောရိုင်းတိရစ္ဆာန် တစ်ကောင်သဖွယ် သူ၏ မျက်လုံးအစုံမှာ အရောင်တဖိတ်ဖိတ် တောက်၍ စူးရှလှသည်။

သူ၏ စူးရှသော အကြည့်က စံအိမ်အဝင် ဘဲ့ခါးမကြီး ပေါ်၌ ချိတ်ထားသည့် ကြေးဝါဆိုင်းဘုတ် တစ်ခုသို့ရောက်ရှိသွားသည်။

www.burmeseclassic.com



ဗိုးထဝါး လရောင်ကြောင့် ကြေးဝါ ဆိုင်းဘုတ်ပေါ်တွင် ရေးသားထားသော စာလုံးများကို ရေးရေးမျှ တွေ့မြင်နိုင်သည်။

'သူဌေးကြီး ကျန်းစန်၏ စံအိမ်'

အနက်ရောင် ဝတ်ဆင်ထားသူသည် တံခါးမကြီး အနီးသို့ ချဉ်းကပ်၍ တစ်စုံတစ်ခုဖြင့် ကလန့်ဖွင့်လိုက်၏။

တစ်ခဏကြာမှာပင်....

တံခါးမကြီးက ငြင်သာစွာ ပွင့်သွားလေ၏။

အနက်ရောင်ဝတ်ဆင်ထားသူသည် ခပ်သွက်သွက်ပင်တံခါးကြားမှ ခန္ဓာကိုယ်ကို ဘေးတိုက် အနေအထားဖြင့် ဝင်လိုက်သည်။

အတွင်းဘက် ရောက်လျှင် တံခါးမကြီးကို ပြန်စေ့ထားလိုက်၏။

တံခါး ပြန်ပိတ်သွားသောအခါ ဗိုးတဝါး အလင်းရောင် ပျောက်ကွယ်သွားသောကြောင့် အတွင်းဘက်၌ မှောင်အတိဖြစ်နေ၏။

ရုတ်တရက်....

အနက်ရောင် ဝတ်ဆင်ထားသူ၏ လှုပ်ရှားမှုတ ညင်သာလှပေသည်။



အမှောင်ထုထဲ၌ မြင်နိုင်စွမ်းရှိသူ တစ်ယောက်ဟုပင် ထင်မှတ်များရလောက်အောင် အနက်ရောင် ဝတ်ဆင် ထားသူက လှုပ်ရှားနိုင်လေသည်။

တစ်ခဏအကြာတွင် သူသည်အဆောက်အအုံ ပေါ်ထပ်ရှိ အခန်းတစ်ခန်းရှေ့၌ရောက်ရှိနေပြီဖြစ်သည်။

ထိုအခန်းတံခါးကိုလည်း အိမ်ရှေ့ တံခါးမကြီး နည်းတူ သွယ်လွယ်ကူကူပင် ဖွင့်နိုင်ခဲ့သည်။

အခန်းပတ်လည်၌ ပြတင်းပေါက်များ ရှိလေရာ လရောင် တိုးဝင်နေသဖြင့် အလင်းရောင်ရရှိနေပေသည်။

ကျယ်ဝန်းသော အိပ်ခန်းဆောင်တစ်ခုဖြစ်သလို အခန်း၏ ရှေ့ဘက်ထောင့်၌ ခုတင်တစ်လုံးရှိပြီး မုတင်ပေါ်၌ လူတစ်ယောက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ခမောကျနေသည်ကို တွေ့မြင်နိုင်လေသည်။

အနက်ရောင် ဝတ်ဆင်ထားသူမှာ တုံ့ဆိုင်း မနေတော့ဘဲ ခုတင်အနီးသို့ ရိပ်ခနဲချဉ်းကပ်သွားသည်။

ခုတင်အနီးကို ရောက်လျှင်သူ၏ လက်တစ်ဖက် အပေါ်မြှောက်ရာ ခါး၌ထိုးထားသော ဓားကိုထုတ်ယူ ကိုင်ဆောင်ထားပြီးဖြစ်ကြောင်း တွေ့မြင်ရပေ၏။

ဓားရောင်မှာ နေရောင်ကဲ့သို့ ဝင်းလက် တောက်ပြောင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင် ဝတ်ဆင်ထားသူကလက်ထဲမှဓါးဖြင့် ခုတင်ပေါ်၌ အိပ်နေသူအား ခုတ်ပိုင်းသူရန်ဟန်ပြင်လိုက်၏။

သို့သော်....

ချက်ချင်း လက်ပြန်ရုပ်ကာ အိပ်နေသူ၏ လည်ပင်းကို ဓါးဖြင့်ထောက်ထားလိုက်၏။

တစ်ဆက်တည်းမှာပင်....

'သူဌေးမင်း ကျန်းစန် ကျုပ်က လူတစ်ယောက်ကို သတ်တော့မယ်ဆိုရင် ဘယ်တော့မှ အလစ်ချောင်းပြီး မသတ်ချင်ဘူး ဒါကြောင့်အိပ်ရာထဲက ထလိုက်ပါဦးဗျာ'

သူ၏အသံသည် ပကတိအေးစိမ့်နေသည်။

အိပ်ပျော် နေသူယည် ဆတ်ခနဲ လန့်နိုး သွားလေတော့သည်။

ဝိုးတဝါးအလင်းရောင်ဖြင့် သူ၏လည်ပင်းအား ဓါးဖြင့်ထောက်ထားသော အနက်ရောင် ဝတ်ဆင်ထားသူအား မြင်သျှင် ထိတ်လန့်သွားဟန်ရှိသည်။

သို့သော်....

သူ၏ နှုတ်ဖျားမှ စကားသံ ထွက်ပေါ်လာသော အခါ ကြောက်ရွံ့ ထိတ်လန့်မှု ကင်းမဲ့နေ၏။

'ရှန်ဆင် ကျုပ်ကိုသတ်လိုက်မယ်ဆိုရင် ခင်ဗျား အတွက် နောက်ထရှရာဇဝတ်မှုတစ်ခု တိုးသွားတာကလွဲပြီး ဘာမှထူး



ခြားလာမှာ မဟုတ်ဘူး၊ အေးအေးဆေးဆေး ဓားချပြီး အဖမ်းခံလိုက်ရင် ကောင်းမယ်၊ ခင်ဗျား ဘယ်လိုမှ ပြေး မလွတ်နိုင်တော့ပါဘူး'

အနက်ရောင်ဝတ်ဆင်ထားသူ၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

သူကိုင်ထားသော ဓားမှာ ခုတင်ပေါ်ရှိလူ၏လည်ပင်းနှင့် အနည်းငယ်ကွာခြားသွား၏။

ထိုခဏမှာပင် ခုတင်ပေါ်မှလူသည် ရုတ်ခြည်း ပြန်လဲချလိုက်သည်။

တစ်ဆက်တည်းမှာပင် အရှိန်နှင့်အနောက်ဘက်သို့ လှိမ့်ထွက် သွားလေသည်။

တစ်ဒင်္ဂအငိုက်မိသွားသော အနက်ရောင် ဝတ်ဆင် ထားသူ၏ တုံ့ပြန်မှုကလည်း လျင်မြန်လှသည်။

ချက်ချင်းပင် ခုန်တိုးကာ ဓားဖြင့် ပိုင်းချလိုက်၏။

'ဒုတ်'

အရှိန်ပြင်းလှသော ဓားချက်မှာ ခုန်ထွက် သွားသူအား ပွတ်ကာသီကာ လွဲချော်သွားပြီး ခုတင်တိုင်ကို နှစ်ပိုင်း ပြတ်အောင် ပိုင်းချလိုက်လေသည်။

သူသည်ခုတင်ပေါ်မှ အနောက်ဘက်သို့ ခုန်ချ လိုက်ပြီး....

'ရှန်ဆင် ခင်ဗျားလက်လျှော့လိုက်ပါတော့'

www.burmeseclassic.com

www.burmeseclassic.com



သူ၏စကားသံနှင့်မရှေးမနှောင်းပင် လေးဘက် လေးတန်မှ မီးရောင်များရုတ်ခြည်းထွက်ပေါ်လာသည်။

အခန်းတွင်း၌ နေ့ဘက်နှင့် မခြား လင်းလင်းချင်းချင်းဖြစ်သွားသည်။

ထိုအခါမှ....

အခန်းတွင်း၌ လေးမြှားလက်နက် ကိုယ်စီ အသင့် ကိုင်ဆောင်ထားကြသူ သုံးဆယ်ခန့် ရှိနေကြသည်ကို တွေ့မြင်ရလေသည်။

ထိုလူများသည် အာဏာသား ဝတ်စုံများ ဝတ်ဆင်ထားကြပြီး လေးမြှားများဖြင့် ခမောက် ဆောင်းထား သူအား မလွှတ်တမ်းချိန်ရွယ်ထားကြသည်

အနက်ရောင် ဝတ်ဆင်ထားသူအတွက် လုံးဝ မျှော်လင့်မထားသော အဖြစ်အပျက်နှင့် ရင်ဆိုင်တွေ့လိုက်ရခြင်း ဖြစ်သည်။

ခုတင်ပေါ်မှ ခုန်ထွက်သွားသူ၏ စကားသံထွက်ပေါ်လာသည်။

'ကျုပ်ဟာ နေပြည်တော်က စေလွှတ်လိုက်တဲ့ မင်းယန်တဲ့၊ ကြေးစားလူသတ်သမား ရွှန်ဆင်အခုချိန်ကစပြီး ခင်ဗျားကို ကျုပ်ဖမ်းလိုက်ပြီ'

ယူ၏ စကားသံအဆုံးတွင် အနက်ရောင် ဝတ်ဆင်ထားသူ၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားတော့သည်။

* * *



ရွှန်ဆင်၏ ခန္ဓာကိုယ်တစ်ချက်တုန်ခါသွား၏။

ထို့သော်....

သူသည် အတွေ့အကြုံရင့်ကျက်သော ကြေးစား လူသတ်သမားဖြစ်သဖြင့် လှုပ်ရှားနေသော စိတ်ကိုရုတ်ခြည်း ထိန်းချုပ်လိုက်၏။

တစ်ဆက်တည်းမှာပင်....

မိုးကြိုးမုန်တိုင်းဓားကွက်ဖြင့် ရုတ်ခြည်းတုန့်ပြန် တိုက်ခိုက်လိုက်သည်။

သူသည် မိမိနှင့်အနီးဆုံးရှိအာဏာသား ဝတ်စုံများ ဝတ်ဆင်ထားကြသော လူများထံသို့ ခုန်ဝင် တိုက်ခိုက် လိုက်လေသည်။

သူ၏ လှုပ်ရှားမှုမှာ လျှပ်စီး လက်လိုက်သည့် အလား လျင်မြန်လှပေသည်။

'အား...'

'အွန့်....'

'အီး....'

အာဏာသား ငါးယောက်ခန့်တို့သည် ပြိုင်တူ အော်ဟစ် သည်းညည်းကာလဲကျသွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှန်ဆင်၏လှုပ်ရှားမှု ရပ်တန့်သွားခြင်းမရှိပါ။

သူသည် ဓားကိုဝှေ့ယမ်းပြီး ကျန်လူများကို တိုက်ခိုက်လိုက်ပြန်၏။

ယင်းအချိန်....

အာဏာသားဝတ်စုံ ဝတ်ဆင်ထားကြ သူများကလည်း တုန့်ပြန်တိုက်ခိုက်လိုက်ကြ၏။

သို့သော်

ရှန်ဆင်၏သိုင်းပညာမှာ ထိပ်တန်းအဆင့် ရောက်ရှိနေပြီဖြစ်၍ သူတို့မှာ ဒဏ်ရာအသီးသီးရကာ လဲပြိုသွားကြလေသည်။

သူရရှိလာသော အခွင့်အရေးကို လက်လွှတ်မခံပါ။

အနီးရှိ ပြတင်းပေါက်မှခုန်ထွက်၍ ပြေးလွှားသွားလေသည်။

သို့ရာတွင်

သူ အဝေးသို့ပြေးသွားနိုင်ခြင်း မရှိပါ။

'ဝှီး....ဝှီး... ဝှီး'

မြှားသံညီတော်များထံမှ ပစ်လွှတ်လိုက်သော မြှားတံများသည် သူ၏ခြေထောက်နှင့်လက်များဆီသို့ ထိုးစိုက်လာသော ကြောင့် ဖြစ်သည်။

'အွန့်'

သူ မဗိုမသည်ညည်းညူရင်း လဲပြိုကျသွား၏။



ထိုစဉ်....

မင်းယန်နှင့် ရဲမက်များတို့သည် သူ့အားဝိုင်းရံကာ တရွေ့ရွေ့လျှောက်လာကြ၏။

ရှန်ဆင် မည်သို့မျှမတတ်နိုင်တော့ပါချေ။

ခေါင်းငိုက်စိုက်ချကာ အဖမ်းခံလိုက်ရလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## စီးကျင်

ကျယ်ဝန်းသောအခန်းထဲ၌ ပရိဘောဂများ စနစ်တကျ ခင်းကျင်းထား၏။

အခန်းအလယ်ရှိစားပွဲ၌ လူနှစ်ယောက် မျက်နှာချင်းဆိုင် ထိုင်နေကြ၏။

တစ်ယောက်မှာ အစိမ်းရောင်အဝတ်အစားများ ဝတ် ဆင်ထားပြီး ဆေးတံတစ်ချောင်းကို အငွေ့တထောင်းထောင်း ထလာသည်အထိ မပြတ်တမ်းဖွာနေ၏။

စာပေလောကံ လိုက်စားနေသူတစ်ယောက်၏ ရုပ်သွင်မျိုး ရှိသလို ဉာဏ်ရည်ထက်မြက်သူတစ်ယောက်ဖြစ်ကြောင်း မြ ရှုမြင်သိနိုင်၏။



ထိုလူမှာ စားပွဲခုံ၌ နှစ်ရှည်လများ ထိုင်ခဲ့ဟန်ရှိ၏။ ထိုလူမှာ စီးကျင်ပင်ဖြစ်သည်။

စီးကျင်သည် သူ၏ရှေ့ တည့်တည့်၌ ထိုင်နေသည့် သူငွေး ကျန်းစန်ကို အကဲခတ်ကြည့်လိုက်၏။

ကျန်းစန်၏မျက်နှာ ပြုံးရွှင်နေ၏။

'ကျေးဇူးတင်လိုက်တာဗျာ၊ နို့မဟုတ်ရင် ဒီအချိန် ကျုပ် ကြီးထဲ မရောက်နေလောက်ပြီ၊ ကြေးစားလူသတ်သမား ဆင်ဟာ အင်မတန် ကြောက်စရာကောင်းတယ်လို့ သတင်း းနေတာပဲ'

ီးကျင်က ခေါင်းညိတ်လိုက်၏။

'ရှန်ဆင်က သတင်းကြီးနေတာတော့ အမှန်ပဲ၊ ဒီနှစ်ထဲမှာ သက်ချက်ကြောင့် လူငါးယောက်လောက် သေဆုံးခဲ့ပြီ၊ ဲ့ စကားမစပ်မေးရဦးမယ်၊ သူက ခင်ဗျားဆီကို လာပြီး ကြံလိမ့်မယ်ဆိုတဲ့အကြောင်း ဘယ်ပုံလုပ်ပြီး သတင်းရခဲ့ တာလဲ'

ထုံးစံအတိုင်း စကားနှိုက်လိုက်ခြင်းဖြစ်၏။

ကျန်းစန်သည် ချမ်းသာကြွယ်ဝသော် အဆက်အသွယ် ကောင်းသူပီပီ တာဝန်ရှိသည့် စီးကျင်တို့ထံသို့ တိုက်ရိုက် ဆက်သွယ်ပြီး အကူအညီတောင်းခံနိုင်ခဲ့ပေ၏။

ကျန်းစန်က သူ့အား ကြေးစားလူသတ်သမား ရှန်ဆင်က သပိုင်းဒုတ်ယရက်နေ့ သန်းခေါင်ယံအချိန်၌ လာရောက် ကြံမည်ဟု တိုင်တန်းခဲ့ခြင်းဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏တိုင်ချက်မှ တိကျလွန်းပေရာ စီးကျင်ပင် တအံ့တဩ ဖြစ်ခဲ့ရလေသည်။

လက်တွေ့၌လည်း ကျန်းစန် ကြိုတင်ရရှိခဲ့သည့် သတင်း အတိုင်း ဖြစ်လာခဲ့၏။

နာမည်ကြီးလှသည့် ကြေးစားလူသတ်သမား ရှန်ဆင်၏ သတင်း မည်သို့မည်ပုံရရှိခဲ့သည်ကို သိလိုစိတ်များ စီးကျင်၏ ရင်ထဲ ဖြစ်ပေါ်လာသည်မှာလည်း မဆန်းလှပေ။

ကျန်းစန်က ရယ်မောလိုက်သည်။

'ငွေပေါ့ဗျာ၊ ငွေပေးရင် ဘာမဆိုဖြစ်နိုင်တယ်မဟုတ်လား ကျုပ်က သူများထက် ပိုပြီးပေးနိုင်တယ်လေ'

စီးကျင်က မျက်မှောင်ကြုတ်လိုက်ပြီး

'ဘယ်သူ့ကိုပေးရမှာလဲ'

'ဟာ....ဒါတော့ မပြောပါရစေနဲ့ဗျာ'

'ဘာဖြစ်လို့လဲ'

ကျန်းစန်က ဆက်ပြောလိုက်၏။

'ကျုပ်ရဲ့ အဆက်အသွယ်တွေဟာ သူတို့ရဲ့လုံခြုံရေး အလေးထားမှ သဘောကျတယ်ဗျ'

စီးကျင်၏မျက်နှာတွင် လျှို့ဝှက်သောအပြုံးတစ်ရပ် ပေါ်လာ၏။

စူးရှတောက်ပသော မျက်ဝန်းအစုံက ကျန်းစန်အား မျက်တောင်မခတ်ကြည့်ရင်း....



'ခင်ဗျားဟာ တခဝန်သိတဲ့ လူတစ်ယောက်ဆိုရင် ထုတ် ပြောပြသင့်တယ်ဆိုတာကို နားလည်တန်ကောင်းပါရဲ့ဗျာ၊ ဆင်အကြောင်း တိတိကျကျသိထားသူဟာ ဒုစရိုက်လောက ားတစ်ယောက် ဖြစ်ရမယ်လို့ ကျုပ်ထင်တယ်....'

'သူဘယ်သူလဲဆိုတာ ကျုပ်သိချင်တယ်၊ ရှန်ဆင်ကို ဖမ်း ဒုစရိုက်လောကကြီး ပျက်စီးသွားတာမဟုတ်ဘူး'

ျန်းစန်က ခေါင်းယမ်းလိုက်၏။

'ဝမ်းနည်းပါတယ်ဗျာ၊ ဘယ်နည်းနဲ့မှ ကျုပ် မပြောပြ ား၊ သူတို့က ကျုပ်ကို ကူညီခဲ့တယ်'

'ဒါကြောင့် သူတို့တောင်းဆိုချက်ကို လိုက်လျောရမှာပဲ၊ ျားသိချင်ရင် ကိုယ့်ဘာသာစုံစမ်းယူပေါ့၊ ခင်ဗျားဘပည့် ယန်ဟာ လျှမ်းလျှမ်းတောက် ကျော်ကြားနေသူတစ်ဦး တ်လား'

ီးကျင်က ခေါင်းတဆတ်ဆတ်ညိတ်ပြီး

'ကောင်းပြီလေ၊ သူတို့အကြောင်းဖော်ပြရင် သက်ရန်ျာ တွေးကြောက်နေတယ်မဟုတ်လား၊ ကျုပ်ဘာ စုံစမ်းယူ ယ်၊ ကျုပ်တို့ဟာ တရားဥပဒေဘောင်အတွင်းကနေပြီး င်းကိုကူညီဖို့ ကြိုးစားနေသူတွေဆိုတာ ခင်ဗျား ဘယ် မမေ့လေနဲ့၊ တရားဥပဒေကို မျက်ကွယ်ပြုလာရင် တို့နဲ့ ရင်ဆိုင်ရမှာဘဲ'

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်

အခန်းတံခါးပွင့်သွားပြီး လူတစ်ယောက် လှမ်းဝင်လ သည်ကို တွေ့မြင်ရသည်၊

ထိုလူမှာ မင်းယန်ဖြစ်သည်။

စီးကျင်က ကျန်းစန်ကိုကြည့်ကာ

'ကဲ...ကျုပ်မှာ အလုပ်တွေရှိသေးတယ်၊ ခင်ဗျား သွ မယ်ဆိုရင် သွားနိုင်ပါပြီ'

ကျန်းစန်လည်း ချက်ချင်း ထိုင်ရာမှထပြီး နှုတ်ဆက်စက ဆိုကာ ထွက်သွား၏

ကျန်းစန် အခန်းအပြင်သို့ ရောက်သောအခါ မင်းယ အခန်းတံခါးဆွဲပိတ်လိုက်သည်။

ထို့နောက်

သူသည် စီးကျင်ရှေ့သို့လျှောက်လာပြီး လက်နှစ်ဖက် ကာ ဂါရဝပြုလိုက်သည်။

စီးကျင်က သူ့အား ပြုံး၍ကြည့်နေ၏။

မင်းယန်က ပြောလိုက်သည်။

'နောက်တစ်ခါ ကျွန်တော်တို့ ဖမ်းဆီးရမယ့် သူဟာ ဖြစ်လာနိုင်တယ်'

စီးကျင်က ခေါင်းညိတ်လိုက်သည်။



'သူဟာ ဘယ်လိုလူစားလဲဆိုတာ ကျုပ်လဲရိပ်မိပါတယ်၊ ဒါပေမယ့် သူ့ကိုအပြစ်ပေးခိုင်းဖို့ လုံလောက်တဲ့ သက်သေ အထောက်အထားလိုသေးတယ် မဟုတ်လား...'

'ဟဲ...ဒါဆိုရင်တော့ ရွှန်ဆင့်ရဲ့အခြေအနေကို ပြောစမ်းပါဦး'

မင်းယန်က ခေါင်းတစ်ချက်ညိတ်လိုက်၏၊

'ဟုတ်ကဲ့၊ တစ်ပတ်အတွင်း သူ့ကိုစီရနိုင်ငံမှာပါ၊ သူ့ရဲ့ ဒဏ်ရာတွေ သက်သာပျောက်ကင်းသွားပါပြီ'

စီးကျင်က ခေါင်းတဆတ်ဆတ်ညိတ်ကာ

'သူဟာ တော်တော် ကြောက်စရာကောင်းတယ်ဆိုတာ အခုမှပဲ ကျုပ်ယုံတော့တယ်၊ ကျုပ်လူတွေအတွက်လဲ စိတ် မကောင်းစရာပဲ'

မင်းယန်က ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်ဆရာ၊ သူဟာ ဘယ်လိုမှ မလွတ်မြောက်နိုင် ဘူးဆိုတာ သိပေမယ့် လဲကျသွားတဲ့အထိ ခုခံ တိုက်ခိုက်ခဲ့ပါ တယ်....

'သူ့လက်ချက်ကြောင့် ကျွန်တော်တို့ လူငါးယောက် ကျ ဆုံးပြီး ရှစ်ယောက် ဒဏ်ရာရခဲ့ပါတယ်၊ လေးမြားသမားတွေ သာ မကျွမ်းကျင်ဘူးဆိုရင် သူ့ကို အရှင်ဖမ်းမိဖို့မလွယ်တော့ ဘူး'

www.burmeseclassic.com

www.burmeseclassic.com



စီးကျင်ကသက်ပြင်းချ၍....

'အင်းလေ....သူ့အတွက် သေခဏ်ကလွဲပြီး တစ်ခြားဘာမှ ရှိမှာမဟုတ်ဘူး၊ သူ့အတွက် စိတ်ချရပြီဆိုတော့ ကျင့်ယန်မြို့က မပြီးပြတ်သေးတဲ့ ကိစ္စကို မင်းဆက်ပြီး လုပ်ချင်လိမ့်မယ်လို့ ငါထင်တယ်'

မင်းယန်က စီးကျင်ကို ကြည့်၍....

'ဆရာ ရှန်ဆင်ဟာ ခေတ္တလူမဟုတ်လို့ သူ့ကို ကွပ်မျက်ပြီးတဲ့အထိ ကျွန်တော် ဒီမှာ နေချင်ပါသေးတယ်'

စီးကျင်က ပြုံးလိုက်ပြီး....

'ဩော်....မင်းဒီလောက်တောင်ပဲ စိုးရိမ်နေတာကိုး၊ သူ့ကို မိအောင် ဖမ်းနိုင်ခဲ့ပြီဘဲ၊ ကျန်တာတွေကို ကျူးမန်း ဆက်လုပ်ပါစေ၊ ငါ့စိတ်ထဲမှာတော့ မင်းမရှိတဲ့အတွက် ကျင့်ယန်မြို့မှာ ကသောင်းကနင်းတွေ ဖြစ်ကုန်ပြီ ထင်တယ်'

မင်းယန်က သက်ပြင်းချလိုက်၏။

စီးကျင်၏ အမိန့်ကို မလွန်ဆန်ရဲပါချေ။

ရှန်ဆင်အား ကွပ်မျက်ပြီးသည်အထိ စောင့်ကြည့်လိုသော်လည်း ကျင့်ယန်မြို့သို့ ပြန်သွားရန် ဆုံးဖြတ်လိုက်၏။

'ကောင်းပါပြီ ဆရာ၊ ဒီနေ့ ညနေပဲ ကျွန်တော် သွားပါမယ်'



စီးကျင်က ခေါင်းတဆတ်ဆတ် ညိတ်၍....

'အေး....မင်းမှုထမ်းဆိုတာ ပျော်ရာမနေ၊ တော်ရာမှာ နေရမယ် မဟုတ်လား၊ ကဲ....မင်းသွားနိုင်ပြီ'

မင်းယန့်လည်း ဦးညွှတ် ဂါရဝပြုပြီး အခန်းတွင်းမှ ထွက်လာခဲ့၏။

သူ၏ ခြေလှမ်းများမှာ နှေးကွေး လေးလံ နေလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## လျှို့ဝှက် အစီအစဉ်

---

လမ်းဘေး ဝဲယာ တစ်ဖက်တစ်ချက်၌ စားသောက်ဆိုင် အထည်အလိပ်ဆိုင်၊ အရက်ဆိုင်၊ ဈေးဆိုင်များမှာ စည်ကား နေသည်။

လမ်းမကျယ်၏ တစ်ဖက်တစ်ချက် ထိပ်ရှိ စားသောက်ဆိုင် တစ်ဆိုင်တွင် စားသောက်သူများ ရှိနေပါ၏။

ထိုဆိုင်မှာ အပေါ်ထပ် အောက်ထပ် နှစ်ထပ်လုံး ဖွင့်လှ ရောင်းချသော စားသောက်ဆိုင် ဖြစ်ပြီး အနည်းငယ် အခ စောနေခြင်းကြောင့် လူရှင်းနေခြင်း ဖြစ်၏။

ညနေဆည်းဆာ အချိန်ရောက်လျှင် နေရာထိုင်ခင်း မရ အောင် လူစည်ကားလာမည် ဖြစ်သည်။



စားသောက်ဆိုင် အပေါ်ထပ် ဝရန်တာနှင့် ကပ်လျက် လမ်းမကျယ်သို့ ထင်လင်းစွာ တွေ့မြင်နိုင်သည့် စားပွဲတစ်လုံး၌ လူတစ်ယောက် ထိုင်နေလေ၏။

ထိုလူရှေ့မှ စားပွဲပေါ်၌ စားသောက်ဖွယ်ရာများရှိနေလေ သည်။

သို့သော်....

လက်ဖျားနှင့်မျှ မတို့သလို အရာမယွင်းဘဲ ရှိနေခြင်းဖြစ် သည်။

ထိုလူသည် စားသောက်စရာများကို လက်ဖျားနှင့်ပင်မတို့ သော်လည်း အရက်ကိုမူ တဖြည်းဖြည်းချင်း ဇိမ်ခံသောက်နေ သည်။

သူ၏ မျက်လုံးများမှာလည်း လမ်းမကျယ်ဆီမှ တစ်စက် ကလေး မခွာပါ။

တစ်စုံတစ်ဦးကို စောင့်မျှော်နေဟန် အထင်းသား ပေါ် လွင်နေ၏။

သူ့ခန္ဓာကိုယ်ပေါ်တွင် အဝါရောင် အဝတ်အစားများဝတ် ဆင်၍ ဆံပင်ကို သေသပ်စွာ ဖီးသင်ထားပြီး သူဌေးသူကြွယ် တစ်ဦးကဲ့သို့ ထင်မှတ်ရ၏။

သူ တတိယမြောက် အရက်ခွက်ကိုသောက်ပြီးချိန်၌ လမ်းမ တစ်ဖက်တွင် လူငယ်တစ်ယောက် ခပ်သုတ်သုတ်လျှောက်လာသည် ကို တွေ့ရ၏။

www.burmeseclassic.com



ထိုလူအား တွေ့မြင်လိုက်သည်နှင့် အဝါရောင် ဝတ်ဆင်ထားသူ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

လက်ထဲမှ အရက်ခွက်ကို ဆတ်ခနဲ ချ၍....

'ပိုက်ဆံလာယူဟေ့'

တစ်ချက် အော်ပြောပြီး ငွေစက္ကူတစ်ရွက်ကို စားပွဲပေါ်တင်၍ ထိုင်ရာမှ ထလိုက်၏။

ပြီးလျှင်....

စားသောက်ဆိုင် အပေါ်ထပ်မှ ခပ်သွက်သွက် ဆင်းသွားသည်။

အောက်ဘက် ရောက်လျှင် အပြင်ထွက်၍ ပတ်ဝန်းကျင်ကို အကဲခတ် ကြည့်လေ၏။

သူမြင်တွေ့ခဲ့ရသူမှာ စားသောက်ဆိုင်ရှေ့မှ ဖြတ်သွားပြီး အတော်လှမ်းလှမ်းသို့ ရောက်သွားပြီ ဖြစ်ကြောင်း တွေ့ရလေသည်။

အဝါရောင်ဝတ်ဆင်ထားသူသည် နောက်မှ အပြေးတပိုင်း လိုက်သွား၏။

ထိုအချိန်တွင်....

ရှေ့မှသွားနေသူမှာ ခလုတ်တိုက်ပြီး လဲမလိုဖြစ်သွားပြီးမှ ရှေ့ဆက်လျှောက်သွားသည်ကို တွေ့ရ၏။

ထိုလူ လဲမလို ဖြစ်သွားစဉ် သူ့လက်ထဲမှ စာရွက်လိပ်လေး တစ်လိပ် လွင့်ကျသွားသည်။



ထိုလူက သတိမထားမိသလို ပြန်မကောက်ဘဲ ရှေ့ဆက် ထွက်သွားခြင်း ဖြစ်၏။

နောက်မှ လိုက်လာသည့် အဝါရောင် ဝတ်ဆင်ထားသူက ခပ်သွက်သွက် လျှောက်လာပြီး လွင့်ကျခဲ့သော စာရွက်လိပ်လေးကို ကောက်ယူလိုက်၏။

ပြီးလျှင်....

ပတ်ဝန်းကျင်ကို ဟိုဟိုသည်သည် အကဲခတ် ကြည့်လိုက်ပြီး ယာဘက်လမ်းကျဉ်း တစ်ခုအတွင်းသို့ ချိုးကွေ့ ဝင်သွားလေသည်။

မကြာပါချေ။

သူတို့နှစ်ယောက်စလုံး မြင်ကွင်းမှ ကွယ်ပျောက် သွားကြလေတော့သည်။

* * *

'ဒေါက်....ဒေါက်'

တံခါးခေါက်သံ ထွက်ပေါ်လာသည်နှင့် မရှေးမနှောင်း မှာပင်...

www.burmeseclassic.com

www.burmeseclassic.com



'ဝင်ခဲ့'

အတွင်းဘက်မှ ပြတ်သားသော စကားသံထွက်ပေါ်လာသည်ကို ကြားရသည်။

အဝါရောင်ဝတ်ဆင်ထားသူက တံခါးတွန်းဖွင့်ကာအခန်းတွင်းသို့ လှမ်းဝင်သွားသည်။

အတွင်းဘက်၌ အမှောင်ရိပ်ကျနေသည်။

အမှောင်ရိပ်ကျနေသော အခန်းထောင့်၌ စာရေး စားပွဲတစ်လုံးရှိနေပြီး စားပွဲနောက်ကွယ်တွင် လူတစ်ယောက်ထိုင်နေသည်။

ထိုလူ၏ မျက်နှာကို ကောင်းစွာ မတွေ့မြင်ရပေ။

အဝါရောင် ဝတ်ဆင်ထားသူက စားပွဲဆီသို့ လှမ်းသွားပြီး လမ်းမှကောက်ယူလာခဲ့သော စာရွက်လိပ်လေးကို စားပွဲပေါ်တင်လိုက်၏။

ထို့နောက်....

ခပ်လှမ်းလှမ်းသို့ ပြန်ဆုတ် သွားပြီး လက်နှစ်ဖက်ကို နောက်ပစ်ကာ ရပ်နေလိုက်၏။

စားပွဲနောက်မှ ထိုင်နေသူက စာရွက်လိပ်လေးကိုဖြေလိုက်ပြီး ဖတ်ကြည့်လိုက်၏။

ထိုစာကို ဖတ်ပြီးသည်နှင့်....

'မုကျို'

အဝါရောင် ဝတ်ဆင်ထားသူက လှုပ်လှုပ် ရှားရှား ဖြစ်လာသည်၊



ချက်ချင်းပင် လက်နှစ်ဖက်ကို ဆုပ်ကာ အရိုအသေ ပေးလိုက်ပြီး....

'အမိန့်ရှိပါ ဆရာကျို'

'ကျူးဖန်းကို မင်းသိသလား'

'သိပါတယ် ဆရာကျို'

ဆရာကျိုဆိုသူ၏ နာမည်မှာ ကျိုကင်းဖြစ်သည်

ကျိုကင်းပြန်မေးလိုက်၏။

'ဒါဖြင့် ပြောစမ်း'

မုကျိုက ပြောလိုက်၏။

'ကျူးဖန်းဟာ အသက် နှစ်ဆယ်ကျော်လောက် ရှိပါပြီ၊ ပြည်တော်က ကဖွဲ့မှ တာဝန် ထမ်းဆောင်ပါတယ်၊ အခု ...ရင်နာမည်ရနေတဲ့ လူတစ်ယောက်တောင်ဖြစ်နေပါပြီ'

စားပွဲနောက်ကွယ်မှ ကျိုကင်းက ခေါင်းညိတ် လိုက်လေသည်၊

မုကျို၏ စကားကို သဘောကျသွားပုံရ၏။

'ကျူးဖန်းရဲ့ တခြား ထူးခြားချက်ကတော့'

'သူဟာ အရက်၊ လောင်းကစား၊ မိန်းမ ဘာတစ်ခုမှ သနာမပါဘူး၊ မိအိုဖအိုနှစ်ပါးကို လုပ်ကိုင် ကျွေးမွေးသူ....'

'ချွတ်ယွင်းချက် မရှိသလောက်ဘဲ အချိန်ပြည့် တာဝန်ထမ်းဆောင်နေသူတစ်ယောက်ပါ'

ကျိုကင်းက လက်ဝေ့ယမ်း ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီလောက်ဆိုရင် ကျုပ်နားလည်ပြီ သူ့ရဲ့မိဘတွေ ဘယ်မှာ နေကြတယ်ဆိုတာကော သိလား'

မုကျီခေါင်းညိတ်လိုက်၏။

'ဟုတ်ကဲ့သိပါတယ်၊ မြို့တောင်ဘက် အစွန်မှာ နေပါတယ်'

'ကောင်းတယ်၊ သူတို့နှစ်ယောက်ကို ကျုပ်တွေ့ချင်တယ်၊ ဒါပေမယ့် အခုတော့ မဟုတ်သေးဘူး'

ကျီကင်းက ဆက်ပြောလိုက်၏။

'လေးလပိုင်း ဆယ့်ခြောက်ရက်နေ့မှာ ရွှန်ဆင်ကို ကွပ်မျက်မှာဆိုတော့ ဆယ့်ငါးရက်နေ့မှာသူတို့ကျုပ်ဆီကိုရောက်နေရင် လုံလောက်ပါပြီ မုကျီကျုပ်ပြောတဲ့ စကားကို မင်းကြားတယ်နော်'

ရှုကျီခေါင်းညိတ်လိုက်၏။

'ဟုတ်ကဲ့ကြားပါတယ် ဆရာကျီ'

'ကောင်းပြီ ကျုပ်ခိုင်းတဲ့အတိုင်း တသဝေမတိမ်းလုပ်ပေတော့ မင်းကိုကူညီဖို့ တစ္ဆေဖြူသုံးယောက် ထည့်ပေးလိုက်မယ်ကွာ....သွားပေတော့'

မုကျီက ဦးညွတ်ပြီး ချာခနဲလှည့်ကာ ထွက်လာခဲ့လေတော့သည်။

* * *



ဖွင့်ထားသော ပြူတင်းပေါက်မှ တစ်ဆင့် အေးစိမ့်မှုကို ဖြတ်ကျော်ကာ အခန်းတွင်းသို့ ရောက်ရှိလာ၏။

'မေမေ အတော်အေးလာပြီ တံခါးပိတ်လိုက်ရင်ကောင်းမလား'

ကျူးဖန်းက ပြောပြောဆိုဆို ပြူတင်းပေါက် အနီး လျှောက်သွားပြီး တံခါးဆွဲပိတ်လိုက်လေသည်။

နေမဝင်သေးသော်လည်း မီးအိမ်ထွန်းညှိထားပြီး ဖြစ်၍ တံခါးပိတ်လိုက်သောအခါ မမှောင်မသွားချေ။

မီးအိမ်မှအလင်းရောင်သည် တစ်ခန်းလုံး လင်းလင်း ချင်းချင်းဖြစ်နေအောင် ဖြာကျနေသည်။

ပြူတင်းတံခါးပိတ်ပြီးသွင် အခန်းအလယ်ရှိ ထမင်းစားပွဲသို့ ကျူးဖန်းခပ်သွက်သွက် လျှောက်သွားသည်။

ထမင်းစားပွဲ၌ အသက် ငါးဆယ်ကျော် အဘိုးအို တစ်ယောက်နှင့် အဘွားအို တစ်ယောက်တို့ ထိုင်နေကြသည်။

ထိုအဘိုးအိုနှင့်အဘွားအိုတို့မှာ ကျူးဖန်း၏မိဘများဖြစ်ကြလေသည်။

ထမင်းစားပွဲ၌ ကျူးဖန်းလာရောက် ထိုင်ချလိုက်သည်နှင့် အဘွားအိုက ထမင်းပန်းကန်နှင့် ဟင်းပန်းကန်များကို ကျူးဖန်းရှေ့သို့ချပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ...သားလဲ ဆာနေရောပေါ့၊ သားအကြိုက် မေမေကိုယ်တိုင်ချက်ထားတာ စားလိုက်ပါဦး'

ကျူးဖန်းလည်း အားရပါးရ စားသောက်လိုက်၏။

မိသားစု သုံးယောက်သည် ထမင်းကို မြိန်ရှက်စွာ စားသောက်ပြီး တခဏအကြာတွင် ပြီးဆုံးသွားလေသည်။

စားသောက်ပြီးသျှင် အသွားအိုကပန်းကန် ခွက်ယောက်များ သိမ်းဆည်း ဆေးကြောဖို့ မီးဖိုဆောင်သို့ ဝင်သွားလေသည်။

ထိုစဉ်မှာပင်....

'ဒေါက်....ဒေါက်'

အခြင်ဘက်မှ တံခါးခေါက်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျူးဖန်းသည် ဆတ်ခနဲ ထကာ တံခါးဖွင့်ပေးလိုက်လေသည်။

တံခါးဖွင့်သွားပြီး အပြင်ဘက်မှ ရပ်နေသူကို မြင်လိုက် ကျူးဖန်းသည် ဖော်မပြနိုင် လောက်အောင် ဝမ်းသာသွားလေသည်။

'ဟင်...အစ်ကိုကြီးမင်းယန်ပါလား၊ ကျွန်တော့် အိမ်ကို လာလည်တာလား အထဲဝင်လေ၊

ချက်ချင်းပင် ပျူပျူငှာငှာ ဖိတ်ခေါ်လိုက်သည်။



ရောက်ရှိလာသည့်ဧည့်သည်မှာ မင်းယန်ဖြစ်၏။

'ငါ့ညီနဲ့ စကားပြောစရာနည်းနည်းရှိလို့ လာခဲ့တာ၊ ငါ့ညီ အားတယ်မဟုတ်လား'

ကျူးဖန်က ခေါင်းညိတ်လိုက်၏။

'အားပါတယ် အစ်ကိုကြီး၊ အိမ်ထဲဝင်ပါဦး'

မင်းယန်သည် အိမ်ထဲဝင်လာလေ၏။

ကျူးဖန်က နေရာထိုင်ခင်း ပြင်ဆင်ပေးလေ၏။

တစ်ဆက်တည်းပင်....

သူ၏မိဘများနှင့် မိတ်ဆက်ပေးလိုက်၏။

'ဒါ ကျွန်တော့် အဖေကျင်းလိုနဲ့ အမေအော့လျူပါ၊ ဒါကတော့ ကျွန်တော့် ဆရာလဲဟုတ် အစ်ကိုလဲဟုတ်တဲ့ မင်းယန်ဆိုတာပါ ဖေဖေ'

ကျင်းလိုနှင့်အော့လျူတို့သည် မင်းယန်ကို ပျူငှာစွာ နှုတ်ဆက်ကြိုဆိုကြလေသည်။

သူတို့သည် မင်းယန်မှာ အကြောင်းရှိ၍ လာခဲ့ခြင်းဖြစ်မှန်း သိမိလိုက်သည်။

ထိုကြောင့် အလိုက်သိစွာဖြင့်ပင် ကျင်းလိုက ထိုနေရာမှ ထလိုက်ပြီး....

'ကဲ....သားတို့ စကားပြောနေကြဦး၊ ဖေဖေတို့ သွားပြီး အနားယူလိုက်ဦးမယ် ဟုတ်လား၊ ကျုပ်တို့ခွင့်ပြုပါဦး'

www.burmeseclassic.com



မင်းယန်ကိုနှုတ်ဆက်ကာ ထွက်သွားကြသည်။

မင်းယန်နှင့် ကျူးဖန်တို့လည်း ဟန့်တားခြင်း မပြုကြပါချေ။

ဇိမ်ခန်းထဲ၌ နှစ်ယောက်တည်း ကျန်ရစ်တော့မှ ကျူးဖန်က စကားစလိုက်သည်။

'အစ်ကိုကြီး ဒီကိုလာခဲ့တာ အကြောင်းတစ်ခုခု ရှိတယ်ထင်တယ်၊ ဘယ်လိုကိစ္စများရှိလဲ ပွင့်ပွင့်လင်းလင်း ပြောနိုင်ပါတယ်ဗျာ'

မင်းယန်က သက်ပြင်းချကာ ကျူးဖန်ကိုစေ့စေ့ကြည့်ကာ....

'အင်း....ညီလေးပြောတာမှန်တယ်၊ အစ်ကိုကြီးလာတာ တကယ့်ကို အရေးကြီးတဲ့ကိစ္စရှိလို့ပါ'

ကျူးဖန်က စိတ်ဝင်စားစွာဖြင့်

'ဘယ်လို ကိစ္စများလဲဟင်'

'ဆယ့်ခြောက်ရက်နေ့မှာ ရှန်ဆင်ကို ကွပ်မျက်မယ်မဟုတ်လား'

ကျူးဖန်က ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်လေ၊ ဒီကိစ္စအတွက် အစစအရာရာ အဆင်သင့် ပြင်ဆင်ထားပြီးပြီပဲ'

မင်းယန်က ပြောလိုက်သည်။

'အဲဒီအချိန် ကျုပ်...ဒီမှာရှိနေမှာမဟုတ်ဘူး၊ ကျင့်ယန်မြို့ကို ရောက်နေလိမ့်မယ်'



ကျူးဖန်မှ အကင်းပါးသူပီပီ မင်းယန်ရင်ထဲ စိုးရိမ်မကင်းဖြစ်နေသည်ကို ချက်ချင်း နားလည်သဘောပေါက်သွားလေသည်။

'လက်စသတ်တော့ ဒီကိစ္စအတွက် အစ်ကိုကြီး စိတ်ပူနေတာကို စိတ်ချအစ်ကိုကြီး၊ ရှန်ဆင်ကို လူထုရှေ့မှာ ကြိုးပေးကွပ်မျက်ပစ်မယ်၊ ဘယ်သူမှမနှောင့်ယှက်နိုင်အောင် စီစဉ်ထားပြီးပါပြီ'

မင်းယန်က ခေါင်းညိတ်လိုက်၏။

'ညီလေးရဲ့အစီအစဉ်တွေကို အစ်ကိုကြီးသိပြီးပါပြီ၊ ရှန်ဆင် ဘယ်နည်းနဲ့မှ လွတ်မသွားနိုင်ဘူးဆိုတာလဲ ယုံပါတယ်၊ ဒါပေမယ့် တကယ်လို့ မမျှော်လင့်တဲ့ ဖြစ်ရပ်တစ်ခု ပေါ်ပေါက်လာလိမ့်မယ်လို့ အစ်ကိုကြီးရင်ထဲ ခံစားနေရလို့ပါ'

ကျူးဖန်က မျက်ခုံးကြုတ်သွား၏။

'အစ်ကိုကြီးစိတ်ထဲ တစ်ခုခုဖြစ်မယ်လို့ အစ်ကိုကြီး သံသယဝင်နေရင် အစီအစဉ်တွေ ပြောင်းလိုက်မယ်လေ'

မင်းယန်က ခေါင်းခါလိုက်သည်။

'ဒီလိုဆိုရင် ပြဿနာတွေ အများကြီး ပေါ်ပေါက်လာလိမ့်မယ်၊ လူသိရှင်ကြား ကြေညာထားပြီးပြီဆိုတော့ အရာရှိကျင်ကလဲ သဘောကျမှာမဟုတ်ဘူး....'

'ဒီတော့ အစီအစဉ်အတိုင်းဆက်လုပ်ပါ၊ လုံခြုံရေးကို တိတိကျကျစီမံပါ၊ ရန်သူကိုမပေါ့နဲ့၊ ရှန်ဆင်ဟာ ခေတ်တဲ့လူ မဟုတ်ဘူးဆိုတာ သတိပေးချင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



ကျူးဖန်က ခေါင်းညိတ်လိုက်သည်။

'စိတ်ချ အစ်ကိုကြီး၊ သူ ဘယ်နည်းနဲ့မှ လွတ်မြောက်မသွားစေရဘူးလို့ ကျွန်တော်အာမခံတယ်'

မင်းယန်က ခေါင်းတဆတ်ဆတ်ညိတ်ကာ

'ငါ့ညီကို စိတ်ချပါတယ်'

'အစ်ကိုကြီးလာတာ တခြားကိစ္စကော ရှိသေးလား'

မင်းယန်က ခေါင်းခါလိုက်သည်။

'တခြားကိစ္စတော့ မရှိဘူး၊ ငါ့ညီကို သတိပေးချင်လို့ တမင်လာခဲ့တာပဲ၊ တကယ်လို့ ရှန်ဆင်သာ လွတ်မြောက်သွားမယ်ဆိုရင် သူဌေးကြီးကျန်းစန်နဲ့ ချယ်ရီစားသောက်ဆိုင်ကို အလွတ်မပေးနဲ့တော့ ချယ်ရီစားသောက်ဆိုင် ပိုင်ရှင်ဟာ ထကယ် သံသယရှိသင့်တဲ့လူပဲ'

'ကောင်းပါတယ်အစ်ကိုကြီး'

မင်းယန်က ခေါင်းညိတ်လိုက်သည်။

'ကဲ....အစ်ကိုကြီးကို သွားခွင့်ပြုပါဦး၊ ရှန်ဆင်ကိစ္စနဲ့ ပတ်သက်ပြီး သတိလာပေးလို့ အစ်ကိုကြီးကို အပြစ်မတင်နဲ့ဦးနော်၊ ညီလေး တာဝန်ယူထားတဲ့ကိစ္စထဲ ဝင်ရှုပ်တာလဲ မဟုတ်ဘူး၊ ရှန်ဆင်ဟာ ဘယ်လိုလူစားဆိုတာ ညီလေးသိပါတယ်....'

'ကဲ....သွားမယ်၊ ညီလေးရဲ့မိဘတွေကို နှုတ်ဆက်သွားတယ်လို့ ပြောပေးပါဦး'

ကျူးဖန်က ပြန်ပြောလိုက်သည်။

'စိတ်ချ အစ်ကိုကြီး၊ ကျွန်တော်ပြောလိုက်ပါမယ်'



သူသည် အိမ်ပေါက်ဝအထိ လိုက်လံပို့ဆောင်ပေးလေသည်။

မင်းယန်က တံခါးဝရောက်မှ ကျူးဖန်အား လှည့်ကြည့်ကာ....

'ညီလေးရဲ့မိဘတွေကို ဂရုစိုက်ဦးနော်'

ကျူးဖန်က ခေါင်းညိတ်လိုက်သည်။

'စိတ်ချ အစ်ကိုကြီး၊ ကျွန်တော် အမြဲတမ်း ဂရုစိုက်ပါတယ်'

မင်းယန်က နှုတ်ဆက်စကားဆိုရင် ထွက်ခွာသွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ဝတ်ရုံရှင်

ကျိုကင်း၏ စားပွဲပေါ်၌ ငွေတစ်သိန်း တင်ထားလေတော့သည်။

စားပွဲရှေ့တွင် အနီရောင်ဝတ်ရုံ လွှမ်းခြုံထားသော လူတစ်ဦး ရပ်နေ၏။

ဝတ်ရုံရှင်မှာ ခန္ဓာကိုယ် ပိန်ပိန်ပါးပါးနှင့် အသားအရေ ဖြူဆုတ်လွန်းသူ ဖြစ်၏။

ရုတ်တရက်ကြည့်လိုက်လျှင်....

လူသေအလောင်း တစ်ခုဟု ထင်ရလေသည်။

ထိုလူ၏ မျက်နှာကိုကြည့်ရင်း ကျိုကင်းရင်ထဲ တစ်ချက်လှုပ်ရှားသွား၏။



မကောင်းသော အတိတ် နိမိတ်များလည်း ခံစားလိုက်ရသည်။

သို့သော်

စားပွဲပေါ်မှ ငွေစက္ကူများက သူ့အား ဆွဲဆောင်နေလေသည်။

သူ၏ လက်နှစ်ဖက် အလိုလို ရှေ့ဆန့် ထွက်လာပြီး ငွေစက္ကူများကို သူ့ဘက်သို့ သိမ်းကြုံး ဆွဲယူလိုက်၏။

'အလုပ်အောင်မြင်ရင် နောက်ထပ် လျှော်ငွေ တစ်သိန်းရဦးမယ်၊ အောင်မြင်အောင် လုပ်ပါ၊ ဒီလို အခွင့်အရေးမျိုး နောက်ထပ်တစ်ကြိမ် ရမှာမဟုတ်ဘူး၊ မအောင်မြင်ဘူးဆိုတာ ကျုပ် မကြားချင်ဘူး'

ဝတ်ရုံရှင်၏ စကားသံမှာ ပြတ်သားလှပေသည်။

အကယ်၍....

တစ်စုံတစ်ခု ချွတ်ချော် မှားယွင်းသွားပါက သူ့အတွက် အခြေအနေ ကောင်းမည် မဟုတ်ကြောင်း ကျိုကင်း နားလည်လိုက်၏။

ကျိုကင်းက ရဲရဲကြီး အာမခံလိုက်လေ၏။

'စိတ်ချ၊ ကျုပ်တာဝန်ယူပြီး လုပ်ခဲ့တဲ့ ကိစ္စဟူသမျှ တစ်ကြိမ်တစ်ခါမှ အမှားအယွင်း မရှိခဲ့ဖူးဘူး၊ ဒီတစ်ကြိမ်လဲ အောင်မြင်ရမယ်ဆိုတာ အာမခံပါတယ်၊ ခင်ဗျားဘက်ကသာ လက်ခံဖို့ အဆင်သင့်ဖြစ်ထားပါ'

www.burmeseclassic.com



'ခင်ဗျားဘက်က သေချာဖို့သာ လိုပါတယ်၊ ကဲ.... ကျ
သွားတော့မယ်'

စကားဆုံးလျှင် ဝတ်ရုံရှင် ချာခနဲလှည့်ထွက်သွားလေတော့
သည်။

ကျိုကင်းက သူ၏နောက်ကျောကို ငေးကြည့်ရင်း ကျန်ရစ်
ခဲ့သည်။

ဝတ်ရုံရှင်မှာ လေနှင့်အတူ လွင့်မျောသွားသလို ရိပ်ခနဲ
ပျောက်ကွယ်သွားခြင်း ဖြစ်၏။

ယခုတစ်ကြိမ်....

သူဆောင်ရွက်ရမည့် ကိစ္စကား ကြီးကျယ် သွားနိုင်ေ
အကြောင်းရှိ၏၊

သူကောင်းစွာ လုပ်နိုင်မည်ဟု ယုံကြည်၏။

မုကျိုနှင့် တစ္ဆေဖြူ သုံးယောက်မှာ သူ့အတွက် အားကိုးရ
များ ဖြစ်ပေ၏။

သူတို့၏ လုပ်ဆောင်ချက် တိကျ မှန်ကန်စေဖို့ သူက
ဆောင် လမ်းညွှန်မှု ပေးရန်သာ လိုသည်၊

ဦးဆောင် လမ်းညွှန်မှု ပေးရာ၌ ကျွမ်းကျင်သည့် အ
အချင်း သူ့ထံ၌ အပြည့်အဝ ရှိနေ၏။

ကျိုကင်းသည် ဝတ်ရုံရှင်၏ လျှို့ဝှက် ချက်ကို သိလို
သည်။



သူ၏ အဆက်အသွယ်များမှ တစ်ဆင့် လျှို့ဝှက်စွာ စုံစမ်း
ထားခဲ့သည်။

တစ်ချိန်ချိန်၌ ဝတ်ရုံရှင်နှင့် ထိပ်တိုက် ရင်ဆိုင်မရလျှင် သူ
သာ အနိုင်ရမည်ဟု ကိုယ့်ကိုယ်ကို အားပေး နှစ်သိမ့်နေမိလေ
သည်။

* * *

ကျောက်ပြားခင်းထားသော လမ်းပေါ်သို့ လရောင် ဖြာ
ကျနေ၏။

ကျောက်ပြားခင်းထားသည့် လမ်းကလေးအတိုင်းလျှောက်
သာသူမှာ ကျူးဖန်ဖြစ်၏။

ကျူးဖန်သည် ခြေလှမ်းမှန်မှန် လျှောက်လာရင်း မကြာမီ
စီးကျင်နှင့် တွေ့ဆုံခဲ့ပြီး ပြောကြားသော စကားများ ပြန်
သည် တွေးတော စဉ်းစားမိ၏။

စီးကျင်က သူ့အား ခေါ်ယူ၍ မနက်ဖြန် မနက်တွင် ကြုံ
ကမည့် ရှုန်ဆင်အကြောင်း ပြောဆိုခဲ့ခြင်း ဖြစ်ပေတော့
သည်။

www.burmeseclassic.com

www.burmeseclassic.com



စီးကျင် ပြောကြားခဲ့သော စကားများကို စဉ်းစားရင်း ပြန်လည် ကြားယောင်လာမိ၏။

'မင်းဟာ အရေးကြီးတဲ့ တာဝန်ထမ်းဆောင်ရမယ်ဆိုတာ နားလည်တယ် မဟုတ်လား၊ မင်းယန်ကို ကျင့်ယန်မြို့ လွှတ်လိုက်ပြီး ရှန်ဆင်ကိစ္စ မင်းဘဲ တာဝန်ယူရလိမ့်မယ်'

ကျူးဖန်က ခေါင်းညိတ်လိုက်၏၊

'ဟုတ်ကဲ့ ...ကျွန်တော် နားလည်ပါတယ် ဆရာ'

စီးကျင်က ခေါင်းညိတ်သည်၊

'အေး....ရှန်ဆင်ဟာ-ခေသူမဟုတ်ဘူး၊ ကြေးစားလောက မှာ သူ့မိတ်ဆွေတွေ ရှိနိုင်တယ်၊ သူ့ကို ကယ်တင်ကော်င်း ကယ် တင်ကြလိမ့်မယ်'

ကျူးဖန်က ပြောလိုက်၏။

'လုံခြုံရေးအတွက် ကျွန်တော် စီစဉ်ထားပြီးပါပြီ၊ ရှန်ဆင် အတွက် စိတ်ချပါဆရာ'

'မင်းကို ယုံပါတယ်၊ ဖြစ်နိုင်ချေရှိတာကို ပြောတာပါ ကိုယ်ဘက်က သတိထားကြရမယ် မဟုတ်လား'

'ဟုတ်ကဲ့'

စီးကျင်က စကားဆက်လိုက်၏။

'ငါလဲ ခရီးထွက်စရာရှိတယ်။ ဒီတော့ အစစအရာရာ မင်း ဂရုစိုက်ပါ'



အခန်းတွင်း၌ တစ်ချိန်လုံး ထိုင်မနေတတ်သော စီးကျင်ခရီး ထွက်မည် ဆိုသောကြောင့် ကျူးဖန် အံ့သြ သွားမိလေတော့ သည်။

သို့သော်

စီးကျင်သည် အကြောင်းမရှိဘဲ ခရီးထွက်တတ်သူ မဟုတ် ပါချေ။

ထူးခြားသော အကြောင်းကိစ္စ တစ်ခုနေပြီဟု နားလည်မိ သည်။

မည်သည့် ကိစ္စဖြစ်ကြောင်း သိလိုသော်လည်း မေးမြန်းစုံ စမ်းရန် နှုတ်တွန့်နေမိ၏။

ထို့ကြောင့်....

ဘာမှ မမေးတော့ဘဲ ဂါရဝပြု၍ ထွက်လာခဲ့သည်။

လမ်းရောက်မှ စီးကျင် မည်သည့် ကိစ္စကြောင့် ခရီးထွက် ရသည်ကို တွေးတောနေမိခြင်း ဖြစ်၏။

မနက်ဖြန် ရှန်ဆင်အား ကွပ်မျက်ချိန်၌ မင်းယန်နှင့်စီးကျင် တို့ရှိနေကြမည် မဟုတ်ချေ။

သူ့အပေါ် ကြီးလေးသော တာဝန်ပိနေပြီဟု နားလည် သဘောပေါက်မိလေရာ ခြေလှမ်းများ နှေးကွေး လေးလ သွားသည်။

သူအိမ်ပြန်ရောက်သောအခါ အတော်ကလေး ညဉ့်နက်နေ ပြီ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်ရှိ အိမ်များက တံခါးပိတ် မီးမှိတ်ကာအိပ်စက်ကုန်ကြပြီ ဖြစ်သည်။

ကျူးဖန်း၏ အိမ်တစ်လုံးသာလျှင် မီးရောင်ထွက်ပေါ်နေလေသည်။

'ညဥ့်တောင်အတော်နက်နေပြီ မမေမေစိတ်ပူပြီး မအိပ်သေးဘဲ စောင့်နေတာဖြစ်ရမယ်'

အိမ်ရှေ့သို့ ရောက်သည်နှင့်....

'မေမေ မအိပ်သေးဘူးလား၊ မနက်ဖြန်အတွက် အလုပ်ရှိလို့ သားနောက်ကျသွားတယ်'

အော်ပြောရင်း အိမ်တံခါးကို တွန်းဖွင့် လိုက်လေတော့သည်။

အတွင်းဘက်မှ တုန့်ပြန်သံမကြားရဘဲ တံခါး ပွင့်သွားလေ၏။

အိမ်ထဲ၌ မီးအိမ် ထွန်းထားသောကြောင့် လင်းလင်းချင်းချင်းဖြစ်နေသည်။

အိမ်ထောင်ပရိဘောဂ ပစ္စည်းများ သူ့နေရာနှင့်သူ ရှိနေသည်။

သို့သော်....

ဖခင်ဖြစ်သူနှင့် မိခင်ဖြစ်သူအား ရှာမတွေ့ပါချေ။

'ဖေဖေ....မေမေ'



သူသည် အော်ခေါ်ကာအတွင်းဘက်သို့ ဝင်သွား၏။

အိမ်ထဲ၌ တစ်ခန်းဝင် တစ်ခန်းထွက် ခပ်သွက်သွက်လေးရှာဖွေလိုက်သည်။

'အင်း....အား....ကျွတ်....ကျွတ်'

ဝဲဘက်ရှိ အခန်းတစ်ခုအတွင်းမှ ညည်းညူသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျူးဖန်မှာ ရှည်ရှည်ဝေးဝေး တွေးတော စဉ်းစားမနေတော့ဘဲ ပြေးသွားပြီးအခန်းတံခါးကို ကန်ဖွင့်ကာ အတွင်းဘက်သို့ ခုန်ဝင်လိုက်၏။

အတွင်းဘက်၌ မြင်တွေ့လိုက်ရသောမြင်ကွင်းကြောင့်သူ၏ တစ်ကိုယ်လုံး ကျောက်ရုပ်ပမာ တောင့်တင်း သွားလေတော့သည်။

'ဖေဖေ....'

ကျူးဖန်က ကျင်းလုံးအား ပွေ့ထူလိုက်သည်၊

ကျင်းလုံး၏ အဝတ်အစားများ စုတ်ပြဲနေသလို မျက်နှာအညိုအမည်းစွဲကာ ဖူးရောင်နေပေသည်၊

နှုတ်ခမ်းများ ပေါက်ပြဲကာသွေးများစီးကျနေ၏။

နှုတ်ခမ်းများသာမက နှာခေါင်းနှင့် နားထဲမှလည်းသွေးများစီးကျနေသည်ကို တွေ့မြင်နိုင်ပေသည်၊

www.burmeseclassic.com



တစ်စုံတစ်ယောက်၏ ပြင်းပြင်း ထန်ထန် နှိပ်စက်ခြင်းခံရကြောင်း ထင်ရှားပေ၏။

'တောက်'

ကျူးဖန်းသည် တက်ခေါက်မိလိုက်၏။

ထိုစဉ်...

ကျင်းလုံမျက်လုံးပွင့်လာသည်။

သားဖြစ်သူကို မြင်သွင် မျက်ရည်စီးကျလာပြီး....

'သား....မင်းအမေကို သူတို့ခေါ်သွားကြပြီ'

မမျှော်လင့်ဘဲ ကြားလိုက်ရသောကြောင့် ကျူးဖန်း၏ ခန္ဓာကိုယ် ဆတ်ခနဲတုန်ယင်သွားသည်။

'ဗျာ....မေမေ့ကို သူတို့တစ်တွေ ဖမ်းဆီး ခေါ်ဆောင်သွားတယ် ဟုတ်လား၊ သူတို့ဟာ ဘယ်သူတွေလဲဖေဖေဘာဖြစ်လို့ ဖမ်းဆီးသွားကြရသလဲ'

ကျင်းလုံက ခေါင်းခါယမ်းလိုက်ပြီး....

'ဖေဖေလဲမသိဘူး သူတို့စာတစ်စောင်ပေးခဲ့တယ်'

ပြောရင်း မလှမ်းမကမ်း တစ်နေရာသို့ ညွှန်ပြလိုက်လေသည်။

ကျူးဖန်း ကြည့်လိုက်သောအခါ စားပွဲပေါ်၌ စာတစ်စောင်တင်ထားသည်ကို တွေ့ရလေသည်။

ကျူးဖန်းက ဖခင်ဖြစ်သူတို့ကို ခုတင်ပေါ်၌ သက်တောင့်သက်သာဖြစ်အောင်တင်ပေးပြီးမှ စားပွဲပေါ်မှ စာကိုယူ၍ ဖတ်ကြည့်လိုက်၏။



ခေါ်ထဲ၌....

ကျူးဖန်း....

မင်းရဲ့အမေကိုအသက်ရှင်လျက်တွေ့ချင်ဘယ်ဆိုရင် ယနေ့ည သန်းခေါင်အချိန် မြို့ပြင် ဘောအုပ် ထဲကို လာခဲ့ပါ၊ အဖော်ခေါ်လာရင် မင်းရဲ့အမေကို တွေ့ရမှာ မဟုတ်ဘူး....

အောက်ဘက်၌ လက်မှတ်ရေးထိုးထားခြင်းမရှိပေ။

ကျူးဖန်းသည် အကြီးအကျယ် ဒေါသ ဖြစ်သွားသည်။ သူ၏ မိခင်အား လူတစ်စုက ဖမ်းဆီးသွားပြီ ဖြစ်သည်။

ည သန်းခေါင်ချိန်မှ သွားရမည်ဖြစ်၍ သူ့အတွက် အချိန်ရ သေးသည်။

ချက်ချင်းပင် သူ၏ဖခင်အား ဝေဒနာမှ သက်သာသွားအောင် ပြုစုပေးလိုက်၏။

တစ်ခဏအိပ်ပျော်သွားအောင် ဆေးများ တိုက်ကျွေးကာ သိပ်ထားလိုက်၏။

ကျင်းလုံမှာ ဒဏ်ရာများကြောင့် စကားပင် မပြောနိုင်ဘဲ ဖြစ်နေသည်။

ကျူးဖန် ပြုစုပေးပြီး မကြာမီ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ကျူးဖန်က ဖခင်ဖြစ်သူအား တစ်ယောက်တည်းထားကာ သွားရမည့်အရေးကို ရင်လေးနေမိသည်။

သို့သော်....

မသမာသူများလက်ထဲကျရောက်နေသည့် မိခင်အား ကယ်တင်ရန်ပိုပြီး အရေးကြီးကြောင်း နားလည်မိသည်။

ထို့ကြောင့်....

မတတ်သာပဲ အိမ်တံခါးများလုံအောင် ပိတ်ကာ ဖခင်၏ ထားပြီးမြို့ပြင်သို့ ထွက်လာခဲ့၏။

ညသန်းခေါင် အချိန်မတိုင်မီ မြို့ပြင်တောအုပ်သို့ ရောက်ရှိ သွားလေတော့သည်။

* * *

လရောင်ဖြာကျနေ၏။

မြို့ပြင်တောအုပ်မှာ လရောင်အောက်တွင် စိမ်းလန်းစိုပြေ လျက်ရှိသည်။



မြို့ပြင် တောအုပ်ထဲ၌ ရှေးဟောင်း ဘုံကျောင်း တစ်ခု ရှိသည်။

ဘုံကျောင်းမှာ ဟောင်းနွမ်းယိုယွင်းနေပြီ ဖြစ်သည်။

ဘုံကျောင်း၌ ရှိခဲ့သောနတ်ရုပ်တုများကိုဘုံကျောင်းတစ်ခု သို့ ပြောင်းရွှေ့လိုက်ခြင်းကြောင့် မြို့ပြင် ဘုံကျောင်းမှာ ဟာလာဟင်းလင်း ဖြစ်သွား၏။

ကျူးဖန်သည် မြို့ပြင် တောအုပ်ထဲသို့ ရောက်လျှင် ဘုံကျောင်းကို သတိရလာလေ၏။

ထို့ကြောင့်....

ပေါ်ဝန်းကျင်ကို အကဲခတ်ကာ ဘုံကျောင်းရှိရာသို့ ဦးတည်လာခဲ့သည်။

သူ၏စိတ်ကူး မှန်ကန်သွားသည်ဟုဆိုရပေမည်။

ဘုံကျောင်းအနီးသို့ မရောက်မီ အဝေးမှာပင် မီးရောင် တလက်လက် ထွက်ပေါ်နေသည်လို တွေ့မြင်ရ၏။

'ဒီဘုံကျောင်းမှ အစောင့်လည်းမရှိတော့ဘူး ဘာကြောင့် မီးလင်းနေတာလဲ ကျွန်ုပ်ကို ချိန်းတဲ့လူဟာ ဒီဘုံကျောင်း မှာ စောင့်နေတာပဲ ဖြစ်လိမ့်မယ်'

တွေးတောပြီး ဘုံကျောင်းရှိရာသို့ ခပ်သွက်သွက်လျှောက် သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုံကျောင်းအနီးသို့ ရောက်လျှင် အတွင်းဟက်၌မီးရောင်များ ထွက်ပေါ် နေသည်ကို ထင်ထင်ရှားရှား တွေ့မြင် ရပေသည်။

ဘုံကျောင်းရှေ့သို့ရောက်သည်နှင့် ကျူးဖန် ခြေလှမ်းရပ်လိုက်သည်။

ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သော်လည်း လူရိပ်လူရောင်မတွေ့ရပါချေ။

ကျူးဖန်က ဘုံကျောင်းပေါ်သို့ လှမ်းတက်သွားရန်ခြေလှမ်းပြင်လိုက်သည်။

ထိုစဉ်....

'မင်းရောက်လာပြီကိုး'

အေးတိအေးစက် စကားသံတစ်ချက် ထွက်ပေါ်လာသည်ကိုကြားလိုက်ရ၏။

ကျူးဖန်းသည် ချက်ချင်းပင်နောက်သို့ လှည့်ကြည့်လိုက်သည်။

ထိုအခါ....

အနောက်ဘက်မလှမ်းမကမ်း၌ လူတစ်ယောက် ရပ်နေသည်ကို တွေ့မြင်လိုက်ရ၏။



ထိုလူမှာ အနက်ရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီးမျက်နှာဖုံးတစ်ခုစွပ်ထား၏။

ကျူးဖန်သည် အံကြိတ်လိုက်ပြီး အနက်ရောင် ဝတ်ဆင်ထားသူအား စိုက်ကြည့်ကာ....

'ကျုပ်အမေကို ဖမ်းသွားတာမင်းလား'

ဒေါသကြောင့်သူ၏အသံမှာ တုန်ယင်နေ၏။

အနက်ရောင်ဝတ်ဆင်ထားသူထံမှ ခပ်အုပ်အုပ်ရယ်မောသံထွက်ပေါ်လာသည်။

'ဒီကိစ္စအတွက် မင်းတော်တော် မကျေနပ် ဖြစ်နေတယ်ထင်တယ်'

'ဟုတ်တယ်....အခု ကျုပ်အမေဘယ်မှာလဲ'

ကျူးဖန်၏ မျက်လုံးများမှာ ဘုံကျောင်း ပေါ်သို့ မသိသောရောက်ရှိသွားသည်။

ဘုံကျောင်းပေါ်၌ သူ၏ မိခင် ရှိနေသည်ဟု ထင်မိလေသည်။

ထို့ကြောင့်....

မေးပြီးသည်နှင့် ရုတ်ခြည်းပင် ချာခနဲ လှည့်ကာ ဘုံကျောင်းပေါ်သို့ ပြေးတက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုံကျောင်းပေါ်၌ သူ၏မိခင် ရှိနေမည်ဟု ထင်မိလေသည်။

ထို့ကြောင့်....

မေးပြီးသည်နှင့် ရုတ်ခြည်းပင် ချာခနဲ လှည့်ကာ ဘုံကျောင်းပေါ်သို့ ပြေးတက်သွားလေသည်။

'ဟား....ဟား....ဟား'

နောက်ကျောဘက်မှ အနက်ရောင်ဝတ်ဆင်ထားသူ၏ရယ်မောသံ ထွက်ပေါ်လာလေသည်။

ကျူးဖန်က လုံးဝ အရေးမစိုက်ဘဲ ဘုံကျောင်း ပေါ်သို့ လစ်ခနဲ ပြေးတက်သွား၏။

ဘုံကျောင်းပေါ်သို့ ရောက်လျှင် မီးရောင်များ ထိန်လင်းနေပြီး အတွင်းဘက် နံရံ၌ လူတစ်ယောက်ကို ကြိုးများဖြင့် ချည်နှောင်ထားသည်ကို တွေ့မြင်ရ၏။

ထိုလူမှာ ကျူးဖန်၏ မိခင် အောလျှံပင် ဖြစ်သည်။

'မေမေ'

ကျူးဖန်က အော်ခေါ်ရင်း ပြေးသွားသည်။

သို့သော်....

လမ်းတစ်ဝက်တွင် ခြေလှမ်းရပ်လိုက်ရ၏။



အကြောင်းမှာ....

သူ၏ မိခင်ဘေး၌ ရပ်ဖျက်ထားသော အနက်ရောင် ဝတ်နှင့်လူတစ်ယောက် ရှိနေပြီး ဓားတစ်လက်ဖြင့် မိုးပြီး ချိန်ရွယ်ထားသည်ကို တွေ့မြင်ရခြင်းကြောင့် ဖြစ်၏။

ကျူးဖန်က အံကြိတ်လိုက်သည်။

'ကျုပ်အမေကို လွှတ်လိုက်စမ်း'

သူ၏အသံ ဟိန်းထွက်လာသည်။

'ဟား....ဟား....ဟား'

နောက်ကျောဘက်မှ ရယ်မောသံ ထွက်ပေါ်လာလေတော့သည်။

ကျူးဖန်က လှည့်ကြည့်လိုက်၏။

ထိုအခါ....

တောအုပ်ထဲ၌ တွေ့ခဲ့ရသော အနက်ရောင်ဝတ်နှင့် လူက လှမ်းလာနေသည်ကို တွေ့မြင်လိုက်ရ၏။

ထိုလူက ရယ်မောရင်း....

'မင်းရဲ့ အမေကို လွှတ်ပေးစေချင်ရင် လွယ်ပါတယ်၊ မင်းခေါင်းတစ်ချက် ညိတ်လိုက်တာနဲ့ လွှတ်ပေးလိုက်မှာပါ၊ မင်းကို ဒုက္ခမပေးတဲ့အပြင် မင်းအတွက် လျှို ငွေ သုံးသောင်းတောင် ပေးဦးမယ်'

www.burmeseclassic.com

www.burmeseclassic.com



ကျူးဖန်က အံ့သြဟန်ဖြင့်....

'ဘာ....ကျုပ်ခေါင်းညိတ်ရမယ် ဟုတ်လား'

ထိုလူက ခေါင်းတစ်ချက် ညိတ်လိုက်၏။

'ဟုတ်တယ်'

'ကျုပ်က ဘာကြောင့် ခေါင်းညိတ်ရမှာလဲ'

'ကျုပ်တို့ ခိုင်းတာ လုပ်မယ်ဆိုပြီး ခေါင်းကလေးတချက် ညိတ်ရုံပေါ့'

ကျူးဖန်က တက်မခေါက်လိုက်ပြီး အနက်ရောင်ဝတ်နှင့်လူထံ ပြေးဝင် တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

သို့သော်

သူ၏ မိခင်မှာ ရန်သူလက်ထဲ ကျရောက် နေသောကြောင့် စိတ်ကို ချုပ်တီးထားလိုက်ရသည်။

သူက ဒေါသရှေ့ထားပြီးတိုက်ခိုက်မည်ဆိုသည်နှင့် အရင်ဆုံး ဒုက္ခရောက်ရမည်မှာ သူ၏ မိခင်ဖြစ်သည်။

အနက်ရောင်ဝတ်နှင့်လူက အေးစက်စွာဖြင့်....

'ကျူးဖန်....ဒီအချိန်မှာ မိက်မဲ့နေလို့ အကျိုးမရှိဘူးဆိုတာ နားလည်ဖို့ ကောင်းပါတယ်၊ ကျုပ်ပြောတာကို လက်ခံလိုက်စမ်းပါ၊ ဘာကြောင့် မင်းအခမ ဒုက္ခရောက်မှာကို ကြည့်ချင်ရတာလဲ'



ကျူးဖန်က ဒေါသတကြီးဖြင့်....

'ဘာဗျ.... ကျုပ်အမေ ဒုက္ခရောက်အောင် ခင်ဗျားတို့ပဲ လုပ်ခဲ့ကြတာ မဟုတ်လား၊ ကျုပ်အမေကို လွှတ်ပေးမလား၊ မလွှတ်ပေးဘူးလားဆိုတာပဲ ပြောပါ'

ထိုလူက ပြန်၍ပြောလိုက်သည်။

'မင်းခေါင်းညိတ်ရင်တော့ လွှတ်ပေးလိုက်တာပေါ့'

သူက အံကြိတ်၍....

'ကျုပ်ကို ဘယ်တော့မှ အသုံးချလို့ မရဘူးဆိုတာ မှတ်ထားပါ'

ထိုလူက ပြန်မေးလိုက်၏။

'မင်း တကယ်ပြောတာလား'

ကျူးဖန်က ပါးစပ်ပိတ်ထားလိုက်၏။

ထိုလူက လက်တစ်ချက် ဝှေ့ယမ်းပြလိုက်သည်။

'သတ်ပစ်လိုက်တော့'

သူ၏ စကားသံ အဆုံးတွင် အောသျှံတား၌ ရှိနေသူက ဓားဖြင့် ခုတ်ချရန် ဟန်ပြင်လိုက်သည်။

'မလုပ်နဲ့'

ကျူးဖန်က ကျယ်လောင်စွာ အော်ဟစ် ဟန့်တားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ မျက်စိ ရှေ့မှောက်၌ပင် သူ့မိခင် အသတ်ခံရမည်ကို သူမကြည့်နိုင်ပါ။

'ဟား....ဟား....ဟား'

အနက်ရောင်ဝတ်နှင့် လူက သဘောကျစွာ ရယ်မောလိုက်သည်။

ကျူးဖန်က အနက်ရောင်ဝတ်နှင့် လူဘက်သို့ လှည့်ကြည့်ကာ....

'ကျုပ်အမေ တစ်စုံတစ်ခု ဖြစ်သွားမယ်ဆိုရင် ကျုပ်ကိုယ်တိုင် ခင်ဗျားကို သတ်ပစ်လိုက်မယ် ဆိုတာ မှတ်ထားစမ်းပါဗျာ'

ထိုလူက ရယ်မောလိုက်ပြီး....

'ဟား ဟား ဟား မင်းက တော်တော် ဒေါသကြီးတာကိုး၊ ငါပြောတဲ့ စကား လက်ခံလိုက်ရင် မင်းအတွက် ဘာမှ မပူနဲ့၊ မင်းခေါင်းတစ်ချက် ညိတ်လိုက်တာနဲ့ သူ့ကို လွှတ်ပေးလိုက်မှာပါ၊ ဒါမှ မဟုတ်ရင်တော့ မင်းရဲ့ မိဘ နှစ်ပါးစလုံး မင်းမြင်တွေ့ရတော့မှာ မဟုတ်ဘူး'

ကျူးဖန်၏ မျက်နှာ ဖြူဖတ်ဖြူရော် ဖြစ်သွားသည်။

သူကိုယ်တိုင်၌ တာဝန်ဝတ္တရားများ မအားမလပ်အောင် ထမ်းဆောင်နေရသူ ဖြစ်ပေရာ အချိန်ပြည့် တာကွယ်နိုင်မည်



မဟုတ် ဟူသော အတွေးဝင်လာခြင်းကြောင့် စိုးရိမ် ပူပန်မှုများ ပေါ်ပေါက်လာ၏။

ဖမ်းဆီး ချုပ်နှောင်ထားခြင်း ခံရသော မိခင်နှင့် အနက်ရောင်ဝတ်နှင့်လူကို တစ်လှည့်စီကြည့်ရင်း ကျူးဖန်၏ မျက်လုံးများ အရောင် မေးမှိန်လာသည်။

အနက်ရောင်ဝတ်က သဘောကျစွာ ရယ်မောလိုက်ပြန်သည်။

'ဟား ဟား ဟား ကျုပ်ပြောတာ မင်းသဘောပေါက်မယ် ထင်တယ်၊ ကျုပ်စကား နားမထောင်ရင် မင်းရဲ့မိဘတွေအတွက် ဘယ်တော့မှ စိတ်အေးရတော့မယ် မထင်နဲ့၊ အခုလောလောဆယ် မင်းရဲ့အမေ အသက်ဆုံးမယ်၊ ပြီးတော့ မင်းအဖေ အသတ်ခံရမယ်'

'တောက်....ဒီလိုဆိုရင် ခင်ဗျားလဲ သေသွားမှာပေါ့'

ကျူးဖန်က ဒေါသတကြီး ပြန်ပြောလိုက်ခြင်း ဖြစ်လေသည်။

အနက်ရောင်ဝတ်က ခေါင်းခါယမ်းလိုက်၏။

'ကျုပ်က အသက်စီးရှနေပြီ ဆိုတာ မင်းမေ့နေတာလား၊ ကျုပ်အတွက် နစ်နာစရာ ဘာမှမရှိဘူး၊ မင်းဟာ မိဘတွေရဲ့ အသက်နဲ့ ရင်းပြီး အလောင်းအစား မလုပ်ဝံ့ဘူးဆိုတာ ကျုပ်သိတယ်....

www.burmeseclassic.com

www.burmeseclassic.com



'မင်းရဲ့ မိဘတွေကို မင်းဘယ်လောက်ထိ ချစ်မြတ်နိုးတယ် ဆိုတာ ကျုပ်သိတယ်၊ ဒါကြောင့် ကျုပ်ခိုင်းတာကို မင်းလုပ် ရတော့မယ်'

'ကျုပ်...ကျုပ်....ဘယ်တော့မှ မလုပ်....'

ကျူးဖန်၏ စကားသံ တိမ်ဝင်သွားလေသည်။

သူ၏ မျက်ဝန်းအစုံ၌ မျက်ရည်များ ရစ်ဝိုင်းလာလေတော့ သည်။

ကျူးဖန်မှာ အသက်နှစ်ဆယ်ကျော် လူရွယ်ကလေး တဦး ဖြစ်သည်။

သူ၏ အတွေ့အကြုံနှင့် သူရင်ဆိုင်နေရသော ပြဿနာမှာ မမျှမတဖြစ်နေသည်။

အနက်ရောင်ဝတ်က ကျူးဖန်ကို စိုက်ကြည့်၍....

'အခု မင်းက ကျုပ်တို့ကို တိုက်ခိုက်ပြီး မင်းရဲ့ အမေကို ကယ်တင်ဖို့ စိတ်ကူးကောင်း စိတ်ကူးလိမ့်မယ်၊ မင်းစိတ်ကူး ဖြစ်မြောက်လာတယ်ပဲ ထားပါဦး၊ အိမ်မှာ ကျန်ရစ်ခဲ့တဲ့ မင်း အဖေကိုတော့ အခုလိုပဲ တွေ့ရတော့မယ်၊ ကျုပ်လူတွေက သူ့ကို စောင့်ကြည့်နေကြတယ်လေ၊ အကြောင်းတစ်ခုခု လား တာနဲ့ သူတို့လက်နှေးနေကြမှာ မဟုတ်ဘူး'

ကျူးဖန်မှာ ဒေါသကို မချုပ်တီးနိုင်တော့ဘဲ....

'ခင်....ခင်ဗျားကို ကျုပ်သတ်မယ်'



ထိုလူက ပြုံးလိုက်ပြီး....

'မင်းကြိုက်သလို ပြောနိုင်တယ်၊ ဒါပေမယ့် မင်းဟာ ကျုပ် ရဲ့ စကားကို နားထောင်ရတော့မယ်'

'ကျုပ်....ကျုပ်'

ကျူးဖန်က စကားထစ်ထစ်ငေါ့ငေါ့ ဖြစ်နေ၏။

ထိုလူက ရယ်လိုက်သည်။

'မင်းနားထောင်မယ် မဟုတ်လား၊ မင်းအပေါ် ဘယ်လို အပြစ်မျိုးမှ မကျရောက်စေရဘူးလို့ ကျုပ် တာဝန်ယူတယ်၊ ကျုပ်ပြောတဲ့ အတိုင်း လုပ်လိုက်ရုံပဲ၊ ဟော....သူ့ကိုကြိုးဖြည် ပေးလိုက်'

သူက လက်ဇွေ့ယမ်းလိုက်သည်နှင့် ကျူးဖန်၏မိခင်အား၌ စောင့်ကြပ်နေသူက ကြိုးဖြည်ပေးလိုက်၏။

ကျူးဖန်၏ မိခင် လွတ်မြောက်လာပြီ ဖြစ်သည်။

မိခင် လွတ်မြောက်လာခြင်းကြောင့် တိုက်ခိုက်မည်ဆိုပါက တိုက်ခိုက်နိုင်အောင်လည်း ကျူးဖန်က တိုက်ခိုက်ဖို့ စိတ်မကူး ပါချေ။

အိမ်၌ သူ၏ ဖခင် တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်မဟုတ် ပါလား။

သူစိတ်ကူးနေသည်မှာ အနက်ရောင်ဝတ်နှင့် လူ၏ စကား ကို နာခံရန်ပင် ဖြစ်၏။

'ကျုပ် ဘာလုပ်ပေးရမလဲ ပြောပါ'

www.burmeseclassic.com

www.burmeseclassic.com



ပြောမိလိုက်သော စကားကို ကျူးဖန် မအံ့ဩတော့ပါ ချေ။

အခြေအနေက ထိုသို့ဖြစ်လာစေဖို့ ဖန်တီးနေသည် မဟုတ်ပါလား။

အနက်ရောင်ဝတ်နှင့် လူက ရယ်မောလိုက်၏။

'မင်းလုပ်ရမယ့် အလုပ်က....'

သူသည် အေးစက်စွာဖြင့် တစ်လုံးချင်း ပြောပြလိုက်လေတော့သည်။

* * *

## လှည့်စားမှု

လေးလပိုင်း၊ ဆယ့်ခြောက်ရက်နေ့....

ရာသီဥတုသည် ကြည်လင်သာယာနေ၏။

မြို့ထဲ၌ လူစည်ကားနေ၏။

အထူးသဖြင့်....

မြောက်ဘက် ရေကန်၌ ကျိတ်ကျိတ်တိုး စည်ကားနေလေသည်။

လူစည်ကားရခြင်း၏ အကြောင်းရင်းမှာ ယနေ့ မွန်းတည့်ချိန်မှ သိုင်းလောကတွင် နာမည်ဆိုးဖြင့် ကျော်ကြားနေသည့် ကြီးစား ဓါးသမား ရွှန်ဆင်အား ကွပ်မျက်မည် ဖြစ်ခြင်းကြောင့်တည်း။

www.burmeseclassic.com

www.burmeseclassic.com



ရွှန်ဆင်ကား သိုင်းလောကသားများက အလွန်ကြောက်ရွံ့ရကောင်းသည့် ကြေးစားလူသတ်သမားတစ်ယောက်ဟု ဆိုကြ၏။

ရွှန်ဆင် လက်ချက်ကြောင့် သေဆုံးသွားရသော ထိပ်သီး သိုင်းသမား အတော်များများ ရှိပေ၏။

ယခု....

သူ့ရှေးကြီး ကျန်းစန်အား လုပ်ကြံ သတ်ဖြတ်ရန် ကြံစည်ကြိုးစားချိန်၌ ဖမ်းဆီးခြင်း ခံခဲ့ရလေ၏။

ရွှန်ဆင်အား ဖမ်းဆီးခဲ့သူမှာလည်း လျှမ်းလျှမ်းတောက် ကျော်ကြားသူ တစ်ဦး ဖြစ်လေ၏။

ထိုလူမှာ အနက်ရောင် သိုင်းလောကသားများက ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့ကြသည့် ထောက်လှမ်းရေးမှူး မင်းယန်ဖြစ်၏။

ယနေ့ မွန်းတည့်ချိန်၌ မြောက်ဘက် ရေကန်ဘေးတွင် ကြေးစားဓားသမား ရွှန်ဆင်အား ကြိုးပေး ကွပ်မျက်မည်ဖြစ်ရာ လူစည်ကားနေခြင်း ဖြစ်၏။

အချို့က....

ရွှန်ဆင်ကို မမြင်ဖူး၍ လာကြည့်ခြင်း ဖြစ်၏။



ကြက်ပျံမကျ စည်ကားနေသော လူအုပ်ကြီးမှာ ကြိုးပေးကွပ်မျက်ရန် ဆောက်လုပ်ထားသည့် စင်မြင့်ပတ်လည်၌ နေရာယူထားပြီး ဖြစ်၏။

သို့သော်....

ရာဇဝတ်သား ရွှန်ဆင်နှင့် ကြိုးပေးကွပ်မျက်မည့် မင်းမှူးမင်းများက ရောက်ရှိလာခြင်း မရှိသေးပေ။

စင်မြင့်အလယ်တွင် ကြိုးကွင်းတစ်ခု တွဲလောင်းကျနေလေသည်။

'လူတကာကို ဒုက္ခပေးနေသူ တစ်ယောက်ကို လောကကြီးမှာ အသက်ရှင်နေထိုင်ခွင့်ပေးနေလို့လဲ အပိုပဲ၊ သူ့အသက် တစ်ရက် ပိုရှည်ရင် သူ့ကြောင့် ဒုက္ခရောက်ရသူတွေ ထပ်တိုးလာမှာပဲ၊ မြန်မြန် သတ်ပစ်လိုက်တာပဲ ကောင်းတယ်'

'ရွှန်ဆင်ဆိုတာ အသက်ငယ်ငယ်လေးဆိုပဲ'

'ဆရာမင်းယန် ကိုယ်တိုင် သူ့ကို လက်ရဖမ်းဆီးခဲ့တာ၊ နို့မဟုတ်ရင် ဖမ်းမိဖို့ ဘယ်လွယ်လိမ့်မလဲ'

တစ်ယောက်တစ်ပေါက် ဝေဖန်ပြောဆိုသံများ ဆူညံနေသည်။

တဖြည်းဖြည်း နေမြင့်လာသည်။

ကြိုးပေးကွပ်မျက်မည့် နေ့မွန်းတည့်ချိန် တဖြည်းဖြည်း နီးကပ်လာပြီ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



မှုန်းတည့်ချိန် ရောက်ခါနီးတွင်....

'လမ်းဖယ်ပေးပါ၊ လမ်းဖယ်ပေးပါ'

အော်ဟစ်သံများ၊ မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေ၏။

လူအများ လှည့်ကြည့်လိုက်သော အခါ မင်းမှုထမ်းများ ခြံရံလျက် မြင်းလှည်းတစ်စီး မောင်းနှင်လာနေသည်ကိုတွေ့မြင်ရလေ၏။

'ဟော....အချုပ်ရထား ရောက်လာပြီဟေ့'

'ကြိုးပေးခံရမယ့် ကြေးစားဓားသမား ရွှန်ဆင် ရောက်လာပြီ'

'လမ်းဖယ်ပေးကြဟေ့'

လူအုပ်ကြီးမှာ တစ်ယောက်တစ်ပေါက် ပြောဆိုရင်း လမ်းဖယ်ပေးကြလေ၏။

လမ်းကြောင်းတစ်ခု ပေါ်လာသလို မင်းမှုထမ်းများ ခြံရံလာသည့် မြင်းလှည်းမှာ ထိုလမ်းကြောင်းမှ တစ်ဆင့် စင်မြင့်ဆီသို့ ဦးတည် မောင်းနှင်သွားလေ၏။

စင်မြင့်အနီး ရောက်သည်နှင့် မင်းမှုထမ်းများက ပတ်လည်မှ လူများကို နောက်ဆုတ်ခိုင်းလိုက်၏။



ထို့နောက်....

မည်သူမျှ ရှေ့မတိုးလာနိုင်အောင် စောင့်ကြပ်နေလိုက်ကြသည်။

တစ်ဆက်တည်းမှာပင်....

မြင်းလှည်းတံခါး ပွင့်သွားပြီး မင်းမှုထမ်း နှစ်ယောက်က ခေါင်းစွပ်နက် စွပ်ထားသူ တစ်ယောက်ကို စင်မြင့်ပေါ် ဆွဲခေါ်သွားကြ၏။

စင်မြင့်ပေါ်ရောက်လျှင် ထိုလူ၏ခေါင်းစွပ်နက်ကို မဖြုတ်တဲ့လောင်းကျနေသော ကြိုးကွင်း၌ စွပ်လိုက် လေတော့သည်။

ထိုအချိန်တွင်....

ရုပ်ရည်သန့်ပြန့်သော လူရွယ်တစ်ဦး စင်မြင့်ပေါ် တက်လာသည်။

ထိုလူ၏ လက်ထဲ စက္ကူလိပ် တစ်ခု ကိုင်ဆောင်လာလေသည်။

စင်မြင့်ပေါ်ရောက်လျှင် လှုပ်လှုပ်ရွရွဖြစ်နေသော ပရိသတ်များကို ဝေ့ကြည့်ရင်း....

'အားလုံး နားထောင်ကြပါ'

ဟု ပြောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ စကားသံ ထွက်ပေါ်လာသည်နှင့် ပရိသတ် အားလုံး ငြိမ်ကျသွားသည်။

ထိုအခါ

လူရွှင်က စာရွက်လိပ်ကို ဖွင့်၍....

'ကြေးစား လူသတ်သမား ရှန်ဆင်သည် ရာဇဝတ် မှုများစွာကို ကျူးလွန်ခဲ့သောကြောင့် သေဒဏ်အမိန့် ချမှတ်လိုက်သည်။

ပုံ....

စီးကျင်

တူ၍ တစ်လုံးချင်း ဖတ်ပြလိုက်သည်။

ပြီးလျှင်....

စာရွက်ကိုပြန်လိပ်၍ အသင့်ရပ်စောင့်နေသော မင်းမှုထမ်း များဘက်သို့ လှည့်ပြီး လက်ဝှေ့ ယမ်းပြလိုက်၏။

မင်းမှုထမ်း တစ်ယောက်က သစ်သားဒေါက် ဖြုတ်သည် ခလုတ်ကို ဆွဲချလိုက်၏။

'ဂျိမ်း'

ကျယ်လောင်သော အသံ တစ်ချက် ထွက်ပေါ်လာတော့ သည်။



ခေါင်းစွပ်နက် စွပ်ထားသူ ရပ်နေသည့် ကြမ်းပြင်မှာ အပေါက်ကြီး ပေါ်သွား၍ ထိုလူ အောက်သို့ ကျသွားလေ သည်။

သူသည် လည်ပင်း၌ ကြိုးကွင်းစွပ်ထားခြင်းကြောင့် လေ ထဲ တွဲလောင်းကျနေ၏။

ခြေလက်များကို ကြိုးချည်ထား၍ လေထဲ၌ စကာလူးလွန့် နေပြီးနောက် ငြိမ်ကျသွား၏။

'ဟာ'

'အို....'

ပရိသတ်ထံမှ အာမေဋိတ်သံများ ထွက်ပေါ်လာ၏။

တစ်ချို့က....

မကြည့်ရဲသဖြင့် ခေါင်းငုံ့ထားလိုက်ကြ၏။

စင်မြင့်ပေါ်မှ စက္ကူလိပ်ကိုင်ထားသည့် လူရွှင်က ခပ်သွက် သွက် ဆင်းလာ၏။

တစ်ဖန်....

မြင်းလှည်းပေါ် ခုန်တက်လိုက်၏။

မင်းမှုထမ်းများက ငြိမ်သက်နေပြီ ဖြစ်သော အလောင်းကို ကြိုးကွင်းမှ ဖြုတ်ယူ၍ ထမ်းချသွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



အလောင်းကို မြင်းလှည်းပေါ် တင်ပြီးသည်နှင့် မင်းမှု ထမ်းများ ခြံရံ၍ ပြန်လှည့် ထွက်သွားသည်။

လူအုပ်ကြီးမှာလည်း တစ်ယောက် တစ်ပေါက် ပြောဆို ဝေဖန်၍ ထွက်သွားကြသည်။

မကြာပါချေ။

မြောက်ဖက် ရေကန်နဘေး၌ လူရှင်းသွားသည်။

လူရှင်းသွားမှ ရေကန်၏ ဝဲဖက်ရှိ သစ်ပင်ကြီး တစ်ပင် အောက်၌ တစ်ချိန်လုံး မလှုပ်မယှက်ရပ်၍ အခြေအနေ စောင့် ကြည့်နေသူ လှုပ်ရှားလာ၏။

ထိုလူမှာ မုကျိဖြစ်သည်။

မုကျိ၏ မျက်နှာတွင် အပြုံးရိပ်များ ပေါ်လွင်နေသည်။

'မဆိုးဘူး၊ မင်းက ငါခိုင်းတဲ့အတိုင်း လုပ်ခဲ့ပြီကိုး၊ ဒီလို မှပေါ့၊ အင်း....နောက်နောင် မင်းကို အသုံးချစရာတွေ အများ ကြီးရှိသေးတယ်၊ ကျူးဖန် မင်းသာ ငါနဲ့စိတ်တူ သဘောတူ ပူးပေါင်းလိုက်မယ်ဆိုရင် ခဏလေး ကြီးပွားချမ်းသာလာလိမ့် မယ်လို့ ငါအာမခံတယ်'

တစ်ကိုယ်တည်း ကျေနပ် နှစ်သိမ့်စွာ ရေရွတ်လိုက်ပြီး ထို နေရာမှ ခြေလှမ်းခပ်သွက်သွက်ဖြင့် ထွက်သွားလေတော့၏။

* * *



အကျဉ်းထောင်ရှိ အခန်းတစ်ခန်း၌ ဖြစ်သည်။

သမားတော်ကြီး ချူသည် ခေါင်းတဆတ်ဆတ် ညိတ်၍ မင်းမှုထမ်းများကို ကြည့်ကာ....

'ဒီအကျဉ်းသားမှာ ကူးစက်ရောဂါ ဖြစ်နေတာ အမှန်ပဲ၊ သူ့ကိုယ်ပေါ်မှာ အနီရောင် အကွက်လေးတွေ တွေ့တယ်မဟုတ် လား၊ သူ့အလောင်းကို ကြာကြာမထားဘဲ ညတွင်းချင်း မြေ မြှုပ်ပစ်လိုက်တာ ကောင်းမယ်၊ တော်တော်ကြာ အခြား အကျဉ်းသားတွေပါ ကူးစက်ကုန်မှာ စိုးရိမ်ရတယ်'

သမားတော်ကြီး ချူသည် နာမည်ကျော် ဆေးဆရာကြီး တစ်ယောက်ဖြစ်ပြီး အကျဉ်းသားများ၏ ကျန်းမာရေးကို တာ ဝန်ယူရသူ ဖြစ်၏၊

သမားတော်ကြီးချူ၏ အတည်ပြုချက် ရသည်နှင့် ဘေးမှ စောင့်ကြပ်နေသော မင်းမှုထမ်းများက ချက်ချင်းပင် ကူးစက် ရောဂါဖြင့် သေဆုံးသွားသည့် အကျဉ်းသား၏ အလောင်းကို အဝတ်တို့နှင့် စည်းနှောင်လိုက်၏။

အသင့်မှာထားသော အခေါင်းထဲသို့ ထည့်၍ လက်တွန်း လှည်းဖြင့် ထုတ်ယူသွားကြ၏။

သွက်လက်စွာ လုပ်ကိုင်နေကြသော မင်းမှုထမ်းများကို ကြည့်ကာ ကျူးဖန် သက်ပြင်းချမိ၏။

အခက်အခဲ ပြဿနာတစ်ခု ပြေလည်သွားတော့မည် ဖြစ် ကြောင်း နားလည်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ သူလုပ်ဆောင်သမျှ အမှားအယွင်း လုံးဝ မရှိဘဲ အရာရာ အဆင်ပြေ ချောမွေ့နေ၏၊

အနက်ရောင်မျက်နှာဖုံး စွပ်ထားသူ (ဝါ) မုကျိစေခိုင်းသည့်အတိုင်း တစ်သဝေမတိမ်း လုပ်ဆောင်ခဲ့ပြီး ဖြစ်လေသည်။

ရောဂါဝေဒနာ ခံစားနေရသော အကျဉ်းသားတစ်ဦး၏ ရှိန်ဆင်အဖြစ် အစားထိုး၍ လူပုံအလယ်ထွင် ကွပ်မျက်ခဲ့လေသည်။

ထုံးစံအတိုင်းဆိုလျှင် မကွပ်မျက်မီ ခေါင်းစွပ်နက်ကို ချွတ်ကာ မျက်နှာကို ဖော်ပြရမည် ဖြစ်၏။

ယခုတော့....

သူက မျက်နှာဖုံးစွပ်ကို လုံးဝ မချွတ်ဘဲ ကွပ်မျက်ခဲ့ပြီး အလောင်းကို ပြန်သယ်လာခဲ့၏၊

ပြီးလျှင်....

ရှိန်ဆင်ကို ကူးစက်ရောဂါ ခံစားနေရသည့် အကျဉ်းသားနေရာ၌ အစားထိုး၍ ဆေးများ တိုက်ပြီးနောက် သေဆုံးသွားပြီဆိုကာ အကျဉ်းထောင်မှ ထုတ်ခဲ့ခြင်း ဖြစ်လေသည်။

ဤကိစ္စ၌ သူတစ်ယောက်တည်း သာမက သမားတော်ကြီးချူလည်းပါဝင် ပူးပေါင်းပါဝင်ခဲ့သူ ဖြစ်သည်။



သမားတော်ကြီး ချူအား မုကျိက မည်သို့စည်းရုံး သိမ်းသွင်းခဲ့လည်းကိုကား သူမသိပါချေ။

သူ၏လုပ်ဆောင်ချက်များအခက်အခဲမရှိ အောင်မြင်ခဲ့လေသည်။

သို့သော်....

ကျူးဖန်သည် စီးကျင့်နှင့်မင်းယန်အတွက် ရင်ဘိတ် နေသည်။

သူ၏အပြုအမူများကို စီးကျင့်နှင့်မင်းယန်တို့ သိရှိ သွားပါလျှင် မည်သို့ဖြေရှင်းရမှန်းမသိပါ။

စီးကျင့်နှင့် မင်းယန်တို့ ကျင့်ယန်မြို့တွင် မရှိ၍သာ သူ၏လုပ်ဆောင်မှုများ အောင်မြင်ခဲ့ခြင်းဖြစ်သည်။

သူတို့သာ ရှိနေပါလျှင် အောင်မြင်မည် မဟုတ်ဟု ထင်မိလေသည်။

ထို့အပြင်....

သူတို့ပြန်ရောက်လာလျှင် အောင်မြင်မှုကို သူ၏ လုပ်ရပ်ကို သိသွားပါက သူ့အတွက်ပြေးစရာ မြေမရှိတော့ပါ။

ကျူးဖန်သည် ခေါင်းငိုက်စိုက်ချကာ အလောင်း သယ်ဆောင်သွားသည့် မင်းမှုထမ်းများနောက်သို့ လိုက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အကျဉ်းထောင်အနောက်ဘက်အပေါက်မှ အလောင်းကို တွန်းလှည်းဖြင့် တွန်းထုတ်သွားခြင်းဖြစ်၏။

အပြင်ဘက်သို့ ရောက်လျှင် အသုဘမြင်းလှည်းပေါ် တင်လိုက်၏။

ကျူးဖန်းကိုယ်တိုင် မျက်ခြည်မပြတ် ကြီးကြပ်ကာလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

အသုဘ မြင်းလှည်းပေါ်သို့ အလောင်းရောက်သွားသည်နှင့်အခြား မင်းမှုထမ်းများ၏တာဝန် ကုန်ဆုံး သွားပြီ ဖြစ်သည်။

ကျူးဖန်သာလျှင်အလောင်း မြေမြှုပ်ပြီးသည်အထိ လိုက်လာပြီးကြီးကြပ်ရသည်။

ကျူးဖန်းက အသုဘ မြင်းလှည်းပေါ်သို့ ခုန်တက်လိုက်သည်။

သူကမြင်းလှည်းပေါ်ရောက်သည်နှင့် မြင်းလှည်းမောင်းသမားက မြင်းများကို အော်ငေါက်ကာ စတင် မောင်းနှင်လိုက်လေသည်။

ကျောက်ခင်းလမ်းနှင့် မြင်းလှည်းဘီးကြိတ်သံ ထွက်ပေါ်လာသည်။

မြင်းခွာသံနှင့် မြင်းဟီသံများထွက်ပေါ်လာကြသည်။



အသုဘမြင်းလှည်းမှာ ကျူးဖန်နှင့် သေချင် ဟန်ဆောင်နေသော ရှုန်ဆင်တို့အား တင်ဆောင်ကာ မြို့ပြင် သုသာန်သို့ ဦးတည်မောင်းနှင်သွားလေသည်။

* * *

နေဝင်သွားပြီဖြစ်သည်။

မြို့ပြင်တစ်နေရာ၌မြေပုံမှတ်တိုင်များထိုးထိုးထောင်ထောင်ရှိနေသည်။

လူခြေ တိတ်ဆိတ်ကာ ငြိမ်သက်နေသော သုသာန်မြေအတွင်းသို့မြင်းလှည်းတစ်စီး ဒုန်းစိုင်း မောင်းနှင် ဝင်ရောက်လာရောသည်။

မြင်းလှည်းမှာ သုသာန်အလယ်ရှိ ဇရပ်ရှေ့၌ ရပ်တန့်သွားသည်။

ဇရပ်ပေါ်၌လူတစ်ယောက်ထိုင်နေသည်။

ထိုလူမှာ အနက်ရောင် ဝတ်ဆင်ထားသည့် မချိုပင်ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မုကျိုက ဖုန်တလောင်းလောင်းထအောင် ဒုန်းစိုင်းမောင်းနှင်လာသော မြင်းလှည်းကိုကြည့်ကာ သဘောကျစွာ ပြုံးနေလေသည်။

တစ်ခဏအကြာတွင် မြင်းလှည်းမှာ ဇရပ်ရှေ့သို့ ရောက်ရှိလာသည်။

မုကျိုက ဇရပ်ပေါ်မှတစ်ဆင့် မြေပေါ်ခုန်ချကာ လှမ်းပြီး နှုတ်ဆက်လိုက်သည်။

'မင်းတို့အချိန်မှန်သားဘဲ'

မြင်းလှည်းပေါ်၌ ကျောက်ရုပ်ပမာ မလှုပ်မယှက် ထိုင်သျက်လိုက်ပါသာသော ကျူးဖန်ကမည်သည့် စကားမှမပြောဘဲမြင်းလှည်းပေါ်မှဆင်းလိုက်သည်။

ထိုအခါ....

သူတို့နှစ်ယောက်မျက်နှာချင်းဆိုင်ဖြစ်သွားလေသည်။

ကျူးဖန်က လှမ်းမေးလိုက်သည်။

'အားလုံးပြီးသွားပြီထင်တယ်'

မုကျိုက ခေါင်းညိတ်လိုက်သည်။

'ပြီးသွားပါပြီ'

'ဒါဆို ကျုပ်မိဘတွေကို နှောင့်ယှက်ဖို့တော့ မကြိုးစားပါနဲ့ သူတို့တစ်ခုခုဖြစ်မယ်ဆိုရင် ကျုပ်အရင်ဆုံး သေသွားမှ ဖြစ်မယ်'



'ဟား...ဟား...ဟား၊ မင်းကလဲ ဒေါသချည်းဘဲကိုး၊ စိတ်ချပါ ကျုပ်ကတိတည်ပါတယ်၊ မင်းရဲ့မိဘတွေကို ဘယ်တော့မှ မနှောင့်ယှက်တော့ဘူး၊ ဒုက္ခမပေးတော့ပါဘူး'

'ခင်ဗျားစကားတည်ပါစေ'

စကားဆုံးလျှင် ကျူးဖန်က ချာခနဲ လှည့်ကာ ထွက်သွားရန် ခြေလှမ်းပြင်လိုက်၏။

မုကျိုက လှမ်းပြောလိုက်သည်။

'မင်းရဲ့မိဘတွေကို ပြောတာနော်'

ကျူးဖန် ခြေလှမ်းဘုံခနဲရပ်သွားသည်။

ချက်ချင်းပင် မုကျိုဘက်သို့လှည့်ကာ....

'ကျုပ်နဲ့မိဘတွေကို ပြောတယ်ဆိုတော့ ခင်ဗျားစကားက ဘယ်လို အဓိပ္ပာယ်လဲ ကျုပ်ကိုတော့ အချိန်မရွေး ဒုက္ခပေးမယ် ဟုတ်လား'

မုကျိုက လက်ကာပြရင်း....

'ဒါမတွေထားလိုက်စမ်းပါကွာ၊ ရှန်ဆင်ကို ကျုပ်ကြည့်ချင်သေးတယ်'

ပြောပြီး မြင်းလှည်းအနီးသို့ ချဉ်းကပ်သွားသည်။

အမိုးမပါသော ပက်လက် မြင်းလှည်း ပေါ်၌ လူသေအလောင်းတစ်လောင်းရှိနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအလောင်းမှာ မေ့ဆေးများ တိုက်ကျွေးထား၍ သတိမေ့မြောနေသော ကြေးစားခါးသမား ရှန်ဆင်ပင် ဖြစ်လေသည်။

မုကျိုက ရှန်ဆင်ကိုယ်ပေါ်၌ ခြုံထားသော စောင်ကြမ်းကို ဆွဲဖယ်လိုက်သည်။

ထိုအခါ....

အလောင်းမှာတစ်ကိုယ်လုံး အနီရောင်အကွက်များ ပြည့်နေသောအလောင်းကိုတွေ့ရလေသည်။

အလောင်း၏မျက်နှာပြင်မှာ သွေးရောင်လုံးဝမရှိဘဲ ဖြူဖပ်ဖြူရော်ဖြစ်နေသည်၊

မုကျိုက အလောင်း၏မျက်နှာကို သပ်ချလိုက်၏။

မျက်နှာဖုံးတု ကွာကျသွားလျှင် ရှန်ဆင်၏မျက်နှာပေါ်လွင်လာသည်။

မုကျိုက မျက်နှာပြုံးရွှင်သွားပြီး ကျူးဖန်းဘက်သို့လှည့်ကာ....

'ကျုပ်သွားတော့မယ်၊ မြင်းလှည်းကို ခဏယူသွားမယ်'

ပြောပြီး မြင်းလှည်းပေါ် ခုန်တက်လိုက်သည်။

ကျူးဖန်က လက်ကာပြလိုက်ပြီး....

'နေပါဦး ကျုပ်မေးတာကို ခင်ဗျား မဖြေသေးဘူးလေ'



မုကျိုက ပြုံးလိုက်ပြီး....

'ဩော်....ဒါလား စိတ်ချ၊ မင်းရဲ့မိဘတွေကို ဘယ်တော့မှ ဒုက္ခမပေးတော့ဘူးလို့ ကျုပ်ပြောပြီးပြီဘဲ'

'ကျုပ်မေးတာ ခင်ဗျားဘယ်သူ့ကို ဒုက္ခပေးချင် သေးလဲလို့မေးတာ'

'မင်းကို....'

ကျူးဖန်က အံ့သြထိတ်လန့်သွားသည်၊

မုကျိုက ကျယ်လောင်စွာ ရယ်မောလိုက်သည်။

'ဟား....ဟား....ဟား၊ မင်းဟာ ဒုစရိုက်မှုတစ်ခုထဲ အလိုတူအလိုပါ ဖြစ်နေပြီလေ၊ ဒါကြောင့် နောက်ဆိုရင် ကျုပ်ခိုင်းတာ လုပ်ရဦးမယ်၊

မဟုတ်ရင်မင်းဘာတွေ လုပ်ခဲ့တယ်ဆိုတာ စီးကျင်ရှေ့မှာ ဖွင့်ချလိုက်ရုံပေါ့၊ ဒီလိုအဖြစ်မျိုး မင်းသဘောမကျဘူး ဟုတ်လား၊ ကဲ....ကျုပ်သွားပြီ'

စကားဆုံးလျှင် မုကျိုက မြင်းလှည်း မောင်းသမားကို မြင်းလှည်းပေါ်မှတွန်းချကာ မြင်းလှည်းကို ဒုန်းစိုင်းမောင်းနှင်သွားသည်။

ကျူးဖန် မသွားမယှက်ရပ်ကာ ကျန်ရစ်ခဲ့သည်။

ဒေါသ ထွက်လွန်း၍ သူ၏တစ်ကိုယ်လုံး တစ်ဆတ်ဆတ်တုန်ယင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်းမှာ တဖြည်းဖြည်းဝေး၍သွားပြီး မြင်ကွင်းမှ ကွယ်ပျောက်သွား၏။

ကျူးဖန်က မြေပေါ်မှ လူးလိမ့်ထလာသည့် မြင်းလှည်းမောင်းသမားကိုကြည့်လိုက်သည်။

မြင်းလှည်း မောင်းသမားက အံ့ဩဟန်ဖြင့်…

'ရွှေ ငွေ ပစ္စည်းလုတဲ့လူဆိုးဓားပြမျိုးဘဲ ကျုပ်တွေ့ဖူးသေးတယ်၊ လူသေ အလောင်း လုတဲ့ ဓားပြမျိုး မတွေ့ဖူးသေးဘူး၊ ဒါပထမဆုံးအကြိမ်ဘဲ'

ကျူးဖန်က သက်ပြင်းတစ်ချက်ကို လေးတွဲစွာချလိုက်ပြီး

'ဒီလူ ရှုးနေပြီဗျ'

ဟု ပြောကာ လှမ်းထွက်လာခဲ့သည်၊

မြင်းလှည်းမောင်းသမားသည် နားမလည်ဟန်ဖြင့် ကျူးဖန်အား လှမ်းကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

* * *



'ဝုန်း....'

ကျယ်လောင်သောအသံထွက်ပေါ်လာသည်။

မုကျိုက ပခုံးပေါ်ထမ်းလာခဲ့သည့်ရှန်ဆင်အားခုတင်ပေါ် ပစ်ချလိုက်ရာ အရှိန်ဖြင့် ကျသွားခြင်းကြောင့် ကံကောင်း၍ ခုတင်ကျိုးမသွားခြင်းဖြစ်၏။

မုကျိုက နဖူးပေါ်မှ စီးလာသော ချွေးများကိုသုတ်လိုက်သည်။

ပြီးလျှင် ခုံတစ်လုံးဆွဲယူကာ ထိုင်ချလိုက်၏။

ခုတင်ပေါ်မှရှန်ဆင်အားသတိသစ်မေ့မြောနေသလိုနှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျနေသည်။

'ဆေးတွေ ဘယ်လောက်တောင် တိုက်ထားလဲ မသိဘူး'

မုကျိုက မကျေမနပ်ရေရွတ်လိုက်သည်။

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင် ရှန်ဆင် တလှုပ်လှုပ်ဖြစ်လာသည်ကို တွေ့မြင်လိုက်ရ၏။

မုကျိုသည် ဝမ်းသာပြီး ထရပ်လိုက်၏၊

ထိုစဉ်....

ရှန်ဆင်က အနည်းငယ်ညည်းညူလိုက်ပြီး ပြန်သည် ငြိမ်သက်သွားပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



မုကျီ စိတ်ပျက်ကာ ခေါင်းယမ်းပြီး ခုံပေါ် ပြန်ထိုင်ချလိုက်သည်။

ခုံပေါ် ထိုင်လိုက်မိသည်နှင့် အပြင်ဘက်ရှိ ခြေသံတဖျပ်ဖျပ် မြည်ကာထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

မုကျီက ထရပ်လိုက်ပြန်သည်။

သူ၏ လက်တစ်ဖက်က အင်္ကျီရင်ဘတ်ကြားသို့ ရောက်ရှိသွားသည်။

သူ၏မျက်လုံးအစုံမှာလည်း အိမ်တံခါး ဆီသို့ ရောက်ရှိသွားလေသည်။

'ခေါက် ခေါက် ခေါက်'

သူစေးကြည့်နေစဉ်မှာပင် တံခါးခေါက်သံများထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

မုကျီ သက်ပြင်းချလိုက်သည်။

'ဝင်ခဲ့'

တံခါးဝဆီသို့ မျက်တောင်မခတ်ဘဲ ကြည့်ရင်း သံပြတ်ဖြင့် ပြောလိုက်၏။

သူ၏ စကားသံနှင့် မရှေးမနှောင်းမှာပင် တံခါးပွင့်သွားပြီး လူတစ်ဦး လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။



ထိုလူမှာ ခရမ်းရောင် အဝတ်အစားများ ဝတ်ဆင်ထားပြီး အသက်သုံးဆယ်ခန့် ရှိသူဖြစ်၏။

ထိုလူမှာ တစ္ဆေဖြူသုံးယောက်အနက်မှ တစ်ယောက် အပါအဝင် ဖြစ်၏။

ထိုလူ၏ အမည်မှာ ကျောက်ဟန်ဖြစ်သည်။

ကျောက်ဟန်ကို မြင်လျှင် မုကျီသည် မသိမသာ နှာခေါင်း မိသည်။

ကျောက်ဟန်က မုကျီအား စိုက်ကြည့်၍ ...

'အားလုံး ပြီးသွားပြီလား'

မုကျီက မကျေမနပ်ဖြင့် ပြန်ပြောလိုက်၏။

'အခုမှစတာဗျ'

ကျောက်ဟန်က မျက်လုံးပြူးသွားသည်။

မုကျီကို ကျော်၍ ခုတင်ပေါ်ရှိနေသည့် ရွှန်ဆင်ကို ကြည့်ရင်း....

'အခုမှစတာ ဟုတ်လား၊ ဒုက္ခပဲ....ဒီလိုဆိုရင် ဆရာ ကျေ[illegible]သဘောကျမှာ မဟုတ်ဘူး'

သူ၏ စကားကို မုကျီက မကြားဟန် ဆောင်နေလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဟန်က ဆက်ပြောလိုက်၏။

'ဆရာကျိုကင် မှာလိုက်တယ်၊ ရွှန်ဆင်ကို လင်းယုန်တောင်ကြားဆီ ပို့ပေးရမယ်တဲ့'

'ဘာပြောတယ်'

မုကျိ၏ စကားသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ရွှန်ဆင် လွတ်မြောက်လာလျှင် မြို့စွန်ရှိအိမ်ကလေး၌ တစ်ရက် နှစ်ရက် ဝှက်ထားရန် ကျိုကင် မှာကြားခဲ့လေ၏။

ယခု....

ကျောက်ဟန်က လင်းယုန်တောင်ကြားသို့ ခေါ်သွားမည်ဟု ဆိုလာ၏။

မုကျိက ခေါင်းယမ်းလိုက်သည်။

'ဆရာကျိုက ဒီမှာဝှက်ထားဖို့မှာလိုက်တာပဲ'

'အခု သူစိတ်ထားပြောင်းသွားပြီ'

'ဘာဖြစ်လို့လဲ'

ကျောက်ဟန်က ပြောလိုက်၏။

'စီးကျင် ပြန်ရောက်လာလို့ပါ'



'ဟင်'

'စီးကျင်ဟာ သုံးရက်ကြာ ခရီးထွက်မယ် ဆိုပေမယ့် ဒီ တနေ့ပဲ ပြန်ရောက်လာတယ်'

မုကျိက သက်ပြင်းချလိုက်၏။

ခုတင်ပေါ်၌ အိပ်ပျော်နေသော ရွှန်ဆင်ဘက်သို့လှည့်ကြည့်ကာ....

'ကောင်းပြီလေ၊ လင်းယုန်တောင်ကြားကို သွားကြတာပေါ့'

ကျောက်ဟန်က ပြန်ပြောလိုက်၏။

'ကျုပ်သူ့ကို လိုက်ပို့လိုက်ပါ့မယ်'

မုကျိက တအံ့တသြ ဖြစ်သွား၏။

'ဘာ'

ကျောက်ဟန်က ဆက်ပြောသည်။

'ဆရာကျိုက မင်းကို တွေ့ချင်နေတယ်၊ မင်းတစ်ယောက်တည်း အလုပ်ကြီး တစ်ခုကို အောင်မြင်အောင် ဆောင်ရွက်ခဲ့တဲ့အတွက် ချီးကျူးဂုဏ်ပြုမယ် ဆိုတယ်'

မုကျိက ဘာမှမပြောဘဲ အိမ်ထဲမှ လှမ်းထွက် လိုက်လေသည်။

ကျောက်ဟန်က လမ်းဖယ်ပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



မုကျိုက တံခါးဝရောက်လျှင်....

'ခင်ဗျားလက်ထဲ အပ်ထားလိုက်ပြီနော်၊ ကျုပ်မှာ ဘာတာဝန်မှ မရှိတော့ဘူး'

စကားဆုံးလျှင် ခပ်သွက်သွက် လှမ်းထွက်သွား၏။

ကျောက်ဟန်က ပြုံးလိုက်၏။

'အင်းလေ....မင်းမှာ ဘာတာဝန်မှ မရှိတော့ဘူး ဆိုရင် ကျုပ်မှာ တာဝန်ရှိတာပေါ့'

ပြောပြီး ရှန်ဆင်ဘက်သို့ လှည့်လိုက်လေတော့သည်။

* * *

တံခါးတွန်းဖွင့်လိုက်သည်နှင့်အခန်းတွင်း၌ မှောင်နှင့်မည်းမည်း ဖြစ်နေသည်ကို တွေ့မြင်ရ၏။

သို့သော်....

လုံးဝ အမှောင်ကြီးကား မဟုတ်ပါ၊

အခန်းထောင့် တစ်နေရာရှိ စားပွဲပေါ်၌ မီးအုပ်ဆောင်းတစ်လုံးရှိပြီး မီးရောင်မှိန်မှိန် ထွန်းညှိထား၏။

မီးအုပ်ဆောင်း နောက်တွင် လူတစ်ယောက် ထိုင်နေလေသည်။



အမှောင်ရိပ် ကျနေခြင်းကြောင့် ထိုလူ၏ မျက်နှာကို သဲသဲကွဲကွဲ မမြင်ရပါ။

သို့သော်....

ထိုလူမှာ ကျိုကင်ဖြစ်ကြောင်း မုကျို သိရှိထား၏။

မုကျိုက ခပ်သွက်သွက် လှမ်းဝင်သွားပြီး စားပွဲနှင့် မလှမ်းမကမ်းတွင် ရပ်၍ ဦးညွှတ် ဂါရဝပြုလိုက်၏၊

'မုကျို....မင်းရဲ့ လုပ်ရပ်တွေက အတော်ကို ချီးကျူးစရာကောင်းတာပဲ'

ကျိုကင်က စတင်၍ ချီးကျူးစကား ပြောလိုက်၏။

မုကျိုသည် ဝမ်းသာသွား၏။

ကျိုကင်က ဆက်ပြောသည်၊

'တစ္ဆေဖြူ သုံးဖော်ဟာ မင်းကို ကူညီဖို့ အသင့်ရှိနေကြပေမယ်. သူတို့ အကူအညီ လုံးဝမလိုဘဲ အောင်မြင်အောင် မင်းဆောင်ရွက်နိုင်ခဲ့တာဘဲ....

'ဒါကြောင့် ရှေ့ဆက်လုပ်ရမယ့် အလုပ်တွေကို တစ္ဆေဖြူသုံးဖော်နဲ့ လွှဲပြီး မင်းကို အနားပေးဖို့ ငါဆုံးဖြတ်လိုက်တာ သင့်သဘောကျတယ် မဟုတ်သလား'

မုကျိုက ခေါင်းညိတ်လိုက်၏။

'သဘောကျပါတယ် ဆရာကျို'

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီ၊ ဟော့ဒီမှာ လျှော်ငွေ သုံးသောင်း၊ ဒီငွေကို ယူပြီး မင်းကြိုက်သလို သုံးပေတော့၊ ဒါပေမယ့် ဝေးဝေး မသွားနဲ့နော်....

'ငါမရှိတုန်း အလုပ်ကိစ္စ ပေါ်ပေါက်လာရင် မင်းအသင့် ရှိနေမှ ဖြစ်မယ်'

'ဆရာကြီး ခရီးထွက်မလို့လား'

ကျိုကင်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်....ငါ လင်းယုန်တောင်ကြားကို သွားမလို့'

မုကျိုက အံ့ဩသွားသည်။

'ဗျာ... ဆရာကြီး ကိုယ်တိုင် သွားမယ် ဟုတ်လား'

ကျိုကင် ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ တစ္ဆေဖြူ သုံးဖော်နဲ့ လွှတ်ထားလို့ ဘယ်ဖြစ်မလဲ၊ မုကျို မင်းမှတ်ထားဖို့က ငါဟာ တစ္ဆေဖြူ သုံးဖော်ထက် မင်းကို ပိုပြီး ယုံကြည် စိတ်ချတယ်၊ အားကိုးတယ် ဆိုတာ ပါပဲ'

မုကျို၏ရင်ထဲ ထူးခြားသော ခံစားချက်များ ဖြစ်ပေါ်လာသည်။

ထိုစကားကို ကျိုကင် ထုတ်ဖော် မပြောမီကပင် သူနား လည် သိပြီးပေါက်ပြီး ဖြစ်၏။



သူက ကျိုကင် အပေါ် ရိုသေ လေးစားသလို ကျိုကင်က လည်း သူ့အား ယုံကြည်စိတ်ချသည်။

ဒုစရိုက် လုပ်ငန်း လုပ်ကိုင်နေသူများ ဖြစ်ကြသော်လည်း တစ်ယောက်အပေါ် တစ်ယောက် အပြန်အလှန် လေးစား ယုံကြည်မှု ရှိနေကြခြင်း ဖြစ်၏။

ကျိုကင်က စကားဆက်ပြောလိုက်ပြန်၏။

'တစ္ဆေဖြူသုံးဖော်က သိုင်းပညာ ထက်မြက်ပေမယ့် မင်းလို ဦးနှောက်ကို အသုံးမချတတ်ကြဘူး၊ ရှန်ဆင်ကို သူတို့နဲ့ ထည့်လိုက်ဖို့ ငါစိတ်မချဘူး၊ ဒါကြောင့် ကိုယ်တိုင် လိုက်သွားမယ်....

'ပြီးတော့... ဝတ်ရုံရှင်နဲ့ တွေ့ရမယ်လေ၊ သူက ဘယ် လောက် ကြောက်စရာကောင်းတယ် ဆိုတာ ငါမင်းကို ပြောပြ ဖူးသားဘဲ၊ ရှန်ဆင် သူ့လက်ထဲ ရောက်သွားတာနဲ့ ငါတို့ရဲ့ အသက်အန္တရာယ် လုံခြုံမှု မရှိနိုင်တော့ဘူး'

မုကျို လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

ဝတ်ရုံရှင်ဆိုသူမှာ ကြောက်စရာကောင်းသူ ဖြစ်ကြောင်း ကျိုကင်ထံမှ တစ်ဆင့် သိထားသော်လည်း သိပ်ပြီး မမှုလိုပေ။

'ဒီလိုဆို သူ့ကို ဒီနေရာ လာခဲ့ဖို့ ချိန်းလိုက်ပေါ့၊ ရှန်ဆင်ကို ကယ်ထုတ်ပေးခဲ့ပြီးပြီပဲ၊ ကျွန်တော်တို့ဘက်က တာဝန်ကျေပြီ မဟုတ်လား၊ သူ့အခနန်နဲ့ မကျေနပ်စရာ အကြောင်း မရှိပါ ဘူး'

www.burmeseclassic.com

www.burmeseclassic.com



ကျိုကင်က ပြောလိုက်သည်။

'ငါ့စိတ်ထင် ပြောရရင် ငါတို့ဆီက တစ်ဆင့် ရွှန်ဆင်က ပြန်ပြီး ခြေရာခံမိသွားမှာ စိုးရိမ်နေတယ် ထင်တယ်'

မုကျိုက ပြန်ပြောလိုက်၏။

'ဒါဆို ရွှန်ဆင်ကို မပေးဘဲ နေလိုက်ရုံပေါ့'

ကျိုကင်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ငါလဲ ဒီလိုပဲ စဉ်းစားထားတယ်'

မုကျို အံ့သြသွားသည်။

'ဟင်... ဆရာကျိုက ရွှန်ဆင်ကို သူ့လက်ထဲ မအပ်တော့ဘူး လို့ စိတ်ကူးထားတယ် ဟုတ်လား'

ကျိုကင်က ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ သူ့လက်ထဲ အပ်ပြီးတာနဲ့ သူက ငါတို့ကို တစ်နည်းတစ်ဖုံ ဒုက္ခပေးမှာ သေချာတယ်၊ ဒီတော့ လင်းယုန် တောင်ကြားကို ခေါ်သွားပြီး ဝှက်ထားလိုက်မယ်'

မုကျိုက ပြုံးလိုက်ပြီး....

'ဒါကို သူသိသွားရင် ဒေါသဖြစ်သွားမှာပဲ'



'ဒေါသဖြစ်သွားအောင် လုပ်ပေးလိုက်မှ သူ့ရဲ့ စိတ်ထား အမှန်ကို သိမှာပေါ့၊ ဘယ့်နှယ်လဲ ငါပြောတာ မကောင်း ဘူးလား'

'ဆရာကျိုပြောတာ ကောင်းပါတယ်'

ကျိုကင်က ပြောလိုက်ပြန်၏။

'လင်းယုန် တောင်ကြားမှာ တစ္ဆေဖြူ သုံးဖော်နဲ့ချည်း လွှတ်ပေးထားလို့ မဖြစ်ဘူးဆိုတာ မင်းနားလည်မှာပေါ့'

မုကျိုက မေးလိုက်သည်။

'ဒါဖြင့် ကျွန်တော် လိုက်သွားလို့ရော မဖြစ်ဘူးလား ဆရာကျို'

'မင်းကို ထည့်လိုက်ချင်တာပေါ့၊ ဒါပေမယ့် မင်းတစ်ခုခု ဖြစ်သွားရင် ရှေ့ဘာဆက်လုပ်ရမယ် ဆိုတာ မသိဘဲ ဖြစ်မှာ စိုးရိမ်လို့ပေါ့'

'ဗျာ'

ကျိုကင် ပြုံးလိုက်ပြီး....

'ဘာလဲ.... မင်းအံ့သြနေလား၊ မင်းပဲ ပြောခဲ့တယ်၊ သူ ဒေါသထွက်သွားမယ် ဆိုတာလေ'

မုကျို အံ့သြဟန်ဖြင့်....

'ဩော်....သူက ဆရာကျိုကို ဒုက္ခလာပေးတော့မှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



ကျိုကင်က ဆက်ပြောသည်။

'ဒီနည်းပဲရှိတယ်၊ ရွှန်ဆင်ကို သူတို့လက်ထဲ အပ်သည် ဖြစ်စေ၊ မအပ်သည်ဖြစ်စေ သူက ငါ့ကို ဒုက္ခပေးလိမ့်မယ်လို့ ငါထင်တယ်...

'ဒါကြောင့် ငါ့ဘက်က လက်ဦးအောင် ကြံစည်နေတာပဲ မူကျို၊ ငါပြောမယ့် စကားတွေကို မင်းသေချာ မှတ်ထားစမ်းပါ'

သူ့ရင်ထဲ ရှုပ်ရှားသွားသည်။

'ဟုတ်ကဲ့....ပြောပါ ဆရာကျို'

ကျိုကင်က လေးနက်စွာ ပြောလိုက်၏။

'ငါ တစ်စုံတစ်ခု ဖြစ်သွားပြီလို့ သတင်းကြားရင် မင်း ဒီမြို့က ချက်ချင်း ထွက်သွားပေတော့'

'ဗျာ'

မူကျို အံ့ဩ ထိတ်လန့်သွားသည်။

ကျိုကင်က မူကျိုကို စိုက်ကြည့်၍....

'ဘာလဲ...မင်းအံ့ဩသွားလား၊ ငါ့ကို ဒုက္ခပေးမယ်ဆိုရင် မင်းကိုလဲ ချန်ထားမှာ မဟုတ်ဘူး၊ ဒါကြောင့် ချက်ချင်း ထွက်သွားပေတော့....

'သူ့ကို ယှဉ်ပြိုင် တိုက်ခိုက်ဖို့ မစဉ်းစားနဲ့၊ တစ်ခြား နည်းလမ်းရှာပါ၊ မင်းဟာ ဉာဏ်ကောင်းတဲ့ လူတစ်ယောက်ပဲ၊ ငါပြောတာကို နားလည်မှာပါ'

မူကျို ခေါင်းတစ်ချက် ညိတ်လိုက်၏။



'ဟုတ်ကဲ့....ကျွန်တော် သဘောပေါက်ပါတယ် ဆရာကျို'

ကျိုကင်းက ခေါင်းညိတ်လိုက်ပြီး....

'ကောင်းပြီ၊ မင်းသွားတော့'

မူကျိုသည် ရုတ်တရက် နှင်ထုတ်ခြင်းခံလိုက်ရသဖြင့် ကြောင်အမ်းအမ်း ဖြစ်သွား၏။

ကျိုကင်က သူ့အား စိုက်ကြည့်၍ ဆက်လိုက်သည်။

'အခုချိန်က စပြီး ငါနဲ့ နေးဝေးနေတာ မင်းအတွက် အကောင်းဆုံး ဖြစ်လိမ့်မယ်၊ ကဲ....သွားတော့'

မူကျိုသည် ကျိုကင်အား ဂါရဝပြု၍ ထွက်လာခဲ့လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## လင်းယုန်တောင်ကြား

လမ်းပေါ်၌ ဖုန်တထောင်းထောင်း ထနေ၏။

မြင်းနှစ်ကောင်ဆွဲသော မြင်းလှည်းတစ်စီး ဒုန်းစိုင်းမောင်းနှင်သွားလေ၏။

မြင်းလှည်းမောင်းသူ နေရာ၌ ခရမ်းရောင် ဝတ်ဆင်ထားသူ တစ်ယောက်သည် မြင်းဇက်ကြိုးကို လက်ကကိုင်ရင်း ငိုက်မျဉ်းလျက် ပါလာ၏။

စူးရှ တောက်ပသော နေရောင်ခြည်များ ဖြာကျနေလေသည်။

အပူရှိန်ကြောင့် ထိုလူ၏ အဝတ်အစားများ၌ ချွေးတို့စွဲနေသည်ကို တွေ့မြင်နိုင်၏။



သူ၏ အဝတ်အစားများ၌သာ မက ခြေလက် မျက်နှာတို့ပေါ်တွင်ပါ ဖုန်များ သဲများ ကပ်ငြိပေကျံနေ၏။

အတန်ကြာ မောင်းနှင်သွားပြီးနောက် စိမ်းလန်း စိုပြည်သော တောအုပ်ကြီး တစ်ခုရှေ့သို့ ရောက်ရှိ လာလေတော့သည်။

တောအုပ်အတွင်းသို့ တရကြမ်းမောင်းနှင် ဝင်ရောက်သွား၍ အတန်ကြာသော အခါ တောအုပ် တစ်ဖက်သို့ ရောက်ရှိသွားသည်။

တောအုပ်တစ်ဖက်၌ တောင်ကြား တစ်ခုကို တွေ့လိုက်ရသည်။

ခရမ်းရောင် ဝတ်ဆင်ထားသူသည် တောင်ကြားလေးတိုင်းမြင်းလှည်းကို မောင်းနှင်လာ၏။

အတန်ကြာ မောင်းနှင်လာသောအခါ သစ်လုံး အိမ်လေးတစ်လုံးရှေ့သို့ ရောက်ရှိလာ၏။

သစ်လုံးအိမ်ရှေ့သို့ ရောက်သည်နှင့် ငိုက်မျဉ်းနေသောမြင်းလှည်းသမားသည် ဆတ်ခနဲ ခေါင်းထောင်သ၍ မြင်းဇက်ကြိုးကိုခပ်တင်းတင်း ဆွဲလိုက်၏။

မြင်းနှစ်ကောင်မှာ ရှည်လျားစွာ ဟီး၍ ရပ်တန့်သွားကြသ၏။

www.burmeseclassic.com



မြင်းလှည်းမောင်းသော ခရမ်းရောင်ဝတ်နှင့်လူသည် မြင်း
လှည်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်၏။

သူမြေပေါ် ခြေချမိချိန်တွင် မြင်းလှည်းတံခါး ပွင့်သွား
ပြီး လူတစ်ယောက် ဆင်းလာ၏။

ထိုလူမှာ ကျိုကင်ဖြစ်ပြီး ရွှန်ဆင်အား ပွေ့ချီ၍ ဆင်းလာ
ခြင်း ဖြစ်သည်

ကျိုကင်က လက်ခွဲယမ်းပြရင်း....

'ကျောက်ဟန်...မြင်းလှည်းကို အိမ်နောက်ဘက် မော
သွားလိုက်'

မြင်းလှည်းမောင်းလာသည့် ကျောက်ဟန်က ချက်ချင်း
မြင်းလှည်းပေါ် ခုန်တက်၍ အိမ်နောက်ဘက်သို့ မောင်း
သွားလေ၏။

ထိုအခါမှ....

ကျိုကင်က အိမ်ကလေးဆီသို့ လျှောက်သွားပြီး တံခါး
တွန်းဖွင့်လိုက်၏။

အိမ်ထဲ၌ ပရိဘောဂ ပစ္စည်း သိပ်မရှိဘဲ ရှင်းလင်းနေ
သည်။

အရေးအကြောင်းရှိလျှင် လာရောက် ခိုလှုံနိုင်ရန် ကျိုနေ
တွင် အိမ်ကလေးတစ်လုံး ဆောက်ထားခဲ့သည်မှာ မှန်ကန်
ပြီဟု သူတွေးလိုက်မိသည်။



အိမ်ထဲရောက်သည်နှင့် ရွှန်ဆင်အား ခုတင် တစ်လုံးပေါ်
င်ထားလိုက်၏။

ပြီးလျှင်....

ကုလားထိုင် တစ်လုံးပေါ်၌ ခြေပစ် လက်ပစ် ထိုင်ချလိုက်
ည်။

ထိုအချိန်တွင်....

ကျောက်ဟန်က အထုပ်အပိုးများ ပွေ့ပိုက်၍ အိမ်ထဲ ဝင်
သည်။

အိပ်ရာလိပ်များ၊ စားသောက် စရာများ ဖြစ်လေတော့
ည်။

ကျောက်ဟန်က ဘာမှ မပြောဘဲ အိမ်ဝသို့ ငေးကြည့်နေ
ည်။

ထိုစဉ်....

'ခွပ် ခွပ် ခွပ်'

မြင်းခွာသံများ ထွက်ပေါ် လာသည်ကို ကြားလိုက်ရလေ
ည်။

ကျိုကင်က အမူအရာပြောင်းလဲခြင်း မရှိဘဲ မလှုပ်မယှက်
ငနေ၏။

www.burmeseclassic.com

www.burmeseclassic.com

ကျောက်ဟန် ဘာမှ မပြောဘဲ မီးမွှေးနေ၏။

မြင်းခွာသံများမှာ တဖြည်းဖြည်း နီးကပ်လာပြီး နော... ဆုံး အိမ်ရှေ့သို့ ရောက်ရှိလာကာ ရပ်တန့်သွား၏။

မရှေးမနှောင်းမှာပင် ခရမ်းရောင် ဝတ်ဆင်ထားသူ နှစ်... အိမ်ထဲသို့ လှမ်းဝင်လာ၏။

သူတို့၏ အဝတ်အစားများပေါ်၌ ဖုန်များ၊ သဲများ ပေ... နေသလို ချွေးတို့စိုနေခြင်းကြောင့် ခရီးဝေးမှ လာကြသူမျ... ဖြစ်ကြောင်း သိနိုင်၏။

အိမ်ထဲရောက်သွင် နှစ်ဦးစလုံး ကျိုကင်ကို ဦးညွှတ် ဂါ... ပြုလိုက်ကြ၏။

ကျိုကင်က သူတို့ကို မကြည့်ဘဲ အိမ်ဝသို့ ကျော်ကြည့်လို... ရင်း....

'ဘာမှ မထူးခြားဘူး မဟုတ်လား'

ခရမ်းရောင်ဝတ်နှင့် လူနှစ်ယောက်က ပြိုင်တူခေါင်းည... လိုက်ကြ၏။

'မထူးခြားပါဘူး၊ နောက်ယောင်ခံလိုက်လာတဲ့သူ မ... ဘူး၊ မသင်္ကာစရာကောင်းတာလဲ ဘာမှ မတွေ့ခဲ့ရပါဘူး'

သူက ခရမ်းရောင်ဝတ်နှင့် လူတစ်ဦးကို လှမ်းကြည့်လ... ကာ....

'ကျောက်ရှု'



'အမိန့်ရှိပါ သခင်ချုပ်'

'ငါ့တို့ လာခဲ့တဲ့ လမ်းအကြောင်း တစ်ခေါက် ပြန်ပြီးစစ်ဆေးကြည့်ပါ၊ ဒီတစ်ခါတော့ ထူးခြားမှုတွေ ရလိမ့်မယ်လို့ ထင်တယ်'

ကျောက်ရှုက လက်နှစ်ဖက် ဆုပ်၍ ဦးညွှတ်လိုက်ပြီး ချာခနဲလှည့်ကာ ထွက်သွား၏။

မကြာပါချေ။

မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျိုကင်က သူ၏ ရှေ့၌ ရပ်နေသော လူကို ကြည့်၍....

'ကျောက်စု....မင်းကတော့ တောအုပ်ရှေ့မှာ သွားစောင့်နေရင် ကောင်းမယ်၊ ဧည့်သည်တွေ ရောက်လာတဲ့အခါ ကြိုဆိုရတာပေါ့'

ကျောက်စုက နဖူးပေါ်မှ ချွေးများကို သုတ်ပစ်လိုက်လေသည်။

ပြီးလျှင်....

ကျောက်ရှုကဲ့သို့ပင် မည်သည့်စကားမှမပြောဘဲ ထွက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူနှစ်ယောက်မှာ ငွေဖြူသီးဖော်ထဲမှ ကျောက်ဟန်၏ ညီ ကျောက်ရှုနှင့် ကျောက်စုပင် ဖြစ်၏။

ကျောက်ရှုနှင့် ကျောက်စုတို့ ထွက်သွားပြီးမှ ကျိုကင်က မီးလင်းဖိုရှေ့၌အလုပ်ရှုပ်နေသော ကျောက်ဟန်ကို လှမ်းကြည့်လိုက်ပြီး....

'မင်းက ငါတို့ အားလုံးအတွက် အစားအစာတွေ ချက်ပြုတ်မလို့ လား'

ကျောက်ဟန်က ပြုံးလိုက်၏။

'ဟုတ်ပါတယ် ဆရာကျို၊ ကျုပ်တို့ ယူလာတဲ့ အသားခြောက်တွေကို မီးကင်ပြီး အရက်နဲ့ မြည်းမယ်လေ'

ကျိုကင်က ခေါင်းတဆတ်ဆတ် ညိတ်၍....

'ဒါဆိုရင် နှစ်ယောက်စာ လျှော့လုပ်လိုက်ပါ၊ ကျောက်ရှုနဲ့ ကျောက်စုက စားချင်မှ စားနိုင်ကြမှာ'

'ဗျာ'

ကျောက်ဟန်က တအံ့တဩ ဖြစ်သွားသည်။

ကျိုကင်က ခပ်တည်တည်ဖြင့် ဆက်ပြောသည်။

'သြော်... ကျုပ်မေ့သွားတယ်၊ လူတစ်ယောက်စာကတော့ ပိုလုပ်ထားလိုက်ပါ၊ တော်ကြာ ငါတို့ဆီကို ဧည့်သည်ရောက်ချင်ရင် ရောက်လာဦးမယ် မဟုတ်လား'



ကျောက်ဟန်က မည်သည့်စကားမှ ဆက်မပြောတော့ဘဲ လုပ်စရာရှိသည်များကို ဆက်လုပ်နေ၏။

ကျိုကင်က ထိုင်ရာမှထ၍ ခုတင်ပေါ် လဲလျောင်းနေသည့် ရှန်ဆင်အနီးသို့ ချဉ်းကပ်သွားပြီး ငုံ့ကြည့်လိုက်သည်။

ရှန်ဆင်က မလှုပ်မယှက် ခုတင်ပေါ်တွင် လဲလျောင်းနေဆဲ ဖြစ်၏။

သူသည် ရှန်ဆင်အား စူးစိုက်ကြည့်နေပြီးမှ မူလ ထိုင်ခုံဆီ ပြန်လျှောက်သွား၍ ထိုင်ချလိုက်၏။

သူ၏ မျက်နှာမှာ တံခါးဝမှ တစ်ဆင့် တောင်ကြားလမ်းအတိုင်း လှမ်းမျှော်ကြည့်နေလေတော့သည်။

* * *

လေခဝှယမ်း တိုက်ခတ်လာသည်။

သစ်ပင်ပေါ်မှ သစ်ရွက်တစ်ချို့ တဖြုတ်ဖြုတ်ကြွေကျလာသည်။

ကျောက်ရှုသည် မြင်းကို မြန်မြန် မောင်းနှင်သွားခဲ့လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာ သွားမိသောအခါ ရုတ်တရက် သူ၏ ခန္ဓာကိုယ် တောင့်တင်းသွားသည်။

မျက်လုံးများ ဝိုင်းစက်သွားပြီး လမ်းမ တစ်နေရာဆီသို့ မျက်တောင်မခတ် ကြည့်လိုက်မိ၏၊

လမ်းမပေါ်၌ မြင်းတစ်ကောင် ရှိနေသည်၊

သို့သော်

မြင်းစီးသူကိုမူ မတွေ့ရပါ။

ကျောက်ရှုသည် ထိုမြင်းရှိရာသို့ ဦးတည်သွားရန် ခြေလှမ်းပြင်လိုက်၏။

ခြေသုံးလှမ်းမျှ လှမ်းပြီးနောက် ရုတ်ခြည်း ရပ်တန့်လိုက်သည်၊

ရင့်ကျက်သော အတွေ့အကြုံ အရ အန္တရာယ်၏ အငွေ့အသက်ကို ခံစားမိလိုက်၏။

ကျောထဲ၌ အေးစိမ့်မှုကို ခံစားလိုက်ရသောကြောင့် ရုတ်ခြည်းပင် နောက်သို့ လှည့်ကြည့်မိသည်၊

'ဟင်'

သူ၏ နှုတ်ဖျားမှ အာမေဍိတ်သံ လွတ်ခနဲ ထွက်ပေါ်လာသည်။



သူ့မျက်လုံးများလည်း ပြူးကျယ် ဝိုင်းစက်သွားလေတော့သည်၊

အကြောင်းမှာ....

သူရပ်ခဲ့သော သစ်ပင်အောက်၌ အနီရောင် ဝတ်ဆင်ထားသူ တစ်ဦး ရပ်နေ၍ ဖြစ်၏၊

ထိုလူ၏ ကျောပေါ်၌ အနီရောင် ဝတ်စုံ တစ်ထည် လွှမ်းခြုံထားသည်။

သူ၏မျက်နှာမှာ ဟန်အမူအရာကင်းမဲ့၍ လူ့အသေအလောင်းနှယ် ဖြစ်နေသော မျက်နှာဖုံးတစ်ခု တပ်ထားခါ၏။

သို့သော်....

မျက်လုံးများကား အရောင်တဖိတ်ဖိတ် တောက်ပနေသည့် မီးပွင့်များနှင့်ပင် တူနေ၏။

ကျောက်ရှု၏ လက်နှစ်ဖက်သည် အလိုလို အင်္ကျီ အိတ်ထဲ ရောက်မိလိုက်သည်။

သူ့အင်္ကျီ အိတ်ထဲ၌ လက်နက်ပုန်း သုံးမျိုး ရှိနေပါသည်၊

သူက အချိန်မရွေး တိုက်ခိုက်နိုင်အောင် အသင့်ပြင်ထားခြင်း....

'ခင်ဗျားဘယ်သူလဲ'

www.burmeseclassic.com

www.burmeseclassic.com



သူ၏စကားသံထွက်ပေါ်လာပြီး မရှေးမနှောင်း ဘုယ
ထိုလူထံမှစဟားသံထွက်ပေါ်လာသည်။

'ဝတ်ရုံရှင်'

'ဘာဗျ'

'ခြော်....ကျုပ်က မင်းတို့ဆရာ ကျိုကင်ရဲ့ အလုပ်ရှင်လေ
သူကကျုပ်ဆီမှာ ငွေယူပြီး ကျုပ်ကိုတစ်ပတ်ရိုက်ဖို့ ကြံစည်နေ
တာကျုပ်မသိဘူးမျာ်းထင်နေလား'

ကျောက်ရှက ဝတ်ရုံရှင်ဆိုသူအား စိုက်ကြည့်တာ....

'လက်စသတ်တော့ ခင်ဗျားက ကျုပ်တို့ ဆရာကို အလု
အပ်ခဲ့တဲ့သူကိုး....

'ကျုပ်တို့ကို အခကြေးငွေပေးပြီး ခိုင်းတာ မှန်တယ်၊ ဒ
ပေးမယ် ခင်ဗျားက ဝ ခြားငွေရှင်ကွေလို ကိစ္စတစ်ခု ပြီးပြ
အောင်မြင်သွားရင် ကျေနပ်နှစ်သက်မယ် လူစားမျိုး မဟုတ်
ဘူးဆိုတာတော့ဆရာကျိုသိထားတယ်လေ'
ဝတ်ရုံရှင်က ခေါင်းခါယမ်းလိုက်သည်။

'ဒီလိုထင်ရင်မှားသွားမှာပေါ့'

'ဘယ် နှယ် မှားရမှာလဲ ခင်ဗျားလိုလူမျိုးဟာ အလုပ်ပြီး
တာနဲ့ နောက်ကြောင်းရှင်းအောင် ဘာမဆို လုပ်မယ့် လူ ဆိ
တာဆရာကျို ကောင်းကောင်းကြီး ရိပ်မိထားတယ်'



ဝတ်ရုံရှင်ထံမှ အေးစက်သော ရယ်မောသံထွက်ပေါ်လာ
သည်၊

ကျောက်ရှုမသိမသာ နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်
သည်။

ဝတ်ရုံရှင်က ရယ်မောခြင်းကို ရပ်တန့်လိုက်ပြီး ကျောက်ရှု
အားမမှိတ်မသုန် စိုက်ကြည့်နေသည်။

ကျောက်ရှုကပြောလိုက်သည်။

'တကယ်လို့ ခင်ဗျားက ဆရာကျိုကို ဒုက္ခပေးမယ် ဆိုရင်
ခင်ဗျားအရင်ဆုံး ဒုက္ခရောက်မယ်ဆိုတာ မှတ်ထားပါ'

ဝတ်ရုံရှင်က ပြန်မေးလိုက်သည်။

'ကျုပ်ဒုက္ခရောက်မယ် ဟုတ်လား'

'ခင်ဗျားမယုံဘူးလား'

'မင်းက ဘာတတ်နိုင်မှာလဲ'

ကျောက်ရှုကပြောလိုက်သည်၊

'ကြည့်ပေါ့'

စကားဆုံးလျှင် ကျောက်ရှုက ရှုတ်တရက် လှုပ်ရှား လိုက်
သသည်၊

www.burmeseclassic.com

www.burmeseclassic.com



လက်တစ်ဘက်ဝေ ယမ်းလိုက်ကာ လက်နက်ပုန်းများဖြင့် ပစ်ပေါက်တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

'ဖွစ်....ဖွစ်'

'ဖွီး....ဖွီး'

လေတိုးသံများထွက်ပေါ်လာပြီး စင်းလက်သောအလင်းရောင်တန်းများ ထွက်ပေါ်လာလေသည်။

ဓါးပါးလေးသုံးချောင်းမှာ လေထုကိုထိုးခွဲကာ ပစ်လွင့်သွားလေ၏။

ဝတ်ရုံရှင်က မလှုပ်မယှက်ရပ်တန့်နေ၏။

ဓါးပါးလေးများက သူ၏ ရင်ဝနားသို့ ရောက်ရှိ လာမှ လက်ဝေ့ယမ်းလိုက်၏။

အလင်းရောင် တန်းများ ရုတ်ခြည်း ကွယ်ပျောက်သွားသည်။

ဓါးပါးသုံးလက်မှာ ဝတ်ရုံရှင်လက်ထဲ ရောက်ရှိသွားလေသည်။

ဝတ်ရုံရှင်က လက်ထဲမှဓါးသုံးလက်ကြည့်ကာ....

'မဆိုးဘူး၊ ဒီဓါးတစ်လက် မှန်လိုက်ရင် မလွယ်ဘူး။ ဒါပေမယ့် ကျုပ်ကို မှန်ဖို့ဆိုတာ မလွယ်ဘူး'



ကျောက်ရှုက နံပြင်းသွားလေ၏။

'သိပ်လဲအပြောမကြီးပါနဲ့ ဒီမှာလဲကြည့်ဦး'

စကားဆုံးလျှင် လက်ခွေ့ယမ်းကာ တိုက်ခိုက်လိုက် ပြန်လေသည်။

ယခုတစ်ကြိမ် အဆိပ်အပ်များနှင့် ပစ်ပေါက် တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

အဆိပ်အပ်များကိုသာ ဖမ်းယူ ထားလိုက်လျှင် ဝတ်ရုံရှင် ကျိန်းသေ ဒုက္ခရောက်ရမည်ဟု ယူကြည့်ထားသည်။

ဝတ်ရုံရှင်က ဖမ်းယူခြင်းမပြုပေ။

အင်္ကျီလက်ကို ဝေ့ယမ်းလိုက်သည်နှင့် အဆိပ်အပ်များကို အင်္ကျီလက်ဖြင့် သိမ်ယူ ဖမ်းဆီးထားလိုက်ပြီ ဖြစ်သွားလေသည်။

ကျောက်ရှုသည် မျက်နှာ ကွက်ခနဲ ပျက်သွားလေတော့သည်။

ဝတ်ရုံရှင်က ရယ်မောလိုက်လေသည်။

'ဘယ်လိုလဲ မင်းရဲ့ လက်နက်ပုန်းတွေကလဲ မစွံပါလား'

ကျောက်ရှု အံတစ်ချက်ကြိတ်လိုက်ပြီး....

'ဒီတစ်ခါ လွတ်အောင် ရှောင်နိုင်ရင် ရှောင်ပေတော့'

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

သူတိုက်ခိုက်ရန် ဟန်ပြင်လိုက်စဉ်မှာပင် ဝတ်ရုံရှင်က ပြုံးလိုက်ပြီး....

'မင်းကို နှစ်ကြိမ်တိုင်တိုင် အခွင့်အရေး ပေးပြီးပြီ၊ ဒီတခါကော့ ကျုပ်အလှည့်ပဲ'

ပြောပြီး ရှေ့သို့ လျှပ်တစ်ပြက် တိုးလာပြီး တိုက်ခိုက်လိုက်သည်။

ဝတ်ရုံရှင်၏ လက်ထဲ၌ ကျောက်ရှု ပစ်ပေါက်ခဲ့စဉ်က ဖမ်းယူထားသော ဓားပါးကလေး သုံးလက်နှင့် အဆိပ်အပ်များ ရှိလေသည်။

ရှေ့သို့ လျှပ်တစ်ပြက် တိုးလာပြီး လက်ဝှေ့ယမ်းလိုက်သည်နှင့် ဓားပါး သုံးလက်နှင့် အဆိပ်အပ်များ ပြန်လည် ပစ်လွှင့်လာလေ၏။

အလင်းရောင်များ ဖွေးခနဲ ဝင်းလက်သွားသည်။

ကျောက်ရှုမှာ ထိုသို့ ပြန်လည် တိုက်ခိုက်လာမည်ဟုမမျှော်လင့်ပါ။

ထို့ကြောင့်

ထိတ်လန့်၍ ဘေးသို့ ရှောင်တိမ်းလိုက်သည်။



သို့သော်....

သူနောက်ကျသွားပေပြီ။

ဝတ်ရုံရှင်က လက်နက်ပုန်းဖြင့် ပြန်လည် တိုက်ခိုက်ပြီးသည်နှင့် ချက်ချင်းပင် လူချင်းပူးကပ်သွားအောင် ရှေ့တိုးလာပြီး လက်ဝါးဖြင့် ရိုက်ချလိုက်၏။

သူ၏ လက်ဝါးရိုက်ချက်မှာ ကျောက်ရှု ရင်ဝတည့်တည့်သို့ ထိမှန်သွားသည်။

'ဝုန်း'

'အား'

စူးရှကျယ်လောင်သော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

ကျောက်ရှုမှာ အနောက်ဘက်သို့ လွင့်စင်သွားပြီး သစ်ပင်တစ်ပင်နှင့် ဝင်တိုက်မိ၍ မြေပေါ် ကျသွား၏။

ဝတ်ရုံရှင်သည် နောက်သို့ ဆုတ်လိုက်၏။

ကျောက်ရှု၏ နှုတ်ခမ်းထောင့်မှ သွေးများ စီးကျနေပြီး ထိုသူကို မျက်လုံးပြူးပြီး ကြည့်နေသည်။

ထိုလူက ပြုံးလိုက်ပြီး....

'ဘယ်လိုလဲ....မင်းက ကျုပ်ရဲ့သိုင်းကွက် တစ်ကွက်တောင် ရှောင်နိုင်ပါလား'

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ရှသည် ဝေဒနာကို ကြိတ်မှိတ် ခံစားနေရ...
ကြောင့် အ တင်းတင်းကြိတ်ထားလေ၏။

ဇွတ်ရုံရှင်က ခေါင်းကို လေးတွဲစွာ ခါယမ်းလိုက်ပြီး....

'ကျိုကင်က မင်းတို့လို လူမျိုးတွေကို ဘာကြောင့် ...
ကြည် အားကိုးတယ်ဆိုတာ ကျုပ်စဉ်းစားလို့ကို မရဘူး၊ ...
ကျုပ်သွားမယ်'

စကားဆုံးလျှင် တစ်ဘက်သို့ လှည့်လိုက်ပြီး ကျောက်...
လှည့်မကြည့်ဘဲ ခြေထောက်ဖြင့် နောက်ပြန်ကန်ကျောက်လို...
သည်။

သူ၏ ခြေထောက် ကန်ချက်မှာ ကျောက်ရှ ဓမ်းဖျား...
တည့်တည့်မတ်မတ် ထိမှန်သွားသည်၊

'ဖျောက်'

အရိုးကျိုးသံ သဲ့သဲ့ ထွက်ပေါ်လာ၏၊

ကျောက်ရှ၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားပြီး ...
ပေါ်သို့ ဖင်ထိုင်ကျသွားသည်။

သူ၏ ခန္ဓာကိုယ်မှာ သစ်ပင်တစ်ပင်၏ ပင်စည်၌ ကျော...
ထားသလို ဖြစ်နေရာ လုံးဝ လဲကျမသွားဘဲ သစ်ပင်ကို ...
မှီ၍ ထိုင်နေသလို ဖြစ်နေ၏။



ကျောက်ဟန်က လုံးဝ မလှုပ်ရှားနိုင်တော့ပါ။

ဇွတ်ရုံရှင်ကလည်း လုံးဝ လှည့်မကြည့်ဘဲ တောခိုင်းထွက်သွားလေတော့သည်။

* * *

'ထောက်'

မြေပေါ်မှ ကျောက်ခဲကလေး တစ်လုံးကို ခြေထောက်ဖြင့် ကန်ကျောက်လိုက်ရာ အဝေးသို့ လွင့်စင်သွားပြီး သစ်ပင်တပင်ကို ထိမှန်သွားခြင်းကြောင့် မြည်သံ ထွက်ပေါ်လာလေတော့သည်၊

ကျောက်စုက နှုတ်မှ မကျေမနပ် ညည်းညူလိုက်၏။

'တောသဲတောင်ထဲ ဒီနေရာမှာ ဘာလာလုပ်ရတာလဲ၊ ရှင်းရာမှိုတဲ့ ကိစ္စ ရှင်းပစ်လိုက်တာ အကောင်းဆုံးပဲ၊ သူများအတွက် အခကြေးငွေယူပြီး အလုပ် လုပ်ပေးတာပဲ၊ ဘာကြောက်စရာရှိလဲ၊ ကိုယ်က ဖြစ်မြောက် အောင်မြင်အောင် လုပ်ပေးခဲ့ပြီးပြီပဲ၊ ဆရာကျိုက အတွေးခေါင်လွန်းပါတယ်'

သူသည် ဤနေရာသို့ လာရောက်နေထိုင်ခြင်းကြောင့် မကျေမနပ် ဖြစ်နေခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ရွှန်ဆင်အား ဝတ်ရုံရှင်လက်ထဲ အပ်လိုက်လျှင် ကိစ္စအားလုံး ပြီးမြောက်သွားပြီဟု သူယုံကြည်၏။

ကျောက်စုက သစ်ပင်များကြားမှ အဝေးဆီသို့ မျှော်ကြည့်လိုက်၏။

ကျောက်ရှုမှာ လာလမ်းအတိုင်း ပြန်သွားပြီး ရန်သူကိုရှာဖွေမည် ဖြစ်၏။

သူတို့ ထွက်လာကြသည်ကို မည်သူမှ သိကြမည် မဟုတ်ပါချေ။

ထို့ကြောင့်

နောက်ယောင်ခံ လိုက်လာမည့် ရန်သူလည်း ရှိမည်မထင်ပါချေ။

'ကျောက်ရှုဆီကို လိုက်သွားရင် ကောင်းမယ်ထင်တယ်'

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင်....

'ကျောက်ရှုက သေပြီ၊ မင်းက သူနောက် လိုက်သွားချင်သေးလား'

ရုတ်တရက်

အေးတိ အေးစက် စကားသံ တစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

မမျှော်လင့်ဘဲ ကြားလိုက်ရသောစကားသံကြောင့်ကျောက်စု၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်၊



ချက်ချင်း နောက်ယှည့်ကြည့်လိုက်၏။

ထိုအခါ....

မလှမ်းမကမ်း၌ လူတစ်ယောက် ရပ်နေသည်ကို တွေ့မြင်လိုက်ရ၏။

ထိုလူမှာ ဝတ်ရုံရှင်ပင် ဖြစ်လေသည်။

ကျောက်စုက မျက်မှောင်ကြုတ်လိုက်ပြီး ဝတ်ရုံရှင်အား ကြည့်ကာ....

'ခင်ဗျားက ဘယ်သူလဲ'

'ဝတ်ရုံရှင်'

'ဘာ'

ဝတ်ရုံရှင်က ထပ်ပြောလိုက်သည်၊

'မင်းတို့ရဲ့ အလုပ်ရှင်ပေါ့'

ကျော[illegible]ခုက နှာခေါင်းရှုံ့လိုက်ပြီး....

'[illegible]စ[illegible]တဲ့တော့ ဆရာကြီးက ခင်ဗျားကြောင့် ဒီနေရာ[illegible]ရတာ၊ ဒါတောင် ခင်ဗျားလိုက်လာနိုင်တာ မဆိုး[illegible]

[illegible]ရုံရှင်က ပြန်ပြောလိုက်သည်၊

'သူ[illegible] ကျုပ်ကိုကစ်ပတ်ချိုက်ဖို့ ကြို[illegible] [illegible]လက်[illegible]နိုင်ဘူး၊ သူ့အတွက် ဘန်ရှုတန်ကြေး [illegible]

www.burmeseclassic.com

www.burmeseclassic.com



ကျောက်စုက သက်ပြင်းချလိုက်သည်။

ကျိုကင်း၏စိုးရိမ်ပူပန်နေမှု မှန်ကန်နေပြီဟုလည်း တွက် မိသည်။

ဝတ်ရုံရှင်သည် ကြောက်စရာ ကောင်းသော လူ ဖြစ်၏။

ရွှန်ဆင်အား သူ၏လက်တွင်းရောက်သွားပြီးလျှင် နေ ကြောင်းရှင်အောင် သူတို့အားနှုတ်ပိတ်လိမ့်မည်ဟု ယုံကြ လာပြီဖြစ်သည်။

ဝတ်ရုံရှင်ကိုစိုက်ကြည့်ရင်း ရင်ထဲမှ စိုးရိမ်ထိတ်လန့်မှု ပေါ်ပေါက်လာ၏။

ကျောက်စု၏ လက်တစ်ဖက်က အင်္ကျီလက်အိုးကြား ဝှက်ထားသော ဓားတိုကို ဆုပ်ကိုင်ထားလိုက်သည်။

ဝတ်ရုံရှင်က ဆက်ပြောလိုက်သည်။

'သူက ကျုပ်ဆီက ငွေယူထားပေမယ့် အလုပ်ကို အောင် မလုပ်ဘူး၊ ဒါကြောင့် ကျုပ်လိုက်လာတာ'

ကျောက်စုက ပြန်မေးလိုက်သည်။

'ခင်ဗျားက ရွှန်ဆင်ကိုရရင် ကျေနပ်ပြီပေါ့'

'ကျုပ်ရဲ့ အဓိကလိုအပ်ချက်က ရွှန်ဆင်ပဲ၊ ဒါပေမ မင်းတို့က တစ်ပတ်ရိုက်ဖို့ကြိုးစားတော့ ဆုံးမရဦးမှာပေါ့'

'ဘာ'



ဝတ်ရုံရှင်က စိတ်မရှည်စွာ ဆက်ပြောလိုက်သည်။

'ကဲ....မင်းကာစပြီး တိုက်မလား၊ ကျုပ်က စရမလား'

ကျောက်စုက အံကြိတ်လိုက်သည်။

'ကောင်းပြီလေ၊ ခင်ဗျား ဘယ်လောက် တတ်နိုင်မလဲ ကြည့်ကြသေးတာပေါ့'

စကားဆုံးလျှင် လျှပ်တစ်ပြက်ရွေ့တိုးသွားပြီး တိုက်ခိုက် က်လေသည်။

ကျောက်စုက တစ်ပေခွဲခန့်ရှည်သော ဓားတိုတစ်လက်ဖြင့် သုံးပြုတိုက်ခိုက်မှု လွန်စွာကျွမ်းကျင်သူ ဖြစ်သသည်။

ဓားရိပ်များစွာ ပေါ်လာအောင် ယမ်းရင်း ဝတ်ရုံ ကို တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

ဝတ်ရုံရှင်သည် မလှုပ်မယှက်ရပ်နေ၏။

ကျောက်စု အနီးရောက်လာမှ လက်တစ်ဖက်ကို ဆန့်ထုတ် က်ပြီး ဓားကို လုယူလိုက်လေ၏

ကျောက်စုက ခပ်သွက်သွက် တိုက်ခိုက်လိုက်သော်လည်း တ်ရုံရှင်၏အနီးသို့ရောက်သျှင် ဓားလုယူခြင်းခံလိုက်ရသဖြင့် သည် မျက်လုံးပြူးသွား၏။

ဝတ်ရုံရှင်က ကျောက်စုဆီမှ လုယူသားသော ဓားကို ကြည့်လိုက်ပြီး....

'တော်တော်ကောင်းတဲ့ ဓားတစ်လက်ပဲ'

www.burmeseclassic.com

www.burmeseclassic.com



ကျောက်စု၏မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်နေသည်။

ဝတ်ရုံရှင်မှာ လွန်စွာကြောက်စရာကောင်းသူဖြစ်ကြောင်း နားလည်သွားပြီ ဖြစ်၏။

ကျိုကင်းမှာ လင်းယုန်တောင်ကြားသို့မလာဘဲ နယ်စွန်နယ်ဖျားအထိ ထွက်ပြေး တိမ်းရှောင်သွားသည်ဟု တွေးမိသည်။

ဝတ်ရုံရှင်က ဆက်ပြောလိုက်ပြန်သည်။

'ခါးက ကောင်းပေမယ့် လို့ လဲ့ လူက အသုံးမကျတော့ အလကားပေါ့'

'ဘာပြောတယ်ဗျ'

'ကျုပ်ပြောတဲ့စကားကို မင်းကောင်းကောင်း နားလည်မှာပါ'

ကျောက်စုက အံကြိတ်လိုက်ပြီး....

'ခင်ဗျားကိုယ်ခင်ဗျား သိပ်ပြီးတော့ အထင်ကြီးမနေပသတိထားဦး'

စကားဆုံးလျှင် ရုတ်ခြည်းခုန်အုပ်၍ တိုက်ခိုက်လိုက်လေသည်။

ဝတ်ရုံရှင်က မလှုပ်မယှက်ရပ်နေဆဲပင် ဖြစ်သည်။



ကျောက်စု၏အနီးသို့ ရောက်သလျှင် လက်ဝဲ ယမ်းကာခါးဖြင့် ခုတ်ချလိုက်ခြင်း ဖြစ်သည်။

ထိုခါးချက်သည် ကျောက်စု၏ရင်ဝကို တည့်တည့်မတ်မတ် သိမှန်သွား၏။

'အား'

ကျောက်စုက တစ်ချက်အော်လိုက်ပြီး မြေပေါ်သို့ခွေခနဲ ကျသွားသည်။

သူသည် ဝတ်ရုံရှင်အား မယုံကြည်နိုင်စွာကြည့်လိုက်ပြီးလျှင်....

'ခင်....ခင်ဗျား'

စကားပင် ဆုံးအောင် မပြောနိုင်တော့ဘဲ မြေပေါ်တွင် တစ်ချက်နှစ်ချက် လူးလွန့်ပြီး ငြိမ်သက်သွားသည်။

ဝတ်ရုံရှင်က ကျောက်စုအား ကျောခိုင်းကာ သစ်လုံးအိမ်ကလေးသို့ ဦးတည်လျှောက်သွားလေသည်။

သစ်လုံးအိမ်ကလေး၌ ကျိုကင်းနှင့် ကျောက်ဟန်တို့ရှိ၏။

ထို့ပြင်....

ရှန်ဆင်လည်း ရှိလေသည်။

ထိုအကြောင်းကို ဝတ်ရုံရှင်မှာ သေသေချာချာသိရှိထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ရုံရှင်က ခြေလှမ်းကျဲကြီးဖြင့် လျှောက်သွားသည်။

မကြာပါချေ။

သစ်လုံးအိမ်ကလေးရှေ့သို့ ရောက်သွား၏။

ထို့စဉ်....

'ရောက်လာမှတော့ အိမ်ထဲဝင်လာခဲ့ပါဗျာ'

အိမ်ကလေးထဲမှ ကျိုကင်း၏စကားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

* * *

ကျိုကင်း၏ စကားသံကြောင့် ကျောက်ဟန်သည် ဆတ်ခ ခေါင်းထောင်ကြည့်လိုက်သည်။

ညင်သာ ပေါ့ပါးသော ခြေသံ ထွက်ပေါ် လာသည်ကို ကြားလိုက်ရပြီး အရိပ်တစ်ခုသည် တံခါးပေါက်၌ ကျရော လာသည်ကို တွေ့ရ၏။

လူတစ်ဦး ရောက်ရှိလာပြီ။



ထိုလူမှာ ကျောက်ရှုမဟုတ်သလို ကျောက်စုလည်း မဟုတ်ကြောင်း ကျောက်ဟန် သိနေ၏။

ကျောက်ရှုနှင့် ကျောက်စု မဟုတ်လျှင် မည်သူဖြစ်မည်နည်း။

ကျောက်ဟန် ရင်ထိတ်သွားသည်။

'ဝတ်ရုံရှင်'

ရင်ထဲမှ တီးတိုးခေါ်လိုက်မိ၏။

ဝတ်ရုံရှင်ရောက်ရှိလာပြီ ဖြစ်ကြောင်း ချက်ချင်း ရိပ်စားမိလိုက်၏။

ဝတ်ရုံရှင် ရောက်ရှိလာပြီဆိုလျှင် ကျောက်စုနှင့် ကျောက်ရှုတို့၏ အခြေအနေ မကောင်းသည်ကို ကျောက်ဟန် ရိပ်စားမိသည်။

ဤသို့ဆိုလျှင်....

သူနှင့် ကျိုကင်းအတွက် မည်သို့ ရှိမည်နည်း။

သူတို့အတွက်လည်း အခြေအနေ ကောင်းမည် မဟုတ်သည့် နားလည်မိ၏။

သူ၏ လက်က ခါး၌ ရစ်ပတ်ထားသော ကျာပွတ်ဆီသို့ ရောက်ရှိသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်

တီးတိုး ညှင်သာသော ရယ်မောသံများ ထွက်ပေါ်လာ သည်ကို ကြားလိုက်ရ၏။

တစ်ဆက်တည်းမှာပင်....

'ဒီနေရာဟာ အတော်ကို အေးချမ်းတဲ့နေရာပဲ၊ ဒါပေမဲ့ လုံခြုံတဲ့ နေရာတော့ မဟုတ်ဘူး'

ကျီကင်က မလှုပ်မယှက် ထိုင်နေရာမှ လှမ်းပြောလိုက်သည်။

'ဒီနေရာကို မလုံခြုံဘူးထင်ရင် မှားသွားမှာပေါ့၊ ဒီအိမ် မှာ ထောင်ချောက်တွေ ရှိနေတယ်ဆိုတာ ခင်ဗျားမှ မသိသေးဘဲကိုး'

ဝတ်ရုံရှင်က ပြန်ပြောလိုက်၏။

'ခင်ဗျားအတွက် ထိုက်သင့်တဲ့ အဖိုးအခပေးပြီးပြီပဲ၊ ကျုပ်က ရွှန်ဆင်ကိုပဲ လိုချင်တယ်'

ကျီကင်က တည်ငြိမ်စွာ ပြန်ပြောလိုက်၏။

'ကျုပ်ကလဲ ခင်ဗျားခိုင်းတဲ့အတိုင်း လုပ်ပေးပြီးပါပြီ'

'ဒါဆို ဘာမှ မလိုတော့ဘူးပေါ့'

'လိုတယ်'



ဝတ်ရုံရှင်က ပြုံးလိုက်ပြီး....

'ဘာလဲ ...ခင်ဗျားကို ရန်ရှာမှာ စိုးရိမ်လို့လား'

သူက ပြန်မေးလိုက်၏။

'ကျုပ်ထင်တာ မှားလို့လား'

ထိုလူက ပြန်ပြောသည်။

'ကျုပ်က ရွှန်ဆင်ကိုပဲလိုချင်တယ်'

သူက မခုံးတစ်ချက်တွန့်လိုက်ပြီး....

'လွယ်ပါတယ်၊ အထဲဝင်ပြီး လာခေါ်ပေါ့'

ထိုလူက အေးစက်စွာဖြင့်....

'ကျုပ်ဝင်လာရင် ခင်ဗျားအတွက် ကံဆိုးသွားနိုင်တယ်'

သူက ပြုံးလိုက်၏။

'ဒီအလုပ်ကို စပြီး လက်ခံကတည်းက ကျုပ်ကံဆိုးသွားပြီ ဆိုတာ နားလည်ပြီးသားပါ'

ထိုလူက ခေါင်းတစ်ချက် ညိတ်လိုက်၏။

'ကောင်းပြီလေ၊ ခင်ဗျားကြိုက်တဲ့ လမ်းကို ခင်ဗျား ရွေးချယ်တာပဲ၊ ကျုပ်အဆိုး မဆိုနဲ့'

ကျီကင်က ထိုင်ရာမှ ဝုန်းခနဲထရပ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်....

'ရှူး....'

ကျယ်လောင်သော အသံနှင့် အတူ မီးခိုးလုံး တစ်ခု အား တံခါးဝမှ တစ်ဆင့် အတွင်းဘက်သို့ ဝင်ရောက်လာသည်ကို တွေ့မြင်လိုက်ရ၏။

ကျိုကင်က နောက်ကျွမ်းပစ်၍ ခုန်ရှောင်လိုက်သည်။

သူထိုင်ခဲ့သည့် ကုလားထိုင်မှာ နောက်ပြန် လဲကျသွားလေ သည်။

ကုလားထိုင်တစ်ခုလုံး အနက်ရောင်ဖြစ်သွားသည်ကို တွေ့ မြင်လိုက်ရ၏။

ကျိုကင်သည် မျက်နှာကွက်ခနဲ ပျက်သွားပြီး ကျောက်ဟန် အား လှမ်းပြောလိုက်၏။

'ကျောက်ဟန် သတိထား၊ ပြတင်းပေါက်ကို ဂရုစိုက်'

မီးဖိုနဘေး၌ ထိုင်နေသည့် ကျောက်ဟန်မှာ ဝေါက်ခနဲ ထရပ်လိုက်၏။

သူသည် ကြောင်အမ်းအမ်းဖြင့် ပြတင်းပေါက် အနီးသို့ ပြေးသွားမိ၏။

ထိုစဉ်မှာပင်....

'ရွှမ်း'



ကျယ်လောင်သောအသံ ထွက်ပေါ်လာသည်။

ပြတင်း၏ တံခါးမှန် ကွဲကြေသွားသလို သစ်သားတောင် များ ကျိုးပဲ့ ပျက်စီးသွား၏။

ဝင်းလက်သော ဓားတစ်လက်သည် ပြတင်းတံခါးအား ခုတ်ဖြတ်လိုက်သည့်အဖြင့် ပြတင်းပေါက် အနီးသို့ ရောက်လာ သော ကျောက်ဟန်၏ လည်ပင်းကို ပိုင်းဖြတ် သွားလေတော့ သည်။

ရုတ်တရက်မို့....

ကျောက်ဟန်မှာ မရှောင်နိုင်တော့ပါ။

သူ၏ လည်ပင်းသည် ပိုင်းကျသွားပြီး ခန္ဓာကိုယ်လည်း ကြမ်းပြင်ပေါ်သို့ ပစ်ကျသွားလေ၏။

ကျောက်ဟန်၏အဖြစ်ကိုမြင်လျှင် ကျိုကင် မျက်နှာ ပျက် သွားသည်။

အ တင်းတင်းကြိတ်ရင်း ခါးမှဓားကို ဆွဲထုတ်၍....

'ခင်ဗျားသတ္တိရှိရင် အိမ်ထဲ ဝင်လာခဲ့'

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင်....

'ဟား ဟား ဟား'

ရယ်မောသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေ သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်းမှာပင်....

'ဒုန်း....ဒုန်း'

မြည်သံများနှင့် အိမ်အနောက်ဘက် နံရံတွင် အပေါက်ကြီး တစ်ပေါက် ဖြစ်ပေါ်လာ၏။

ကျိုကင်က ဖဲတင်းတင်းကြိတ်၍ လက်ဝှေ့သမ်းလိုက်သေသည်။

လက်နက်ပုန်းများသည် အပေါက်ကြီးဆီသို့ တရစပ် ပလွင့်သွား၏။

အကယ်၍သာ....

ထိုအပေါက်ကြီးမှ ဝတ်ရုံရှင် ဝင်လာမည်ဆိုပါက ကျိန်းသေ ထိမှန်သွားမည် ဖြစ်၏။

သို့သော်

အပေါက်ကြီးထဲသို့ ဝင်ရောက်လာသူ မရှိပေ။

ကျိုကင်သည် ကြောင်အမ်းအမ်း ဖြစ်သွားပြီး အပေါက်ကြီးဆီသို့ ငေးကြည့်နေစဉ်မှာပင် အနောက်ဘက်မှ လှုပ်ရှားသံသဲ့သဲ့ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ကျိုကင် တစ်ကိုယ်လုံး ကြက်သီး မွေးညှင်း ထသွားမိလေသည်။



ကျောထဲ စိမ့်ဝင်လာသောကြောင့် ရုတ်ခြည်း နောက်သို့ ဓားဖြင့် ယမ်းလိုက်၏။

တစ်စုံတစ်ဦးက အနောက်ဘက်မှ ချဉ်းကပ်လာလျှင် သူ၏ ဓားချက် ထိမှန်သွားမည်မှာ မလွဲပေ၊

သို့သော်

အနောက်ဘက်၌လည်း တစ်စုံတစ်ယောက်မှ မရှိသည်ကို တွေ့ရ၏။

ထိုစဉ်....

'ဟဲ ဟဲ ဟဲ'

ရယ်မောသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ကျိုကင် လှည့်ကြည့်လိုက်သော အခါ ရွှန်ဆင်အား တင်ထားသည့် ခုတင်ပေါ်၌ ထိုင်နေသော ဝတ်ရုံရှင်ကို တွေ့မြင်ရသည်။

သူ မျက်နှာပျက်သွား၏။

ဝတ်ရုံရှင်ကို စိုက်ကြည့်ရင်း....

'ခင်....ခင်ဗျား ဘယ်လိုလုပ် အိမ်ထဲ ဝင်လာနိုင်တာလဲ'

ဝတ်ရုံရှင်က ရယ်လိုက်ပြီး....

'ဘာလဲ မင်းရဲ့ ထောင်ချောက်တွေက ကျုပ်ကို ဘာမှ လုပ်နိုင်လို့ အံ့ဩနေတာလား'

သူ ပါးစပ်ပိတ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ရုံရှင်က ဆက်ပြော၏။

'လွန်ခဲ့တဲ့ ငါးရက်က ဒီအိမ်ကလေးကို ကျုပ်တစ်ခေါ
ရောက်လာခဲ့သေးတယ်ဆိုတာ မင်းမသိဘူး မဟုတ်လား၊
ဆင် လွတ်မြောက်လာရင် မင်းက ဒီအိမ်ကို ခေါလာ
မယ်ဆိုတာ ကျုပ်သိထားတယ်လေ'

'ဟင်....ခင်....ခင်ဗျား'

'ဟား....ဟား....ဟား ဘာလဲ မင်းအံ့ဩသွားလား၊ ကျ
ဟာ ဘယ်လိုလူစား ဆိုတာ မင်းလေ့လာခဲ့သလို၊ မင်းဟ
ဘယ်လိုလူစားဆိုတာလဲ ကျုပ်က လေ့လာခဲ့တယ်လေ'

'ဘာ'

ကျိုကင်သည် အထိတ်တလန့် ရေရွတ်မိ၏။

ဝတ်ရုံရှင်က ဆက်ပြောလိုက်သည်။

'ဟဲ့ ဟဲ့ ဟဲ မင်းအကြောင်း လေ့လာလိုက်တော့ ထော
ချောက်တွေ ပြည့်နှက်နေတဲ့ ဒီအိမ်ကလေးကို လာတွေ့
ပေါ့'

ကျိုကင်က နောက်ဆုတ်လိုက်၏။

သူ၏ ထောင်ချောက်များ အသုံးမဝင်တော့မှန်း သိလ
ဆွက်ပြေးလိုစိတ်များ ပေါ်ပေါက်လာသည်။

သူ နောက်ဆုတ်သွားသည်ကို မြင်လျှင် ဝတ်ရုံရှင် သဘော
ကျစွာ ရယ်လိုက်၏။

'ဟား....ဟား....ဟား'



ကျိုကင်သည် နောက်ဆုတ်ရင်းမှ လက်ထဲမှ ဓားဖြင့် ပစ်
ါက်လိုက်၏။

'ဝှီး....'

လေတိုးသံနှင့်အတူ ဓားမှာ ဝတ်ရုံရှင်ထံ တန်းတန်း မတ်
တ် ပစ်လွင့်သွား၏။

ဝတ်ရုံရှင်က လက်ပေ့ယမ်းလိုက်သည်။

ထိုအခါ....

ကျိုကင်၏ ဓားသည် သူ့လက်ထဲသို့ ရောက်ရှိ သွားတော့
ည်။

ဝတ်ရုံရှင်က ဓားကို သေချာ စိုက်ကြည့်လိုက်ပြီး....

'တော်တော်ကောင်းတဲ့ ဓားပဲ၊ ဓားက ကောင်းပေမယ့်
က ညံ့တော့ ခက်တာပေါ့'

သူက ဘာမှမပြောဘဲ နောက်သို့ တရွေ့ရွေ့ ဆုတ်သွားလေ
ည်။

ဝတ်ရုံရှင်က သူ့ကို မကြည့်ဘဲ ဓားကိုသာ စစ်ဆေးကြည့်နေ
ည်။

ကျိုကင်က အိမ်တံခါးပေါက်ဝသို့ ရောက်ရှိသွားပြီ ဖြစ်
ည်။

ဝတ်ရုံရှင်သည် သူထွက်ပြေးသွားမည်ကို လုံးဝ ဂရုစိုက်ပုံ
သည်ကို တွေ့ရသောကြောင့် ချာခနဲ လှည့်၍ ထွက်ပြေးသွား
ည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်....

ချာခနဲလှည့်လိုက်သည်နှင့် ဝတ်ရုံရှင်က စတင်လှုပ်ရှားလိုက်သည်။

ဝတ်ရုံရှင်က လက်တစ်ချက် ဝေ့ယမ်းလိုက်သည်နှင့် ကိုင်ထားသော ဓားမှာ မြွားတစ်စင်းပမာ ပစ်လွှင့်သွားတော့သည်။

ဓားဦးသည် လေထုကို ထိုးခွဲ၍ ကျိုကင်၏ နောက်ကျောတွင် တန်းတန်းမတ်မတ် စိုက်ဝင်သွားသည်။

'အား'

ကျိုကင်က လွတ်ခနဲအော်လိုက်၏။

အရှိန်လွန်၍ ရှေ့သို့ မှောက်လျက် လဲကျသွားသည်။

မြေပေါ်မှ လူးလဲထလိုက်သော်လည်း မဟန်နိုင်ဘဲ ယိမ်းထိုးနေ၏။

ဝတ်ရုံရှင်ဘက်သို့ ပြန်လှည့်ကြည့်၍....

'ခင်....ခင်ဗျား'

စကားထစ်ထစ်ငေါ့ငေါ့ဖြစ်နေပြီး သူ၏နှုတ်ခမ်းထောင့်မှ သွေးများ ယိုစီးကျလာသည်။

ဝတ်ရုံရှင်က ခေါင်းခါယမ်းလိုက်၏။

'မင်းနဲ့ မင်းရဲ့တပည့် သုံးယောက် စုပေါင်းပြီး တိုက်ခိုက်မယ်ဆိုရင် အနည်းဆုံး သိုင်းကွက် တစ်ရာကျော်လောက် ရင်ဆိုင်ရမှာ၊ ကံကောင်းရင် ကျုပ်ကိုတောင် အနိုင်ရနိုင်တယ်ဗျ၊ ဒါပေမယ့် မင်းက ကိုယ့်ကိုယ်ကို ယုံကြည်လွန်းတယ်၊ ဒါကြောင့် အခုလို ခံလိုက်ရတာပေါ့'



စကားဆုံးလျှင် ခုတင်ပေါ်၌ ရှိနေသော ရွှန်ဆင်အား ဒူးပေါ် ကောက်ထမ်းလိုက်၏။

ထို့နောက်

တံခါးဝဆီသို့ ခပ်သွက်သွက် လျှောက်သွားသည်၊

တံခါးဝအနီး၌ ကျိုကင် လဲကျနေသည်။

ဝတ်ရုံရှင်က လုံးဝ ဂရုမစိုက်ဘဲ ကျိုကင်ကို ခွကျော်သွားလေ၏။

ကျိုကင်သည် တရွေ့ရွေ့ ထွက်ခွာသွားသော ဝတ်ရုံရှင်၏ နောက်ကျောကို လှမ်းကြည့်ပြီး ခန္ဓာကိုယ် တုန်တုန်ယင်ယင် ဖြစ်လာ၏။

တစ်ခဏအကြာတွင်....

ကြမ်းပြင်ပေါ် ခေါင်းငိုက်စိုက် ကျသွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## သေမင်းထံမှအပြန်

တစ်လှမ်းချင်း လှမ်းလာနေသော ခြေသံမှာ ဝေးရာမှတဖြည်းဖြည်းနီးကပ်လာ၏။

ထို့နောက်....

တံခါးဝရှေ့သို့ရောက်လျှင် ရပ်တန့်သွားသည်။

'ကျွီ'

မြည်သံနှင့်အတူ တံခါးပွင့်သွား၏။

အခန်းဝ၌ရပ်နေသူက ဝတ်ရုံရှင်ဖြစ်သည်။

ဝတ်ရုံရှင်က အခန်းတွင်းသို့ဝေ့ကြည့်လိုက်၏။

ပြီးလျှင် အတွင်းဘက်ဝင်ကာ အခန်းတံခါးပြန်ပိတ်ထားလိုက်လေ၏။



အခန်းထောင့်၌ ခုတင်တစ်လုံး ရှိနေပြီး လူတစ်ယောက်လျှောင်းနေသည်ကို တွေ့မြင်နိုင်၏။

လဲလျောင်းနေသူသည် ခြေသံကြောင့် လူးလွန့် လှုပ်ရှားသွား၏။

ခေါင်းထောင်ကာ ဝင်လာသူကို ကြည့်ပြီး ခေါင်းအုံးပေါ် ပြန်လှဲနေလိုက်သည်။

ထိုသူမှာ ရှန်ဆင်ပင်ဖြစ်သည်။

ဝတ်ရုံရှင်က ခုတင်အနီးသို့ ချဉ်းကပ်သွားပြီးကုလားထိုင်တစ်လုံးဆွဲကာ ထိုင်နေ၏။

ထိုအခါ....

ရှန်ဆင်နှင့် မျက်နှာချင်းဆိုင်ဖြစ်သွားသည်။

'မင်း နိုးပြီလား'

ဝတ်ရုံရှင်၏ စကားသံသည် အလွန်သြင်သာ ပျော့ပျောင်းနေသည်။

ရှန်ဆင်က စူးရှထက်မြက်သော မျက်လုံးများဖြင့် သူ့အားကြည့်နေပြီး မည်သည့်စကားမှ မပြောပေ။

ဝတ်ရုံရှင်က ပြုံးလိုက်ပြီး....

'မင်းအတော်ကြီး သက်သာသွားပြီ တစ်ရက် နှစ်ရက်ဆိုရင်လူကောင်း ပကတိဖြစ် သွားမယ်လို့ သမားတော်ကြီးက ပြောတယ်၊ အိပ်ရာထဲ လှဲနေစရာမလိုတော့ဘူး'

www.burmeseclassic.com

www.burmeseclassic.com



ရွှန်ဆင်က ဝတ်ရုံရှင်အား စိုက်ကြည့်လိုက်ပြီး အေး
သောအသံဖြင့်....

'ခင်ဗျားဘာလိုချင်လို့လဲ'

ဝတ်ရုံရှင်က လက်ကာပြလိုက်ပြီး....

'မင်းက တဲ့တိုးမေးတာကို ပြောဖို့ စောပါသေးတ

ရွှန်ဆင်က ပြန်ပြောလိုက်သည်။

'ခင်ဗျားမှာ အချိန်ရှိပေမယ့် ကျုပ်မှာအချိန်မရှိဘူး'

သူသည် ပြောရင်းလှဲနေရာမှထထိုင်လိုက်သည်။

ဝတ်ရုံရှင်က ထပ်ပြောလိုက်ပြန်သည်။

'ကိစ္စမရှိဘူး မင်းအတွက် ကျုပ်အချိန်ပေးပါ့မယ်'

ရွှန်ဆင်က ပြတ်သားစွာဖြင့်....

'ကျုပ်ကတော့ ခင်ဗျားအတွက် ကျုပ် အချိန် မပေး
ဘူး'

ဝတ်ရုံရှင်က ပြုံးလိုက်ပြီး....

'ဘယ်ကိစ္စမဆို အပေးအယူ ရှိတယ်၊ မင်းရဲ့အသက်
ကျုပ်တန်ဖိုးထားတယ် ဆိုတာ မင်းသိမှာပါ၊ မင်းလို
ဟာ သေသွားတာထက် အသက်ရှင်နေတာက ပိုပြီး အသုံး
တယ် မဟုတ်လား'



ရွှန်ဆင်က ဝတ်ရုံရှင်အားစိုက်ကြည့်ကာ....

ခင်ဗျားက ကျုပ်ကိုအသုံးချဖို့ ရည်ရွယ် ထားတယ်ပေါ့'

တ်ရုံရှင်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်...မင်းက အသက်တန်ဖိုး ပြန်ပေး မယ်လို့
ယုံထင်တယ်'

ွှန်ဆင်က ခေါင်းညိတ်လိုက်သည်။

ကောင်းပြီ ဘယ်လောက်လဲ'

တ်ရုံရှင်က လက်သုံးချောင်းထောင်ပြလိုက်ပြီး....

'အသက် သုံးချောင်း'

ွှန်ဆင် မျက်မှောင်ကုတ်လိုက်မိသည်။

တ်ရုံရှင်အား မမှိတ်မသုန်ကြည့်ကာ....

ကျုပ်အသက်က ဒီလောက်တောင်တန်ဖိုးရှိလား'

'ဒီသက်မကပါဘူးဗျာ၊ ဟား....ဟား....ဟား'

တ်ရုံရှင်က ပြောရင်း သဘောကျစွာ ရယ်မောလိုက်လေ

ွှန်ဆင်က ပါးစပ်ပိတ်ထားလိုက်၏။

တ်ရုံရှင်က ရယ်မောခြင်းကို ရပ်ကာ ဆက်ပြောလိုက်

www.burmeseclassic.com

www.burmeseclassic.com



'မင်းအသက်ဟာ တခြားအသက်ဆယ်ချောင်းထက် အ ဖိုးရှိတယ်လို့ ကျုပ်ယုံကြည်တယ်၊ ဒါပေမယ့် အသ ချောင်းလောက်အနကြွေးပြန်ဆပ်ရင် လုံလောက်ပါပြီ'

ရွှန်ဆင်က ပါးစပ်ပိတ်ထားလိုက်သည်။

ဝတ်ရုံရှင်က စိတ်ဝင်စားစွာ ပြန်မေးလိုက်သည်။

'ကျုပ်ပြောတာ ဘယ်လိုသဘောရလဲ'

ရွှန်ဆင်ထံမှ သက်ပြင်းချသံ သဲ့သဲ့ ထွက်ပေါ်လာ သည်။

'ကျုပ်ကသူများခိုင်းတာ လုပ်မယ့်သူလို့ထင်ရင် ခင် မှားသွားမှာပေါ့'

ဝတ်ရုံရှင်က ရယ်မောလိုက်သည်။

'ဟား....ဟား....ဟား၊ ရွှန်ဆင် မင်းဟာ ကြေးစား ယောက်ပါ၊ ကြေးစား တစ်ယောက်ဟာ သူများ ခိုင်း မလုပ်လို့ ဘာလုပ်မှာလဲ ပြောစမ်းပါ'

ရွှန်ဆင်က အသံမာမာဖြင့်ပြောလိုက်သည်၊

'သူများ ခိုင်းရင် လုပ်တာ မှန်ပေမယ့် ကျုပ်လုပ်ချ လုပ်မှာပေါ့'

ဝတ်ရုံရှင်က ခေါင်းညိတ်လိုက်သည်။



'ကောင်းပြီ၊ အခုလဲ ကျုပ်ခိုင်းတာ မှန်ပေမယ့် မင်း ယ်တိုင်လုပ်ချင်လို့ဘဲ ဖြစ်ရမှာပေါ့'

'ခင်ဗျားက သေချာပေါက် တွက်ထားတာဘဲ'

'မင်းဟာ ဘယ်လို လူစားမျိုးလဲ ဆိုတာ ကျုပ်သိပါ ယ်'

ရွှန်ဆင်က ပြောလိုက်သည်၊

'ကျုပ်ရဲ့ စိတ်ကို ခန့်မှန်းလို့ရမယ်ထင်ရင် မှားသွား ယ်'

ဝတ်ရုံရှင်က ခေါင်းတဆတ်ဆတ်ညိတ်ကာ....

'စိတ်ချ ကျုပ်ကမင်းကို တစ်ထစ်ချယုံကြည် ထားတာ ဟုတ်ပါဘူး၊ ဒါပေမယ့် မင်းက အသက်ဒဏ္ဍာ်ကြေး ပေး ယ်ဆိုတာ ကျုပ်သိတယ်'

ရွှန်ဆင်က အနည်းငယ် စဉ်းစားလိုက်ပြီး ခေါင်းညိတ် ိုက်ကာ....

'ကောင်းပြီ.... ကျုပ်ပေးမယ်'

'ဟဲ...ဟဲ....ဟဲ၊ ဒီလိုမှပေါ့'

'ဒါပေမယ့် ချွင်းချက်တစ်ခုတော့ရှိတယ်'

ဝတ်ရုံရှင်က ပြန်မေးလိုက်သည်၊

'ပြောပါ'

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်ကို တစ်လအချိန်ပေးရမယ်'

ဝတ်ရုံရှင်က မျက်မှောင်ကြုတ်သွားပြီးရှန်ဆင်အား စိုက်ကြည့်နေ၏။

'ဘာကြောင့်လဲ'

ရှန်ဆင်က ပြန်ပြောလိုက်သည်။

'တစ်လအတွင်း ကျုပ်လုပ်စရာရှိတာတွေ လုပ်ရဦးမယ်'

ဝတ်ရုံရှင်က ပြန်မေးလိုက်သည်။

'ဘာလဲ၊ မင်းက ကျွန်းစန်ဆီကို ပြန်ပြီးသွားမလို့ မဟုတ်လား'

ရှန်ဆင်က ဆတ်ခနဲ ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်တယ်'

ဝတ်ရုံရှင်က ပြုံးလိုက်သည်။

'မင်းက မပြီးဆုံးသေးတဲ့အလုပ်ကို ဆက်ပြီးလုပ်ချင်တာ မင်းအတွက် ဘာအကျိုးထူးမှာလဲ'

ရှန်ဆင်က တည်ကြည်စွာဖြင့်....

'အနည်းဆုံးတော့ ကျုပ်အလုပ်အပ်ခဲ့တဲ့ လူအပေါ်မှာ ကတိတည်တဲ့လူတစ်ယောက် ဖြစ်သွားတာပေါ့'

ဝတ်ရုံရှင်က ပြုံးလိုက်ပြီး....

'မင်းကို သူဌေးကြီးကျွန်းစန်ကို အပြတ်ရှင်းပစ်လိုက်ဖို့ အလုပ်အပ်ခဲ့တဲ့သူက ဘယ်သူလဲ'



ရှန်ဆင်က ခေါင်းခါယမ်းလိုက်၏။

'ဘယ်သူလဲဆိုတာ ကျုပ်မသိဘူး၊ ကျုပ်က ကြားကတဆင့်ကနေ အလုပ်လက်ခံခဲ့တာပါ'

ဝတ်ရုံရှင်က လျှို့ဝှက်သောအပြုံးတစ်ခုကို ပြုံးလိုက်ပြီး....

'ကောင်းပြီလေ၊ မင်းရဲ့ဆန္ဒပြည့်ဝပြီးရင် ကျုပ်ခိုင်းတဲ့အလုပ်ကို လုပ်ပေးရမယ်'

'ပြောပါ၊ ကျုပ်ပေးလျော်ရမယ့် အသက်သုံးချောင်းက ဘယ်သူတွေလဲ၊ ကျုပ် ဒီကိုပြန်လာပြီး ခင်ဗျားပြောပြတဲ့စကားကို နားထောင်နေဖို့ အချိန်မရှိဘူး၊ အခုတစ်ခါတည်း ပြောလိုက်ပါ'

ဝတ်ရုံရှင်က ခေါင်းညိတ်လိုက်သည်။

ရှန်ဆင်မှာ မည်သို့သောလူစားမျိုးဖြစ်ကြောင်း သူသည် ကောင်းစွာနားလည် သဘောပေါက်ထားသည်။

ရှန်ဆင်ကိုအသုံးချဖို့ သူ့အနေဖြင့် အချိန်များစွာနှင့် ငွေများစွာ အကုန်ခံခဲ့ရသည် မဟုတ်ပါလား။

ယခုတော့....

ထိုအခွင့်အရေးကို လက်ဝယ်ရရှိခဲ့ချေပြီ။

'ကျုပ်ပြောတဲ့စကားကို အသေအချာနားထောင်ပါ'

'အပိုတွေ ပြောမနေပါနဲ့၊ အဓိကကိစ္စသာ ပြောပါဗျာ'

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ရုံရှင်က စကားဆက်လိုက်သည်။

'မင်းလျှော်ပေးရမယ့် အသက်သုံးချောင်းဟာ ပထမအသက်က ပန်းဝဏ်ပါသခင်မလေး စုမာ၊ ဒုတိယအသက်က မရဏတောင်ကြားက မုကျုံးပဲ'

ရွှန်ဆင်က နားစိုက်မထောင်နေသည်။

ဝတ်ရုံရှင်က သူ့အား အကဲခတ်ကြည့်ရာ....

'မင်း ဘယ်လိုသဘောရလဲ'

ရွှန်ဆင်က ပခုံးတွန့်ကာ....

'ခင်ဗျားရဲ့စကား မဆုံးသေးဘူး မဟုတ်လား'

ဝတ်ရုံရှင်က သက်ပြင်းချကာ ဆက်ပြောလိုက်၏။

'တတိယကတော့ ထောက်လှမ်းရေးမှူး မင်းယန်ပဲ'

ရွှန်ဆင်၏ခန္ဓာကိုယ် ဆတ်ခနဲတုန်သွား၏။

'ခင်ဗျား ကျုပ်ကို အတော်အထင်ကြီးနေပါလား'

ဝတ်ရုံရှင်က ရယ်မောလိုက်သည်။

'ဟား....ဟား....ဟား၊ ကျုပ်က မင်းကိုအထင်ကြီးတာ မဆန်းပါဘူး၊ ဘာကြောင့်လဲဆိုတော့ မင်းလို လူမျိုးက လောကပေါ်မှာ နှစ်ယောက်မရှိဘူးဆိုတာ သိထားလို့ ပေါ့'

ရွှန်ဆင်က ပါးစပ်ပိတ်ထားလိုက်သည်။

ဝတ်ရုံရှင်က ဆက်ပြောလိုက်၏။



'ကဲ.... ကျုပ်ပြောစရာရှိတာ ပြောပြီးပြီ၊ မင်းလဲ နားထောင်ပြီးပြီ၊ ဒီတော့ ကြိုက်တဲ့အချိန် ဒီကနေ ထွက်သွားနိုင်တယ်၊ မင်းသဘောနဲ့ မင်းကြိုက်သလို လုပ်နိုင်တယ်'

ဟု ပြောပြီး ထွက်သွားရန် ဟန်ပြင်လိုက်သည်။

ရွှန်ဆင်က လှမ်းပြောလိုက်၏။

'ကျုပ်အတွက် အချိန်အများကြီး ပေးရလိမ့်မယ်'

ဝတ်ရုံရှင်က ခေါင်းခါယမ်းလိုက်ပြီး....

'ဟာ.... ဒါတော့ မဖြစ်နိုင်ဘူး၊ လိုအပ်သလောက်ဆိုရင် မကောင်းဘူးလား'

ရွှန်ဆင်က မေးလိုက်သည်။

'လိုအပ်သလောက် ဟုတ်လား၊ ဘယ်လောက်လိုအပ်မှာလို့ ခင်ဗျားထင်လဲ'

ဝတ်ရုံရှင်က အနည်းငယ် စဉ်းစားလိုက်ပြီး....

'တစ်နှစ်ဆိုရင် လုံလောက်မယ်လို့ ထင်တယ်'

'တစ်နှစ်ဆိုတာက....'

ရွှန်ဆင်၏ စကားမဆုံးမီ ဝတ်ရုံရှင်က ကြားဖြတ်ပြောလိုက်၏။

'ဘာမှလုပ်မနေနဲ့၊ တစ်နှစ်အချိန်ပေးမယ်၊ တစ်နှစ်အတွင်း ဖြစ်အောင်လုပ်ပါ'

'မဖြစ်ရင်ကော'

ဝတ်ရုံရှင်၏မျက်နှာ တင်းမာသွားသည်။

ရွှန်ဆင်ထံမှ ထိုစကားမျိုး ကြားရမည်ဟု သူမထင်ခဲ့ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



'မဖြစ်ခဲ့ရင် မင်းအသက်ကို ပြန်ယူမယ်'

'ဟား....ဟား....ဟား'

ရှန်ဆင်က သဘောကျစွာ ရယ်မောလိုက်၏။

ဝတ်ရုံရှင်က သူ့အားအတန်ကြာအောင် စိုက်ကြည့်နေသည်။

ပြီးလျှင် ခြေသံပြင်းပြင်းနှင်းကာ ထွက်ခွာသွားတော့သည်။

* * *

## တစ်ကျော့ပြန်

'ချလွင်....ချလွင်'

ချိုလွင် သာယာသော ခေါင်းလောင်းသံများ ထွက်ပေါ်လာလေသည်။

မရှေးမနှောင်းမှာပင် ကြီးမား ခန့်ငြားသောသည့် ကျွန်းတံခါးကြီး ပွင့်သွား၏။

အတွင်းဘက်မှ အိမ်ဖော် အဝတ်အစားများ ဝတ်ဆင်ထားသည့် လူရွယ်လေး တစ်ဦး ထွက်လာ၏။

ထိုလူရွယ်လေးမှာ အိမ်တံခါးဝရှေ့၌ ရပ်နေသည့် လူကို မြင်လျှင်....

'ဟာ....သူဌေးကြီး ကျန်းစန့်ပါလား၊ အိမ်ထဲကို ကြွပါခင်ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



ဟု ရှိုက်သေသေ ဖိတ်ခေါ်လိုက်သည်။

မှန်ပေသည်။

တံခါးအပြင်ဖက်၌ ရပ်နေသူမှာ သူဌေးကြီး ကျန်းစန်ပင်ဝပြုလိုက်၏။ဖြစ်သည်။

ကျန်းစန်က ပဝါဖြင့် အုပ်ထားသော ယွန်းသေတ္တာ တလုံးကိုင်ဆောင်လာ၏။

သူသည် လူရွယ်ကို ကျော်၍ အိမ်ထဲသို့အကဲခတ်ကြည့်လိုက်ပြီး....

'မင်းတို့ဆရာ ရှိလား'

လူရွယ်က ခေါင်းညိတ်လိုက်၏။

'ဟုတ်ကဲ့ ရှိပါတယ်ခင်ဗျာ၊ ကျွန်တော်သွားပြီးအကြောင်းကြားပေးပါ့မယ်၊ ဧည့်ခန်းထဲ ကြွပါ ခင်ဗျာ'

'ကောင်းပြီ'

ကျန်းစန်က အတွင်းဘက်သို့ လှမ်းဝင်လိုက်၏။

လူရွယ်က နေရာထိုင်ခင်းပေးပြီး စားသောက်ဖွယ်ရာများအရက်များ ချပေးသည်။

ပြီးလျှင်....

အတွင်းဘက်သို့ ဝင်ရောက် ပျောက်ကွယ်သွားသည်။

မကြာပါချေ။

ခြေသံများ ထွက်ပေါ်လာပြီး လူတစ်ဦး ထွက်လာသည်ကို တွေ့မြင်လိုက်ရ၏။



ထိုလူမှာ ခန္ဓာကိုယ် ဝဝဖိုင့်ဖိုင့်ရှိပြီး အဖိုးတန် ပိုးဖဲအင်္ကျီဝတ်ဆင်ထားသူ တစ်ဦးဖြစ်သည်။

ထိုလူကိုမြင်လျှင် ကျန်းစန်သည် ထိုင်ရာမှထ၍ ဦးညွှတ်ဂါရဝပြုလိုက်၏။

'သူဌေးကြီး စိန်ကျိကို ဂါရဝပြုပါတယ်'

အတွင်းဘက်မှ ထွက်လာသူက လက်ဝေ့ယမ်းပြရင်း....

'ဘယ်သူများလဲ့ မှတ်တယ်၊ ကျန်းစန်ကိုး၊ ထိုင်ပါ....ထိုင်ပါ'

ပြောရင်း ကျန်းစန်နှင့်မျက်နှာချင်းဆိုင် ဝင်ရောက် ထိုင်လိုက်လေ၏။

ကျန်းစန်ပြန်လည်ထိုင်ချလိုက်သည်နှင့် စိန်ကျိကမေးလိုက်သည်။

'ဘယ်လို ကိစ္စများ ရှိနေလို့ စောစောစီးစီး ကျုပ်ဆီကိုရောက်လာခဲ့တာလဲ'

ကျန်းစန်က ရယ်မောစွာဖြင့်....

'ခင်ဗျားကို ကျေးဇူးဆပ်ဖို့ လာခဲ့တာပါ၊ ဟောဒီပစ္စည်းလေးကို လက်ခံပါဗျာ'

ပြောပြီး ယွန်းသေတ္တာလေးအားဖွင့်၍ စိန်ကျိရှေ့သို့တွန်းလိုက်၏။

သေတ္တာလေးထဲ၌ အရောင်တဖိတ်ဖိတ် ငွင်းလက်တောက်ပသော ရွှေတုံးများ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



စိန်ကျီက ရွှေတုံးများကို တစ်ချက်ကြည့်ပြီး စိတ်မဝင်စား သလို နေလိုက်၏။

'အိုဗျာ...ဒါတွေ မလိုပါဘူး၊ တမင်သက်သက် ဒုက္ခ လို့...'

'မဟုတ်ဘူးလေ၊ ခင်ဗျားကြောင့် ကျုပ် အသက်ရှင်နေ တာ၊ ခင်ဗျားကျေးဇူးဆပ်ပဲလို့ မကုန်ပါဘူးဗျာ'

'ဒါတွေကို အမှတ်မထားပါနဲ့'

ကျွန်းစန်က ပြောလိုက်ပြန်သည်။

'ဒီလို မလုပ်ပါနဲ့လေ၊ ကျေးဇူးပြုပြီး လက်ခံပါဗျာ။ ဗျားသာ ကြိုတင် သတင်းမပေးရင် ကြေးစား ခါးသမား ဆင် ကျုပ်ကို လုပ်ကြံတာ သိလိုက်မှာ မဟုတ်ဘူး၊ ခင် ကြောင့် ရှန်ဆင်ကို ဖမ်းဆီးနိုင်ခဲ့တာပါ၊ ခင်ဗျားရဲ့ကျေးဇူး ခပ်မကုန်နိုင်အောင် ကြီးမားလှပါတယ်'

စိန်ကျီက ခေါင်းခါယမ်းလိုက်၏။

'ကိစ္စမရှိဘူး၊ ကျုပ်ကလဲ မတော်တဆ ကြုံကြိုက်ပြီး သိခဲ့ရတာပါ၊ ကြားရတဲ့ သတင်း ထူးခြားလို့ ခင်ဗျား ချက်ချင်း အကြောင်းကြားလိုက်တာပါ၊ ခင်ဗျား စီးက ကို သွားပြီး ကျေးဇူးဆပ်လိုက်ရင် အကောင်းဆုံးပါပဲ လက်အောက် မင်းယန်ဆိုတဲ့လူ ဖမ်းဆီးပေးလို့သာ ကြေး စားသမား ရှန်ဆင်ကို ဖမ်းမိခဲ့တာ မဟုတ်လား'



ကျွန်းစန်က ခေါင်းတဆတ်ဆတ် ညိတ်၍...

'ဟုတ်တယ်...ဟုတ်တယ်၊ စီးကျင်ကို သွားပြောလိုက်တော့ လက်အောက်က မင်းယန်ကို သူ့တပ်ပေးလိုက်တာ၊ ဒါအောင် ဆင်လက်ချက်နဲ့ မင်းမှုထမ်း အတော်များများ ဒုက္ခရောက် သေးတယ်...

'နောက်ဆုံးတော့လဲ ရှန်ဆင်ကို ဖမ်းမိသွားတာပဲ မဟုတ် လား'

စိန်ကျီက သက်ပြင်းချလိုက်သည်။

'အင်း....ရှန်ဆင့်ကို ကွပ်မျက်လိုက်ပြီ ဆိုတော့ တစ်မျိုး တော့ ရင်အေးရတာပေါ့ဗျာ၊ နို့မဟုတ်ရင်တော့ ဘယ်တော့ လာပေးမလဲ စိုးရိမ်မိနေရတာ၊ ဒါနဲ့ ခင်ဗျားရဲ့ လုပ်ငန်းတွေ ကော အဆင်ပြေရဲ့လား'

သူက စကားလမ်းကြောင်း ပြောင်း၍ ပြောလိုက်လေတော့ သည်။

ကျွန်းစန်က ခေါင်းညိတ်လိုက်ပြီး....

'အင်း....မဆိုးပါဘူး၊ ဒါပေမယ့် ....စီးကျင်ရဲ့ အကြောင်း ပြောတယ် မဟုတ်လား၊ သူက သောင်းကစားဝိုင်းတွေ ကြေး မယ်ဂေဟာ ရှိနေတာကို သဘောကျတာ မဟုတ်ဘူး၊ ပျောက် တ်သွားသွား နှိမ်နင်းနေတာ၊ ဒါကြောင့် ခိုးကြောင်ခိုးဝှက် လုပ်နေရတယ်'

သူက စကားဆက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုလုပ်မှပဲ ငွေက ပိုများလာတယ်၊ မကြာခင် မြို့မြော... အက်မှာ လောင်းကစား ဂေဟာတစ်ခု လျှို့ဝှက်ဖွင့်ဖို့ စီစ... ထားသေးတယ်....

'ဒီလုပ်ငန်းတွေဟာ မကောင်းမှု ဒုစရိုက်လုပ်ငန်း ဆိုေ... မယ်, မြိုးမြိုးမြက်မြက် ရတယ် မဟုတ်လားဗျ၊ဟား....ဟား... ဟား'

ပြောရင်း သဘောကျစွာ ရယ်လိုက်သည်။

စိန်ကျီလည်း သဘောကျစွာ ရယ်လိုက်သည်။

ကျန်းဇန်က ဆက်ပြော၏။

'ခင်ဗျားရဲ့ အရောင်းအဝယ်ရော ဒီနှစ်ထဲ အတော်မြတ်ခဲ့... တယ်လို့ သတင်းကြားတယ်၊ ကျုပ်တောင် ငွေရင်းစိုက်ပြီး... အစုစပ်ဝင်မလားလို့ စိတ်ကူးနေတာ'

ရယ်မောနေသော စိန်ကျီ၏မျက်နှာတည်သွားပြီး လက်... ကာပြကာ....

'သည်းခံပါဗျာ... ဒါတော့မဖြစ်နိုင်ဘူး၊ ကျုပ်လုပ်ငန်းက... လျှို့ဝှက်လုပ်ကိုင်ရတယ်၊ အသက်အန္တရာယ်များတယ်၊ ခင်ဗျား... သိနေတာပဲ လွန်လွန်းပြီ၊ ခင်ဗျားက တယ်လဲအနံ့ခံကောင်း... တာကိုး'

ကျန်းစန်က ရယ်မောလိုက်၏။



'ဟား....ဟား....ဟား၊ ကျုပ်ကငွေရမယ်ဆိုရင် ဘာမဆို... ...ကိုင်ဖို့ ဝန်မလေးတော့ဘူး၊ ယူးခြားတဲ့သတင်းတွေကို... ...က်ခြည်မပြတ် နားထောင်နေခဲ့သို့ ရဘာပေါ့'

စိန်ကျီက အရေးမစိုက်ဟန်ဖြင့်....

'ဂဲ.... စကားပြောလို့တော့ ကောင်းပါရဲ့၊ ကျုပ်မှာက... ...စရာအလုပ်ကလေးတွေ ရှိနေသေးတယ်၊ ဒါကြောင့်....'

...စကားကို တစ်ပိုင်းတစ်စရပ်ကာ ကျန်းစန်ကို စိုက်ကြည့်... ...က်၏။

ကျန်းစန်က အလိုက်သိစွာဖြင့် ထိုင်ရာမှထကာ....

'ကျုပ်ကို ခွင့်ပြုပါဦးဗျာ၊ ခင်ဗျားရဲ့ ဟန်ဖိုးရှိတဲ့ အချိန်... ...ကို ဖြုန်းပစ်သလိုဖြစ်ရတာ တောင်းပန်ပါတယ်'

စိန်ကျီက ခေါင်းခါယမ်းလိုက်ပြီး....

'ဟာ....ဒီလိုလဲ မဟုတ်ပါဘူး၊ ရပါတယ်ဗျာ'

'ကျုပ်သွားလိုက်ဦးမယ်၊ နောက်မှ အေးအေးဆေးဆေး... ...ခေါက်လာပြီး တိုင်ပင်ဆွေးနွေးဦးမယ်'

'ကောင်းပြီလေ၊ လာခဲ့ဦးပေါ့'

ကျန်းစန်က နှုတ်ဆက်ကာ ထွက်ခွာသွားလေတော့သည်။

*  *  *

www.burmeseclassic.com

www.burmeseclassic.com



နေမွန်းတည့်ချိန် ဖြစ်ပါသည်။

နေရောင်ခြည်မှာ ကမ္ဘာလောကတစ်ခုလုံးသို့ လွှမ်းခြုံ ထားသည်။

ပူပြင်းသော နေရောင်ခြည်ဒဏ်ကြောင့် လမ်းများပေါ်၌ လူရှင်းနေသည်။

လမ်းဆုံလမ်းခွတစ်ခုရှိ ခြံဝင်းကြီးအတွင်းမှ လှပခန့်ညား သော အိမ်ကြီးတစ်ဆောင်မှာ နေရောင်ခြည်အောက်၌ တိတ် ဆိတ်ငြိမ်သက်စွာ ရှိနေ၏။

ထိုစံအိမ်ကြီးရှေ့၌ ရောင်စုံပန်းများ စိုက်ပျိုးထားသည့် ပန်းဥယျာဉ်နှင့် ရေကန်ငယ်ရှိသည်။

ခြံဝမှ စံအိမ်အထိ ကျောက်ဖြူပြားများ ခင်းကျင်းထား သည်။

'ဖေါက်....ဖေါက်'

ကျောက်ပြားများအပေါ်မှ နင်းကာ လျှောက်လာသော ခြေသံများ ထွက်ပေါ်လာသည်ကို ကြားရလေသည်။

ကျောက်ပြားလမ်းအတိုင်း လူတစ်ယောက် လျှောက်လာ သည်။

ထိုလူမှာ သူဌေးကြီးကျန်းစန်ပင် ဖြစ်လေသည်။

ကျန်းစန်းသည် စံအိမ်ရှေ့သို့ ရောက်သည်နှင့်....

'ဟေ့ .... ဘယ်လိုဖြစ်ကြတာလဲ၊ ငါပြန်လာတာတော တစ်ယောက်မှ ထွက်မကြိုကြပါလား'

သူသည် ဒေါသတကြီးဖြင့် အော်ပြောလိုက်၏။



သူ၏အသံသည် ကျယ်လောင်စွာ ထွက်ပေါ်လာသော် လည်း မည်သူတစ်ဦးတစ်ယောက်မျှ ကြားဟန်မတူပေ။

ကျန်းစန်က မျက်မှောင်ကြုတ်သွား၏။

'ဘယ်လိုလဲကွ၊ တစ်ယောက်မှ မရှိတော့ဘူးလား၊ အား လုံး သေကုန်ကြပြီလား'

သူသည် ထပ်မံ၍ အော်ပြောလိုက်လေသော်လည်း တစ်ဦး တစ်ယောက်မှ ထွက်ပေါ်လာသည်ကို မတွေ့ရပေ။

ကျန်းစန်လည်း ဒေါသထွက်ကာ အိမ်ထဲသို့ ခြေဆောင့် နင်းပြီး ဝင်သွား၏။

သူသည် အိမ်ထဲရောက်သည်နှင့် ခြေလှမ်း တုံ့ခနဲရပ်သွား သည်။

အကြောင်းမှာ....

ဧည့်ခန်းအတွင်းရှိ အိမ်ထောင်ပရိဘောဂ ပစ္စည်းများမှာ ပြိုကျနေသည်ကို တွေ့မြင်လိုက်ရသောကြောင့်ပင် ဖြစ်လေ သည်။

ကျန်းစန်က မျက်မှောင်ကြုတ်ကာ....

'ဘာတွေဖြစ်ကုန်ပြီလဲ'

ဟု ရေရွတ်ရင်း ရှေ့ဆက်ဝင်သွား၏။

အခန်းအတွင်းရောက်သွားလျှင် ကြမ်းပြင်ပေါ်၌ မှောက် လျက် လဲကျနေသူတစ်ယောက်အား တွေ့မြင်လိုက်ရ၏။

ကျန်းစန်က ချက်ချင်းပြေးသွားပြီး ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ....

ကြမ်းပြင်ပေါ်၌ လဲကျနေသူမှာ သူ၏တပည့်တစ်ယောက် ဖြစ်လေ၏။

ကြမ်းပြင်ပေါ်တွင် သွေးများအိုင်ထွန်းနေပြီး သေဆုံးနေပြီဖြစ်၏။

'ဟင်....ဘယ်သူက ငါ့အိမ်ထဲဝင်ပြီး သောင်းကျန်းသွားတာလဲ'

ရှိန်ဆင် ရောက်လာပြီးချိန်မှစ၍ ကျန်းစန်က လက်ရွေးစင်သိုင်းသမားနှစ်ယောက်ကို အခကြေးငွေ အမြောက်အမြားပေးကာ သူ့အားကာကွယ်စောင့်ရှောက်ရန် ငှားရမ်းထားခဲ့လေသည်။

ယခုလဲကျ သေဆုံးနေသူမှာ သက်တော်စောင့် သိုင်းသမားတစ်ယောက် ဖြစ်ပေသည်။

'တောက်.... လူဆိုးမားပြတွေ ငါ့အိမ်ထဲ ဝင်လာပြန်ပြီထင်တယ်၊ ဒုက္ခပဲ၊ ငါ့ပစ္စည်းတွေ ကုန်ပြီထင်တယ်'

ပြောရင်း အပေါ်ထပ်သို့ ပြေးတက်လာ၏။

အပေါ်ထပ်သို့ ရောက်လျှင် လှေကားနံဘေး၌ လဲကျသေဆုံးနေသူတစ်ယောက်ကို တွေ့မြင်လိုက်ရပြန်သည်။

ထိုလူမှာ ဒုတိယမြောက် လက်ရွေးစင်သိုင်းသမား ဖြစ်လေသည်။

လက်ရွေးစင် သိုင်းသမားနှစ်ယောက်စလုံး သေဆုံးနေပြီး အိမ်ဖော်များ ပျောက်ဆုံးနေ၏။

ကျန်းစန် မျက်စိမျက်နှာ ပျက်နေ၏။



အိမ်ထဲ၌ နေရသည်မှာ လုံခြုံမှုမရှိတော့ဟု တွေးလိုက်မိသည်။

ကျန်းစန်က သူ၏အခန်းရှိရာသို့ ခြေလှမ်းသွက်သွက်ဖြင့် လျှောက်လာခဲ့၏။

သူ၏အခန်းရှေ့သို့ ရောက်သောအခါ အံ့သြသိဘ်သန့်သွားသည်။

သူ၏အခန်းမှာ ဟင်းလင်းပွင့်နေပြီး အခန်းထောင့်ရှိ ခုတင်ပေါ်၌ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားနှင့် ငွေစက္ကူများ ပြန့်ကျဲနေသည်ကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်သည်။

ကျန်းစန်သည် စဉ်းစားတွေဝေခြင်းပင် မပြုဘဲ ခုတင်ရှိရာသို့ ပြေးသွား၏။

ထိုစဉ်....

'ဟား....ဟား....ဟား'

ရယ်မောသံတစ်ချက် နောက်ကျောဘက်မှ ထွက်ပေါ်၍လာသည်ကို ကြားလိုက်ရ၏။

ကျန်းစန်သည် ကြောင်အမ်းအမ်းဖြင့် နောက်လှည့်ကြည့်လိုက်၏။

ထိုအခါ....

တံခါးနောက်ကွယ်မှ ထွက်လာသတို့ လူတစ်ယောက်ကို တွေ့လိုက်ရသည်။

ထိုလူကိုမြင်လျှင် ကျန်းစန်၏မျက်နှာသည် သွေးဆုတ်သွားသလို ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

ထိုလူကို လက်ညှိုးငေါက်ငေါက် ထိုးရင်း....

www.burmeseclassic.com

www.burmeseclassic.com



'မင်း....မင်း....တစ္ဆေသရဲမှားလား'

'ဟား... ဟား....ဟား'

တံခါးနောက်မှ ထွက်လာသူက သဘောကျစွာရယ်မောနေပါသည်။

ကျွန်းစန်က နောက်သို့ တရွေ့ရွေ့ဆုတ်သွားရာ ခုတင်အနီးသို့ ရောက်သွား၏။

'မင်း....မင်း....ရွှန်ဆင်'

'ဟုတ်တယ်၊ ရွှန်ဆင်ပဲ'

ကျွန်းစန်က မယုံကြည်နိုင်စွာဖြင့်....

'မင်း....မင်း... သေပြီမဟုတ်လား'

ရွှန်ဆင်က ရယ်မောလိုက်ပြီး....

'ကျုပ်ကို မြင်နေရတာတောင် သေပြီလို့ ပြောချင်သေးလား'

'မင်း....မင်းဘယ်လိုလုပ်ပြီး ဒီကိုရောက်လာတာလဲ'

'ခင်ဗျားကို သတ်ဖို့လေ'

ကျွန်းစန့်မျက်နှာသည် သွေးဆုတ်သွားလေသည်။

ရွှန်ဆင်က ပြောလိုက်သည်။

'ထမတစ်ကြိမ် ရောက်လာတုန်းက ခင်ဗျားကြောင့် ကျုပ် ဒုက္ခရောက်ခဲ့ရတယ်၊ ဒီတစ်ကြိမ်တော့ ခင်ဗျားကို ဘယ်သူမှ မကယ်နိုင်တော့ဘူး'

'မင်း....မင်း'

ရွှန်ဆင်က ပြုံးလိုက်သည်။



'စိတ်ချ၊ ဒီနေ့ဟာ ခင်ဗျားရဲ့ နောက်ဆုံးနေ့ ဖြစ်စေရမယ်'

သူသည် ပြောပြီး ဓားကို ဆွဲထုတ်လိုက်၏။

သူက ကျွန်းစန်အား စိုက်ကြည့်၍....

'ခင်ဗျားအတွက် အခွင့်အရေးတစ်ခု ပေးလိုက်မယ်၊ ကျုပ်ရေတွက်လို့ သုံးကြိမ်ပြည့်မှ ခင်ဗျားကို တိုက်ခိုက်မယ်၊ လွတ်အောင် ပြေးပေတော့၊ ကဲ....စပြီ၊ တစ်....'

ကျွန်းစန်က ထွက်ခပြေးပါ၏။

လက်နှစ်ဖက် ကာပြရင်း....

'ကျုပ်....ကျုပ် တောင်းပန်ပါတယ်၊ ဟောဒီမှာ ရှိသမျှ ငွေတွေ ယူသွားပါ၊ ကျုပ်အသက်ကိုတော့ ချမ်းသာပေးပါဗျာ'

ရွှန်ဆင်က သူ၏ တောင်းပန်စကားကို လုံးဝ အရေးမစိုက်ပါချေ။

'နှစ်....'

ဟု ထပ်မံ ရေရွတ်လိုက်သည်။

ကျွန်းစန်မှာ ဒူးထောက်ပြီး တောင်းပန်နေ၍ အကျိုးမထူးဟု သိသည်လိုက်၏။

ထို့ကြောင့်....

ခုတင်ပေါ်မှ ခုန်ဆင်း၍ ထွက်ပြေးသွားသည်။

ရွှန်ဆင်က အပေါက်ဝကို ပိတ်ထားခဲ့ရာ အပေါက်ဝဘက်သို့ မပြေးနိုင်ဘဲ ပြတင်းပေါက်ဆီ ပြေးသွားခြင်းဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်မှ ခုန်ဆင်းပြေးရန် စိတ်ကူးလိုက်၏။

သို့သော်....

အိမ်အပေါ်ထပ် ဖြစ်နေ၍ အောက်ဘက်သို့ ခုန်ဆင်းရ... မလွယ်ကူပေ။

ရှန်ဆင်ဘက် လှည့်၍....

'ကျုပ်....ကျုပ်ကို မသတ်ပါနဲ့ဗျာ'

ဟု တောင်းပန်လိုက်သည်။

ရှန်ဆင်က လုံးဝအရေးမစိုက်ဘဲ....

'သုံး....'

ဟု ရေတွက်ပြီး ရှေ့တိုးသွား၏။

ကျန်းစန်၏ တစ်ကိုယ်လုံး ဇောချွေးများ ပြန်လာသေ... သည်။

'မ....မလုပ်ပါနဲ့ဗျာ'

ရှန်ဆင်က ရယ်လိုက်သည်။

'ဟား ဟား ဟား အခုမှ သေရမှာ ကြောက်နေတာ... ပေါ့၊ ခင်ဗျားလုပ်ခဲ့တဲ့ မကောင်းမှု ဒုစရိုက် လုပ်ငန်းတွေ... ပြန်ကြည့်ဦး....

'ခင်ဗျားကြောင့် မျက်ရည်ပေါက်ကြီးငယ် ကျခဲ့ရသူတွေ... ပစ္စည်းဥစ္စာ ဆုံးရှုံး ဖျက်ဆီးခံခဲ့ရသူတွေ၊ အသက်သေဆုံး... ရသူတွေ ဒုနဲ့ဒေး ရှိတယ်ဆိုတာ ခင်ဗျား သိမှာပါ၊ အခု... ကြောက်မနေပါနဲ့ဗျာ'

ရှန်ဆင်က ရှေ့တိုးသွားပြီး ဓားဖြင့် ဝှေ့ယမ်း ခုတ်ချ... ဟန်ပြင်လိုက်၏။



ကျန်းစန် နောက်ဆုတ်လိုက်သည်။

'အမယ်လေး'

သူက ပြတင်းပေါက် နောက်သို့ ဆုတ်လိုက်စဉ် ပြတင်းပေါက်ဘောင်ါး ပွင့်သွားပြီး အရှိန်လွန်၍ အောက်ဘက်ပြုတ်ကျ သွားလေ၏။

ကျန်းစန်၏ စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာလေသည်။

အောက်ဘက်သို့ ဝုန်းခနဲ ပြုတ်ကျသံ ထွက်ပေါ်လာလေသည်။

ရှန်ဆင်ကကျိုးပဲ့ပျက်စီးနေသော ပြတင်းပေါက်မှအောက်သို့ ငုံ့ကြည့်လိုက်၏။

ထိုအခါ....

ကျန်းစန်မှာ မြေပေါ်၌ ခွေခွေကလေး လဲကျနေသည်ကို တွေ့မြင်ရ၏။

သူသည် တစ်ကိုယ်လုံး သွေးချင်းချင်း နီရဲနေသည်ကို တွေ့မြင်ရ၏။

ရှန်ဆင်က သက်ပြင်းချလိုက်သည်။

ထို့နောက်....

ချာခနဲ လှည့်ထွက်သွား၏။

ကျန်းစန် သေဆုံးသွားခြင်း ရှိ၊ မရှိ စစ်ဆေးဖို့ သူစိတ် ကူးပါချေ။

သူ့အတွက် သွားစရာ တစ်နေရာ ရှိသေးကြောင်း စိတ်ထဲ ...ဆော်မှု ရှိနေခြင်းကြောင့် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျန်းစန်၏ အိမ်ထဲမှ ထွက်လာပြီးနောက် မြို့လယ်ပိုင်းဆီသို့ ခပ်သွက်သွက်လေး လျှောက်သွား၏။

မကြာပါချေ။

သေးငယ်လှသော အရက်ဆိုင် တစ်ဆိုင် ရှေ့သို့ ရောက်သွားလေတော့သည်။

* * *

သေးငယ်လှသော အရက်ဆိုင် တစ်ဆိုင် ဖြစ်သည်။

ရှန်ဆင်က အရက်ဆိုင်ထဲသို့ လှမ်းဝင်လိုက်၏။

ဆိုင်ထဲ၌ လူရှင်းနေသည်။

ရှန်ဆင် ရောက်လျှင် ဆိုင်ရှင်လည်းဖြစ်၊ စားပွဲထိုးလည်းဖြစ်သော အသက်ငါးဆယ်ကျော်ခန့်ရှိ လူက လာရောက် ကြိုဆိုလေ၏။

'ကြွပါဆရာ....ကြွပါ'



ရှန်ဆင်က သူ့အား အရေးမစိုက်ဘဲ ဆိုင်ထောင့်တစ်နေရာ၌ စားပွဲတစ်လုံး၌ သွားရောက် ထိုင်ချလိုက်သည်။

'ကျုပ်အတွက် အရက်တစ်အိုးနဲ့ မြေပဲဆန်တစ်ပွဲ ယူလာခဲ့ပါ'

ဆိုင်ရှင်လည်း ချက်ချင်းပင် အရက်တစ်အိုးနှင့် မြေပဲဆန်တစ်ပွဲ ယူလာပြီး ချထားပေး၏။

ရှန်ဆင်သည် စကားလုံးဝ မပြောဘဲ အရက်သောက်လိုက် မြေပဲဆန် စားလိုက် တစ်ယောက်တည်း အလုပ် ရှုပ်နေလေသည်။

သူ၏ မျက်လုံးများကမူ ဆိုင်အပေါက်ဝမှ မခွာချေ။

ဆိုင်အပေါက်ဝမှ တစ်စုံတစ်ယောက် လာမည့် အလားမမှိတ်မသုန် စိုက်ကြည့်နေ၏။

မကြာပါချေ။

ခြေသံများ ထွက်လာပြီး ထိုင်ထဲသို့ လူနှစ်ဦး ဝင်လာကြသည်ကို တွေ့မြင်လိုက်ရ၏။

ထိုလူနှစ်ဦးမှာ ဟောင်းနွမ်းနေပြီ ဖြစ်သော အဝတ်အစားများ ဝတ်ဆင်ထားကြသည်။

သူတို့သည် ရှန်ဆင်အား ကူကြည့် ကွက်ကြည့် လုပ်နေသည်။

သို့သော်....

ရှန်ဆင်၏တင်းမာသောမျက်နှာထားကြောင့် နောက်ထပ်မကြည့်ကြတော့ပဲ ကိုယ့်ဘာသာ အရက်သောက်နေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့အာရုံပြောင်းသွားကြသည်နှင့် မကြာမီ စကားပြောသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်၊

'အခုတလော တို့တွေဘာမှအလုပ်မဖြစ်တော့ အကောင်းစားအရက်သောက်ဖို့တောင် အနိုင်နိုင်ဖြစ်နေတယ်၊ ဒီအတိုင်းထိုင်နေလို့ မဖြစ်ဘူး၊ တစ်ခုခုတော့ လုပ်မှထင်တယ်'

နောက်တစ်ယောက်က ခေါင်းညိတ် လိုက်သည်။

'ဟုတ်တယ်၊ ဒီအတိုင်း ဆက်နေမယ်ဆိုရင် မလွယ်ဘူး၊ တစ်ခုခုလုပ်မှဖြစ်မယ်၊ တို့သာအဆင်မပြေတာ ဟူတုံကတော့ အခုတလောအဆင်ပြေနေပုံရတယ်'

တစ်ယောက်က ခေါင်းညိတ်လိုက်၏။

'အေးကွ...ဒီကောင်အခုတစ်လော ငွေရှင်နေတယ်၊ ဒီဆိုင်ကိုတောင် မလာတော့ဘူး။ ထိပ်တန်း စားသောက်ဆိုင်ကြီးတွေမှာ တက်ပြီး စားသောက် နေတယ်လို့ သတင်းကြားတယ်'

'ဒီကောင်နဲ့ တွေ့လိုက်ရရင် သိပ်ကောင်းမှာပဲ'

'ဘာလုပ်မလို့ လဲ'

'အရက်တိုက်ခိုင်းမလို့ ပေါ့၊

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်ကြသည်။

ပထမလူက ပြောလိုက်ပြန်သည်။

'ဘာပဲဖြစ်ဖြစ် ဒီကိုတော့ သူလာဦးမှာဘဲ'

'လာရင် ကောင်းတာပေါ့ကွာ'



သူတို့၏ ပြောစကားများကို ရှန်ဆင်သည် မသိမသာ နားစွင့်နေ၏။

ဟူထုံဟူသော လူတစ်ယောက် အမည်ကြားရလျှင်ခေါင်း ထောင်လာသည်။

ထိုင်ရာမှ ထကာ ထိုလူနှစ်ယောက်ထံ သွားရန် ဟန်ပြင် လိုက်သည်။

ထိုစဉ်မှာပင်....

ခြေသံများထွက်ပေါ်လာသည်ကိုကြားလိုက်ရ၏၊

အရုပ်ရှည်သော လူတစ်ယောက် ဆိုင်ထဲ လှမ်းဝင်လာသည်ကိုတွေ့မြင်လိုက်ရသည်။

'ဟော....ပြောရင်းဆိုရင်း ဟူထုံတောင် ရောက်လာပြီ' တစ်ယောက်က ဝမ်းသာအားရ ပြောလိုက်သည်။

ကျန်တစ်ယောက်ကလည်း....

'ဟော ....ဟူဘုံလာစမ်းပါဦးကွ၊ တို့တွေ မင်းကို စောင့်နေတာ အခုတလော မင်းက ငွေစ ရှင်နေတော့ ငါတို့ကို မေ့နေတယ်ပေါ့ ဟုတ်လား'

ထိုအခါ....

ဝင်လာသူက ရယ်မောလိုက်ပြီး....

'ဟား....ဟား....ဟား၊ မင်းတို့က ငါ့ကို အထင်လွဲနေကြတာ၊ ငါ့မှာအလုပ်များလို့ ပါကွာ၊ မင်းတို့ နှစ်ယောက် အမြဲတမ်း သတိရပါတယ်၊ ထဲ....ဘာစားမလဲ၊ ငါကျွေး

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း ပထမရောက်နှင့်နေသူ နှစ်ယောက်၏ စားပွဲ၌ ဝင်ထိုင်လိုက်၏။

ဟူထုံရောက်လာလျှင် ရွှန်ဆင် ထိုင်ရာမှ ဆတ်ခနဲထလိုက်သည်။

'မင်းက ဟူထုံမဟုတ်လား'

ဟူထုံက ရွှန်ဆင်အား မျက်မှောင်ကုတ်ကြည့်ကာ....

'ဟုတ်တယ်ခင်ဗျား ဘယ်သူလဲ၊ ကျုပ်လဲခင်ဗျားကို မသိပါလား'

ရွှန်ဆင်က အသံမာမာဖြင့် ပြောလိုက်သည်။

'မင်းသိစရာမလိုဘူး၊ ယင်းချစ်ဘယ်မှာလဲ'

'ဘာ'

'ယင်းချစ် ဘယ်မှာလဲလို့ မေးနေတာ'

ဟူထုံက ခေါင်းခါယမ်းလိုက်သည်။

'မသိဘူး'

'ဝုန်း'

သူ၏စကားဆုံးလျှင် ရွှန်ဆင်၏လက်သီး၏ သူ၏မေးစေ့ကို တန်းတန်းမတ်မတ် တိုးဝင်သွား၏။

ဟူထုံမှာ လူရော ကုလားထိုင်ပါ ဝုန်းခနဲကျသွားသည်။

ဟူထုံ၏ မိတ်ဆွေနှစ်ယောက်မှာ လှုပ်လှုပ်ရှားရှား ဖြစ်၍သွားကြသည်။

ချက်ချင်းပင် ထိုင်ရာမှထကာ ရွှန်ဆင်အား တိုက်ခိုက်လိုက်သည်။



သို့သော်....

ရွှန်ဆင်က လက်နှစ်ဖက်ဝံသခမ်းကာပြန်လည် တိုက်ခိုက်သည်နှင့်....

'ဝုန်း'

'အား'

'အား'

းရှိသော အော်သံများနှင့်အတူ ကြမ်းပြင်ပေါ် ခြေယား လက်ကားယားဖြင့် ပြုတ်ကျသွားလေသည်။

သူတို့သုံးယောက် လူးလိမ့်ထလာချိန်၌ ရွှန်ဆင်က ခပ်သွက် တိုက်ခိုက်လိုက်ပြန်သည်။

'အား'

'အွန့်'

'အမလေး'

းရှိသော အော်ဟစ်သံများနှင့်အတူ သုံးယောက်စလုံး ပြင်ပေါ် လိမ့်နေကြလေသည်။

ဆင်က အဆက်မပြတ်ကန်ကျောက်နေသောကြောင့်....

တော်ပါတော့ဗျာ'

ကျုပ်တို့ အရှုံးပေးပါတယ်'

ကြောက်ပါပြီဗျာ'

စ်ယောက်တစ်ပေါက် ဝိုင်း၍တောင်းပန်လိုက်မှ ရွှန်ဆင် နောက်ဆုတ်လိုက်၏။

က ကုလားထိုင်တစ်လုံးဆွဲကာ ထိုင်ချလိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



'ကဲ...ပြောစမ်း၊ ယင်းချစ် ဘယ်မှာလဲ'

ဟူထိုက လူးလိမ့်ထလာရင်း....

'သူ....သူ....ဆုံဆည်းရာတည်းခိုခန်းမှာ ရှိပါတယ်'

ရှန်ဆင်က သေချာစေရန် ထပ်မေးလိုက်သည်။

'မင်းပြောတာ သေချာတယ်နော်'

ဟူထိုက ခေါင်းညိတ်လိုက်သည်၊

'သေချာပါတယ်'

'ကောင်းပြီ၊ ကျုပ်သွားရှာလို့မတွေ့ရင် မင်းသေ[illegible] ပြင်ထား'

စကားဆုံးလျှင် ရှန်ဆင်သည် ထိုင်ရာမှထကာ ထွက်[illegible] ခဲ့သည်။

စားသောက်ဆိုင်မှ ကျသင့်ငွေကိုပင် ပေးချေမသွား[illegible] လည်း ဆိုင်ရှင်က တောင်းဖို့စိတ်မကူးပါချေ၊

ရှန်ဆင်ထွက်သွားမှ ဟူထိုး၏ အဖော်နှစ်ယောက်က [illegible] လိမ့် ထလာပြီး တစ်ယောက်က ပြောလိုက်၏။

'ဟူထိုး...ဒီလူက ဘယ်ကလူလဲကွ၊ ခုတော်တော် လ[illegible] ပြောင်တဲ့ လူပဲ'

'ဟုတ်တယ်တော့၊ ကကောင်းလို့ အရိုးတွေ ကျိုး[illegible] တာ'



နောက်တစ်ယောက်ကလည်း ထောက်ခံ၍ ပြောဆိုလိုက်သည်၊

ဟူထိုက သက်ပြင်းချလိုက်သည်။

'သူဘယ်သူလဲ ဆိုတာတော့ ငါမသိဘူး၊ ဒါပေမယ့် ယင်းချစ်က သူ့အတွက် အလုပ်တစ်ခု စပ်ပေးခဲ့တာကိုတော့ သိတယ်'

'ဘာ...အလုပ်စပ်ပေးတယ် ဟုတ်လား'

ဟူထိုက ခေါင်းတစ်ချက် ညိတ်လိုက်၏၊

'ဟုတ်တယ်'

'ဘာအလုပ်လဲ'

'လူတစ်ယောက်ကို ရှင်းပစ်ဖို့လို့ ပြောတယ်'

'ဗျာ'

ဟူထိုး၏ အဖော်နှစ်ယောက်သည် တုန်လှုပ်သွားကြလေသည်။

ဟူထိုက ဆက်ပြောလိုက်သည်၊

'ဟုတ်ပြီ၊ သိပ်ပြီး ကြောက်စရာကောင်းတဲ့သူလို့ ယင်းချစ်က ပြောတယ်'

တစ်ယောက်ဟာ နားမရှင်းတန်ဖြင့်....

www.burmeseclassic.com

www.burmeseclassic.com



'နေပါဦး၊ ယင်းချစ်က ဘာကြောင့် သူကိုငှားတာလဲ၊ ဘယ်သူကို ရှင်းပစ်ဖို့လဲ'

ဟုထိုက ပြန်ပြောလိုက်သည်။

'ယင်းချစ်က ကြားပွဲစား တစ်ယောက်ပဲ၊ သူကိုခိုင်းတဲ့သူ ရှိလို့ နေမှာပေါ့၊ သူဌေးကြီးကျန်းစန်ကို ရှင်းပစ်ဖို့ပါ'

တစ်ယောက်က သက်ပြင်းချလိုက်ပြီး....

'အင်း....ဒီကိစ္စက ပြဿနာတော့ဖြစ်ပြီ ထင်တယ်'

ဟုထိုက ခေါင်းညိတ်လိုက်၏။

'ဟုတ်လား၊ တစ်ခုခုတော့ မှားနေပြီထင်တယ်'

ကျန်တစ်ယောက်က ဝင်ပြောလိုက်၏။

'တို့တွေလိုက်သွားရင် ကောင်းမယ်၊ ဒီလူက ယင်းချစ်ကို ဒုက္ခပေးချင် ပေးလိမ့်မယ်'

ဟုထိုက ခေါင်းခါယမ်းလိုက်သည်။

'ဒီလူက ဘယ်လောက် ကြောက်စရာကောင်းတယ်ဆိုတာ မင်းတို့သိပြီးပြီ မဟုတ်လား၊ ငါတို့လိုက်သွားရင် ယင်းချစ်ကို မကူနိုင်တဲ့အပြင် ဒုက္ခရောက်သွားမှာပေါ့'

တစ်ယောက်က ခေါင်းညိတ်လိုက်၏။

'အေး....ဒါလဲဟုတ်တာပဲ'

ဟုထိုက ပြောလိုက်သည်။

'အေး....ငါတို့ဘာသာသာ အေးအေးဆေးဆေး အရက်သောက်နေကြတာက အန္တရာယ်ကင်းပါတယ်'



သူတို့သုံးယောက်မှာ စားပွဲတစ်လုံး၌ ဝိုင်းဖွဲ့ထိုင်လိုက်ကြသည်။

ထို့နောက်....

'ဟေ့....အရက်တစ်အိုးနဲ့ စားစရာသောက်စရာတွေ ယူလာခဲ့'

ဟုထိုက အသံကျယ်လောင်စွာဖြင့်လှမ်းမှာလိုက်လေတော့သည်။

* * *

ဆုံဆည်းရာ တည်းခိုခန်း...

ဆုံဆည်းရာ တည်းခိုခန်းဟု ရေးသားထားသော ဆိုင်းဘုတ်မှာ လေဝေ့ယမ်း တိုက်ခတ်လိုက်တိုင်း လှုပ်ယမ်းနေသည်။

ထိုတည်းခိုခန်းမှာ ခန့်ညားထည်ဝါသော အဆောက်အအုံ တစ်ခုဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုတည်းခိုခန်းသည် စားသောက်ဆိုင်ဖြစ်ပြီး လောင်းကစားဝိုင်းများလည်း ရှိလေသည်။

ဆိုးညည်းရာ တည်းခိုခန်းသို့ လူတိုင်း ဝင်ထွက်ခွင့်ရှိသည် မဟုတ်ပေ။

ချမ်းသာကြွယ်ဝသူများ၊ ငွေကြေး တတ်နိုင်သူများသာ ဝင်ထွက်သွားလာနိုင်သော နေရာတစ်ခု ဖြစ်လေသည်။

ဆိုးညည်းရာ တည်းခိုခန်းရှေ့သို့ မီးခိုးရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး ခါးတွင် မာန်ဖီနေသော ကျားသစ်နက်ပုံပါသည့် ဓားတစ်လက်ကို ချိတ်ဆွဲထားသော လူရွယ်တစ်ယောက် ရောက်ရှိလာသည်။

ထိုလူရွယ်မှာ ရွှန်ဆင်ပင်ဖြစ်၏။

သူသည် ခပ်သွက်သွက်လျှောက်လာရင်း အဆောက်အဦးထဲသို့ လှမ်းဝင်ရန် ခြေလှမ်းပြင်လိုက်လေသည်။

ထိုစဉ်....

အပေါက်ဝ ဘေးတစ်ဘက် တစ်ချက်၌ စောင့်ကြည့်နေသော အစောင့် နှစ်ယောက်က သူ့အား တားဆီးလိုက်ကြလေသည်။

'ဘယ်သွားမလို့လဲ'

ရွှန်ဆင်က အသံပြတ်ပြတ်ဖြင့် ဆက်ပြော လိုက်လေတော့သည်။

'လူတစ်ယောက်ကို တွေ့ချင်တယ်'

'ဘယ်သူ့ကို တွေ့ချင်သလဲ ပြောပါ၊ ဒီနေရာမှာ လူတိုင်း ဝင်ထွက်လို့ ရတဲ့ နေရာ မဟုတ်ဘူးဗျ'



ရွှန်ဆင်က ဒေါသကိုချုပ်တည်းလိုက်ပြီး....

'ယင်းချစ်'

အစောင့်တစ်ယောက်က ပြောလိုက်၏၊

'ဩော်... ကြားဖူးစား ယင်းချစ်လား၊ သူ မလာဘူးဗျ'

သူက အသံမာမာဖြင့်....

'သူဒီမှာရှိတယ်လို့ ဟူထုံက ပြောတယ်'

အစောင့်နှစ်ယောက်က တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်ကြ၏။

တစ်ဖန်....

ရွှန်ဆင်ဘက်သို့ ပြန်လှည့်၍ အစောင့်တစ်ယောက်က....

'ဟူထုံက ပြောလိုက်တာကိုး၊ ရှိပါတယ်ဗျာ ရှိပါတယ်၊ အထဲကို ကြွပါ၊ ဒါနဲ့ မိတ်ဆွေက မြို့တော်ဝန် ဂေဟာက လူတော့ မဟုတ်ပါဘူးနော်'

သူက ခေါင်းခါယမ်းလိုက်၏၊

'မဟုတ်ပါဘူး'

'ဒါဖြင့်...ကြွပါဗျာ'

တစ်ယောက်က လမ်းပြ ခေါ်သွားသောကြောင့် ရွှန်ဆင်လည်း လိုက်သွား၏

တည်းခိုခန်းအတွင်း၌ လောင်းကစားဝိုင်း၊ အရက်ဗိုင်းနှင့် ကြေးစားမယ်များ ရှိနေကြလေသည်။

ရွှန်ဆင်က လုံးဝ ဂရုမစိုက်ဘဲ အစောင့်နောက်သို့သာလိုက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အတွင်းဘက်သို့ ဝင်သွားပြီး မကြာမီ အခန်းတစ်ခု ေ… သို့ ရောက်သွား၏။

'ယင်းချစ်….ဒီအခန်းထဲမှာ ရှိပါတယ်'

အစောင့်က ပြောပြီး လှည့်ထွက်သွားသည်။

ရွှန်ဆင်က ပိတ်ထားသော အခန်းတံခါးကို မျက်တေ… မခတ် စိုက်ကြည့်လိုက်ပြီး ခြေထောက်ဖြင့် ဆောင့်ကန်ပစ်လို… သည်။

'ဝုန်း'

ဟူသော အသံနှင့်အတူ အခန်းတံခါး ပွင့်သွားလေ… သည်။

တံခါးပွင့်လျှင် ပွင့်ချင်း တုံဆိုင်းမနေဘဲ အတွင်းဘက်… လှစ်ခနဲ ပြေးဝင်သွားလိုက်လေ၏။

အတွင်းဘက်သို့ရောက်လျှင် ခုတင်ပေါ်၌ လဲလျောင်းနေ… နှစ်ယောက် အထိတ်တလန့် ဖြစ်၍ လူးလိမ့်ထလာကြလေ… သည်။

အဝတ်အစား ပိုသီပတ်သီ ဖြစ်နေသော မိန်းကလေး… သည် ချက်ချင်းပင် အခန်းတွင်းမှ ပြေးထွက် သွားလေ… သည်။

ကျန်ရစ်ခဲ့သူမှာ အသက်လေးဆယ်ခန့်ရှိပြီး ပိန်ပိန်ပါး… လူတစ်ဦးဖြစ်၏။

ထိုလူမှာ ကြားပွဲစား ယင်းချစ် ဖြစ်သည်။



ယင်းချစ်က ဒေါသတကြီးဖြင့်….

'ဘယ်သူလဲကွ၊ ငါ့ကို လိုက်ပြီး နှောင့်ယှက်တာ၊ သေချင် ပြီထင်တယ်'

အော်ဟစ်ရင်း ခုတင်ပေါ်မှ ခုန်ဆင်းလာသည်။

ရွှန်ဆင်အား မြင်လျှင် ယင်းချစ်သည် မျက်နှာပျက်သွား သည်။

'ဟင်….ခင်….ခင်ဗျား'

သူက ဖြူးလိုက်ပြီး….

'ခင်ဗျား ကျုပ်ကို မှတ်မိသေးတာကိုး'

'ခင်….ခင်ဗျားကို လူပုံအလယ်မှာ ကွပ်မျက်လိုက်ပြီပဲ၊ ခင် ဗျားက တစ္ဆေသရဲများလား'

ရွှန်ဆင်က ရယ်လိုက်သည်။

'ဟား….ဟား….ဟား တစ္ဆေသရဲက စကားပြောတယ်လို့ များ ကြားဖူးလို့ လား'

ယင်းချစ် ပါးစပ် ပိတ်ထားလိုက်၏။

ရွှန်ဆင်က ဆက်ပြောလိုက်သည်။

'ကျုပ်က လွယ်လွယ်နဲ့မှ မသေနိုင်ဘူးဆိုတာ ခင်ဗျားမှတ် ထားပါ၊ နောက်ပြီး ကျုပ်လက်ခံထားတဲ့ အလုပ်မှန်သမျှလဲ ပြီးမြောက်အောင် လုပ်တတ်တယ်ဆိုတာ မှတ်ထား'

ယင်းချစ်က အံ့ဩဟန်ဖြင့်….

'ကျုပ်စပ်ပေးခဲ့တဲ့ အလုပ်လား'

'ဟုတ်တယ်'

'ဟင်….ဒါ….ဒါဆို သူဌေးကြီး ကျန်းစန်….'

www.burmeseclassic.com

www.burmeseclassic.com



ရွှန်ဆင်က ကြားဖြတ်ပြောလိုက်၏။

'ဟုတ်တယ်၊ သူသေသွားပြီ'

ယင်းချစ်က ခုတင်ပေါ် ထိုင်ချလိုက်ပြီး ရွှန်ဆင်ထံမှ ထွက်ပေါ်လာမည့် စကားများကို ခေါင်းငိုက်စိုက်ချ၍ နားထောင်နေမိသည်။

'ကျုပ်က အလုပ်လက်ခံပြီး လုပ်ခဲ့တယ်၊ ဒါပေမယ့် ခင်ဗျားပေးတဲ့ အလုပ်က ထောင်ချောက် ဖြစ်နေတယ်'

'ကျုပ်ဘာမှ မသိဘူးဗျ'

'ကျုပ်ယုံပါတယ်'

ထိုစကားကြားလျှင် ယင်းချစ်သည် စိတ်သက်သာရာ ရသွားသည်။

သူသည် ရွှန်ဆင်အား မော့ကြည့်လိုက်ပြီး....

'ခင်ဗျားကို ဖမ်းမိသွားတယ် ဆိုကတည်းက တစ်ခုခုမှားနေပြီဆိုတာ ကျုပ်သိလိုက်တယ်၊ ဒါပေမယ့် အားလုံးနှောက်ကျနေပြီလေ'

ရွှန်ဆင်က ပြုံးလိုက်ပြီး....

'ခင်ဗျားကို ကျုပ် ယုံတယ်လို့ ပြောပြီးပြီပဲ'

'ဒါဖြင့်....'

'ခင်ဗျားကို အလုပ်အပ်တဲ့ သူက ဘယ်သူလဲ'

ယင်းချစ်က အံ့ဩဟန်ဖြင့်ဆဲ

'လက်စသတ်တော့ ခင်ဗျားက အလုပ်ရှင်အပေါ် သံသယဖြစ်နေတာကိုး'

သူက ခေါင်းညိတ်လိုက်၏။



'ဟုတ်တယ်'

ယင်းချစ်က မျက်မှောင်ကုတ်လိုက်ပြီး....

'အင်း....သူက ဘာကြောင့် ဒီလိုလုပ်ရတာလဲ'

ရွှန်ဆင်က ပြန်ပြောသည်၊

'ဒီကိစ္စမှာ အမှားအယွင်း ဖြစ်စရာ နှစ်နေရာပဲရှိတယ်၊ တခုက ခင်ဗျား၊ နောက်တစ်ခုက အလုပ်ရှင်၊ ခင်ဗျားနဲ့ ကျုပ်ဆက်ဆံတာ သုံးလေးကြိမ် မကဘူး၊ ဒါကြောင့် ခင်ဗျားကို ကျုပ်ယုံတယ်၊ မယုံတာက အလုပ်ရှင်ပဲ'

ယင်းချစ်က သက်ပြင်းချလိုက်ပြီး....

'အင်းလေ....သူက ခင်ဗျားကို ငှားပြီး ကျွန်းစန်ကို သတ်ခိုင်းတယ်၊ တစ်ခါ စီးကျောင်ဆီ သတင်းပို့ပြီး ခင်ဗျားကို ဖမ်းခိုင်းတယ်၊ အဲ့ဒါ ဘာသဘောလဲ၊ ဘာကြောင့် ဒီလို လုပ်ရတာလဲ'

ရွှန်ဆင်က ပခုံးနှစ်ဘက်တွန့်လိုက်ပြီး....

'ဒါတော့သူပဲသိမှာပေါ့'

'အခု ကျုပ်ဆီလာတာ သူ့ကိုခင်ဗျား တွေ့ချင်လို့လား'

'ဟုတ်တယ် သူ့ကိုတွေ့ဖို့ ခင်ဗျားသဘောမတူဘူး ဆိုရင် ခင်ဗျား အပေါ် ကျုပ်ရဲ့ ယုံကြည်မှုတွေ ပျက်ပြားသွားမှာပဲ'

ယင်းချစ်က ခေါင်းတဆတ်ဆတ်ညိတ်ကာ....

'ကျုပ်သိပါတယ်ဗျာ၊ ကျုပ်အပေါ် ခင်ဗျား ယုံကြည်စိတ်ချနေသမျှ ကျုပ်အသက် ချမ်းသာရာ ရမှာမယ် ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်သိတယ်၊ ကောင်းပြီလေ ကျုပ်ရဲ့အလုပ်ရှင်ဆီကို သွားကြတာပေါ့'

သူတို့သည် စကားဆုံးသည်နှင့် အခန်းထဲမှ လှမ်းထွက်လိုက်လေတော့သည်။

* * *

နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်သျှိုး ကွယ်ပျောက်သွားပြီးဖြစ်သည်။

နေရောင်ခြည် ကွယ်ပျောက် သွားသည်နှင့် အမှောင်ထုက အစားထိုးဝင်ရောက်လာလေသည်။

ကောင်းကင်ပေါ်၌ လဝန်းထိန်ထိန်သာနေ၏။

ကြယ်ကလေးများလည်း စုံစုံညီညီ ထွက်ပေါ်ကာလင်းလက်တောက်ပနေသည်။

အေးမြသော ညလေများ တိုက်ခတ်နေ၏။



လရောင်အောက်၌ မြက်ခင်းပြင်ကိုဖြတ်ကာ လူနှစ်ယောက်ပြေးလွှားလာနေကြသည်။

ထိုလူနှစ်ယောက်မှာ တောအုပ်ကလေးနှင့် ဆက်စပ်နေသည်။

တောင်ကုန်းတစ်ခုဆီသို့ ဦးတည်ကာ ပြေးလွှား သွားနေကြခြင်းဖြစ်သည်။

သူတို့၏ သွက်လက်သော လှုပ်ရှားဟန်ကို ကြည့်ရုံဖြင့် ကိုယ်ဖော့ပညာ မခေသူများ ဖြစ်ကြောင်းသိနိုင်သည်။

ထိုလူနှစ်ယောက်မှာ ရွှန်ဆင်နှင့် ယင်းချစ်တို့ ဖြစ်ကြလေသည်။

တောအုပ်ကို ဖြတ်ကာ တောင်ကုန်းအနီးသို့ ရောက်သည်နှင့်တောင်ကုန်းအောက်ခြေ၌ ကျောက်တုံး ကျောက်ခဲများပြုံနေသည့် နေရာသို့ ရောက်သွားသည်။

သူတို့သည် ကျောက်တုံးကျောက်ခဲပုံများ ကြားသို့ တိုးသွားပြန်ရာ တောင်နံရံ၌ ကျောက်ဂူတစ်လုံးရှိနေသည်ကိုတွေ့မြင်လိုက်ရ၏။

ရွှန်ဆင်နှင့် ယင်းချစ်တို့ ခြေလှမ်း ရပ်လိုက်ကြသည်။

ယင်းချစ်က အသံလိုးတိုးဖြင့်....

'ဂူထဲမှာ မှောင်မည်း နေတာပဲ၊ ဘယ်သူမှ မရောက်ကြသေးဘူးထင်တယ်'

ရွှန်ဆင်က ခေါင်းညိတ်လိုက်၏။

'ဖြစ်နိုင်တယ်၊ ကျုပ်တို့ အထဲဝင်ပြီး စောင့်နေကြရင်ကောင်းဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းသွားပဲ၊ ဒါပေမယ့် ပုန်းနေကြမှဖြစ်မယ်'

'ကျုပ်သိပါတယ်'

ယင်းချစ်က ခေါင်းညိတ်ကာ....

'ဒါဖြင့် သွားကြစို့'

သူတို့နှစ်ယောက်သည် ကျောက်ဂူဝသို့ ပြေးသွားကြလေသည်။

ကျောက်ဂူဝရောက်သွင် ယင်းချစ်ကအသင့်ယူဆောင်လာသော ဖယောင်းတိုင်ကို မီးထွန်းညှိလိုက်သည်။

မီးရောင် ထွက်ပေါ်လာလျှင် လိုဏ်ဂူထဲ လင်းလင်း ချင်းချင်းဖြစ်လာသည်။

လိုဏ်ဂူအတွင်းဘက်၌ အခေါ့ အခေါက်များ ကျောက်ဆောင် တစ်နေရာ၌ ဖယောင်းတိုင်တင်ကာ ထွန်းထားလိုက်သည်။

ရွှန်ဆင်က တစ်နေရာသို့ လက်ညှိုးထိုးပြလိုက်ပြီး....

'ကျုပ်က ဟိုကျောက်တုံးနောက်မှာ ဝင်ပုန်းနေမယ်'

ယင်းချစ်က ခေါင်းတစ်ချက် ညိတ်လိုက်ပြီး....

'ကောင်းပြီ၊ ဒီလိုတစ်ပတ်ရိုက်တာ မျိုးတော့ ကျုပ်မုန်းတယ်၊ သူ့ကို ကောင်းကောင်းကြီး ဆုံးမရဦးမယ်'

ရွှန်ဆင်က ပြတ်သားသောအသံဖြင့်....

'ခင်ဗျားဆုံးမလို့ မဖြစ်ဘူး၊ သူဟာ ကျုပ်အတွက်ဖြစ်ရမယ်'

ယင်းချစ်က ပါးစပ်ပိတ်ထားလိုက်သည်။



ထို့စဉ်....

အပြင်ဘက်မှ အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

တစ်ဆက်တည်း မှာပင် ခြေသံခပ်ဖွဖွ ကြားလိုက်ရလေသည်။

ယင်းချစ်က ဆတ်ခနဲ ထရပ်လိုက်ပြီး....

'သူလာပြီ'

ရွှန်ဆင်က ဘာမှမပြောဘဲ ကျောက်တုံးတစ်တုံး နောက်မှာ ဝင်ပုန်းနေလိုက်သည်။

ဖယောင်းတိုင် မီးရောင် ဖြာကျနေသော်လည်း ကျောက်တုံးနောက် အမှောင်ရိပ်ကျနေသည်။

မကြာပါချေ။

ခြေသံများ ကျယ်လောင်စွာ ထွက်ပေါ်လာပြီး လူတစ်ယောက်လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရသည်။

ထိုလူမှာ တစ်ကိုယ်လုံး အနက်ရောင် ဝတ်ဆင် ထားပြီး အနက်ရောင်မျက်နှာဖုံး စွပ်ထားလေသည်။

အနက်ရောင် ဝတ်ဆင်ထားသူက လိုဏ်ဂူထဲ ရောက်သည်နှင့်....

'ယင်းချစ် ဝင်းရောက်နေပြီလား'

ယင်းချစ်က သူ့အားစိုက်ကြည့်ရင်း....

'ဟုတ်တယ်....ခင်ဗျား စာရလို့ ကျုပ်လာပြီး စောင့်နေတာ'

www.burmeseclassic.com

www.burmeseclassic.com



'မင်းမဆိုးဘူး၊ အလုပ်ကို တော်တော် လေးစားတာပဲ၊ ကျုပ်ကမင်းလိုလူမျိုးကိုမှ သဘောကျတာ၊ ဟောဒီမှာလျှို့ ငွေငါးထောင် မင်းကျေနပ်တယ် မဟုတ်လား'

ပြောရင်းအထုပ်ကလေး တစ်ထုပ်ကို ယင်းချစ်ထံ ပစ်ပေးလိုက်သည်။

ယင်းချစ်က ဖမ်းယူထားလိုက်၏။

'လျှို့ငွေငါးထောင်ဟုတ်လား၊ မနည်းဘူးလားဗျာ'

'ဘာလဲ မင်းကနည်းတယ်ထင်လို့လား'

အနက်ရောင်ဝတ်ဆင်ထားသူ၏ စကားသံကိုကြားဖူးသည်ဟု ရွှန်ဆင်တွေးမိလေသည်၊

သို့သော်....

မည်သည့်နေရာ၌ ကြားဖူးကြောင်း ရုတ်တရက် စဉ်းစားမရပါချေ။

ထိုလူ မည်သူသူမည်ဝါဖြစ်ကြောင်း မသိသေးပါ။

ယင်းချစ်က မကျေမနပ်ဖြင့်....

'နည်းတာပေါ့ဗျ၊ ပထမတစ်ကြိမ်က ဒီထက်မက ပေးခဲ့တာပဲ မဟုတ်လား'

အနက်ရောင် ဝတ်ဆင်ထားသူက ခပ်ကုပ်ကုပ် ရယ်မောလိုက်ပြီး ...

'ပထမတစ်ကြိမ်က ရွှန်ဆင်ကိုခိုင်းတာလေ၊ သူက မြိုးမြိုးမြက်မြက်မရတဲ့ လုပ်မှာမဟုတ်ဘူး၊ တကယ်တော့ ကျွန်းစုန်ကို ရှင်းပစ်ဖို့ ဒီလောက်တောင် မခက်ခဲပါဘူး၊ မင်းကိုယ်တိုင်



တတ်နိုင်ပါတယ်၊ လမ်းဘေးက လူဆိုးလူမိုက်တစ်ယောက်ကို ခေါ်သတ်လိုက်လို့လဲ ဖြစ်တာပဲ'

ယင်းချစ်က ခေါင်းတစ်ချက် ညိတ်လိုက်၏။

'ခင်ဗျားပြောတာ မှန်ပါတယ်၊ ဒါပေမယ့် ကျုပ်က ကျေနပ်ဘူးဗျ'

'ဘာ'

အနက်ရောင် ဝတ်ဆင်ထားသူ၏အသံက ဟိန်းထွက်လာသည်၊

ယင်းချစ်က ပြုံးလိုက်၏၊

'ကျုပ်က အလုပ်တစ်ခုကို တိတိကျကျ လုပ်တတ်တယ်၊ ယ်တော့မှ သစ္စာမဖောက်ဘူး၊ ဒါပေမယ့် ခင်ဗျားက ကျုပ် ရောက်အောင် လုပ်ခဲ့တယ်'

အနက်ရောင် ဝတ်ဆင်ထားသူက မါးစပ်ပိတ်ထားလိုက်သည်၊

ယင်းချစ်က ဆက်ပြောလိုက်၏၊

'ရွှန်ဆင် ကွပ်မြက်ခံလိုက်ရတဲ့ကိစ္စ ကျုပ်မကျေနပ်ဘူး'

အနက်ရောင် ဝတ်ဆင်ထားသူက ပခုံးတစ်ချက်တွန့်၍....

'ရယ်စရာ ကောင်းလိုက်ဘာ၊ ဒီကိစ္စ မင်းနဲ့ဘာဆိုင်လဲ'

ယင်းချစ်က ပြောလိုက်သည်။

'ဘာဆိုင်လဲ ဟုတ်လား၊ သူအဖမ်းခံရတာက ခင်ဗျား ပေးလိုက်လို့ ဖြစ်ရမယ်ဆိုတာ ကျုပ် သိနေတယ်၊ ား ဘာကြောင့် သစ္စာဖောက်ရတာလဲ'

'ကြော်....မင်းရိပ်မိသွားပြီကိုး'

www.burmeseclassic.com

www.burmeseclassic.com



ယင်းချစ်က ခေါင်းတစ်ချက်ညိတ်လိုက်ပြီး....

'ဟုတ်တယ်၊ ခင်ဗျားဟာ ငွေကုန်ကြေးကျခံပြီး ရွှန်ဆင်ကို ငှားတယ်၊ ပြီးတော့ သူ့ကို ဒုက္ခရောက်အောင် လုပ်လိုက်တယ်၊ ဒါဘာသဘောလဲ'

အနက်ရောင် ဝတ်ဆင်ထားသူက ခေါင်းခါယမ်းလိုက်သည်။

'ဒီကိစ္စ မင်းနဲ့မဆိုင်ဘူး၊ မင်းအတွက် ထိုက်သင့်တဲ့ ငွေကြေးငွေရရင် ပြီးတာပဲမဟုတ်လား'

'ဘာဗျ၊ ကျုပ်နဲ့မဆိုင်ဘူး ဟုတ်လား'

'ဟုတ်တယ်လေ'

ယင်းချစ်က ဒေါသတကြီးဖြင့်....

'ဘာကြောင့် မဆိုင်ရမှာလဲ၊ ခင်ဗျားရဲ့ ယုတ်မာတဲ့အကြံအစည်ကို မသိလို့ ကျုပ်က ရွှန်ဆင်ကို ခေါ်လိုက်တာပေါ့၊ ခင်ဗျား ဒီလိုအကောက်ကြံတာ သိသွားရင် သူက ကျုပ်ကို ချမ်းသာပေးမှာ မဟုတ်ဘူး'

အနက်ရောင် ဝတ်ဆင်ထားသူက ပါးစပ်ပိတ်ထားလိုက်သည်။

ယင်းချစ်က စကားဆက်လိုက်၏။

'သူ ဒီမှာရှိနေတယ်'

အနက်ရောင် ဝတ်ဆင်ထားသူ၏ ခန္ဓာကိုယ်မှာ ဆတ်ခနဲ တုန်ခါသွားလေသည်။

သူ၏လက်တစ်ဖက်လည်း ချက်ချင်း လှုပ်ရှားလာသည်။

'သတိထား'



ရွှန်ဆင်၏သတိပေးသံ ထွက်ပေါ်လာသည်။

တစ်ခါက်တည်းမှာပင် သူလည်း ကျောက်တုံးနောက်မှ ခုန်ထွက်လိုက်၏။

သူ၏လက်ထဲ၌ ဓားတစ်လက်ကို အဆင်သင့်ကိုင်ဆောင်ထားပြီး အနက်ရောင်ဝတ်ဆင်ထားသူထံ ပြေးဝင်တိုက်ခိုက်လိုက်၏။

အနက်ရောင် ဝတ်ဆင်ထားသူမှာလည်း လက်လှုပ်ယမ်းလိုက်သည်နှင့် ယင်းချစ်အား တိုက်ခိုက်လိုက်ပြီး ဖြစ်သည်။

ရုတ်တရက်မို့ ယင်းချစ်သည် ကြောင်အမ်းအမ်းဖြစ်သွားသည်၊

သို့သော်....

ချက်ချင်း သတိဝင်လာပြီး ရှောင်တိမ်းလိုက်၏။

အနက်ရောင် ဝတ်ဆင်ထားသူအား သူကမျှော်လင့်ထားသည်ထက် ပိုပြီး လျင်မြန်နေ၏။

ယင်းချစ်နောက်သို့ ထက်ကြပ်မကွာလိုက်သွားပြီး တိုက်ခိုက်လိုက်သည်။

သူ့အင်္ကျီလက်အိုးကြားမှ ကြိုးတပ်ထားသော ဓားမြှောင်တစ်လက် ထွက်ပေါ်လာ၏။

'ငှီး'

'အွန့်'

မသဲမကွဲညည်းညူသံ ထွက်ပေါ်လာပြီး ယင်းချစ် ကျောကကာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏နောက်ကျောသို့ ဓားမြှောင်စိုက်ဝင်သွား၍ ဖြစ်လေသည်။

ဓားမြှောင်မှာ အရိုးထိအောင် နစ်မြုပ်သွားပြီး အနက်ရောင်ဝတ်ဆင်ထားသူက လက်ပြန်ရုပ်လိုက်သည်နှင့် ဓား မြှောင်မှာ သူ၏အကျီလက်အိုးကြားထဲ ပြန်လည်ဝင်ရောက် ကွယ်ပျောက်သွား၏။

ယင်းချစ်၏ ကျောပြင်တစ်ပြင်လုံး သွေးချင်းချင်းနီရဲသွားသည်။

ခန္ဓာကိုယ် ဆတ်ခနဲကုန်သွားပြီး မြေပေါ်သို့ ဘုန်းခနဲလဲသွား၏။

'ရှန်ဆင် သူ့ကိုမလွှတ်စေနဲ့'

ခက်ရာပြင်းထန်စွာ ရထားသည့်ကြားမှ ရှန်ဆင်ကို အော်ပြောလိုက်သည်။

ရှန်ဆင်မှာ အပြင်ဘက်ရောက်လာသည်နှင့် အနက်ရောင်ဝတ်ဆင်ထားသူထံ ဝင်ရောက်တိုက်ခိုက်လိုက်၏။

ဓားရောင်များ ဖွေးခနဲဝင်းလက်သွား၏။

အနက်ရောင်ဝတ်ဆင်ထားသူက လျှပ်တပြက် ရှောင်တိမ်းလိုက်သည်။

ထိုအခါ

ဓားခုတ်ချက်မှာ ထိုလူ၏ အနက်ရောင်မျက်နှာဖုံးစွပ်ကို ရှပ်ပြီးခုတ်ချလိုက်သည်။

ရှန်ဆင်သည် မုန်းတီးစိတ် ခံပြင်းဒေါသထွက်မှုကြောင့် အားကုန် တိုက်ခိုက်လိုက်ခြင်းဖြစ်လေသည်။



ထိုလူက ဓားနှစ်လက်ကို လက်တစ်ဖက်စီကိုင်ကာ တစ်ဖက်က ရှန်ဆင်ထံပစ်လိုက်၏။

ကျန်တစ်ဖက်က ဖရောင်းတိုင်မီးဆီသို့ ပစ်လိုက်လေသည်။

ဓားတစ်လက်မှာ ရှန်ဆင်ထံသို့ အရှိန်ပြင်းစွာဖြင့် ဝင်သွားပြီး ကျန်တစ်လက်က ဖယောင်းတိုင်ကိုထိမှန်သွားလေသည်။

ရှန်ဆင်က ခေါင်းငုံ့ရှောင်လိုက်သောကြောင့် ဓားမှာ ဝီခနဲမြည်ကာ ခေါင်းပေါ်မှဖြတ်သွားသည်။

နောက်တစ်လက်ကမူ ဖယောင်းတိုင်ကိုထိသွားပြီး မီးငြိမ်းသွားသည်။

ဖယောင်းတိုင်မီး ငြိမ်းသွားသည်နှင့် ကျောက်လိုဏ်ဂူထဲ၌ မှောင်မည်းသွားသည်။

ရှန်ဆင် ရင်ထိတ်သွားလေသည်။

ဓားကို ရင်ပခုံ၌ထားပြီး ကာကွယ်ထားလိုက်သည်။

ထိုစဉ်....

ကျယ်လောင်သော ခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

အနက်ရောင်ဝတ်ဆင်ထားသူ ထွက်ပြေးသွားပြီ ဖြစ်နိုင်းချိမ်းခြားမိလိုက်သည်.

'မပြေးနဲ့'

ရှန်ဆင်၏အော်သံ ထွက်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်....

ခြေသံမှာ တဖြည်းဖြည်းဝေးကာ ပျောက်ကွယ်သွားလေသည်။

ရှန်ဆင်သည် အားစာင်းတင်းကြိတ်ကာ နောက်မှ ပြေးလိုက်သွားလေတော့သည်။

* * *

ည....

အပြင်ဘက်တွင် အမှောင်ထုလွှမ်းမိုးနေ၏။

ကောင်းကင်ပေါ်၌ လခြမ်းပုံကလေးသာရှိ၍ အလင်းရောင်အား ပျော့လွန်းလှသည်။

ရှန်ဆင် အပြင်ရောက်သည်နှင့်....

'မပြေးနဲ့'

အော်ပြောရင်း ပတ်ဝန်းကျင်တွင် အကဲခတ်ရှာဖွေကြည့်လိုက်လေသည်။



အနက်ရောင်ဝတ်ဆင်ထားသူကို ရှာမတွေ့တော့ပေ။

ဝဲဘက်နေရာမှ ပြေးလွှားသွားသော ခြေသံသဲ့သဲ့ကို ကြားလိုက်ရသည်။

သစ်ပင်ချုံနွယ်များကို ကွေ့ပတ်ရှောင်ရှားမနေဘဲ အတင်းဝေးကာ ပြေးလိုက်သွားခြင်းဖြစ်သည်။

ဒေါသစိတ်အဟုန်က သူ၏ခန္ဓာကိုယ်အား ဖိစီးနေသဖြင့် ခိုက်ပွန်းပဲ့သွားသည်ကိုပင် ဂရုမစိုက်ချေ။

အတော်ကလေးကြာအောင် ပြေးသွားပြီးလျှင် တောအုပ်အပြင်ဘက် ရောက်သွားလေသည်။

အနက်ရောင်ဝတ်ဆင်ထားသူကိုကား ရှာမတွေ့ချေ။

'တောက်'

ရှန်ဆင်သည် တက်ခေါက်မိလိုက်သည်။

မြေပေါ်ခြေဆောင့်ရင်း....

'မင်း....ပြေးနိုင်သလောက်ပြေးထားစမ်း၊ တစ်နေ့ ကျုပ်လက်ထဲကို ရောက်လာရစေမယ်'

ဟုလည်း ကြုံးဝါးလိုက်သည်။

လိုက်မမီမှန်းသိ၍ ကျောက်လိုဏ်ဂူဆီသို့ပြန်သွားပြီး အခြေအနေကြည့်ရန် ဆုံးဖြတ်လိုက်သည်။

ထိုစဉ်....

ခြေသံများ ကျယ်လောင်စွာထွက်ပေါ်လာသည်ကို ကြားရသည်။

ရှန်ဆင် လှမ်းကြည့်လိုက်သောအခါ လူတစ်စု ပြေးလွှားလာနေကြသည်ကို တွေ့လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ရွှန်ဆင်က ချက်ချင်းပင် သစ်ပင်တစ်ပင်နောက်ကွယ်သို့ ဝင်ရောက်ကာ ကိုယ်ရောင်ဖျောက်နေလိုက်သည်။

ပြေးလွှားလာနေသောလူစုမှာ သူပုန်းကွယ်နေသော သစ်ပင်နဘေးမှဖြတ်ကာ ကျောက်လိုဏ်ဂူဆီသို့ ဦးတည်ဖြတ်သန်းသွားကြသည်ကို တွေ့မြင်လိုက်ရသည်။

ကျောက်လိုဏ်ဂူဆီသို့ မည်သည့်နည်းနှင့်မျှ ပြန်သွား၍ မဖြစ်နိုင်တော့ကြောင်း ဆင်ခြင်မိသည်။

ရွှန်ဆင် သက်ပြင်းချလိုက်သည်။

ကျောက်လိုဏ်ဂူဘက်သို့ မျှော်ကြည့်ရင်း

'မင်းအတွက် ကျုပ်....စိတ်မကောင်းပါဘူးကွာ၊– သူတို့ မတွေ့တွေ့အောင်ရှာပြီး သုတ်သင်ပစ်မယ်လို့ ကျုပ်....ကတိပေးပါတယ်'

သူသည် တီးတိုးရေရွတ်လိုက်ပြီး တစ်ဖက်သို့လှည့်ကာ ပြေးသွားလေတော့သည်။

* * *

---

သူလျှို

အခန်းတွင်း၌ တိတ်ဆိတ်နေသည်။

ကျူးဖန်က မလှုပ်မယှက် ရပ်နေ၏။

အတန်ကြာ ခေါင်းငုံ့ ရပ်နေပြီးမှ စီးကျင်ကို မသိမသာ မော့ကြည့်လိုက်မိ၏။

စီးကျင်မှာ မလှုပ်မယှက် ငြိမ်သက်စွာ ထိုင်နေ၏

စူးရှတောက်ပသော သူ၏ မျက်လုံးများဖြင့် ကျူးဖန်ကို မမှိတ်မသုန် စိုက်ကြည့်နေသည်။

မျက်လုံးချင်း ဆုံမိလျှင် ကျူးဖန်က ချက်ချင်း ခေါင်းငုံ့သွားလိုက်၏။

စီးကျင်အား လိမ်ညာ၍ မရကြောင်း သူကောင်းစွာ သိသည်။

www.burmeseclassic.com

www.burmeseclassic.com



အရေတော်လေးကြာမှ သက်ပြင်းချသံ သဲ့သဲ့ ထွက်ပေါ်လာပြီး....

'ကျုပ်ခရီးထွက်သွားတဲ့ အချိန်အတွင်း ဒီမှာ ကသောင်းကနင်း ဖြစ်သွားတယ်၊ ဒီကိစ္စဟာ မင်းရဲ့ ရှေ့ရေး အတွက် ကောင်းတဲ့ လက္ခဏာ မဟုတ်ဘူး ဆိုတာ သိတယ် မဟုတ်လား'

ကျူးဖန်၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

'ကျွန်....ကျွန်တော် နားလည်ပါတယ် ဆရာ'

'မင်းယန်ပြီးရင် မင်းကို ကျုပ်က စိတ်အချရဆုံး ဆိုတာ တော့ မင်းသိတယ် မဟုတ်လား'

'ဟုတ်....ဟုတ်ကဲ့ သိပါတယ် ဆရာ'

စီးကျင်က သူ့အား စိုက်ကြည့်၍....

'ဒါဖြင့်....သူဌေးကြီး ကျန်းစန် လုပ်ကြံခံလိုက်ရတဲ့ ကိစ္စ မင်းဘယ်လို ဖြေရှင်းမလဲ'

'ဒါ....ဒါ'

ကျူးဖန်က ရုတ်တရက် မည်သို့ အဖြေပေးရမှန်းမသိ ဖြစ်သွားသည်။

စီးကျင်က ဆက်ပြော၏။

'သူဌေးကြီး ကျန်းစန်ဟာ တစ်ကြိမ် လုပ်ကြံခံရတယ်၊ ဒါပေမယ့် ကျုပ်တို့ လက်ဦးခဲ့လို့ အသက်ချမ်းသာရခဲ့တယ်၊ အခုတစ်ကြိမ်တော့ သူဟာ....'

သူသည် စကားတစ်ပိုင်းတစ်စဖြင့် ရပ်၍ ကျူးဖန်အားစိုက်ကြည့်နေ၏။



ကျူးစန်က သက်ပြင်းချပြီး....

'တရားခံ ဖော်ထုတ်ဖို့ ကျွန်တော် အစွမ်းကုန် ကြိုးစားနေပါတယ်'

စီးကျင် လက်ကာပြလိုက်ပြီး....

'ဒီကိစ္စအတွက် မင်းဘာမှ စိုးရိမ်မနေနဲ့တော့၊ တရားခံဖော်ထုတ်ဖို့ ကျုပ်စီစဉ်ပြီးပြီ'

သူစကားဆက်လိုက်သည်။

'ကျုပ်တို့တွေဟာ လူတစ်ယောက်ရဲ့ လှည့်စားမှုကိုခံလိုက်တာပဲ၊ ဒါနဲ့ ကျုပ်ဘာကြောင့် ခရီးထွက်သွားတယ် ဆိုတာ မင်းသိလား'

ကျူးဖန်က ခေါင်းယမ်းပြသည်။

စီးကျင်က ဆက်ပြောလိုက်၏။

'ကျုပ်ဆီကို စာတစ်စောင် ရောက်လာတယ်၊ အဲဒီစာထဲမှာ မင်းယန် သေဆုံးသွားပြီလို့ ရေးထားတယ်၊ ဒါကြောင့် မင်းယန်ရှိတဲ့ ကျင့်ယန်မြို့ကို ကျုပ်လိုက်သွားတာပဲ'

ကျူးဖန်က အံ့ဩထိတ်လန့်သွား၏။

'ဆ....ဆရာ....အစ်ကိုကြီး မင်းယန် တကယ်ပဲ သေဆုံးသွားပြီလား'

စီးကျင်က လက်ကာပြလိုက်ပြီး....

'တကယ်တော့ မင်းယန်ဟာ တော်ရုံတန်ရုံနဲ့ မသေနိုင်ဘူးဆိုတာ ကျုပ်မေ့သွားတယ်'

'ဗျာ....ဒါဖြင့် အစ်ကိုကြီး မင်းယန်ဟာ....'

'ကျုပ်အတွက် ညီလေးက စိုးရိမ်နေတာကိုး'

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်....

နောက်ကျောဘက်မှ စကားသံ တစ်ချက် ထွက်ပေါ်လာသည်။

ကျူးဖန်၏ ခန္ဓာကိုယ်သည် ဆတ်ခနဲ တောင့်တင်းသွားပြီး နောက်ဘက်သို့ ချာခနဲ လှည့်ကြည့်လိုက်မိ၏။

ထိုအခါ....

အခန်းတွင်းသို့ တစ်လှမ်းချင်း လှမ်း၍ ဝင်ရောက်လာနေသော မင်းယန်ကို တွေ့မြင်လိုက်ရလေတော့သည်။

* * *

မင်းယန်မှာ စီးကျင်ဆက် ပိုပြီးကြောက်စရာကောင်းသူဖြစ်သည်။

စီးကျင်ကို လိမ်ညာ၍ ရကောင်းရနိုင်မည် ဖြစ်သော်လည်း မင်းယန်အား မည်သည့် နည်းနှင့်မှ လိမ်ညာ ရမည် မဟုတ်ပါပေ။



မင်းယန်က ပြုံးလိုက်၏။

'ဒီကိစ္စ ညီလေးမှာ အပြစ်မရှိပါဘူး၊ သူများ ထောင်ချောက်ထဲကို ကျရောက်ခဲ့တယ်လို့ပဲ ကျုပ်ထင်တယ်'

'ဗျာ....ကျွန်....ကျွန်တော်....'

သူ၏ စကားမဆုံးမီ မင်းယန်က ကြား်ဖြတ် ပြောလိုက်သည်။

'မင်းရဲ့ မိဘတွေနဲ့ ကျုပ်တွေ့ပြီးပြီ၊ မင်းဘယ်လို ခံစားရမယ်ဆိုတာ ကျုပ်သိပါတယ်'

ကျူးဖန်သည် အခန်းတွင်းမှ ထွက်ပြေး သွားလိုစိတ်များ ပေါ်ပေါက်လာ၏။

သူ၏ ခန္ဓာကိုယ်မှ ခွန်အားများ ပျောက်ကွယ်သွားပြီး လဲကျသွားမတတ် ခံစားနေရသည်။

မင်းယန်က ဆက်ပြောလိုက်သည်။

'အခုအချိန်မှာ အကောင်းဆုံးကတော့ မင်းအနားယူဖို့ပါပဲ'

ကျူးဖန်က ဝမ်းကွဲပြတ်သားသော အသံဖြင့်....

'ကျွန်တော့်မှာ အပြစ်ရှိတယ်ဆိုတာ မငြင်းဘဲ ဝန်ခံပါတယ်၊ ကျွန်တော့်ကို ထိုက်ထိုက်တန်တန် အပြစ်ပေးဖို့လဲ တောင်းဆိုပါရစေ'

မင်းယန်က လက်ကာပြလိုက်သည်။

'ကျုပ်ဟာ ဘယ်လိုလူစားဆိုတာ ညီလေး သိပါတယ်၊ အခုလဲ ညီလေးက အပြစ်ပေးပါဆိုတိုင်း ကျုပ်မပေးနိုင်ဘူး၊ ဒါပေမယ့် ညီလေးရဲ့ အပြစ်တွေ ပြေပျောက် သွားစေချင်

www.burmeseclassic.com



တယ်ဆိုရင် အကောင်းဆုံး နည်းလမ်းတစ်ခုတော့ ရှိပါသေး
တယ်'

ကျူးဖန်က နားစိုက်ထောင်နေမိသည်။

မင်းယန် စကားဆက်လိုက်၏။

'ကျုပ် ရှင်းရှင်းပဲ ပြောလိုက်မယ်၊ ညီလေးဟာ သူတို့
ဆက်ပြီး ပူးပေါင်းနေရလိမ့်မယ်၊ ဒါပေမယ့် ညီလေး ဘာ
လုပ်လုပ် ကျုပ်တို့ကို အသိပေးရလိမ့်မယ်၊ မင်းက ကျုပ်တို့
အတွက် သူလျှိုလုပ်ပေးရမယ်'

* * *

လမ်းကြားကလေးထဲသို့ ရောက်လျှင် ကျူးဖန် ခြေလှမ်း
ရပ်လိုက်သည်။

လက်ထဲမှ စာရွက်လိပ်ကို ဖွင့်၍ တစ်ခေါက် ထပ်ဖတ်
ပြန်သည်။

'နေမွန်းတည့်ချိန်....



ဆည်းဆာစားသောက်ဆိုင်'

ဟု ရေးသားထားလေသည်။

ထိုစာတို့ သူလက်ခံရရှိခဲ့သည်မှာ မကြာသေးပါ။

ယခု....

သူနှင့် မျက်နှာချင်းဆိုင်၌ ဆည်းဆာ စားသောက်ဆိုင်
ရှိနေပြီဖြစ်သည်။

ကျူးဖန်ကဘာမှမစဉ်းစားတော့ပဲ ဆည်းဆာစားသောက်
ဆိုင်ထဲသို့ လှမ်းဝင်လိုက်သည်။

စားသောက်ဆိုင်ထဲ၌လူရှင်းနေသည်။

လူ ငါးယောက်ခန့် ထိုင်ကာ စားသောက် နေကြသည်။

ထိုငါးယောက်အနက် ချောင်ကျကျစားပွဲ၌ ထိုင်နေသော
မုကျီကို ချက်ချင်းတွေ့မြင်လိုက်သည်

ကျူးဖန်က မုကျီရှိရာသို့ ခပ်သွက်သွက် လှမ်းသွား လိုက်
သည်။

မုကျီက သူ့အား အပြုံးဖြင့် ကြိုဆို နှုတ်ဆက်လေ၏။

'ခင်ဗျားက အချိန်မှန်သားပဲ'

ကျူးဖန်က မုကျီအား မမှိတ်မသုန် စိုက်ကြည့်ကာ....

'မင်းကဘာကြောင့် ကျုပ်ကိုတွေ့ချင်တာလဲ'

'ထိုင်ပါဦးဗျာ'

ကျူးဖန်သည် မငြင်းပဲ ထိုင်ချလိုက်သည်။

'ကဲ....ပြောစရာရှိတာ ပြောပါ၊ ကျုပ်မှာ အချိန်ရှိတာ
မဟုတ်ဘူး'

မုကျီက ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'စိတ်ချ၊ ကျုပ်ကလဲ ပြောချင်လို့ ခင်ဗျားကို တမင်ချိန်းလိုက်တာပါ'

ကျူးဖန်က ပြောလိုက်သည်။

'ခင်းဗျား ကျုပ်ကို ဒုက္ခပေးဖို့ လူဖြစ်တာလား'

မုကျိက ပြုံးလိုက်ပြီး....

'ကျုပ်ခင်ဗျားကို ဒုက္ခပေးတာ မဟုတ်ဘူး၊ ခင်ဗျားကို တကယ်တမ်း ဒုက္ခပေးခဲ့တာက ဆရာကျိကင်ဘဲ၊ သူကလဲ ဝတ်ရှံရှင်ရဲခိုင်းစေမှုကြောင့် ခင်ဗျားကို ဒုက္ခပေးခဲ့ရတာဝါ'

ကျူးဖန်က စိတ်မရှည်စွာဖြင့်....

'အခု မင်း....ဘာပြောချင်တာလဲ'

မုကျိက ပြန်ပြောလိုက်သည်။

'ဝတ်စုံရှင်က ခင်ဗျားကို ထင်ပြီး အသုံးချတော့မယ်ဆိုတာ ကြိုတင်ပြီး သတိပေးချင်လို့ပါ'

ကျူးဖန်က မျက်မှောင်ကုပ်လိုက်ပြီး....

'အရင်တစ်ခါက ကျုပ်ကို ကျိကင်က အသုံးချခဲ့တယ်၊ အခု ဘာဖြစ်လို့ ဝတ်ရှံနီက ကျုပ်ကို အသုံးချချင်ရတာလဲ၊ သူနဲ့ ပတ်သက်စရာ ဘာအကြောင်းမှမရှိဘူး'

မုကျိက မျက်မှောင်ကြုတ်လိုက်ပြီး....

'ဆရာကျိကင်နဲ့ တန္တြေဖြူသုံးယောက်က သူ့ရဲ့လက်ချက်ကြောင့် သေဆုံးသွားခဲ့ပြီ၊ ဒါကြောင့် သူက ခင်ဗျားကို အသုံးချဖို့ စဉ်းစားခဲ့တာပါ'

ကျူးဖန်က စိတ်မသက်မသာဖြင့် ပြန်မေးလိုက်၏။

'ဘယ်လိုကိစ္စလဲ'



မုကျိက ပြန်ပြောလိုက်သည်၊

'သူနဲ့တွေ့တော့ ခင်ဗျားသိရမှာပေါ့'

ကျူးဖန်က ခေါင်းတစ်ချက်ညိတ်ပြီး....

'ကောင်းပြီ၊ ဘယ်မှာသွားတွေ့ရမလဲ ပြောပါ'

မုကျိက သူ့အားစိုက်ကြည့်ကာ....

'ခင်ဗျားက သူခိုင်းတာလုပ်မယ်ပေါ့'

ကျူးဖန်က ပခုံးတစ်ချက်တွန့်ပြီး

'ဒါကတော့ အခြေအနေကြည့်ရမှာပဲ'

မုကျိက ပြောလိုက်သည်။

'သူ ဘယ်မှာရှိတယ်ဆိုတာ ကျုပ်ကိုယ်တိုင် လိုက်ပြမယ်၊ သူ့ကိုရှင်းပစ်ဖို့နည်းလမ်း ခင်ဗျားဆီမှာ ရှိမယ်ထင်တယ်၊ သူမရှိတော့ဘူးဆိုရင် ခင်ဗျားကို ဘယ်သူကမှ ဒုက္ခပေးနိုင်မှာ မဟုတ်တော့ဘူး'

ကျူးဖန်က သဘောကျစွာ ပြုံးလိုက်သည်။

မုကျိက ကျသင့်ငွေကိုပေးချေလိုက်ပြီး ထိုင်ရာမှထကာ....

'ကဲ....ကျုပ်တို့သွားကြစို့'

ပြောပြီး ရှေ့မှလှမ်းထွက်သွားလေသည်။

ကျူးဖန်ကလည်း စဉ်းစားနေဖို့ခေါင်းပင် မပြူတော့ဘဲ နောက်မှလိုက်သွားလေတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com



လမ်းမကျယ်ဆုံးကာနီး၌ ဝဲဘက်သို့ ချိုးကွေ့သွားသော လမ်းကလေးတစ်ခုရှိသည်။

မုကျုံက ထိုလမ်းကလေးထဲသို့ ချိုးကွေ့ ဝင်လိုက်လေသည်။

လမ်းကလေး၏ တစ်ဖက်တစ်ချက်၌ ခြံဝင်းကျယ်ကြီးများ အစီအရီရှိနေသည်။

ချမ်းသာကြွယ်ဝသူများ စုရုံးနေထိုင်ကြသော နေရာတစ်ခု ဖြစ်သည်။

မုကျုံက ရှေ့မှ ခပ်သွက်သွက်လျှောက်သွား၏။

ကျူးဖန်က ခြေလှမ်းနှစ်ဆယ်ခန့်ခွာကာ နောက်မှလိုက် သွားလေသည်။

အတော်ကလေးကြာအောင် လျှောက်သွားပြီးမှ မုကျုံက လှပခန့်ညားသောခြံဝင်းကြီးတစ်ခုရှေ့တွင် ခြေလှမ်းရပ်လိုက် သည်။

အတော်လေးကြာအောင် ရပ်ပြီးလျှင် ခြံဝင်းထဲမဝင်ဘဲ ရှေ့ဆက်လျှောက်သွားလေသည်။

ကျူးဖန်သည် စိတ်လှုပ်ရှားလာသည်။

မုကျုံ ခေတ္တရပ်ခဲ့သော ခြံဝင်းထဲတွင် ဝတ်ရုံရှင်ရှိနေ မှန်း သိလိုက်ပြီဖြစ်သည်။

အကြောင်းမှာ....

ဝတ်ရုံရှင်ရှိသော ခြံဝင်းရှေ့ကိုရောက်လျှင် ခဏရပ်ပြီး အချက်ပြမည်ဟု မုကျုံက ပြောခဲ့သောကြောင့်ဖြစ်သည်။



သူက ရှေ့ဆက်သွားသော်လည်း ကျူးဖန်မှာ အရေး မစိုက်တော့ပေ။

သူ၏အတွေးထဲတွင် ခြံဝင်းအတွင်း၌ ဝတ်ရုံရှင်အား ထက်ချဖမ်းဆီးနိုင်ရန်သာ ရှိနေသည်။

မုကျုံက သူ့အား ချိန်းဆိုစာပေးသည်နှင့် သူက မင်း ခန်းထဲ သတင်းပို့လိုက်ပြီးမှ မုကျုံနှင့် လာရောက်တွေ့ဆုံခဲ့ ခြင်းဖြစ်သည်။

ယခုအချိန်လောက်ဆိုလျှင် မင်းယန်ကျ ... နောက်သို့ ခြံရောက်ပြီး လိုက်နေပြီဟုယူကြည်ထားသည်။

ဝတ်ရုံရှင်ဆိုသောလူ ရှိနေမည့်ခြံဝင်းကို တစ်ချက်ကြည့် ကာ ခပ်တည်တည်ပင် လှမ်းဝင်သွားလေသည်။

ခြံဝင်းအတွင်းတွင် ကြီးမားခန့်ညားလှသော အဆောက် အအုံကြီးတစ်ခုရှိသည်။

ကျူးဖန်က အဆောက်အအုံကို လှမ်းမျှော်ကြည့်လိုက်ပြီး ခပ်သွက်သွက်ပင် လှမ်းဆက်သွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



မုကျ ိ၏ခြေလှမ်းများသည် တက်ကြွနေသည်။

သူသည် ကျိုကင်နှင့် တန္တေဖြူသုံးဖော်အား ဝတ်ရုံရှင်က ရှင်းပစ်လိုက်ပြီကို သိသောအခါ တုန်လှုပ်ချောက်ချားသွားမိသည်။

ဝတ်ရုံရှင်သည် တစ်နေ့နေ့တွင် သူ့ထံသို့ရောက်ရှိလာမည်ကို ကြိုတင်တွက်ထားသည်။

ထို့ကြောင့်

ကျူးဖန်အား ဝတ်ရုံရှင်က တွေ့ချင်နေသည်ဟု တပတ် ရိုက်ခဲ့ပြီး ဝတ်ရုံရှင်ရှိရာသို့ လမ်းညွှန်ပြခဲ့ခြင်းဖြစ်၏။

ကျူးဖန်ကသာ ဝတ်ရုံရှင်ကို ရှင်းပစ်နိုင်ခဲ့လျှင် သူ့အတွက် အေးချမ်းသွားပြီဖြစ်သည်။

ကျူးဖန်သည် ကိုယ့်အတွေးနှင့်ကိုယ် ကြည်နူးနေမိပြီး ခြေလှမ်းသွက်သွက်ဖြင့် လျှောက်သွားလိုက်၏။

ရှေ့သို့ အတော်ကလေး လျှောက်သွားမိလျှင် သူ အသ ကြို၍ ငှားရမ်းထားသော မြင်းလှည်းတစ်စီးကို သစ်ပင်တ ပင်အောက်၌ ရပ်ထားတာတွေ့လိုက်ရသည်။

မြင်းလှည်းမောင်းသူနေရာ၌ ဟောင်းနွမ်းသော အဝတ အစားများနှင့် ကြီးမားသော ခမောက်တစ်လုံး ဆော ထား.သ.ည လူတစ‌ယောက်ထိုင်နေသည်။

မု. ဝ. ပြုံးလိုက်ပြီး မြင်းလှည်းအနီးသို့ လျှောက်သွား တံခါ ကို ဆွဲဖွင့်လိုက်၏။

ထို့နောက်...



မြင်းလှည်းပေါ်သို့ တက်ထိုင်လိုက်ပြီး မြင်းလှည်း တံခါးကိုဆောင့်ပိတ်ရင်း....

'မောင်းတော့ဟေ့'

သူ၏ စကားသံနှင့် မရှေးမနှောင်းမှာပင် မြင်းလှည်းအိမ် လှုပ်ယမ်းသွားသည်။

တစ်ဆက်တည်းပင်....

မြင်းဟီသံနှင့် ဘီးလှိမ့်သံများ ထွက်ပေါ်လာပြီး မြင်းလှည်း စတင် မောင်းနှင် ထွက်သွား၏။

မုကျိုက မြင်းလှည်း အတွင်းရှိ ထိုင်ခုံပေါ်၌ သက်တောင့် သက်သာ ထိုင်ရင်း ကျောမှီကာ မျက်လုံး မှိတ်ထားလိုက်လေသည်။

သူ၏ မျက်နှာမှာ ပြုံးယောင်သမ်းနေသည်။

သူ့အတွက် အရာရာ ပြည့်စုံသွားပြီ ဖြစ်သည်။

ကျိုကင် ကျန်ရစ်ခဲ့သော ရွှေငွေများကို ယူဆောင်လာခဲ့သည်။

မကြာမီ....

သူသည် လွတ်မြောက်ရာ နယ်မြေသို့ ရောက်ရှိသွားကာ ဘေးအန္တရာယ် ရှင်းရှင်းဖြင့် နေနိုင်တော့မည် ဖြစ်လေတော့သည်။

ဝတ်ရုံရှင်၊ ကျိုကင်နှင့် တန္တေဖြူ စသော အမည်များကို ခေါင်းထဲမှ မောင်းထုတ်ပစ်လိုက်လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



အဆောက်အအုံကြီးမှာ ကြီးမား ခန့်ညားလှသည်၊ သို့သော်....

လူရိပ်လူယောင် မတွေ့ရသဲ တိတ်ဆိတ်ခြောက်သွေ့နေ သည်။

အသံဗလံ စိုးစဉ်းမျှ မကြားရခြင်းကြောင့် ကျူးဖန် မျက် မှောင်ကုတ်သွားမိသည်။

ကျောက်ဖြူလမ်းလေးကို ဖြတ်ကျော်ပြီးနောက် အဆောက် အအုံကြီးရှေ့သို့ ရောက်ရှိလာ၏။

အဆောက်အအုံ အဝင် တံခါးမကြီးမှာ ဟာလာ ဟင်း လင်း ဖွင့်ထား၏။

ကျူးဖန်က ဝင်ခွင့်တောင်းခြင်းမပြုတော့ဘဲ ခပ်သွက်သွက် လှမ်းဝင်လိုက်၏။

အဆောက်အအုံ အတွင်းဘက်သို့ ရောက်သွင် တိတ်ဆိတ် ခြောက်သွေ့မှုကို ပို၍ ခံစားလာရ၏။

အဆောက်အအုံထဲ၌ လူသူ တစ်စုံတစ်ယောက်မှ မရှိ လည်း အလိုလိုခံစားလာရ၏။

'ဝတ်ရုံရှင်....ခင်ဗျား ဘယ်မှာလဲ၊ ကျုပ်ရောက်လာပြီလေ ကျုပ်ကို ထွက်တွေ့ပါဦး'

သူ၏ စကားသံ ကျယ်လောင်စွာ ထွက်ပေါ်လာသော် လည်း မည်သည့် ထူးခြားမှုကိုမှ မတွေ့ရပေ။

ကျူးဖန်က ပတ်ဝန်းကျင်ကို တစ်ချက် ဝေ့ကြည့်၍....

'ဝတ်ရုံရှင်....ခင်ဗျား ထွက်လာမလား၊ ကျုပ်ဝင်လာရ မလား'



အတန်ကြာသည့် တိုင်အောင် တုံ့ပြန်သံ မကြားရသလို လူ ရိပ်လူယောင်လည်း မတွေ့ရသောကြောင့်....

'ကောင်းပြီ၊ ကျုပ်လာခဲ့မယ်'

ကျူးဖန်က ပြောရင်း အနီးရှိ အခန်းတစ်ခု အတွင်းသို့ ခပ်သွက်သွက် လှမ်းဝင်လိုက်၏။

အခန်းတံခါးမှာ စေ့ရုံသာ စေ့ထားသည်။

'ဂုန်း'

တံခါးကို ဂုန်းခနဲ ကန်းဖွင့်၍ အတွင်း ရောက်သွားသည် နှင့် တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်၏။

အတွင်းဘက်၌ အဖိုးတန် ပရိဘောဂများ စီမံ ခင်းကျင်း ထားသော ဧည့်ခန်းဖြစ်သည်ကို တွေ့လိုက်ရ၏။

မည်သူ တစ်စုံ တစ်ယောက်ကိုမှ မတွေ့ရသောကြောင့် နောက်ထပ် အခန်းတစ်ခု အတွင်းသို့ ပြေးဝင်လိုက်ပြန်တော့ သည်။

ထိုအခန်းထဲ၌လည်း လူသူ တစ်စုံတစ်ယောက်မှ မတွေ့ရှိ ရပေ။

သူသည် အခန်းပေါင်းများစွာကို ရှာဖွေပြီးသည့်တိုင် လူ သူ တစ်စုံ တစ်ယောက်မှ မတွေ့ရသောကြောင့် အံ့သြမိလေ သည်။

'တစ်ယောက်မှ မရှိပါလား၊ ဘယ်ရောက်ကုန်ပြီလဲ'

တွေးတောရင်း နောက်ထပ် အခန်း တစ်ခန်းကို ဖွင့်လိုက် သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် အခန်းတွင်းသို့ လှမ်းဝင်လိုက်စဉ်မှာပင် သူ၏ခြေလက်များ မြဲမြဲစွာ မရပ်နိုင်ဘဲ ကြမ်းပြင်ပေါ် ဒူးထောက်ကျသွားလေ၏။

အကြောင်းမှာ....

အခန်းတွင်း၌ လူနှစ်ဦး ရှိသည်၊

ထိုလူနှစ်ဦးမှာ သေဆုံးနေပြီ ဖြစ်သော သူ၏ ဖခင်ကျွဲလုံနှင့် မိခင် အောလျှံတို့ပင် ဖြစ်လေတော့သည်။

* * *

မုကျိသည် မျက်လုံး ဖျတ်ခနဲ ဖွင့်လိုက်၏။

'ခွပ် ခွပ် ခွပ်'

မြင်းခွာသံသည် ခပ်မှန်မှန်ပင် ထွက်ပေါ်နေ၏။

မုကျိသည် မှေးခနဲ အိပ်ပျော်သွားရာမှ ပြန်နိုးလာခြင်းဖြစ်သည်။

'အင်း....ခရီးအတော် ပေါက်လောက်ပြီ ထင်တယ်'



တွေးရင်း မြင်းလှည်းအိမ်ကို လက်ဝါးဖြင့် ပုတ်၍....

'ဟေး....တော်တော်ဝေးဝေး ရောက်ပြီလား'

သူ၏ စကားသံမှာ မြင်းခွာသံကို ထိုးဖောက်၍ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

မြင်းလှည်းမောင်းသမား ကောင်းစွာ ကြားလိမ့်မည်ဟု မုကျိ ယုံကြည်၏။

သို့သော်

မြင်းလှည်းမောင်းသူ ထံမှ တုံ့ပြန် စကားသံ မကြားရပါချေ။

မုကျိ မျက်မှောင်ကုတ်သွားသည်။

'ဟေ....ကျုပ်မေးတာ ကြားရဲ့လား'

ယခုတစ်ကြိမ်လည်း....

တုံ့ပြန်စကားသံ ထွက်ပေါ်လာသည်ကို မကြားရချေ။

မုကျိ ဒေါသဖြစ်သွားပြီး မြင်းလှည်း တံခါး တွန်းဖွင့်၍ အပြင်ဘက်သို့ ခေါင်းပြူကြည့်ရန် စိတ်ကူးလိုက်၏။

ထိုစဉ်....

မြင်းလှည်း တုံ့ခနဲ ရပ်သွားသည်ကို သိလိုက်ရ၏။

တစ်ဆက်တည်းမှာပင်....

မြင်းလှည်းပေါ်မှ လူတစ်ယောက် ပေါ့ပါးစွာ ခုန်ဆင်းသွားသော ခြေသံကို မုကျိကြားလိုက်ရ၏။

'ဘာတွေ ဖြစ်နေတာလဲ'

တွေးရင်း မြင်းလှည်းတံခါးကို ဖွင့်ပြီး ဆင်းလိုက်သည်။

'ဟား ဟား ဟား'

www.burmeseclassic.com

www.burmeseclassic.com



ရယ်မောသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသော ကြောင့် မုကျိုက လှမ်းကြည့်လိုက်၏။

'ဟင်…ဝတ်ရုံရှင်'

မှန်ပေသည်။

ရယ်မောသံမှာ ဝတ်ရုံရှင်၏ ရယ်မောသံပင် ဖြစ်သည်။

'မင်း သိပ်အံ့သြနေလား'

မုကျိုက တအံ့တသြဖြင့် ဝတ်ရုံရှင်အား ကြည့်ကာ…

'ခင်…ခင်ဗျား ဘယ်လိုလုပ်ပြီး ဒီကိုရောက်လာတာလဲ'

ဝတ်ရုံရှင်က ခမောက်ကို အနည်းငယ် ဆွဲမော့လိုက်ပြီး…

'မင်းဆရာဟောင် ကျုပ်ကိုမယုံနိုင်ဘူး၊ မင်းဆိုရင်တော့ အပျော့ပေါ့၊ မင်းဘာလုပ်နေတယ်ဆိုတာ ကျုပ်ကမျက်ခြည်မပြတ် စောင့်ပြီးကြည့်နေခဲ့တယ်ဆိုတာ မင်းမသိဘူး မဟုတ်လား'

မုကျိုက ပါးစပ်ပိတ်ထားလိုက်၏။

ဝတ်ရုံရှင်က ဆက်ပြောလိုက်၏။

'ရှန်ဆင်ကာလဲ သူလုပ်စရာရှိတာလုပ်ဖို့ သွားပြီ၊ သူကို ဘယ်သူကမှ တန့်တားနိုင်မှာ မဟုတ်တော့ဘူး၊ စီးကျင်နဲ့ မင်းယန်လဲ မျက်ခြည်ပြတ်သွားပြီ၊ မင်းကလွဲပြီး ကျုပ်ရဲ့ အကြောင်းကို ဘယ်သူမှ ဖော်ထုတ်နိုင်မှာ မဟုတ်တော့ဘူး'

မုကျို အံကြိတ်လိုက်၏။

'ခင်ဗျား ဒီလိုထင်ရင် မှားသွားမှာပေါ့၊ အခုနေသာ ခင်ဗျားပြန်သွားရင် ကျူးဖန်က ခင်ဗျားကိုဖမ်းဆီးဖို့ အဆင်



သင့် စောင့်ကြိုနေမှာပဲ၊ ခင်ဗျားရှိတဲ့နေရာကို ကျုပ်ကညွှန်ပြလိုက်ပြီ'

ဝတ်ရုံရှင်က ပခုံးတစ်ချက် တွန့်လိုက်ပြီး…

'မင်းက ကျုပ်ကိုအခုထိ အရူးတစ်ယောက်လို ထင်နေတုန်းပဲကိုး'

သူသည် စကားဆက်လိုက်၏။

'ကျူးဖန်ကို ကျုပ်ရှိတဲ့နေရာလွှတ်လိုက်မယ်ဆိုတာသိလို့ သူ့ရဲ့မိဘတွေကို ကျုပ်ကိုယ်တိုင် ကျုပ်အိမ်မှာ သတ်ထားခဲ့တယ်၊ အခုဆိုရင် ကျူးဖန်က သူ့မိဘတွေကိုဖက်ပြီး ငိုနေလောက်ပြီ၊ နောက်ပြီး ကျုပ်ကလဲ အဲ့ဒီအိမ်ကိုတစ်သက်လုံး မပြန်တော့ဘူး'

မုကျိုက ထိတ်လန့်တုန်လှုပ်သွား၏။

သို့သော်…

သူသည် ဟန်ဆောင်နေလိုက်ပြီး…

'ဘာပဲဖြစ်ဖြစ် တစ်နေ့နေ့တော့ ရှန်ဆင်က သတ်ရမယ့် စာရင်းထဲမှာ ခင်ဗျားပါလာမှာပဲ'

ဝတ်ရုံရှင်က ရယ်မောလိုက်၏။

'ဟား…ဟား…ဟား၊ သူကလဲ ဘာထူးသေးလဲ၊ မင်းလိုပဲ၊ ကွက်ကျော်မြင်တတ်တဲ့ကောင် မဟုတ်ဘူး၊ သူ့ဒေး ကြီး ကျန်းစန်ကို လုပ်ကြံခိုင်းပြီး စီးကျင်ကို သတင်းပေးခဲ့တာ ကျုပ်ပဲ…

'နောက်ပြီးမှ ကျုပ်တာ သူ့ရဲ့အသက်သခင် ကျေးဇူးရှင် အဖြစ်ခံယူပြီး ကျုပ်အလိုရှိတာတွေကို ခိုင်းခဲ့တာပေါ့၊ ဒါကို

www.burmeseclassic.com

www.burmeseclassic.com



သူက ကျန်းစန်ကိုသတ်ခိုင်းပြီး သတင်းပို့ခဲ့တဲ့သူကိုမသိဘူး ဖြစ်နေတယ်'

မုဂျီတစ်ကိုယ်လုံး တဆတ်ဆတ် တုန်လာသည်။

'ခင်....ခင်ဗျား တော်တော်ယုတ်မာပါလား'

သူကပြောပြီး မြင်းလှည်းပေါ်သို့တက်ကာ မောင်းထွက်ရန် ဟန်ပြင်လိုက်၏။

ဝတ်ရုံရှင်က ရယ်မောလိုက်ပြီး....

'မြင်းလှည်းပေါ်ကို မင်းတက်သွားမှ ကျုပ်အတွက်ပိုပြီး အဆင်ပြေသွားတယ်၊ အခုနေ မြင်းလှည်းကို ချောက်ထဲကျသွားအောင်လုပ်ဖို့ထက် လွယ်တဲ့အလုပ် ဘာရှိဦးမှာလဲ'

စကားဆုံးလျှင် ဝတ်ရုံရှင်သည် လက်တစ်ဖက်ကိုမြှောက်လိုက်၏။

သူ၏လက်ထဲ၌ ကျာပွတ်တစ်ချောင်းကို ကိုင်ဆောင်ထားသည်။

ကျာပွတ်မှာ ပီခနဲမြည်ပြီး မြင်းကျောကုန်းပေါ် ရွမ်းခနဲ ကျရောက်သွား၏။

ယခုမှ ဝတ်ရုံရှင်သည် ဟောင်းနွမ်းသော အဝတ်အစားနှင့် ခမောက်ဆောင်းထားသည်ကို သတိပြုလိုက်မိသည်။

ဝတ်ရုံရှင်သည် အနီရောင်အင်္ကျီနှင့် မျက်နှာဖုံးစွပ်ထားတတ်ပြီး ကျောပေါ်တွင် အနီရောင်ဝတ်ရုံ လွှမ်းခြုံ၍ထားတတ်သည်။



ယခု....

သူသည် မြင်းလှည်းသမားအဖြစ် ရုပ်ဖျက်ကာ ဤနေရာသို့ ရောက်အောင် သူ့အားခေါ်ဆောင်လာခြင်းပင် ဖြစ်လေသည်။

ဝတ်ရုံရှင်က မြင်းလှည်းမောင်းသမားဖြစ်နေလျှင် မြင်းလှည်း မောင်းသမားအစစ်က မည်သည့်နေရာရောက်ရှိနေပြီဆိုသည်ကို မေးစရာလိုတော့မည် မဟုတ်ချေ။

ကျာပွတ်ရိုက်ချက်ကြောင့် မြင်းလှည်းဆွဲသည့် မြင်းသည် ထခုန်လိုက်သည်။

ထိုအခါ....

တောင်ကုန်းထိပ်ဖျား ချောက်ကမ်းပါးဘေး၌ ရပ်ထားသော မြင်းလှည်းအိမ် လှုပ်ယမ်းသွား၏။

မုဂျီက မြင်းလှည်းပေါ်မှခုန်ဆင်းရန် ဟန်ပြင်လိုက်လေသည်။

သို့သော်....

နှောက်ကျသွားခဲ့ပြီ ဖြစ်၏။

မြင်းလှည်းအိမ် ယိမ်းယိုင်သွားပြီး ချောက်ကမ်းပါး အတွင်းသို့ အရှိန်ဖြင့် ထိုးကျသွားလေ၏။

မြင်းဟီသံများ ရှည်လျားစွာ ထွက်ပေါ်လာသည်။

'အား'

မုဂျီ၏ အထိတ်တလန့်အော်လိုက်သံသည် ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထောင်စောင်းနှင့် မြင်းလှည်းအိမ်တို့ရိုက်မိကာ တွဲအက်ကြေမွသွားသောအသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

မြင်းလှည်းမှာ အပိုင်းအစများအဖြစ် ချောက်ထဲကျသွားသည်။

'ဟား...ဟား...ဟား'

ဝတ်ရုံရှင်၏ သာဘောကျစွာရယ်မောသံမှာ အဝေးသို့တိုင် လွင့်ပျံ့သွားလေတော့၏။

* * *

ကျူးဖန်၏မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာလေသည်။

သူ၏တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေသည်။

သူ၏ အချစ်ဆုံးမိဘနှစ်ပါးက ကွယ်လွန်သွားခဲ့ချေပြီ။



မင်းယန်ထံမှ သက်ပြင်းချသံသဲ့သဲ့ ထွက်ပေါ်လာလေသည်။

တဆက်တည်းပင် စကားသံကြားလိုက်ရသည်။

'ညီလေး၊ မင်း...အနားယူဖို့ကောင်းပြီ'

ကျူးဖန်သည် ဆတ်ခနဲခေါင်းထောင်လာသည်။

မေှာ်မကျမ်းဦးရပ်နေသည့် မင်းယန်ရှင့်စီးကျင်တို့ကို မော့ကြည့်လိုက်သည်။

မင်းယန်နှင့် စီးကျင်တို့နှစ်ယောက် သူ့အားစိုက်ကြည့်နေသည်ကို မြင်လိုက်ရသည်။

'အစ်ကိုကြီးနဲ့ ဆရာစီးကျင်ကို ကျွန်တော် ကြည့်ညိုလေးစားပါတယ်၊ ကျေးဇူးပြုပြီး ကျွန်တော့်ကို အလုပ်ထွက်ခွင့်ပြုပါ၊ ကျွန်တော့် မိဘတွေ သတ်သွားတဲ့လူကို ကျွန်တော်ကိုယ်တိုင် လက်စားချေခွင့်ပြုပါ၊ ကဲ...ကျွန်တော့်ကို သွားခွင့်ပြုပါ'

စကားဆုံးသျှင် ချာခနဲလှည့်ကာ ထွက်သွားလေတော့သည်။

မင်းယန်နှင့်စီးကျင်တို့က ဟန့်တားခြင်း မပြုကြပါချေ။

စီးကျင်က မင်းယန်ကိုစိုက်ကြည့်ကာ....

'မင်း...ဘယ်လိုသဘောရသလဲ'

မင်းယန်က ပြုံးလိုက်ပြီး

'သူ့အတွက် ကျွန်တော် တာဝန်ထားပါ၊ သူဟာ အတွေ့အကြုံ နုနယ်သေးတာမို့ အမှားအယွင်းဖြစ်ခဲ့တာပါ'

စီးကျင်က ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်းကတော့ ဘယ်တော့မဆို သူ့အပေါ် သက်ညှာတယ်ဆိုတာ ကျုပ်သိပြီးသားပဲ၊ ကဲ…ဒါတွေထားပါဦး၊ ရွှန်ဆင်ကိစ္စ ဘယ်လိုလဲ'

မင်းယန်က သက်ပြင်းချပြီး….

'သူ့အသက်ရှင်နေသေးတာ အမှန်ပဲ၊ ဒါကို ကျွန်တော်တို့ သိထားပြီးပြီပဲ'

စီးကျင်က ခေါင်းယမ်းပြီး….

'သိနေတာနဲ့ မပြီးသေးဘူး၊ သူဘယ်ရောက်နေလဲဆိုတာ သိဖို့အရေးကြီးတယ်….'

'အခုပဲကြည့်လေ၊ သူ့ငွေကြေးကျန်းစန်း သေဆုံးသွားပြီ မဟုတ်လား'

မင်းယန်က ခေါင်းညိတ်လိုက်သည်။

'မှန်ပါတယ်၊ ရွှန်ဆင် အသက်ရှင်နေသမျှကာလပတ်လုံး ဒုက္ခရောက်ရမယ့် လူတွေက တစ်နေ့တစ်ခြား များလာမှာပဲ'

'အေး…ဟုတ်တယ်၊ ဒါပေမယ့် ရွှန်ဆင်လက်ချက်နဲ့ သေဆုံးသွားတဲ့လူတွေဟာ မတရားတဲ့လူယုတ်မာတွေ၊ လူကြီးလူကောင်းအဖြစ် ဟန်ဆောင်နေတဲ့ လူလိမ်လူညာတွေချည်းပဲ၊ အခု သူ့ကို ပြန်ပြီးဖမ်းဆီးဖို့ မင်းတာဝန်ယူမလား'

'ကျွန်တော် တာဝန်ယူပါတယ်'

'ကောင်းပြီ၊ အခုအချိန်ကစပြီး သုံးလအတွင်း သူ့ကို ဖော်ထုတ်ဖမ်းဆီးရမယ်၊ သူ့ကိုဖမ်းမိတာနဲ့ နောက်ကွယ်က ကြိုးကိုင်လှုပ်ရှားနေတဲ့ ဒုစရိုက်အဖွဲ့ကြီးတစ်ခုကိုပါ ဖြိုခွဲနိုင်မယ်လို့ ကျုပ်ယူဆတယ်'



မင်းယန်က ခေါင်းညိတ်လိုက်သည်။

'စိတ်ချပါ၊ ကျွန်တော်ကြိုးစားပါ့မယ်၊ ကျွန်တော့်ကို သွားခွင့်ပြုပါဦး'

သူသည် ခွင့်တောင်းကာ ချာခနဲလှည့်ထွက်သွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

ပန်းဝက်ပေါ

စည်ကားသိုက်မြိုက်လှသည့် မြို့ကလေးအတွင်းသို့ မ
ယန် လှမ်းဝင်မိသည်နှင့် ထူးခြားမှုတစ်ခုကို သတိထားမိလို
သည်။

သူသတိထားမိလိုက်သည့် ထူးခြားမှုမှာ စားသောက်ဆိ
တစ်ဆိုင်ရှေ့သို့ ရောက်ရှိလာသူများဖြစ်သည်။

လမ်းမကျယ်ကြီးဘက်ရှိ ခန့်ညားထည်ဝါသော စ
သောက်ဆိုင်ရှေ့တွင် သူတောင်းစားတစ်ယောက် ဒူးထေ
ထိုင်ကာ တောင်းရမ်းနေသည်။

များသောအားဖြင့် စားသောက်ဆိုင် ပိုင်ရှင်များသ
ဆိုင်ရှေ့၌ သူတောင်းစားရှိနေသည်ကို သဘောမကျတတ်
ချေ။



ယခု....

သူတောင်းစားအား မောင်းထုတ်ပစ်နေသူမရှိဘဲ ဖြစ်နေသည်။

ထို့အပြင်

စားသောက်ဆိုင်ပေါ်သို့ လှမ်းတက်သွားသူများကလည်း သူတောင်းစားအား ငွေများ ပေးကမ်းစွန့်ကြဲ နေကြသေးသည်။

မင်းယန် စိတ်ဝင်စားမိသည်မှာ သူတောင်းစားနှင့် စားသောက်ဆိုင်ထဲသို့ ဝင်သွားသူအချို့ပင်ဖြစ်သည်။

ထိုလူများသည် စားသောက်ဆိုင်ကို ဖြတ်ကျော်သွားပြီးမှ သူတောင်းစားကို သတိပြုမိသွားပြီး ပြန်လှည့်လာကာ စားသောက်ဆိုင်ထဲ ဝင်သွားကြ၏။

ထိုအချက်ကို သတိပြုမိသည်နှင့် ထူးခြားမှုတစ်ခုခု ရှိနေပြီဖြစ်ကြောင်း မင်းယန် ရိပ်မိလိုက်သည်။

ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ စားသောက်ဆိုင်ဆီသို့ ဦးတည်လျှောက်သွားသည်။

စားသောက်ဆိုင်ရှေ့သို့ ရောက်လျှင် သူတောင်းစားကို တစ်ချက် အကဲခတ်ကြည့်လိုက်၏။

သူတောင်းစားမှာ အသက်ငါးဆယ်ကျော်ခန့်ရှိ အဘိုးအိုတစ်ယောက်ဖြစ်သည်။

မင်းယန်ကိုမြင်လျှင်

'မောင်ရင်လေးရယ်၊ သနားသဖြင့် ပေးကမ်းစွန့်ကြဲခဲ့ပါဦး'

www.burmeseclassic.com

www.burmeseclassic.com



မင်းယန်က အကျႌအိတ်ထဲက ငွေတုံးတစ်တုံးနှိုက်ယူကာ သူတောင်းစားရှေ့၌ရှိသော ခွက်ထဲသို့ထည့်လိုက်၏။

သူတောင်းစားက

'အခုလို ပေးကမ်းတဲ့အတွက် အသက်ရာကျော် ရှည်ပါစေ၊ ရေလိုအေးလို ပန်းလိုမွှေးပါစေ၊ တစ်ဆယ်တန် အစားအသောက် စားနိုင်ပါစေ'

မင်းယန် မျက်မှောင်ကြုတ်သွားမိသည်။

သူတောင်းစား၏ နောက်ဆုံးစကား၌ တစ်ဆယ်တန် အစားအသောက် စားသောက်နိုင်ပါစေဟု ပါလာ၏။

မင်းယန်သည် တွေးတောရင်း စားသောက်ဆိုင်တွင်းသို့ လှမ်းဝင်လာခဲ့သည်။

စားသောက်ဆိုင်တွင်းသို့ ရောက်သည်နှင့် ဆိုင်လုလင်များ ထွက်၍ကြိုဆိုလာသည်။

ဆိုင်လုလင်တစ်ယောက်က....

'ဆရာလေး စိတ်တော့ မရှိပါနဲ့၊ ဘယ်လို အစားအသောက်မျိုး စားမယ်ဆိုတာ ကြိုတင် အမိန့်ရှိပါခင်ဗျာ'

မင်းယန်လည်း သူတောင်းစား ပြောလိုက်သည့် စကားကို စဉ်းစားနေရာမှ....

'တစ်ဆယ်တန် အစားအသောက် စားမယ်'

ဟု လွှတ်ခနဲ ပြောလိုက်မိသည်။

သူ၏စကားကြားလျှင် ဆိုင်လုလင်များ လေးစားသွားကြသည်။



'ဪ...ဆရာလေးက အထူးဧည့်သည်ကိုး၊ ကြွပါဗျာ... ဟောဒီဘက်ကိုကြွပါ'

စားသောက်ဆိုင် အရှေ့ဖက် ခန်းမကို ဖြတ်၍ ဝဲဖက်ရှိ အခန်းတစ်ခုသို့ ခေါ်သွားကြခြင်း ဖြစ်၏။

မင်းယန်လည်း သတိထားမှ ဖြစ်မည်ဟု ဆင်ခြင်၍ လိုက်သွားသည်။

အမှန်စင်စစ်....

သူသည် ရှန်ဆင်၏ သတင်းကို စုံစမ်းရင်း ထိုနေရာဆီသို့ ရောက်လာခြင်း ဖြစ်သည်။

ယခု....

မမျှော်လင့်ဘဲ အရှုပ်အထွေးတစ်ခု အတွင်း ပါဝင်ပတ်သက်မိပြီ ဖြစ်သည်။

ဆိုင်လုလင်များသည် လက်ဝဲဖက်ရှိ အခန်းကြီး တစ်ခု အတွင်းသို့ မင်းယန်အား ပို့ပေးလိုက်ကြ၏။

ထိုအခန်းတွင်း၌ သူ့ထက် အရင် လူတစ်စု ရောက်ရှိနေကြသည်။

ထိုလူများသည် သိုင်းပညာ တတ်မြောက်ထားသူများ ဖြစ်ကြောင်း မြင်ရုံဖြင့် မင်းယန် ရိပ်မိလိုက်၏။

ထိုလူများမှာ စုစုပေါင်း ဆယ်ဦးခန့်ရှိပြီး လူစုခွဲ ထိုင်နေကြသည်။

တစ်ယောက်နှင့် တစ်ယောက် စကားမပြောကြပေ။

မင်းယန်လည်း ခပ်တည်တည် လျှောက်သွားပြီး လွတ်နေသည့် စားပွဲဆက်လုံး၌ ထိုင်ချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးဦးက စကားစ၍ မေးမြန်းလာမည်ဟု ယူဆမိလိုက်သည်။

သို့သော်....

မည်သူ တစ်ဦးတစ်ယောက်ကမှ သူ့အား အရေးမစိုက်ဘဲ အခန်းဆီသို့သာ ငေးကြည့်နေကြသည်ကို တွေ့ရ၏။

ထို့ကြောင့်....

ထိုလူများမှာ တစ်စုံတစ်ယောက်ကို စောင့်နေကြခြင်း ဖြစ်သည်ကို ရိပ်မိလာသည်။

ထိုလူများသည် မည်သူမည်ဝါဖြစ်သည်ကို လည်းကောင်း မည်သူ့အား စောင့်မျှော်နေသည်ကို လည်းကောင်း မင်းယန်မသိပါ။

ထိုစဉ်....

ထိုင်လူလင်များ ရောက်ရှိလာကြပြီး စားသောက် ဖွယ်ရာများ ချထားပေးသည်။

စားသောက်ဖွယ်ရာတို့မှာ ထူးထူးခြားခြား မရှိဘဲ အရက်နှင့် ဟင်းလျာ နှစ်မျိုးသာ ဖြစ်၏။

အခန်းတွင်းရှိ လူများသည် အစားအသောက်ကို စိတ်မဝင်စားသလို လက်ဖျားနှင့်ပင် မတို့ကြ သောကြောင့် မင်းယန်လည်း စားသောက်ဖို့ မစဉ်းစားပါ။

အခန်းတွင်း၌ ထိုင်နေသူများကို မသိမသာအကဲခတ်ကြည့်ရင်း တစ်ဦးကို သတိပြုမိလိုက်သည်။

'အင်း....ဒီလူ့ရဲ့ ကျောပေါ်က ဓားက အပြားကျယ်တဲ့ဓားပဲ၊ ပါးပေါ်မှာ ဒဏ်ရာကြီး ရှိတယ်၊ မဟုတ်မှ လွဲရော ဒီ...



...တာ နာမည်ကြီး ကျောက်ဖြူဂိုဏ်း ဓားသမား စုဖိန်ဖြစ်ရမယ်'

ဟု တွေးလိုက်မိသည်။

ဓားသမားစုဖိန်ဆိုသူမှာ သိုင်းလောကတွင် ကျော်ကြားသည့် သိုင်းသမား တစ်ဦးဖြစ်၏။

ဓားသမား စုဖိန်ကို တွေ့လျှင် မင်းယန် ပို၍ စိတ်ဝင်စားလာသည်။

ထိုစဉ်....

ခြေသံများ ထွက်ပေါ်လာသည်ကို ကြားရပြီး လူတစ်ဦး လှမ်းဝင်လာသည်ကို တွေ့မြင်ရ၏။

အခန်းတွင်းသို့ ဝင်လာသူမှာ စားသောက်ဆိုင်အပေါက်ဝတွင် တွေ့ခဲ့ရသော သူတောင်းစားကြီး ဖြစ်သည်။

သို့သော်....

ယခု တွေ့ရသော သူတောင်းစားမှာ စုတ်ပြတ် ပေကျံနေသည့် အဝတ်အစားများနှင့် မဟုတ်ဘဲ သစ်လွင် တောက်ပသော အဖိုးတန် ပိုးဖဲအင်္ကျီများ ဝတ်ဆင်ထားလေ၏။

သူတောင်းစား အဘွင်းဘက် ရောက်လာလျှင် အားလုံး ထိုင်ရာမှ ထ၍ ဂါရဝပြုလိုက်သည်။

သူကလက်ဝှေ့ယမ်း၍....

'ထိုင်ကြပါ....ထိုင်ကြပါ၊ ကျုပ်က ဘာကြောင့် ခင်ဗျားတို့ကို ဖိတ်ခေါ်လိုက်ရတယ် ဆိုတာ အခု ရှင်းပြပါမယ်ဗျာ'

တစ်ဆက်တည်းပင်....

ဓားသမား စုဖိန်ကို လက်ညှိုးညွှန်ရင်း....

www.burmeseclassic.com

www.burmeseclassic.com



'ဟောဒီက ခေါ်သမား စုဖိန်ကို အားလုံး သိကြမှာပေါ့၊ အခုကိစ္စက စုဖိန်က အကူအညီတောင်းလာတဲ့ အတွက် ကျုပ်က မိတ်ဆွေတို့ဆီမှာ ပြန်ပြီး အကူအညီတောင်းရတာပဲ'

သူ၏ စကားအဆုံးတွင် ခေါ်သမား စုဖိန်က ထိုင်ရာမှ ထလိုက်သည်။

အားလုံးကို လက်နှဖဖက်ဆုပ်၍ ဦးညွှတ်ရင်း....

'မှန်ပါတယ်ဗျာ၊ ကျောက်ဖြူဂူမှာ ပြဿနာတစ်ရပ် ပေါ်ပေါက်လာတာမို့ ဆရာကြီးလေ့ဆီလာပြီး အကူအညီတောင်းခဲ့တာပေါ့....

'ဆရာကြီးလေ့ တစ်ယောက်ပဲ ကူညီနိုင်မယ်ဆိုတာ ကျုပ်တို့ သိထားပါတယ်၊ ဆရာကြီးလေ့က တစ်ဆင့် အခု ကြွရောက်လာတဲ့ မိတ်ဆွေတွေကို ကျေးဇူး တင်ကြောင်း ပြောပါရစေ ခင်ဗျာ'

အားလုံးသည် ဆရာကြီးကို တစ်လှည့်၊ ခေါ်သမားစုဖိန်ကို တစ်လှည့် ကြည့်လိုက်ကြသည်။

စုဖိန်၏ စကားအဆုံးတွင် ဆရာကြီးလေ့က ပြောလိုက်ပြန်သည်။

'ဒီကို ရောက်လာသူ အားလုံးဟာ ဘယ်လို လူစားတွေဆိုတာ ကျုပ်သိပြီးသားပါ၊ ဒီတော့ ကျောက်ဖြူဂူဟာ ကျုပ်နဲ့ ပတ်သက်နေတာမို့ တကယ်လို့များ ပက်သက်မိခဲ့ရင် ကိုယ့်အချင်းချင်း နားလည်မှု ရအောင် ကြားဝင် စေ့စပ်ပါရစေလား၊ တစ်ယောက်ယောက်တော့ ကျောက်ဖြူဂူနဲ့ ပတ်သက်မှု ရှိမယ်ထင်တယ်'



ထိုအခါ....

ဝဝဖိုင့်ဖိုင့်လူတစ်ယောက် မတ်တတ်ရပ်လာသည်။

ထိုလူဝကြီးက ဆရာကြီးလေ့နှင့် စုဖိန်ကို တစ်လှည့်စီ အကဲခတ်ကြည့်လိုက်ပြီး....

'ကျောက်ဖြူဂူက လူတွေနဲ့ သိကျွမ်းရတာကို ကျုပ်သဘောကျပါတယ်၊ ဒါပေမယ့် ဘယ်လိုပြဿနာမျိုးဖြစ်ပေါ်နေတယ်ဆိုတာကို ရှင်းရှင်းလင်းလင်း ပြောပြစေချင်တယ်၊ ဒါမှလဲ အဖြေမှန်ရနိုင်မယ် မဟုတ်လား၊ ပဟေဠိဝှက်သလို ပြောဆိုနေလို့ကတော့ အချိန်ကုန်ရုံပဲ ရှိမှာပဲ'

ဆရာကြီးလေ့က ပြုံးလိုက်ပြီး....

'ကောင်းပြီလေ၊ အားလုံးက ရှင်းရှင်းလင်းလင်းပြောစေချင်တယ်ဆိုရင်လဲ ရှင်းရှင်းပဲပြောမယ်၊ ကျောက်ဖြူဂူအတွက် တောင်ပိုင်းက အဖိုးတန်ပတ္တမြားတွေ သယ်ဆောင်လာတဲ့ ပျံလွှားနှစ်ဖော်ဟာ ဒီမြို့ကထွက်သွားပြီးနောက် ကျောက်ဖြူဂူကိုမရောက်ဘဲ လမ်းမှာ သတင်းအစအန ကွယ်ပျောက်ပြီး သွားခဲ့တယ်....

'ကျောက်ဖြူဂူက လူတွေဟာ ပျံလွှားနှစ်ဖော်ကို တစ်ယောက်ယောက်က ရှင်းပစ်ပြီး ပတ္တမြားတွေ အပိုင်စီးထားတယ်လို့ ထင်နေတယ်၊ အဲဒီလူကိုဖော်ထုတ်ပေးဖို့လဲ ကျုပ်ကို အကူအညီတောင်းထားတယ်၊ ဒီလောက်ဆိုရင် ရှင်းလောက်ပါပြီ'

သူ၏စကားမှာ ရှင်းလင်းပြတ်သားလှပေ၏။

အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



မင်းယန်သည် မဆီမဆိုင် အရုပ်တော်ပုံတစ်ခုနှင့် ဝင်တိုးမိသည့်အတွက် သက်ပြင်းချလိုက်မိ၏။

သို့သော်....

သိုင်းလောက၌ သောင်းကျန်းနေသည့် နာမည်ကြီးသိုင်းသမားများနှင့် တွေ့ရသည်က အမြတ်ထွက်သည်ဟု ယူဆ၍ထားလေ၏။

ဆရာကြီးလေ့၏စကား ဆုံးသွားသည်နှင့် လူတစ်ယောက် ထရပ်လာသည်ကို မြင်ရလေ၏။

ထိုလူမှာ အလွန်အရပ်ရှည်သူတစ်ယောက် ဖြစ်လေသည်။

ထိုလူက ဆရာကြီးလေ့ကို စိုက်ကြည့်ရင်း....

'ဆရာကြီးလေ့ပြောတဲ့ စကားအရ ကျောက်မြို့အတွက် သယ်ဆောင်လာတဲ့ ပစ္စည်းတွေ ပျောက်ဆုံးသွားတာဟာ ကျုပ်တို့လက်ချက် ဖြစ်ရမယ်လို့ စွပ်စွဲတဲ့သဘောလား'

ဆရာကြီးလေ့က လက်ကာပြလိုက်၏။

'ကျုပ်က စွပ်စွဲနေတာမဟုတ်ဘူး၊ အဖြစ်မှန်ကို ပြောနေတာပါ၊ ကျောက်မြို့အတွက် ပဏ္ဏာများတွေသယ်ဆောင်လာတဲ့ ပျံလွှားနှစ်ဖော်ဟာ လုံးဝပျောက်ဆုံးသွားကြတယ်....

'ဒီတော့ ကိုယ့်အချင်းချင်း လူများတိုက်ခိုက်မိတယ်ဆိုလဲ ပျံလွှားနှစ်ဖော်အတွက် အရေးမကြီးပါဘူး၊ ပဏ္ဏာများတွေ ပြန်ရရင် ကျောက်မြို့က ကျေနပ်နိုင်တယ်ဆိုတာ ရှင်းအောင် ပြောတာပါ'

အရပ်ရှည်သောလူက ခေါင်းထစ်ချက် ပုလိုက်ပြီး....



'ဆရာလေ့ ရှင်းအောင်ပြောမှ ပိုပြီးရှုပ်ထွေးသွားတယ်၊ ဘယ်သူက ပျံလွှားနှစ်ဖော်ကို တိုက်ခိုက်ခဲ့တာလဲ၊ ကျုပ်လား၊ လူဝကြီးလား၊ ဒါမှမဟုတ် ဘယ်သူလဲ'

ဆရာကြီးလေ့ ငိုင်သွားခလသည်၊

ထိုစဉ်မှာပင်....

ရုတ်တရက် စကားသံ ထွက်ပေါ်လာသည်။

'နေဦး.... တစ်ယောက်ကို တစ်ယောက် စွပ်စွဲပြောဆိုပြီး အသင်အမြင် လွဲနေကြမယ့် အစား အဖြစ်အပျက်အမှန်ကို စဉ်းစားကြတာ မကောင်းဘူးလား၊ အဲဒီနေ့က မြို့တံခါးအနီးမှာ ပျံလွှားနှစ်ဖော်ကို ကျွန်မ တွေ့ခဲ့သေးတယ်မှင့်'

အားလုံးက ကြည်လင် ပြတ်သားသော အသံရှင်ထံသို့ စိတ်ဝင်စားစွာ လှမ်းကြည့်လိုက်ကြ၏၊

ထိုအခါ....

အသံရှင်မှာ အဖြူရောင်ဝတ်ဆင်ထားသည့် မိန်းကလေးတစ်ယောက်ဖြစ်နေသည်ကို တွေ့ရ၏။

ဆရာကြီးလေ့က ခေါင်းဘဆတ်ဆတ် ညိတ်လိုက်၏။

'လက်စသတ်တော့ ဒေဝီကိုး၊ ကဲ....ဆိုစမ်းပါဦး၊ ပျံလွှားနှစ်ဖော်ကို မြို့ရိုးတံခါးနားမှာ တွေ့တယ်မဟုတ်လား'

ခါးဒေဝီက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါရဲ့ရှင်၊ သူတို့နှစ်ယောက်ဟာ အိတ်တစ်လုံးစီကို လွယ်ပိုးပြီး မြင်းကို ဒုန်းစိုင်းသွားကြတယ်၊ သူတို့ကိုကြည့်ရတာက ရေးကြီးသုတ်ပျာ နိုင်လှတာမို့ ကျွန်မ သတိထားမိလိုက်တာပါ၊ သူတို့နောက်ကို လိုက်ကြည့်ဖို့ စိတ်ကူးသေး

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒါပေမယ့် လူတစ်ယောက်ကြောင့် မလိုက်ဖြစ်ခဲ့ဘူး ရှင်’

စုဖိန်က ကြားဖြတ်၍ အင်မ်းမရမေးလေသည်။

ခေးဒေဝီက ပြုံးလိုက်လေ၏။

သူမ၏အကြည့်က လူတစ်ယောက်ဆီသို့ ရောက်ရှိလာလေသည်။

သူမ စကားတစ်ခွန်းမှ မပြောပါဘဲလျက် စုဖိန်၏စကားကို အဖြေပေးပြီးသား ဖြစ်သွား၏။

အားလုံး၏ အကြည့်မှာ ထိုလူထံသို့ စုပြုံ ကျရောက်သွားသည်။

ထိုလူလည်း မနေသာတော့ဘဲ ထိုင်ရာမှ ထရပ် လာရလေသည်။

ထိုလူမှာ မီးခိုးရောင် အဝတ်အစားများ ဝတ်ဆင်ထားသူ တစ်ဦးဖြစ်၏။

ခန္ဓာကိုယ် ကျစ်လစ် တောင့်တင်းပြီး ယောကျ်ားပီသသော ရုပ်ရည်ရှိသူ ဖြစ်၏။

သူ၏ ခါး၌ ခေးနှစ်လက် ချိတ်ထားသည်။

သူ့အမည်မှာ ခေးဝိဇ္ဇာ မန်းဟုန် ဖြစ်၏။

‘ခေးဒေဝီပြောတာ မှန်ပါတယ်ဗျာ၊ ပျံလွှားနှစ်ဖော်ထွက်သွားကြတာကို ကျုပ်တွေ့ပါတယ်၊ ဒါကြောင့် စိတ်ဝင်စားပြီး နောက်က လိုက်ကြည့်တာပါ....



‘ဒါပေမယ့် .... ကျုပ်ကလဲ လူတစ်ယောက်ကို မြင်တာနဲ့ စတင် မလိုက်ဘဲ နောက်ပြန်လှည့်ခဲ့တယ်ဗျ၊ ဒါကိုတော့ ခေးဒေဝီ သိမှာ မဟုတ်ဘူး’

ခေးဒေဝီက မျက်မှောင်ကုတ်သွားပြီး မန်းဟုန်အား စိုက်ကြည့်၍....

‘ဘာလဲ ရှင်က နောက်ပြန်လှည့်ခဲ့တယ် ဟုတ်လား၊ အင်း ဖြစ်နိုင်တာပဲ၊ ရှင့်ဒီလောက် နာမည်ကြီးပြီး ပျံလွှားနှစ်ဖော်ကို လွယ်လွယ်ကူကူ သတ်ပစ်နိုင်မှာတော့မဟုတ်ဘူး၊ ကဲ....ပြောစမ်းပါဦး၊ ရှင်က ဘယ်သူကိုများ တွေ့ခဲ့လို့လဲ’

မန်းဟုန်က ပြောလိုက်သည်။

‘တိမ်ဖောက်ငှက်’

ခေးဒေဝီသည် ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

စကားပြောရန်ဟန်ပြင်ပြီးမှ ဘာမှ မပြောတော့ဘဲ ပါးစပ်ပိတ်ထားလိုက်သည်။

နေရာ၌လည်း ပြန်လည် ထိုင်ချလိုက်၏။

အခန်းတွင်း၌ တိတ်ဆိတ် သွားပြန်သည်။

မင်းယန်က ရင်ထိတ်နေ၏။

မန်းဟုန်ပြောလိုက်သော တိမ်ဖောက်ငှက်ဆိုသည့်အမည်ကို သူကောင်းစွာ ကြားဖူးထား၏။

တိမ်ဖောက်ငှက်မှာ လွန်စွာ ကြောက်စရာကောင်းသော ခေးပြကြီး တစ်ဦး မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ရှိန်ဆင်သို့ လိုက်နေမည့်အစား တိမ်ဖောက်ငှက်ကို လိုက်လံ ဖမ်းဆီးခြင်းက ပိုပြီး သင့်လျော်မည်ဟု တွေးမိ လိုက်တော့သည်။

စုဖိန့်၏ စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

'ဘာပြောတယ်၊ တိမ်ဖောက်ငှက် ဟုတ်လား'

'ဟုတ်တယ်....သူတို့ မြို့ထဲမှာ ဆက်ပြီးမနေရဲဘဲသွက်သွက်သွားတာဟာ တိမ်ဖောက်ငှက် သူတို့နောက်ကို လိုက်နေလို့ပဲ၊ရှင်းရှင်း ပြောမယ်....

'ပျံလွှားနှစ်ဖော်ဟာ တောင်ပိုင်းက ပတ္တမြားတွေယူလာတယ်ဆိုတာ လူအတော်များများ သိထားကြတယ်၊ဒါကြောင့် အခြေအနေ စောင့်ကြည့်နေကြတာပဲ....

'ဒါပေမယ် ....တိမ်ဖောက်ငှက်ကို တွေ့လိုက်ရတာနဲ့ အားလုံး နောက်ဆုတ်ကုန်ကြတယ်ဆိုတာ မှတ်ထားပါဗျာ'

ဆရာကြီးလေ့က ခေါင်းတဆတ်ဆတ် ညိတ်လိုက်လေတော့သည်။

'လက်စသတ်တော့ တိမ်ဖောက်ငှက် လက်ချက်ကိုး'

စုဖိန့် မျက်နှာပျက်သွားသည်။

ဆရာကြီးလေ့က စုဖိန့်ဘက်သို့ လှည့်လိုက်ပြီး....

'ကဲ....ခင်ဗျားကြားတဲ့အတိုင်းပဲ၊ တိမ်ဖောက်ငှက်ကသာ ဒုက္ခပေးချင်နေတယ်ဆိုရင် ကျုပ်လဲ ဘာမှ တတ်နိုင်မှာမဟုတ်ဘူး'

စုဖိန့်က ဒေါပွသွားသည်။



'တောက်....တိမ်ဖောက်ငှက်က ပျံလွှားနှစ်ဖော်ကို ရှင်းပစ်လိုက်တာကိုး၊ အခုလို ရှင်းရှင်းလင်းလင်း သိရလို့ ကျေနပ်သွားကြပါပြီဗျာ၊ ဒီကိစ္စကို ဂိုဏ်းချုပ်ကြီးထံ တင်ပြလိုက်ပါမယ်....

'တိမ်ဖောက်ငှက်နဲ့ ကျုပ်တို့ စာရင်းရှင်းပါမယ်၊ ဒီကမိတ်ဆွေ အားလုံးကို အားလဲနာပါတယ်၊ ကျေးဇူးလဲ တင်ပါတယ်ဗျာ'

ပြောရင်း လက်နှစ်ဖက်ဆုပ်၍ ဦးညွှတ် အရိုအသေပြုလိုက်လေသည်။

စုဖိန့်က တောင်းပန်လိုက်ရာ အားလုံး ကျေနပ်သွားကြသည်။

သူ့အတွက် ထူးခြားသော ကိစ္စရပ်တစ်ခုကို သိလိုက်ရပြီ ဖြစ်သည်။

အားလုံး ပြေပြသည်လည်း ဖြစ်သွားခြင်းကြောင့် ဆရာကြီးလေ့လည်း ကျေနပ်သွားပုံ ရ၏။

'ဒီနေရာကို ရောက်လာအောင် ကျုပ်ကပဲ စုစည်းလိုက်တာပါ၊ ဒီတော့ အားလုံးအတွက် ကျုပ်ပဲ အကုန်အကျခံပြီး ကျွေးမွေးပါရစေ'

'တိမ်ဖောက်ငှက်ရဲ့သတင်းကြားသိရင်လဲ ချက်ချင်းသတင်းပို့ကြဖို့ မေတ္တာရပ်ခံပါတယ်ဗျာ'

စကားဆုံးသျှင် လက်ခုပ်တစ်ချက် တီးလိုက်၏။

လက်ခုပ်သံ အဆုံးတွင် လူတစ်ယောက် ပြေးဝင်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးလေ့က လက်ဝှေ့ယမ်းပြရင်း....

'ဟေ့....အကောင်းစား အရက်နဲ့ စားစရာ သောက်စရာတွေ ယူခဲ့စမ်း'

ထိုလူက ခေါင်းညိတ်၍ ထွက်သွားသည်။

သူပြန်လည် ဝင်ရောက်လာသော အခါ အကောင်းဆုံးအရက်နှင့် အကောင်းစား စားသောက်ဖွယ်ရာများ ယူဆောင်လာသည်။

အခန်းတွင်းသို့ ရောက်ရှိနေသူ အားလုံးအတွက် အလုံအလောက် ယူဆောင်လာပေး၏။

ဆရာကြီးလေ့မှာ ဤမျှအရှိန်အဝါ ကြီးမားနေသည်ကိုမြင်လျှင် မင်းယန် လက်ယားလာသည်။

ဆရာကြီးလေ့ကို ဆုံးမပြီး ထိုက်သင့်သော အပြစ်ဒဏ်ပေးလိုစိတ်များ ပေါ်ပေါက်လာ၏။

ဆရာကြီးလေ့မှာ မည်သို့သော လူစားဖြစ်ကြောင်း သိရှိယ်သော်လည်း လက်တွေ့ မပြနိုင်ချေ။

အပြစ်ပေး အရေးယူဖို့ သက်သေ အထောက်အထား မရှိပါချေ။

ဆရာလေ့က လက်ဝေ့ယမ်းပြ၍ စားသောက်ကြဖို့အချက်ပြလိုက်၏။

ထိုစဉ်....

အခန်းထဲသို့ ဆိုင်လုလင်တစ်ယောက် ခပ်သုတ်သုတ် ပြေးဝင်လာပြီး ဆရာလေ့ အနီးသို့ ကပ်၍ တစ်စုံတစ်ခု တိုးတိုးပြောဆိုလိုက်သည်ကို တွေ့ရ၏။



ပြီးလျှင်....

စုဖိန်ကို လက်တို့ခေါ်ပြီး အခန်းတွင်းမှ ထွက်သွားလေသည်။

အခြားသူများက တိမ်ဖောက်ငှက် အကြောင်း ပြောဆိုနေကြသဖြင့် ဆရာလေ့ ထွက်သွားသည်ကို ပေါ့ပေါ့တန်တန်ပင် သဘောထားလိုက်ကြ၏။

ပျံလွှားနှစ်ဖော် ပျောက်ဆုံးသွားရခြင်း အတွက် အနီးစပ်ဆုံး အဖြေမှန် ပေါ်ထွက်လာပြီဖြစ်၍လည်း ဆရာလေ့နှင့် စုဖိန်တို့ ကျေနပ်သွားကြပြီးဟု ယူကြည် ထားကြလေတော့သည်။

စားသောက် ရယ်မောရင်း နီးစပ်ရာ အချင်းချင်း ပြောဆိုနေကြလေ၏။

မင်းယန်မှာမူ တစ်ကိုယ်တည်းသမား ဖြစ်သည်။

စကားပြောစရာ မိတ်ဆွေ မရှိခြင်းကြောင့် သူများပြောသမျှ စကားတို့ကိုကြား နားထောင်နေသူ ဖြစ်၏။

သူများစကား နားထောင်နေသလို သူတစ်ပါး၏လှုပ်ရှားမှုဟူသမျှကိုလည်း မျက်ခြည်မပြတ် စောင့်ကြည့်နေသူ ဖြစ်လေသည်။

ထိုကြောင့်....

ဆရာလေ့နှင့်စုဖိန်တို့ သုတ်သီးသုတ်ပျာ ထွက်သွားကြသည်မှာ သေချာပေါက်သေးရိုးသားရိုး မဖြစ်နိုင်ဟု ယူဆမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက အခြားလူများကို အကဲခတ်ကြည့်ရင်း မသိမသာ ထိုင်ရာမှ ထလိုက်၏။

ထို့နောက်....

ခြေလှမ်းကျဲကျဲဖြင့် အပြင်ဘက် လှမ်းထွက်ခဲ့သည်။

အပြင်ရောက်သည်နှင့် အခန်းတွင်းမှ လူများကို အရေး မစိုက်တော့ဘဲ ဆရာလေ့အား ရှာလိုက်၏။

ဆရာလေ့နှင့် စုဖိန်တို့ စင်္ကြံလမ်းအတိုင်း ခပ်သုတ်သုတ် သွားနေကြသည်ကို တွေ့လိုက်ရ၏။

မင်းယန်က စဉ်းစားမနေတော့ဘဲ နောက်မှ မသိမသာလိုက် ပါသွား၏။

မကြာပါချေ။

သူတို့အားလုံး စားသောက်ဆိုင် အပြင်ဘက်သို့ ရောက်ရှိ သွားကြလေတော့သည်။

* * *



'သေချာရဲ့လားကွ'

ဆရာလေ့၏ စကားသံ ခပ်အုပ်အုပ် ထွက်ပေါ်လာလေသည်။

စိုးရိမ်ပူပန်မှု မကင်းသော လေသံ ဖြစ်သည်။

ဆိုင်လုလင် ခေါင်းညိတ်လိုက်၏။

'သေချာပါတယ်၊ ကျွန်တော် ဘယ်နှစ်ခါ အမှားလုပ်ဖူးလို့လဲ၊ ဒါကို ဆရာလေ့ သိတာပဲ'

'အေးလေ....သေချာရင်ပြီးတာပဲ'

ဆိုင်လုလင် ရှေ့မှ လျှောက်သွားသည်။

ဆရာလေ့နှင့် စုဖိန်တို့ နောက်မှ လိုက်သွားကြလေတော့သည်။

သူတို့ ရှေ့ဆင့် နောက်ဆင့် လျှောက်သွားကြရင်း စားသောက်ဆိုင် အပြင်ဘက် ရောက်ရှိသွားသည်။

ထိုမှတစ်ဆင့်....

လမ်းမကျယ်ကိုဖြတ်၍ လူစည်ကားသော ဈေးတစ်ခုနီးသို့ ရောက်ရှိသွားသည်။

ဈေးထဲ၌ လူစည်ကားနေသည်။

'မြန်မြန်ဗျို့'

ပြောပြီး ခပ်သုတ်သုတ် လျှောက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ဆရာလေးနှင့် စုဖိန်တို့လည်း နောက်မှ လိုက်သွားလေသည်။

တိတ်တဆိတ် ခြေရာခံလိုက်လာသည့် မင်းယန်က သူတို့ကို မျက်ခြည်ပြတ်သွားမည် စိုးရိမ်မိခြင်းကြောင့် မတတ်သာဘဲ ခပ်သုတ်သုတ် လိုက်သွားရ၏။

ဈေးထဲ လူစည်ကားနေခြင်းကြောင့် တိုးဝှေ့ သွားလာခြင်း ဖြစ်၏။

အတန်ကြာမျှ သွားပြီးမှ ဆိုင်လုလင်က ခြေလှမ်းရပ်လိုက်ကာ....

'အထည်ရောင်းတဲ့ ဆိုင်ကို ကြည့်လိုက်'

ဟု တိုးတိုး ပြောလိုက်သည်။

ဆရာလေးနှင့် စုဖိန်ကို လှမ်းကြည့်လိုက်ကြ၏။

အထည်ဆိုင်ရှေ့၌ မိန်းကလေး တစ်ဦးက အထည်များကို ကြည့်မိ၏။

ထိုမိန်းကလေး၏ ဘေး၌ ရပ်ရည် သန့်ပြန်သော လူရွယ် တစ်ဦး ရပ်လျက်ရှိသည်။

သူမသည် အထည်များကို ကြည့်၍ သဘောကျပြီး စကားတို့ ဝေဝေအောင် ပြောနေသော်လည်း လူရွယ်ကငြိမ်သက်လျက် သည်။



သူ၏ မျက်လုံးများ ရီဝေနေပြီး အဝေးရှေ့သို့သာ တစိုက်မတ်မတ် ကြည့်နေသည်။

ထိုလူရွယ်ကို မြင်လျှင် စုဖိန်နှင့် ဆရာလေးတို့ မျက်လုံးပြူးသွားကြ၏။

'ဟင်....ပျံလွှား နှစ်ဖော်ထဲက တစ်ယောက်ဖြစ်တဲ့ ကုရဲပါလား'

စုဖိန်က လွတ်ခနဲ ရေရွတ်လိုက်၏။

ဆရာလေးက ခေါင်းညိတ်မိသည်။

'ဟုတ်သားပဲ၊ သူဒီမှာ ဘာလုပ်နေတာလဲ၊ မင်းပြောတော့ ပျံလွှားနှစ်ဖော်ဟာ ကျောက်ဖြူဂူကို ရောက်မလာဘဲ ပျောက်ဆုံးသွားကြတယ်ဆို'

စုဖိန်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်လေ၊ ဒါကြောင့် ကျုပ်က သူတို့ကို လိုက်ရှာနေတာပေါ့'

'သူ့ကို တွေ့မြားတွေ့လိုချင်လို့ တခင် တစ်ပတ် ရိုက်ခဲ့တာဆိုရင်....'

စုဖိန်က အံကြိတ်ပြီး ပါးစပ်ပိတ်သွားလိုက်၏။

ထိုသို့ဖြစ်ရိုးတာမှန်လျှင် ပျံလွှား နှစ်ဖော်ကို သူကိုယ်တိုင် အမှုန့်ဖြစ်အောင် ခြေမှုန်းပစ်မည် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ ပြောဆိုနေကြစဉ်မှာပင် မိန်းကလေးသည် အထည်ဆိုင်မှ အထင်များကို ဝယ်ယူ၍ ကုရှဲနှင့်အတူ ထွက်သွားသည်ကို တွေ့မြင်လိုက်ရ၏။

'ဟော.... သူတို့ ထွက်သွားပြီ၊ နောက်က လိုက်ကြည့်ရင်ကောင်းမယ်'

ဆရာလွှေက ပြောလိုက်ခြင်း ဖြစ်သည်။

စုဖိန်က ခေါင်းညိတ်လိုက်၏။

'ကောင်းပြီလေ၊ သူမှာ ဘယ်လို အကြံအစည် ရှိနေတယ်ဆိုတာ သိရအောင် လိုက်ကြည့်ကြတာပေါ့'

သူတို့ နှစ်ဦးသည် ခပ်သုတ်သုတ် လျှောက်သွားကြလေသည်။

လမ်းပြခဲ့သော ဆိုင်လုလင်က သူ၏ တာဝန် ကုန်ဆုံးသွားပြီ ဖြစ်၍ ပြန်သွားပြီဖြစ်သည်။

စုဖိန်နှင့် ဆရာလွှေတို့ နှစ်ဦးက မိန်းကလေးနှင့် ကုရှဲကို ခြေရာခံ လိုက်သွားကြသလို သူတို့နောက်မှ မင်းယန်က ခြေရာခံ၍ လိုက်သွားသည်။

မိန်းကလေးနှင့် ကုရှဲသည် ဈေးအပြင်ဘက်သို့ ရောက်လျှင် အသင့်စောင့်ကြိုနေသော မြင်းလှည်းတစ်စီးပေါ် တက်သွားကြလေ၏။



မြင်းလှည်းပေါ်၌ စားသောက်ဖွယ်ရာ အသားငါးများ၊ သစ်သီးဝလံများကို ခြင်းတောင်းတို့ဖြင့်ထည့်၍ တင်ထားသည်ကို တွေ့ရသည်။

လူအများစာ ချက်ပြုတ်ရမည် ဖြစ်ကြောင်း မြင်ရုံဖြင့်သိနိုင်၏။

ဆရာလွှေက တီးတိုး မှတ်ချက်ချလိုက်သည်။

'ယူးခေတ္တ ထူးနေပြီ'

စုဖိန်က ဘာမျှ မပြောချေ။

ကုရှဲထံ ယခုချက်ချင်း ပြေးသွားလိုစိတ်များသာ ဖြစ်ပေါ်သဖြင့် မနည်းကြီး ချုပ်ထိန်းနေရသည်။

ကုရှဲနှင့် မိန်းကလေးတို့ မြင်းလှည်းပေါ်ရောက်သည်နှင့် မြင်းလှည်းမောင်းသမားက စတင်မောင်းနှင်သွား၏။

ဆရာလွှေနှင့် စုဖိန်တို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။

ထို့နောက်....

တိုင်ပင်စရာမလိုဘဲ နှစ်ယောက်သား ခပ်သွက်သွက် ထွက်ပြေးသွားပြီး ဟန့်တားလိုက်ကြလေ၏။

'ရပ်လိုက်စမ်း'

စုဖိန်၏စကားသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာလေ့ကလည်း လှစ်ခနဲခုန်လွှားကာ မြင်းတစ်ကောင်၏ နဖားကြိုးကို ဆွဲထားလိုက်သည်။

မြင်းလှည်းမောင်းသူမှာ မည်သို့မျှ မတတ်သာတော့ဘဲ မြင်းလှည်းကို ရပ်တန့်လိုက်ရ၏။

'ဘာဖြစ်တာလဲ'

မြင်းလှည်းအိမ်ထဲမှ မိန်းကလေး၏စကားသံ ထွက်ပေါ်လာသည်။

တစ်ဆက်တည်းမှာပင် ကုရှဲဘက်သို့လှည့်ကာ...

'မျှင် သွားကြည့်စမ်းပါဦး၊ မြင်းလှည်းသမားကို နည်းနည်းပါးပါး ဆုံးမမှဖြစ်တော့မယ် ထင်တယ်'

မိန်းကလေး၏ စကားသံအဆုံးတွင် မြင်းလှည်းတွင်းမှ လူရိပ်တစ်ခု ထွက်လာသည်ကို တွေ့မြင်လိုက်ရ၏။

ထိုသူမှာ ကုရှဲပင်ဖြစ်သည်။

ကုရှဲသည် မြင်းလှည်းအပြင်ဘက်သို့ ရောက်သည်နှင့်...

'ဘာဖြစ်နေတာလဲဟေ့'

ကျယ်လောင်သော အသံဖြင့်မေးကာ မြင်းလှည်းသမားအား လက်ဝါးဖြင့်ရိုက်ချရန် ဟန်ပြင်လိုက်လေသည်။

သို့သော်...

လမ်းပိတ်ဟန့်တားနေကြသော ဆရာလေ့နှင့်စုဖိန်တို့ နှစ်ယောက်ကိုမြင်လျှင် မရိုက်ဖြစ်တော့ပေ။



'ခင်ဗျားတို့က ဘယ်သူတွေလဲ၊ ဘာကြောင့် ဟန့်တားကြတာလဲ'

စုဖိန်က ဒေါသတကြီးဖြင့် ကုရှဲကို ခြေဆုံးခေါင်းဆုံး ကြည့်ကာ ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

တစ်ဖန် မျက်နှာမဲ့လိုက်ပြီး...

'တတ်လဲ တတ်နိုင်ပါလားကွာ၊ ကျုပ်တို့ ဘယ်သူဘယ်ဝါဆိုတာတောင် မင်းမသိတော့ဘူးလား၊ ပတ္တမြားတွေ မင်းကို ဒီလောက်တောင် ပြောင်းလဲပစ်လိုက်ပြီလား'

မိန်းကလေးက မျက်မှောင်ကြုတ်သွား၏။

မြင်းလှည်းအိမ်ထဲမှနေ၍ အပြင်ဘက်၌ ပြောဆိုနေသည့် စကားများကို အတိုင်းသားကြားနေရသည် မဟုတ်ပါလား။

ကုရှဲ၏အသံက တစ်ယောက်ယောက်နှင့် တွေ့ဆုံနေပြီဖြစ်ကြောင်း ရိပ်မိလိုက်သည်။

ပြတင်းပေါက်၏ ခန်းဆီးကိုဖယ်ကာ အပြင်ဘက်ဆီသို့ ခေါင်းပြူကြည့်လိုက်၏။

မှန်ပေသည်။

ဆရာလေ့နှင့် စုဖိန်က ကုရှဲအား ပိုင်းရံထားလိုက်ကြသည် မဟုတ်ပါလား။

ကုရှဲက ခေါင်းခါယမ်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား ဘာတွေပြောနေတာလဲ၊ ခင်ဗျားပြောတာကို ဘာမှ နားမလည်ဘူးဗျ၊ ခင်ဗျားတို့ နှစ်ယောက်သာ အေးအေးဆေးဆေးနဲ့ သပ်းဖယ်ပေးရင် ကောင်းလိမ့်မယ်'

ပြောရင်း တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်၏။

ဆရာလေးက သက်ပြင်းချလိုက်သည်။

စုဖိန်အား ဟန့်တား၍ ရမည်မဟုတ်ကြောင်း နားလည်ထား၏။

ထို့ကြောင့်....

လက်လွန်ခြေလွန် မဖြစ်စေဖို့ သတိပေးလိုက်ရသည်။

'စုဖိန်.... သူ့ကိုသတ်ပစ်လိုက်တာ ဘာမှအကျိုးမရှိဘူးဆိုတာ မင်းသိတယ်နော်'

စုဖိန်က သူ၏စကားကိုပင် အရေးမစိုက်တော့ချေ။

ဒေါသတကြီး ရှေ့တိုးသွားပြီး....

'တောက်....မင်းကများ ငါ့ကို ဒီလိုပြောရဲသလား၊ မင်းအစ်ကိုကုရဲတောင် လေးလေးစားစား ဆက်ဆံတာ၊ မင်းကျမှ ငါ့ကိုရိုင်းရိုင်းပျပျ ဆက်ဆံရဲငယ်ဆိုတော့ လူကြားရင် ဘယ်လောက် ရှက်စရာကောင်းလိုက်မလဲ၊ ကဲ....ငါ့အကြောင်းကို မင်းသိရမှာပေါ့'

ပြောပြောဆိုဆို ကုရဲ၏မျက်နှာကို လက်သီးတစ်လုံး ပစ်သွင်းလိုက်၏။



စုံဖိန်၏ တိုက်ခိုက်မှုအရှိန်က ပြင်းထန်လှ၏။

လက်သီးထိုးချက်သာ ထိမှန်သွားလျှင် ကုရဲ၏နှာခေါင်းအရိုး သွင်သွင်ကျိုးသွားနိုင်သည်။

ကုရဲက ပခုံးတွန့်လိုက်၏။

'မဖြစ်စလောက်ပညာလေးနဲ့ ကျုပ်တို့ကိုအနှောင့်အယှက်ပေးရဲတာ ရယ်ဖို့တောင်ကောင်းသေးတယ်၊ သွားစမ်း'

ပြောပြီးသည်နှင့် လက်ခေ့ယမ်းလိုက်သည်။

ထိုအခါ....

သူ၏ လက်ဝါးစောင်းသည် စုဖိန်၏ လက်ကောက်ဝတ်ကို ညှစ်ချလိုက်ပြီးသား ဖြစ်သွား၏။

'ဖျောက်'

မသဲမကွဲအသံတစ်ချက် ထွက်ပေါ်လာသည်။

စုဖိန်၏မျက်နှာ ရှုံ့မဲ့သွား၏။

'အင့်'

ဟုလည်း လွှတ်ခနဲ ညည်းညူလိုက်သည်။

ကုရဲကို မယုံကြည်နိုင်စွာ ကြည့်ရင်း နောက်သို့ ယိုင်ကျကာ ဆုတ်လိုက်၏။

ကုရဲက ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လိုလဲ၊ ခင်ဗျားဆက်ပြီး နှောင့်ယှက်ချင်သေးလား'

စုဖိန်သည် အံ့ဩစွာဖြင့် ဆရာလေ့အားလှမ်းကြည့်လိုက်မိ၏။

ဆရာလေ့လည်း ကြောင်အမ်းအမ်း ဖြစ်နေ၏။

ပျံလွှားနှစ်ဖော်မှာ စုဖိန်၏ လက်အောက်မှလူများ ဖြစ်ကြောင်း အားလုံးသိရှိထားကြသည်။

ယခု....

ကုရဲ၏လက်ချက်ကြောင့် စုဖိန်၏လက်တစ်ဖက် သွင်သွင်ကျိုးသွားရသည်ဆိုခြင်းကို မည်သူမှယုံကြည်နိုင်မည် မဟုတ်ချေ။

ဆရာလေ့က အံ့ဩစွာဖြင့်....

'ကုရဲ မင်းဘယ်ကသိုင်းပညာသင်လာတာလဲ'

သူ၏စကားသံကြောင့် ကုရဲလှည့်ကြည့်လာလေသည်။ ဆရာလေ့ကို မျက်မှောင်ကြုတ်၍ ခြေဆုံး ခေါင်းဆုံး အကဲခတ်ကြည့်ရင်း....

'ခင်ဗျားနဲ့ ဘာမှမဆိုင်ဘူးထင်တယ်၊ ခင်ဗျား ဘာသာအေးအေးဆေးဆေး အေးဖယ်နေရင် ကောင်းလိမ့်မယ်'

ဆရာလေ့သည် ကျုံ့မြို့တိုသွားသည်။

ကုရဲကသူ့ကိုအရေးမစိုက်ဘဲ အောင်ငေါက်နေသည် မဟုတ်လား၊ ဆရာလေ့သည် အံကြိတ်ကာ တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။



ထိုစဉ်....

စုဖိန် ရှေ့တိုးလာသည်ကို တွေ့မြင်လိုက်ရသည်။

'ကုရဲမင်းက အားကိုးအားထားရတောပြီ ဆိုပြီး ကျုပ်တို့ကိုအာခံရင် အကြီးအကျယ် မှားသွားမယ်ဆိုတာ မှတ်ထား'

စကားဆုံးသျှင် ကောင်းနေသော လက်တစ်ဖက်သာမက ခြေထောက်နှစ်ဖက်စလုံး အသုံးပြုကာတရစပ် တိုက်လိုက်လေသည်။

သူ၏ တိုက်ခိုက်ပုံမှာ ကြောက်မက်ဖွယ် ကောင်းအောင် ပြင်းထန်လှသည်။

သူ၏တိုက်ခိုက်မှုကြောင့် ကုရဲ လဲကျသွားရမည်ဟု ထင်ရလေသည်။

ဆရာလေ့ကျေနပ်သွား၏။

ရိုင်းပျသော ကုရဲအား စုဖိန်ဆုံးမသည်မှာ မှန်ကန်သည်ဟုလည်း ယူဆထား၏။

သို့သော်

စုဖိန်က ကုရဲအား မဆုံးမနိုင်ဘဲ ကုရဲ ကသာ စုဖိန်ကို ဆုံးမလိုက်လေသည်။

ကုရဲသည် စုဖိန်ကို မျက်တောင်မခတ် စိုက်ကြည့်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စုဖိန်က ပြင်းထန်စွာတိုက်ခိုက်လာလျှင် ခါး၌ ချိတ်ထားသော ဓားကိုရုတ်ခြည်း ဆွဲထုတ်ကာ ခုတ်ချ လိုက်လေတော့သည်။

ဓားရောင် ဝင်းခနဲလက်သွားသည်။

'အား....'

စူးရှသော အော်သံထွက်ပေါ်လာပြီး စုဖိန်မှာ မြေပေါ် ပက်လက်လန်လဲကျ သွားလေတော့သည်။

* * *

'ခစ်...ခစ်....ခစ်'

ရယ်မောသံ ထွက်ပေါ် လာသည်ကို ကြားလိုက်ရလေသည်။

ဆရာလေ့ လှမ်းကြည့်လိုက်သောအခါ မြင်းလှည်း အိမ်ထဲမှ မိန်းကလေးက ရယ်မောနေခြင်း ဖြစ်ကြောင်း တွေ့ရလေသည်။



ဆရာလေ့ မျက်နှာပျက်သွား၏။

မြေပေါ် လဲကျနေသော စုဖိန်ကို ကပျာကယာ ဖေးမလိုက်သည်။

စုဖိန်မှာ ဒဏ်ရာ ပြင်းထန်စွာ ရသွားပြီးဖြစ်သည်။

ကုရဲ၏ တိုက်ခိုက်မှုကြောင့် ဤမျှဒဏ်ရာပြင်းပြင်းထန်ထန် ရလိမ့်မည်ဟု မည်သူမျှ ထင်မှတ်ကြမည် မဟုတ်ချေ။

'စုဖိန်....စုဖိန်'

ဆရာလေ့က တကြော်ကြော် ခေါ်လိုက်၏။

အတော်လေးကြာမှ စုံဖိန်က မျက်လုံး ဖွင့်လာသည်။

မျက်လုံးဖွင့်လျှင်ဖွင့်ချင်း....

'သူ...သူကို မလွှတ်စေနဲ့'

ဆရာလေ့သည် ပါးစပ်ပိတ်ထားလိုက်၏။

ရီဝေနေသော ကုရဲ့မျက်လုံးများကို ကြည့်ရင်း စိတ်ထဲ အလိုလိုကြောယ်ရွံ့နေမိသည်။

ကုရဲ့သည်သာမန်လူသားတစ်ယောက်နှင့်မတူဘဲ မကောင်းဆိုးဝါးတစ်ကောင်နှင့်တူနေသည်ဟုထင်မိ၏။

ထို့ကြောင့်....

ဟန့်တားဖို့စိတ်မကူးတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



သူ၏သိုင်းပညာသည် အားလုံးထက် များစွာ သာမည် မဟုတ်ပါ။

စုဖိန်ပင် မနိုင်လျှင် သူလည်း အနိုင်ရဖို့ လွယ်မည် မဟုတ် ဟုယူဆထား၏။

စုဖိန်သည် သတိမေ့မြောသွားသည်။

ကုရဲ့က သူတို့နှစ်ယောက်ကို ငေးကြည့်လိုက်၏။

ပြီးလျှင်....

ပြတ်သားသော လေသံဖြင့်....

'ခင်ဗျားတို့ ကျုပ်ကို ဟန့်တားကြဦးမှာလား'

စုဖိန်က သတိလစ် မေ့မြောနေသည်။

ဆရာလေ့က ဘာမှ မပြောချေ။

ကုရဲ့က တုံ့ပြန်စကားသံကို စောင့်နေ၏။

ထိုစဉ်....

'သူတို့ကို အရေးစိုက်စရာ မလိုပါဘူးရှင်၊ ကျွန်မတို့နောက် ကျနေပါဦးမယ်၊ သွားကြပါစို့'

ချိုလွင်သာယာသော စကားသံ ထွက်ပေါ် လာလေတော့သည်။

မြင်းလှည်းအိမ်ထဲမှ မိန်းကလေးက ပြောလိုက်ခြင်း ဖြစ်သည်။

ကုရဲ့က ချက်ချင်း လှည့်ထွက်သွားပြီး မြင်းလှည်းပေါ် တက်လိုက်၏။



မြင်းလှည်း မောင်းသမားက အခြေအနေ ကြည့်ပြီးလျှင် ချက်ချင်း မောင်းနှင်လိုက်သည်။

'ခွပ် ခွပ် ခွပ်'

မြင်းခွာသံများ၊ ဘီးလိမ့်သံများ ထွက်ပေါ်လာလေတော့သည်။

မြင်းလှည်းဘီးကြိတ် မခံရလေအောင် ဆရာလေ့က စုဖိန်ကို ပွေ့ချီရင်း ဘေးသို့ ရှောင်တိမ်းလိုက်ရ၏။

မြင်းလှည်းထွက်သွားသောအခါ နှောင့်ယှက်မည့်သူ မရှိတော့ပါ။

သို့သော်....

နောက်ယောင်ခံလိုက်သူ တစ်ဦးရှိသည်။

ထိုလူမှာ မင်းယန့်ဖြစ်၏။

မင်းယန့်သည် စဉ်းစားခြင်းပင် မပြုတော့ဘဲ မြင်းလှည်း နောက်သို့ နောက်ယောင်ခံ လိုက်သွားလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



နေရောင်ခြည်များ ထွန်းလင်း တောက်ပနေသည်။

ဝန်းကျင်တစ်ခုလုံး သာယာလှပ၏။

ညီညာ ဖြောင့်ဖြူးသော လမ်းကလေးအတိုင်း မြင်းလှည်း တစ်စီး မောင်းနှင်သွား၏။

မလှမ်းမကမ်းမှ နေပြီး လူတစ်ယောက် ခြေရာခံ လိုက်ပါလာသည်ကို တွေ့မြင်နိုင်၏။

ထိုလူမှာ မင်းယန်ဖြစ်သည်။

မင်းယန်သည် အတန်ကြာ ခြေရာခံ လိုက်သွားပြီးနောက် တုံ့ခနဲ ခြေလှမ်းရပ်ပစ်လိုက်၏။

အကြောင်းမှာ....

မြင်းလှည်းက သာယာလှပသော တောင်ကုန်းတစ်ခုဆီသို့ ဦးတည် သွားနေသည်ကို တွေ့လိုက်ရခြင်းကြောင့် ဖြစ်လေသည်။

ထိုကြောင့်

ဆက်မလိုက်တော့ဘဲ ခြေလှမ်းရပ်၍ သစ်ပင် တစ်ပင်နောက်ကွယ်သို့ ဝင်လိုက်၏။

ထိုနောက်

မျက်စိတစ်ဆုံး အကဲခတ် ကြည့်လိုက်၏။

မှန်ပေသည်။



သူတွေးထင်ထားသည့်အတိုင်း မြင်းလှည်းမှာ သာယာလှပသော တောင်ကုန်း ဆီသို့ ဦးတည် သွားနေခြင်း ဖြစ်လေသည်။

မင်းယန်က ဆက်၍ အကဲခတ် ကြည့်နေလေဘသည်။

* * *

မြင်းလှည်းသည် ဒုန်းစိုင်း မောင်းနှင်သွား၏။

မြင်းလှည်းအိမ် အတွင်း၌ ကုရဲနှင့် မိန်းကလေးတို့ ရှိနေကြသည်။

ကုရဲက မလှုပ်မယှက် ထိုင်နေ၏။

မိန်းကလေးက ပြောလိုက်သည်။

'ကျွန်မတို့ နောက်ကို တစ်ယောက်ယောက် လိုက်လာတယ်နော်'

ကုရဲ ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်သူလဲ ရှင်သိလား'

'ကျုပ်ဘယ်သိမလဲ'

သူမက ဆက်မေးသည်။

'သိချင်စိတ်ရော မရှိဘူးလား'

သူက ခေါင်းခါယမ်းလိုက်သည်။

'မရှိဘူး'

သူမက မျက်မှောင်ကုတ်ပြီး....

'ဘာဖြစ်လို့လဲ'

သူက ပြန်ပြောသည်။

'အချိန်တန်ရင် သိရမှာမို့ပါ'

သူမက ပြုံးလိုက်၏။

'ရှင်တောင် တိုးတက်လာပြီပဲ'

သူက ဘာမှမပြောဘဲ နေသည်။

သူမက ဆက်ပြောလိုက်၏။

'ဒီလိုဆိုရင်လဲ တောင်ပေါ်ရောက်တဲ့အထိ ဒီအတိုင်းထား ပြီး ဆက်သွားကြတာပေါ့'

ကုရဲက ခေါင်းညိတ်ပြီး....

'သူက တောင်ပေါ် လိုက်လာဖို့ပါစေလို့ ဆုတောင်းမ တယ်ဗျာ'

မိန်းကလေးက ရယ်လိုက်သည်။

ကုရဲက အပြုံးအရယ် မရှိပေ။



ခံစားချက် ကင်းမဲ့နေသူ တစ်ဦး အမူအရာမျိုးသာ ဖြစ် သည်။

မြင်းလှည်းမှာ သာယာလှပသောတောင်ကုန်းပေါ် တရွေ့ ရွေ့ တက်သွားလေသည်။

* * *

မြင်းလှည်းမှာ တရွေ့ရွေ့ ဝေးသွားပြီ ဖြစ်သည်။

သာယာလှပသော တောင်ကုန်းပေါ်သို့ တက်သွားသည် ကို တွေ့ရ၏။

မင်းယန် သက်ပြင်းချလိုက်သည်။

'အခတော်လှ ဆန်းတာပဲ၊ ဒီကိစ္စ ဆုံးခန်းတိုင်အောင်လိုက် ကြည့်တာ ကောင်းလိမ့်မယ်'

ဟုသည်း တစ်ကိုယ်တည်း ရေရွတ်မိသည်။

မြင်းလှည်းနောက်သို့ လိုက်သွားရန် သစ်ပင်နောက်ကွယ်မှ လှမ်းထွက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်....

ဝဲဖက်တစ်နေရာမှ အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

မင်းယန် ရင်ထိတ်သွားသည်။

ချက်ချင်းပင် သစ်ပင်နောက်ကွယ်သို့ ပြန်လည် ပုန်းကွယ်လိုက်၏။

ထို့နောက်

အသံဗလံများ ထွက်ပေါ်လာရာဆီသို့ လှမ်းပြီး အကဲခတ်ကြည့်လိုက်၏။

ထိုအခါ....

လူတစ်ယောက် ပြေးလွှားလာနေသည်ကို တွေ့မြင်လိုက်ရသည်။

ထိုလူသည် မင်းယန် ပုန်းကွယ်နေသော သစ်ပင် အနီးမှဖြတ်၍ သာယာလှပသည့် တောင်ကုန်းရှိရာသို့ ဦးတည် ပြေးလွှားသွားလေ၏။

မင်းယန်က မျက်တောင်မခတ်ဘဲ အကဲခတ်ကြည့်လိုက်လေသည်။

ထိုလူကို မြင်လျှင် သူ၏ မျက်လုံးအစုံ ပြူးကျယ်သွားလေသည်။

ကိုယ့်မျက်လုံးကိုယ် မယုံနိုင်အောင် ဖြစ်သွားလေတော့သည်။

'ဟင်....ရွှန်ဆင်ပါလား'

ဟုလည်း လွှတ်ခနဲ ရေရွတ်မိသည်။



မှန်ပေသည်။

ဖြတ်ကျော် ပြေးလွှားသွားသူမှာ ရွှန်ဆင်ပင် ဖြစ်ပေလေသည်။

မင်းယန် အံကြိတ်လိုက်သည်။

မည်သို့သော အခက်အခဲ အတားအဆီး တွေ့ပါစေ

သာယာလှပသော တောင်ကုန်းကလေးဆီသို့ အရောက်သွားရန် ဆုံးဖြတ်လိုက်လေတော့သည်။

* * *

လေပြည်လေညင်းများ ဝေ့ယမ်းတိုက်ခတ်လာသည်။

သစ်ရွက်များ တဖြုတ်ဖြုတ်ကြွေကျလာ၏။

သစ်ရွက်များတို့သည် မင်းယန်၏ဦးခေါင်းပေါ်သို့လည်းကောင်း၊ ခန္ဓာကိုယ်ပေါ်သို့ လည်းကောင်း ကျရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်....

မင်းယန်သည် အသက်ဝိညာဉ်ကင်းမဲ့သည့် ကျောက်ရုပ်တစ်ရုပ်လို မလှုပ်မယှက်ရပ်နေသည်၊

သစ်ပင်ကြီးတစ်ပင်က နီးကပ်စွာရှိနေခြင်းကြောင့် သတိမထားမိလျှင် သူ့အားတွေ့မြင်ရမည် မဟုတ်ပေ။

အမှတ်တမဲ့ဆိုပါက သစ်ငုတ်တိုတစ်ခုဟုသာ ထင်မိမည်ဖြစ်သည်။

ထိုသို့ဖြစ်အောင်ပင် မင်းယန်က တမင်ငြိမ်သက်စွာ ရပ်နေခြင်း ဖြစ်၏။

သူ၏မျက်လုံးအစုံသည် သာယာလှပသောတောင်ကုန်းသို့သွားရာလမ်းဆီ မမှိတ်မသုန် စိုက်ကြည့်နေ၏။

အသက်ရှူရန်ပင် မေ့လျော့နေသည့်အလား စူးစိုက်ကြည့်နေမိသည်။

တောင်ကုန်းသို့သွားရာ လမ်းပေါ်တွင် လူတစ်ယောက်ခပ်သွက်သွက် လျှောက်လှမ်းသွားလျက်ရှိ၏။

ထိုလူ၏ ပုံပန်းသဏ္ဌာန်မှာ ကြောင်ရိုင်းတစ်ကောင်နှင့်ပင်တူလှ၏။

ပေါ့ပါးသွက်လက်သော ခြေလှမ်းများဖြင့် တောင်ကုန်းဆီသို့ လျှင်မြန်စွာ ချဉ်းကပ်သွားနေခြင်း ဖြစ်သည်။

ထိုလူသည် မင်းယန်ပုန်းအောင်းနေသော သစ်ပင်အောက်မှ ဖြတ်ကျော်သွားလေသည်။



ထိုလူ အတော်ဝေးဝေးသို့ရောက်သွားမှ မင်းယန်လှုပ်ရှားလာသည်။

သက်ပြင်းကို လေးတွဲ့စွာ ချလိုက်သအ။

'ရှိန်ဆင်....ကျုပ်က မင်းကိုလိုက်မရှာရတော့ပါလား'

ဟု တီးတိုးရေရွတ်လိုက်၏။

တောင်ကုန်းသို့ သွားနေသည့် ကြောင်ရိုင်းနှင့် တူသူသည် သိုင်းလောကတွင် နာမည်ကြီးနေသည့် ကြေးစားခါးသမားရှိန်ဆင်ဖြစ်၏

ရှိန်ဆင်ကို သေဒဏ်အပြစ်ပေးပြီး လှုပ်ဖိုလယ်၌ ကွပ်မျက်ခဲ့သည်။

သို့သော်....

ရှိန်ဆင် မသေပါချေ။

ထိုအချက်ကို မင်းယန် ကောင်းစွာ နားလည်ထားသည်။

ထို့ကြောင့်....

လိုက်လံရှာဖွေနေခြင်း ဖြစ်၏။

ယခု....

မမျှော်လင့်ဘဲ တောင်ကုန်းသို့သွားရာ လမ်းပေါ်တွင်ရှိန်ဆင်အား တွေ့မြင်လိုက်ရပြီ ဖြစ်၏။

မင်းယန်က ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီတစ်ခါ မင်းဘယ်ကိုပြေးမလဲ'

ဟု ထီးတိုးရေရွတ်ကာ သစ်ပင်နောက်ကွယ်မှ ထွက်လိုက်သည်။

ထို့နောက်....

ရှန်ဆင်နောက်သို့ ခြေရာခံ၍ လိုက်သွားလေတော့သည်။

* * *

လေပြည်လေညင်းများ ဝေ့ယမ်းတိုက်ခတ်လာသည်။

ပန်းရနံ့များ မွှေးကြိုင်သင်းပျံ့နေ၏။

ပန်းရနံ့များကြား၌ စူးရှသော အမွှေးနံ့တစ်ခုကလည်း ထွက်ပေါ်နေ၏။

ဤသည်ကို ရှန်ဆင် ချက်ချင်းသတိပြုလိုက်မိ၏။

သူ၏မျက်နှာတွင် အပြုံးရိပ်များ ပေါ်လွင်လာ၏။

'ပန်းဝက်ပါသခင်လေး စုမာက ဘယ်ဆိုးလို့လဲ၊ ဝဏ္ဏ အပြင် အဆိပ်ပညာလဲ တတ်မြောက်ထားတာကိုး'



တစ်ကိုယ်တည်း ကျေနပ်နှစ်သိမ့်စွာ ရေရွတ်လိုက်၏။

မှန်ပေသည်။

ဤနေရာသည် ပန်းဝက်ပါသခင်လေး စုမာ နေထိုင်ရာနေရာဖြစ်၏။

ရှန်ဆင်သည် စုမာအား သုတ်သင်ရှင်းလင်းရမည့် လူသုံးယောက်ထဲမှ အရင်ဆုံးရှင်းပစ်ရန် ရွေးချယ်လိုက်ခြင်း ဖြစ်သည်။

သူသည် သာယာလှပသော ပန်းတောင်ကုန်းကိုဖြတ်ကာ ကျော်လိုက်၏။

လေတိုက်ခတ်မှုကြောင့် ပန်းပင်များ ယိမ်းနွဲ့လှုပ်ရှားနေသည်။

ရှန်ဆင်က ပန်းပင်များကြားမှ ဖြတ်လျှောက်သွား၏။

သူ၏ စူးရှတောက်ပသော မျက်လုံးများက ပန်းပင်များ စိုက်ပျိုးထားပုံကို မျက်ခြည်မပြတ် အကဲခတ်ကြည့်နေသည်။

ပန်းပင်များအလယ်သို့ ရောက်လျှင် ပန်းပင်များတို့သည် ခုနစ်စဉ်ကြယ်ပုံသဏ္ဌာန် စိုက်ပျိုးထားခြင်းဖြစ်ကြောင်း ရိပ်မိလိုက်သည်။

အဓိကကျသော နေရာနှစ်ခုရှိပြီး ကျန် ပန်းပင်များက ယင်းနေရာ ခုနစ်နေရာကို ဖုံးကွယ်ရှုပ်ဖျက်ရန် ရောယှက်၍ စိုက်ပျိုးထားခြင်း ဖြစ်၏။

အကယ်၍သာ သတိမမူဘဲ ရှေ့ဆက် လျှောက်သွားမည်ဆိုလျှင် ရိုးစင်းလွန်းလှသော ပန်းခင်းအတွင်း၌ ထွက်ပေါက်မတွေ့ဘဲ တဝဲလည်လည် ပိတ်မိနေမည် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ရှန်ဆင်က ပန်းခင်းအတွင်း ရှေ့ဆက်ပြီးလျှောက်မသွား တော့ဘဲ ယာဘက်သို့ ချိုးကွေ့လိုက်၏။

တစ်ဖန်....

အနောက်ဘက်သို့ ခြေလှမ်းငါးလှမ်းခန့် ဆုတ်လိုက်ပြီး ဝဲဘက်သို့ တစ်ဖန် ချိုးကွေ့လိုက်ပြန်၏

ထို့နောက်....

ဝါးဘစ်ရိုက်ခန့် ရှေ့ဆက်လျှောက်သွားသည်၊

ပြီးမှတစ်ဖန် ယာဘက်သို့ချိုးလိုက်၊ ခြေသုံးလှမ်းခန့်လှမ်းပြီး ဝဲဘက်သို့ချိုးလိုက်၊ ဟိုချိုးသည်ကွေ့ဖြင့် ရှေ့ဆက်ကာ လျှောက်သွားသည်။

အတော်လေး ကြာအောင် လျှောက်သွားပြီးသောအခါ ပန်းခင်းများမှာ သူ၏နောက်ကျောဘက်၌ ကျန်ရစ်ခဲ့ကြပြီ ဖြစ်၏။

သူ၏ရှေ့တွင် လှပခန့်ညားသော အဆောက်အအုံကြီး တစ်ခုရှိနေသည်ကို တွေ့ရ၏။

အဆောက်အဦးရှေ့၌....

'ပန်းဝက်ပါမှ ကြိုဆိုပါ၏'

ဟူသော စာတမ်းရေးထားသည့် ဆိုင်းဘုတ်ဖြစ်သည်၊

ရှန်ဆင်က ပြုံးလိုက်သည်။

'မင်းတို့နေရာက ဝက်ပါအတတ်ပညာ ဒါ့အကုန်ပဲလား'

ဟု တ ်းတိုးရေရွတ်ကာ ရှေ့ဆက်လျှောက်သွားရန် ဟန် ပြင်လိုက်သည်။

ထိုစဉ်....



'ခဏနေပါဦးရှင်'

ချိုလွင်သာယာသော စကားသံတစ်ချက် ထွက်ပေါ်လာ သည်ကို ကြားလိုက်ရ၏။

ရှန်ဆင်၏ခြေလှမ်း တုံ့ခနဲရပ်သွား၏။

စကားသံထွက်ပေါ်လာရာ ဝဲဘက်ဆီသို့ ခေါင်းငွဲ့ကြည့် လိုက်၏။

ထိုအခါ....

မိန်းကလေးတစ်ယောက် သူ့ထံသို့လျှောက်လာနေသည်ကို တွေ့မြင်လိုက်ရ၏။

ထိုမိန်းကလေးမှာ အသက် နှစ်ဆယ်ခန့်ရှိမည်ဟု ထင်ရ သည်။

တစ်ကိုယ်လုံး အဖြူရောင် အဝတ်အစားများ ဝတ်ဆင် ထားပြီး လှန်စွာချောမောလှပသူ တစ်ယောက်ဖြစ်သည်။

ရှန်ဆင်၏မျက်နှာပေါ်တွင် အပြုံးရိပ်များက ချက်ချင်း ပျောက်ကွယ်သွား၏။

အေးတိအေးစက်နှင့် ခက်ထန်ကြမ်းတမ်းသော အရိပ် အယောင်များ ရုတ်ခြည်း ပြန်လည်ထွက်ပေါ်လာသည်။

အရောင်တဖိတ်ဖိတ် တောက်ပနေသော မျက်လုံးများဖြင့် မိန်းကလေးအား စိုက်ကြည့်လိုက်လေ၏၊

မိန်းကလေးက ကန့်ကလျှဖြင့် လျှောက်လာသည်။

ချိုသာသောအသံဖြင့်....

'ပန်းဝက်ပါကို သွားမလို့လားရှင်'

ရှန်ဆင်က ပြတ်သားသောလေသံဖြင့်....

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ် ဒီကိုလာခဲ့တာ ပန်းဝက်ပေါကို သွားဖို့ကလွဲပြီး တစ်ခြား ဘာကိစ္စမှမရှိဘူး'

အဖြူရောင် ဝတ်ဆင်ထားသော မိန်းကလေးက....

'အော်....ရှင်က ပန်းဝက်ပေါ်ရဲ့ ဧည့်သည်ကိုး။ ကြိုဆိုပါတယ်ရှင်'

ရွှန်ဆင်က သူမအား ပြန်မေးလိုက်၏၊

'ခင်ဗျားက ပန်းဝက်ပေါကလား'

အဖြူရောင် ဝတ်ဆင်ထားသူက ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်ရှင်၊ ကျွန်မနာမည် မေရှန်လို့ ခေါ်ပါတယ်၊ ပန်းခင်းကိုဖြတ်ကျော်ပြီး ဝက်ပေါ်စံအိမ်ကို ရောက်တဲ့လူတွေကို ကြိုဆိုဖို့တာဝန် ယူထားပါတယ်ရှင်'

ရွှန်ဆင်က ခေါင်းတစ်ချက်ညိတ်လိုက်၏။

'ကောင်းပြီ၊ မင်းက ဘယ်လိုပုံစံနဲ့ ကြိုဆိုတတ်သလဲ ပြောပါ'

မေရှန်က ပြုံးလိုက်ပြီး....

'ဒါကတော့ ဧည့်သည်အပေါ် မူတည်ပါတယ်ရှင်'

'ကျုပ်အပေါ် ဟုတ်လား'

ရွှန်ဆင်က သူ့ကိုလက်ညှိုးညွှန်ကာ ပြောလိုက်၏။

မေရှန်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

ရွှန်ဆင်က မျက်မှောင်ကုတ်ပြီး....

'ကဲ...ပြောစမ်းပါဦး'

မေရှန်က ပြောလိုက်သည်။



'ရှင်က ယဉ်ယဉ်ကျေးကျေးကြိုဆိုတာကို သဘောကျတယ်ဆိုရင် ကျွန်မ ယဉ်ယဉ်ကျေးကျေးကြိုဆိုပါမယ်၊ ရှင်ဖြစ်စေချင်တဲ့ နည်းလမ်းအတိုင်း ဖြစ်စေရမယ်ဆိုပါတော့ရှင်'

ရွှန်ဆင်က ပြုံးလိုက်ပြီး

'ကျုပ် ဖြစ်စေချင်တဲ့နည်းလမ်းအတိုင်း ဟုတ်လား'

မေရှန်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ရှင်'

ရွှန်ဆင်က ခေါင်းညိတ်ကာ....

'ကောင်းပြီ၊ စုမာကိုသွားပြောလိုက်ပါ၊ သူက ဒူးထောက်ပြီး ကျုပ်ကိုကြိုဆိုဖို့ ထွက်လာစေချင်တယ်၊ ဘယ်နှယ့်လဲ'

မေရှန်၏မျက်နှာ ပျက်သွားသည်။

နောက်သို့လည်း ခြေလှမ်းဆုတ်လိုက်သည်။

သူမက လက်နှစ်ဖက်ဝေ ယမ်းဖို့ ဟန်ပြင်လိုက်သည်၊

ထိုစဉ်မှာပင်....

'အစ်ကိုကြီးသတိထား၊ သူက အဆိပ်လက်နက်ပုန်းနဲ့ ပစ်မိမယ်'

ရုတ်တရက် သတိပေးစကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

အဝါရောင်အဝတ်အစားများ ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက် ပြေးထွက်လာပြီး မေရှန်ထံ ပြေးဝင်တိုက်ခိုက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မရှန်မှာ ရှန်ဆင်အားတိုက်ခိုက်ရန် ဟန်ပြင်နေရာမှ အဝါရောင်ဝတ်ဆင်ထားသည့် မိန်းကလေး ပြေးထွက်လာသည်ကိုတွေ့ရလျှင် မျက်နှာကွက်ခနဲ ပျက်သွားသည်။

ပြေးထွက်လာသည့် မိန်းကလေးအား ပြောင်း၍ တိုက်ခိုက်လိုက်၏။

ရုတ်တရက်မို့ အဝါရောင်ဝတ်ဆင်ထားသော မိန်းကလေး ကြောင်အမ်းအမ်းဖြစ်သွားသည်။

လက်နက်ပုန်းများသည် သူမ၏ရင်ဝသို့ တန်းတန်းမတ်မတ် လွင့်လာသည်မဟုတ်ပါလား။

ထိုစဉ်....

လူရိပ်တစ်ခုသည် သူမ၏ရှေ့သို့ ရောက်ရှိလာ၏။

ထိုလူသည် လက်ဝေ့ယမ်းလိုက်လျှင် လက်နက်ပုန်းများ ရုတ်ခြည်းကွယ်ပျောက်သွားသည်။

အဝါရောင်မိန်းကလေးရှေ့သို့ ရောက်လာသူကား ရှန်ဆင်ပင် ဖြစ်သည်။

ရှန်ဆင်က လက်နက်ပုန်းများကို ဖမ်းယူထားလိုက်ပြီး မရှန်ကို ပြုံးပြလိုက်သည်။

မရှန် ထိတ်လန့်သွားသည်။

နောက်သို့သည်း လျှင်မြန်စွာဆုတ်သွားသည်။

ရှန်ဆင်က လှမ်းမေးလိုက်သည်။

'မင်းရဲ့ လက်နက်ပုန်းတွေ ပြန်ယူမသွားတော့ဘူးလား'

ပြောပြီး လက်ဝေ့ယမ်းလိုက်သည်။

အလင်းရောင်တန်းကလေးများ ဝင်းလွှက်သွားသည်။



မရှန်က အဆောက်အအုံတွင်းသို့ တဟုန်ထိုးပြေးဝင်သွားပြီး လှည့်မကြည့်ပါချေ။

လက်နက်ပုန်းများသည် နောက်မှ ထပ်ကြပ်မကွာ လိုက်ပါသွားသည်။

မရှန်၏လူရိပ် ပျောက်ကွယ်သွားပြီးနောက်....

'အမယ်လေး'

စူးရှသော အော်ဟစ်သံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

အဝါရောင်ဝတ်ဆင်ထားသော မိန်းကလေးက သက်ပြင်းချလိုက်ပြီး....

'သူ့ကိုထိသွားပြီ'

ရှန်ဆင်က သူမကိုစိုက်ကြည့်ရင်း....

'သူကတော့သွားပြီ၊ မင်းကော'

အဝါရောင်ဝတ်ဆင်ထားသော မိန်းကလေးက ခေါင်းငုံ့ထားလိုက်သည်။

* * *

www.burmeseclassic.com



တောင်ခြေရင်းသို့ရောက်သည်နှင့် မင်းယန် ခြေလှမ်းရပ်လိုက်သည်။

တောင်ကုန်းပေါ်၌ သာယာလှပသည့် ပန်းခင်းရှိနေသည်ကို အတိုင်းသား တွေ့မြင်ရသည်။

ရွှန်ဆင်သည် တောင်ကုန်းပေါ်တက်သွားပြီး ဖြစ်သည်။

ဤနေရာသည် မည်သို့သောနေရာ ဖြစ်သည်ကို လည်းကောင်း ရွှန်ဆင် အဘယ်ကြောင့် လာခဲ့သည်ဆိုခြင်းကို လည်းကောင်း သူမသိချေ။

သူသိသည်မှာ ဤနေရာသည် ထူးခြားသော နေရာတစ်ခု ဖြစ်ပြီး ရွှန်ဆင်အား အမိဖမ်းရန်ဖြစ်သည်။

'ဒီအတိုင်းလိုက်သွားရင် ချောင်တိမ်းသွားမှာ စိုးရိမ်တယ်၊ မဖြစ်ဘူး ငါ ဘေးကပတ်ပြီး သူ့ရှေ့ရောက်အောင် ကြိုသွားနှင့်တာပိုကောင်းမယ်'

တွေးတောရင်း တောင်ကုန်းပေါ်မတက်ဘဲ ဘေးမှ ကွေ့ကာ လျှောက်သွားသည်။

အတော်လေးကြာအောင် လျှောက်သွားပြီးသောအခါ တောင်စောင်း ဆင်ခြေလျှောတစ်နေရာသို့ ရောက်ရှိလာသည်။



ဆင်ခြေလျှော၌ မြင်းလှည်းဘီးရာများ ထင်နေသည်ကို တွေ့ရသည်။

မင်းယန် ဝမ်းသာသွားသည်။

'အင်း...မြင်းလှည်းဟာ တောင်ကုန်းပေါ်ကို ဒီလမ်းအတိုင်း တက်သွားတာပဲဖြစ်ရမယ်'

တွေးတောရင်း ခပ်သွက်သွက်ပြေးသွားသည်။

ဆင်ခြေလျှောအဆုံး အပေါ်ဘက်သို့ တက်မိသောအခါ ရှေ့တွင် လမ်းပိတ်ရပ်နေသူတစ်ယောက်ကို တွေ့မြင်လိုက်ရသည်။

ထိုလူမှာ တစ်ကိုယ်လုံး အနက်ရောင် အဝတ်အစားများ ဝတ်ဆင်ထားပြီး ခါး၌ ဓားတစ်လက် ချိတ်ဆွဲထားလေတော့သည်။

လက်နှစ်ဖက်ကို ခါးထောက်၍ တောင်ကုန်းပေါ် တက်လာသည်။

မင်းယန်ကို စိုက်ကြည့်နေသည်။

သူက ခြေလှမ်းရပ်လိုက်၏။

ခါးထောက် ရပ်နေသူကို ပြုံးပြရင်း....

'အတော်ပဲ ကျုပ်ကလဲ တစ်ယောက်ယောက်ကို တွေ့ချင်နေတာနဲ့၊ မိတ်ဆွေ ဒီတောင်ကုန်းပေါ်ကို မြင်းလှည်း တစ်စီး တက်လာတာများ မတွေ့မိဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



ထိုလူ၏ အမေးကို မဖြေဘဲ ပြန်လည် မေးခွန်းထုတ်လိုက်သည်။

'မင်းက ဘယ်သူလဲ'

'ဗျာ'

'မင်းဘယ်သူလဲ၊ ဒီနေရာကို ဘာလာလုပ်တာလဲ၊ ပြောစမ်းပါ'

သူ၏ စကားသံက ခက်ထန်မာကျောလှသည်။

မင်းယန်အား မနှစ်မြို့ကြောင်း အထင်းသား ပေါ်လွင်နေသည်။

မင်းယန် ပခုံးတွန့်လိုက်၏။

'ကျုပ်က လူတစ်ယောက်ကို လာရှာတာဗျ'

ခါးထောက် ရပ်သူက ခေါင်းခါယမ်းပြီး....

'ဒီမှာ ဘယ်သူမှ မရှိဘူး၊ မင်းဒီက အမြန်ဆုံး ထွက်သွားရင် အန္တရာယ်ကင်းလိမ့်မယ်'

မင်းယန်က အသံပြတ်ပြတ်ဖြင့် ပြန်ပြော၏။

'ဗျာ....ဒီမှာ ဘယ်သူမှ မရှိဘူးပြောပြီး ခင်ဗျား ကျတော့ ဘာကြောင့် ရှိနေတာလဲ၊ ဧကန္တ ကျုပ်တို့ လိုက်ရှာတဲ့ လူကို ခင်ဗျား ဝှက်ထားပြီ ထင်တယ်'



'ဘာ'

ခါးထောက်ရပ်နေသူက ဒေါပွ၍ ရှေ့တိုး လာလေတော့သည်။

မင်းယန်က မလှုပ်မယှက် ရပ်နေလိုက်၏။

ခါးထောက်ရပ်နေသူက ကျားရှိုင်း တစ်ကောင်ပမာ ပြေးဝင်လာပြီး တိုက်ခိုက်လိုက်သည့်အရှိန်အဟုန်မှာ ကြောက်မက်ဖွယ် ပြင်းထန်လှ၏။

မင်းယန်မှာ လှစ်ခနဲရှောင်လိုက်၏။

ထိုလူ၏ ကြီးမားသော လက်သီးကြီးက ခေါင်းအနီးမှ ကပ်လျက် ဖြတ်ကျော်သွားရာ ဝီခနဲ မြည်သံပင် ကြားလိုက်ရသည်။

မင်းယန်က မဲ့ပြုံး ပြုံးရင်း ဝဲဖက်ခြေထောက်ဖြင့် ဝိုက်၍ ကန်လိုက်သည်။

'ဝုန်း'

'အွန့်'

အော်ဟစ် ညည်းညူသံများ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

အနက်ရောင်ဝတ်ဆင်ထားသူမှာ မင်းယန်၏ ခြေထောက်...

www.burmeseclassic.com

www.burmeseclassic.com



※

သို့သော်....

ခန္ဓာကိုယ် ထွားကြိုင်း သန်မာသူပီပီ ( စ်ချက် ခံလိုက်ရသော်လည်း မမှုဘဲ ထပ်မံ တိုက်ခိုက်ရန် ဒ.ရှိန်ယူ ကြိုးစားသည်။

မင်းယန်က သူ၏ အနီးသို့ ရိပ်ခနဲ ရောက်ရှိသွားလေတော့သည်။

တစ်ဆက်တည်းမှာပင်....

ခေါင်းယောင်လာသည့် အနက်ရောင် ဝတ်ဆင်ထားသူ၏ လည်ကုတ်ပေါ်သို့ လက်ဝါးစောင်း တစ်ချက် ခုတ်ချလိုက်မိသည်။

အနက်ရောင် ဝတ်ဆင်ထားသူက ရှောင်တိမ်းရန် ကြိုးစားလိုက်သည်။

သို့သော်....

သူ နောက်ကျသွားချေပြီ။

'ဖျောက်'

'အင့်....'

မသဲမကွဲ ညည်းညူ၍ မြေပေါ် လဲကျသွားသည်။

မင်းယန်က နောက်ထပ် တိုက်ခိုက်ဖို့ မကြိုးစားတော့ပါ။



ဤမျှနှင့်ပင် လုံလောက်ပြီ ဖြစ်ကြောင်း နားလည်သဘောပေါက်ထားသည်။

※

တစ်ဖက်သို့ လှည့်ရန် ဟန်ပြင်လိုက်စဉ်....

'ဖြောင်း ဖြောင်း ဖြောင်း'

လက်ခုပ်တီးသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

မင်းယန်က နောက်သို့ လှည့်ကြည့်လိုက်၏။

ထိုအခါ

လူတစ်ယောက် လှမ်းလာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူမှာ အသက်သုံးဆယ်ခန့်ရှိ လူရွယ်တစ်ယောက် ဖြစ်သည်။

အပြာရောင် အဝတ်အစားများ ဝတ်ဆင်ထားပြီး လက်ထဲတွင် ယပ်တောင်တစ်ချောင်း ကိုင်ဆောင်ထားလေ၏။

ရုပ်ရည် သန့်ပြန့်ပြီး စာပေသမား တစ်ယောက် အသွင်ရှိသည်။

မင်းယန် သတိထားနေလိုက်၏။

အပြာရောင်ဝတ်နှင့်လူက....

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား မဆိုးဘူး၊ လက်ဝါးစောင်း တစ်ချက်နဲ့ သူ့ကို လဲကျသွားအောင် တိုက်ခိုက်နိုင်ခဲ့တာပဲ၊ ခင်ဗျားကလက်ဝါး စောင်း တော်တော်ပြင်းပုံ ရတယ်'

မင်းယန် ပြုံးလိုက်သည်။

'ကျုပ်ရဲ့ လက်ဝါးစောင်းက ပြင်းတာ မဟုတ်ဘူး၊ သူ့က နံကို နုလွန်းတာပါဗျာ'

အပြာရောင်နှင့်လူက အံ့ဩဟန်ဖြင့်....

'သူက နုတယ် ဟုတ်လား'

သူက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်လေ၊ ကျုပ်ရဲ့ လက်ဝါးစောင်း တစ်ချက်တောင် မခံနိုင်တာ ခင်ဗျားမြင်သားပဲ'

အပြာရောင်ဝတ်နှင့်လူက ပြန်ပြောလိုက်၏။

'သူက နုတယ်ဆိုရင် ရယ်စရာ ကောင်းနေပြီ၊ သူကကျောက် တုံးကိုတောင် ခေါင်းနဲ့ တိုက်ခွဲနိုင်တယ်ဗျ'

'ဟုတ်လား'

မင်းယန်က သူ၏ လက်ကို ငုံ့ကြည့်ရင်း ပြောသည်။

ထိုလူက ပြုံး၍....



'သူက ကျောက်တုံးထက် မာတယ်၊ ခင်ဗျားက သူ့ထက် မာတယ်ပေါ့၊ မဆိုးဘူး၊ ကျုပ်ကလဲ ခင်ဗျားလို လူမျိုးကို သဘောကျတာ....

'ကဲ....ခင်ဗျားဒီမှာနေပြီး ပန်းဝက်ပေါ် တာဝန်ထမ်းဆောင် မယ်ဆိုရင် ခင်ဗျားကို ဘယ်လောက် ပေးရမလဲ'

မင်းယန် မျက်မှောင်ကုတ်သွားသည်။

'ဒီနေရာဟာ ပန်းဝက်ပေါ် ဟုတ်လား'

ထိုလူက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်လေ ခင်ဗျားမသိဘူးလား'

'မသိဘူး'

'ဒါဖြင့် ခင်ဗျားက ဘာလာလုပ်တာလဲ'

မင်းယန်ကပြန်ပြောလိုက်သည်။

လူတစ်ယောက်ကိုလာရှာတာ'

'ဘယ်သူလဲ'

'ကုရှဲ'

အပြာရောင်ဝတ်ဆင်ယားသူက အံ့ဩဟန်ဖြင့်....

'လက်စသတ်တော့ ကုရှဲကိုလိုက်ရှာနေတာကိုး'

မင်းယန်က ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်'

'ဘာကြောင့် သူ့ကိုတွေ့ချင်ရတာလဲ'

မင်းယန်လည်းဆရာကြီးလေ့နှင့် မံားသမား စုဗိန်တို့ပြောစကားများမှ ကြားသိခဲ့ရသော အချက်အလက်များ အဘိုင်း ခပ်တည်တည်လိမ့်လိုက်သည်။

'သူက ကျောက်ဖြူဂူကို ပို့ပေးရမယ်၊ ပတ္တမြား တွေကို အဖျောက်ရှက်သွားလို့ လိုက်ရှာနေတာဗျ'

အပြာ့ရောင် ဝတ်ဆင် ထားသူက ခေါင်းတဆတ်ဆတ် ညိတ်ကာ....

'လက်စသတ်တော့ဒီလိုကိုး၊ ဒါကြောင့် ခင်ဗျားဟာ့ကျောက်ဖြူဂူက လူပေါ့'

'ဟုတ်တယ်'

မင်းယန်က ကပျာကယာ ပြန်ပြော လိုက်ခြင်း ဖြစ်ခဲလသည်။

အပြာ့ရောင် ဝတ်ဆင်ထားသူက စကား ဆက်လိုက်လေသည်။

'ခင်ဗျားဟာ ကူရှဲနောက် လိုက်လာတာကိုး၊ ဈေးသွားဝယ်တဲ့ မိန်းကလေးကလဲ တယ်ညံ့တာပဲ၊ ကိုယ့်နောက်ကို



လူတစ်ယောက် လိုက်လာတာတောင် သိပုံမရဘူး၊ နေပါဦး၊ ခင်ဗျားက ကျောက်ဖြူဂူမှာ ဘာလုပ်ရတာလဲ'

မင်းယန်က ပြုံးလိုက်ပြီး....

'သစ္စာဖောက်တွေကို ရှာဖွေ ဖော်ထုတ်ပေးရတယ်'

အပြာရောင် ဝတ်ဆင်ထားသူက ပြန်မေးလိုက်သည်။

'ဒီလိုလုပ်တော့ ခင်ဗျားအတွက် ဘာအကျိုးထူးမှာလဲ'

မင်းယန်က ပြန်ပြောလိုက်သည်။

'ဘူးတာပေါ့၊ သစ္စာဖောက်တစ်ယောက်ဆိုရင် အနည်းဆုံး ငွေတစ်သောင်းလောက်ရတယ်၊ ကူရှဲလိုလူစားမျိုးဆိုရင်တော့ နှစ်သောင်းလောက်ရတယ်'

အပြာ့ရောင်ဝတ်ဆင်ထားသူက ခေါင်းခါယမ်းလိုက်လေသည်။

'ခင်ဗျားက ဘာမဟုတ်တဲ့ငွေအတွက် အလုပ်လုပ်နေတဲ့သူကိုး'

'ဘာ...ဘာပြောတယ်'

'ငွေနှစ်သောင်းလောက်တော့ သဲကြီးမဲကြီး အပင်ပန်းခံပြီး လိုက်ရှာနေစရာမလိုပါဘူးဗျာ၊ ဟိုမှာလဲနေတဲ့လူကိုကြည့်

www.burmeseclassic.com

www.burmeseclassic.com



စမ်း၊ သူက ဒီနေရာမှာ ခါးထောက်နေရုံနဲ့ တစ်လကို ငါး ထောင်းလောက်ရတယ်'

မြေပေါ်တွင် လှဲကျပြီး သတိလစ်နေသည့် အနက်ရောင် ဝတ်ဆင်ထားသူအား ညွှန်ပြကာ ပြောလိုက်ခြင်း ဖြစ်လေ သည်။

မင်းယန် ပခုံးတွန့်လိုက်သည်။

'ကျုပ်တို့ ကျောက်ဖြူဂူမှာဆိုရင်တော့ သူက ထင်းခွဲ ရေခပ်တဲ့အလုပ်ကိုပဲ လုပ်ရမှာပါဗျာ'

အပြာရောင် ဝတ်ဆင်ထားသူက လက်ကာပြလိုက်လေ သည်။

'ထားပါတော့၊ ခင်ဗျားကတော့ ကုရဲကိုလိုက်ရှာပြီးမှ ရမယ့် ငွေနှစ်သောင်းထက် မပင်မပန်းရမယ့် ငွေတစ်သိန်း ဘယ်ဟာကိုပိုလိုချင်လဲ'

မင်းယန်က အသံပြတ်ပြတ်ဖြင့်...,

'ခင်ဗျားက တမင်သက်သက် ငွေတစ်သိန်းပေးမယ်တော့ မထင်ဘူး၊ ကျုပ်လဲ အပေါက်စောင့်တော့ မလုပ်ခိုင်းဘူး'

အပြာရောင် ဝတ်ဆင်ထားသူက ခေါင်းညိတ်လိုက်လေ



'ကျုပ်သိပါတယ်၊ ခင်ဗျားလိုလူမျိုးဟာ သခင်ဘေးနား မှာပဲ ရှိသင့်တာပေါ့'

မင်းယန်က မျက်မှောင်ကြုတ်ပြီး

'ဘယ်က သခင်လေးလဲ'

အပြာရောင် ဝတ်ဆင်ထားသူက ဆက်ပြောလိုက်လေ သည်။

'ခင်ဗျားသဘောတူရင် ခင်ဗျားရဲ့အလုပ်ရှင် ဖြစ်လာမယ့် သူပေါ့၊ ကဲ....ကျုပ်ပြောတာ ခင်ဗျား ဘယ်လိုသဘောရလဲ'

မင်းယန်က သဘောပေါက်သွားဟန်ဖြင့်

'လက်စသတ်တော့ သခင်လေးဆိုတာ ပန်းဝက်ပါပိုင်ရှင် ကိုး....'

အပြာရောင် ဝတ်ဆင်ထားသူက ခေါင်းညိတ်လိုက်လေ သည်။

'ဟုတ်တယ်'

'ပန်းဝက်ပါမှာ အလုပ်လုပ်ရမယ်ဆိုရင် မဆိုးပါဘူးလေ'

'ဒါဖြင့် ခင်ဗျား သဘောတူတယ်ပေါ့'

မင်းယန်က ခေါင်းခါလိုက်သည်။

'ဒီလိုလဲမဟုတ်သေးဘူး၊ ခင်ဗျားရဲ့သခင်မလေးနဲ့ တွေ့ပြီး မှ ကျုပ် ဆုံးဖြတ်နိုင်မယ်'

အပြာရောင် ဝတ်ဆင်ထားသူက ခေါင်းညိတ်လိုက်လေ သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီ၊ ခင်ဗျားကို သခင်မလေးနဲ့ တွေ့ပေးမယ်၊ ဒါပေမယ့် ပထမဦးဆုံး ခင်ဗျားကို စမ်းသပ်ကြည့်ရလိမ့်မယ်'

မင်းယန်က မျက်မှောင်ကြုတ်ပြီး

'ဘာကို စမ်းသပ်ရမှာလဲ'

အပြာရောင်ဝတ်ဆင်ထားသူက အဖြေမပေးဘဲ လက်ထဲ၌ ကိုင်ထားသော ယပ်တောင်ကို တစ်ချက်ခတ်လိုက်ရင်း....

'ကျုပ်ရဲ့ယပ်တောင်ကို သတိထား'

စကားဆုံးသျှင် စတင်တိုက်ခိုက်လိုက်သည်။

ထိုသို့ တိုက်ခိုက်လာမည်ဖြစ်ကြောင်း မင်းယန် ရိပ်မိသွားသည်။

ထို့ကြောင့်

ဘေးသို့ ဖျတ်ခနဲရှောင်ပြီး လက်ဝါးစောင်းနှစ်ဖက် ဆန့်ထုတ်ကာ ပြန်လည်တိုက်ခိုက်လိုက်သည်။

သူတို့နှစ်ယောက်စလုံး လျင်မြန်သွက်လက်သူများ ဖြစ်လေသည်။

အပြာရောင်ဝတ်ထားသူသည် ပထမသိုင်းကွက် အခြေအနေမဟန်သည်နှင့် သိုင်းကွက်ပြောင်းကာ ထပ်မံတိုက်ခိုက်လိုက်သည်။



မင်းယန်ကလည်း တိုက်ကွက်များကိုချေဖျက်ရင်း ပြန်လည် တိုက်ခိုက်လိုက်သည်။

သူတို့နှစ်ယောက် ယှဉ်ပြိုင်တိုက်ခိုက်မိသည်နှင့် နောက်မဆုတ်ကြတော့ဘဲ အဆက်မပြတ် တိုက်ခိုက်လိုက်ကြလေ၏။

သိုင်းကွက်ဆယ်ကွက်ခန့် တိုက်ခိုက်လိုက်သည်နှင့်....

'ဝုန်း'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာလေသည်။

မင်းယန်နှင့် အပြာရောင်ဝတ်ဆင်ထားသူ နှစ်ယောက်စလုံး နောက်သို့ ပြုံ်တွဆုတ်လိုက်ကြသည်။

မင်းယန်က ပြုံးနေသည်။

အပြာရောင်ဝတ်ဆင်ထားသူ၏ မျက်နှာမှာ တည်ကြည်လေးနက်နေလည်း။

သူ၏ စူးရှတောက်ပသော မျက်လုံးများက ကိုင်ထားသော ယပ်တောင်ကိုကြည့်နေသည်။

ယပ်တောင်မှာ စုတ်ပြတ်နေချေပြီ။

အတော်လေးကြာမှ အပြာရောင်ဝတ်ဆင်ထားသူက သက်ပြင်းချလိုက်သည်။

'ခင်ဗျားဟာ ကျောက်ဖြူဂူကလူဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးဆိုတာ ကျုပ်သိတယ်....'

www.burmeseclassic.com

www.burmeseclassic.com



'ဒါပေမယ့် သခင်လေးဆီကိုပို့ပေးပါမယ်၊ ကျုပ်နောက် လိုက်ခဲ့ပါ'

စကားဆုံးလျှင် ချာခနဲလှည့်တာ ထွက်သွားလေသည်။

မင်းယန်က လှမ်းမြင်နေရသော အဆောင်အအုံဆီသို့ မျှော်ကြည့်လိုက်သည်။

ထို့နောက်....

အမြှာရောင် ဝတ်ဆင်ထားသူနောက်သို့ လိုက်သွားလေတော့သည်။

* * *

ပထမပိုင်းပြီး၏။

ဒုတိယပိုင်း (ဇာတ်သိမ်း) ဆက်လက်ဖတ်ရှုပါရန်။

ဝဏ္ဏအောင်

www.burmeseclassic.com

www.burmeseclassic.com

# ဝဏ္ဏာအောင်

ဓား ပုံ ဖြိုင်

( ဒုတိယပိုင်း )

www.burmeseclassic.com

www.burmeseclassic.com

## ခါးပုံပြင်

နေရောင်ခြည်များ ဖြာကျနေသည်။

လှပသောပန်းခင်းနှင့် ပန်းရလှသည်။

အေးမြသော လေပြည်လေညင်းက တသုန်သုန်တိုက်ခတ်နေ၏။

ရှုခင်းက သဘာဝအလှကိုလည်းကောင်း၊ ပတ်ဝန်းကျင်ကိုလည်းကောင်း စိတ်မဝင်စားပါချေ။

သူစိတ်ဝင်စားသည်မှာ သူ၏ရှေ့၌ ရပ်နေသော အစိမ်းရောင် ဝတ်ဆင်ထားသည့် မိန်းကလေးကိုသာ ဖြစ်လေသည်။

အဝါရောင် ဝတ်ဆင်ထားသော မိန်းကလေးမှာ သူ၏အရှေ့ဘက် မလှမ်းမကမ်း၌ ရပ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက ရှန်းလက်တောက်ပသော မျက်လုံးများဖြင့် သူ့ကိုကြည့်နေ၏။

ရှန်ဆင်က သူမကိုကြည့်ကာ....

'မင်းက ဘယ်သူလဲ'

သူ၏စကားသံမှာ ပြတ်သားမာကျောလှသည်။

မိန်းကလေးက နောက်ဆုတ်သွားလေ၏။

သူ့အား ကြောက်ရွံ့သွားသည့် သဘောမျိုး ဖြစ်ပေသည်၊ သူမ၏မျက်နှာ ညှိုးငယ်နေပြီး နှုတ်ခမ်းများ တုန်တုန်ယင်ယင် ဖြစ်နေ၏။

တစ်စုံတစ်ခုကို ပြောဆိုချင်ပုံရ၏။

'မင်းဘယ်သူလဲ'

ရှန်ဆင်က ဒုတိယအကြိမ် ထပ်မေးလိုက်၏၊

မိန်းကလေးက ခေါင်းခါယမ်းလိုက်၏။

'ကျွန်...ကျွန်မက ရှင့်ကို ဒုက္ခပေးမယ့် လူ မဟုတ်ပါဘူး ရှင်'

ရှန်ဆင်က ခေါင်းခါယမ်းလိုက်၏။

'ကျုပ်က အဲ့ဒါကိုမေးတာ မဟုတ်ဘူး၊ မင်းဘယ်သူလဲ ဆိုတာကို မေးတာ'



မိန်းကလေးက ပြန်ဖြေလိုက်၏။

'ကျွန်မနာမည် စုစုလို့ ခေါ်ပါတယ်ရှင်'

ရှန်ဆင်က ပြန်မေးလိုက်သည်။

'မင်း ဒီကို ဘာလာလုပ်တာလဲ'

'ကျွန်... ကျွန်မ အစ်ကိုအတွက် လာခဲ့တာပါ၊ ကျွန်မရဲ့ အစ်ကိုကို ဒီကလူတွေ ဖမ်းခေါ်သွားလို့ ပြန်ပြီး ကယ်တင်မလို့ပါ၊ ရှင်က ဒီကလူမဟုတ်တော့ ရိပ်မိလို့'

သူမ၏စကား တစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်သည်။

ရှန်ဆင်က ခေါင်းခါယမ်းလိုက်၏။

'ကျုပ်က မင်းကိုကူညီနိုင်မှာ မဟုတ်ဘူး'

'ရှင်'

စုစုက အံ့သြသွား၏။

ရှန်ဆင်က ဆက်ပြောလိုက်၏။

'ကျုပ်ကိစ္စနဲ့ ကျုပ်လာခဲ့တာ၊ ကျုပ်နဲ့လာပြီး ပတ်သက်ရင် မင်းတောင် ပိုပြီးဒုက္ခရောက်သွားနိုင်သေးတယ်၊ ဒီတော့ ဝေးဝေးက သွားပေတော့၊ ကျုပ်နောက်ကို လိုက်ခဲ့ဖို့လဲ စမစဉ်းစားနဲ့'

စကားဆုံးလျှင် ပန်းဝက်ပါစံအိမ်ဆီသို့ ခြေဦးလှည့်ကာ သွားရန် ဟန်ပြင်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ခဏနေပါဦးရှင်'

စုစုက ဟန့်တားလိုက်၏။

ရွှန်ဆင်က သူမအား အေးစက်စွာ လှည့်ကြည့်လိုက်၏၊

သူ၏အကြည့်ကြောင့် စုစုက နောက်သို့ ခြေလှမ်းကိုဆုတ်လိုက်၏။

ရွှန်ဆင်က ပြတ်သားသောလေသံဖြင့်....

'ကျုပ်ပြောပြီးပြီ မဟုတ်လား၊ ကျုပ်နဲ့ပတ်သက်ရင် မင်းတောင် ဒုက္ခရောက်သွားနိုင်တယ်'

စုစုက အထစ်ထစ် အငေါ့ငေါ့ဖြင့်....

'ကျွန်....ကျွန်မ'

ရွှန်ဆင်က လက်ကာပြလိုက်ပြီး....

'မင်းကို အကောင်းဆုံးအကြံတစ်ခုပေးမယ်၊ ငြိမ်ငြိမ်လေးစောင့်နေ၊ ပန်းဝက်ပါစံအိမ်ထဲက ကျုပ်ပြန်လာတာကိုတွေ့ရင် အထဲဝင်ပြီး မင်းရဲ့အစ်ကိုကို လိုက်ရှာပေတော့၊ ကျုပ်ပြန်ထွက်မလာဘူးဆိုရင် ဒီကနေအမြန်ဆုံး ထွက်သွားတော့'

စကားဆုံးလျှင် လှည့်မကြည့်တော့ဘဲ ထွက်သွားသည်၊

သူ့အား ဆက်တားရှိရမည်မဟုတ်ကြောင်း စုစုနားလည်ထားသည်။

ထို့ကြောင့်....

ဘာမှမပြောဘဲ နောက်ဆုတ်နေလိုက်၏။



ရွှန်ဆင်က ရှေ့သို့ခြေလှမ်းသွက်သွက်ဖြင့် လျှောက်သွားပြီး ပန်းဝက်ပါစံအိမ်အတွင်းသို့ လှမ်းဝင်သွား၏။

စုမာက သက်ပြင်းချလိုက်သည်၊

တစ်ဖက်သို့လှည့်ကာ ပန်းရုံများကြားသို့ ကြည့်လိုက်၏၊

ထိုအခါ....

ပန်းရုံကြားမှ မိန်းကလေးတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့မြင်ရသည်၊

ထိုမိန်းကလေးမှာ မေရှန်ဖြစ်၏၊

မေရှန်၏ လက်တစ်ဖက်၌ ပတ်တီးများ စည်းနှောင်ထားသည်ကို တွေ့မြင်နိုင်သည်၊

ဒဏ်ရာရရှိထားသော်လည်း မေရှန်၏မျက်နှာမှာပြုံးရောင်သန်းနေသည်၊

'ဘယ်သို့လဲ ညီမ၊ ကြိုးစားလို့မရဘူး ဟုတ်လား'

စုစုက ပခုံးတွန့်လိုက်သည်။

'သူက အတော်ခက်တဲ့လူပဲ'

'ဘာပဲဖြစ်ဖြစ် နန်းတော်ထဲကို ဝင်သွားပြီးမှတော့ သူက အဆိပ်ရှိတဲ့ မြွေတစ်ကောင်ဖြစ်မသွားဘဲပန်းဝက်ပါကို ဖျက်ဆီးမယ့်သူ ဖြစ်ခဲ့ရင်တော့'

www.burmeseclassic.com

www.burmeseclassic.com



မေရှန်က တည်ကြည်သော မျက်နှာထားဖြင့်....

'သခင်လေး၏ သိုင်းပညာအဆင့် မြင့်တယ်ဆိုတာ မှန်ပါအယ်၊ ဒါပေမယ့် သူ့ကိုတွေ့လိုက်ရတာတည်းက စိတ်ခုခုဖြစ်လိမ့်မယ်လို့ ထင်ခဲ့မိတယ်'

စုစုက ပြန်မေးလိုက်သည်။

'ဘာ၊ မမရဲ့လက်တစ်ဖက် ဒဏ်ရာရခဲ့လို့လား'

'ညီမ ဒီလိုထင်ရင် မှားသွားမှာပေါ့'

'ဒါဖြင့်'

မေရှန်က သက်ပြင်းချလိုက်သည်။

'အေးလေ၊ အချိန်က စကားပြောလာမှာပါ'

စုစု မဲ့ပြုံး ပြုံးလိုက်သည်။

ပြောပြီး ပန်းဝက်ပါ စံအိမ်ဘက်သို့ လှည့်ကြည့်လိုက်လေသည်။

ပန်းဝက်ပါ စံအိမ်အတွင်းသို့ ရှန်ဆင် ဝင်ရောက် ပျောက်ကွယ်သွားပြီ ဖြစ်လေတော့သည်။

* * *



အခန်းသုံးခုကိုဖြတ်ကျော်ပြီးနောက် ခန်းမကျယ်သို့ရောက်ရှိလာသည်။

အပြာရောင်ဝတ်နှင့် လူက ခြေလှမ်း ရပ်လိုက်လေတော့သည်။

မင်းယန်ဘက်သို့ လှည့်၍....

'ဒီမှာ ခဏစောင့်နေရမယ် ဆိုရင် ခင်ဗျား စောင့်နိုင်တယ်မဟုတ်လား'

မင်းယန်က ခေါင်းညိတ်လိုက်သည်။

'ရပါတယ်ဗျာ၊ ကိစ္စမရှိပါဘူး'

'ဒါဖြင့် ခဏစောင့်နေပါဗျာ'

စကားဆုံးလျှင် ခန်းမအတွင်းသို့ လှမ်းဝင်သွားလေတော့သည်။

မင်းယန်က အခန်းရှေ့၌ ရပ်၍ အပြာရောင်ဝတ်နှင့်လူပြန်ထွက်လာမည့် အချိန်ကို စောင့်ဆိုင်းနေလိုက်၏။

မကြာပါချေ။

အကွင်းဘက်မှ အပြာရောင်ဝတ်နှင့်လူ ပြန်ထွက်လာသည်ကို တွေ့ရ၏။

အပြာရောင်ဝတ်နှင့်လူ၏ မျက်နှာသည် တည်တည် ကြည်ကြည် ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



မင်းယနိုကို အသိအမှတ်ပြုသည့် သဘောဖြင့် ခေါင်းညိတ်ပြလိုက်၏။

'အထဲဝင်သွားပါဗျာ'

သူက ခေါင်းညိတ်ပြလိုက်ပြီး....

'ကောင်းပြီ'

အခန်းအတွင်းသို့ ခပ်သွက်သွက် လှမ်းဝင်လိုက်၏။

အခန်းအတွင်းသို့ ဝင်မိသည်နှင့် အခန်းတံခါး ပိတ်သွားသည်။

အခန်းတွင်း၌ လင်းလင်းချင်းချင်း ရှိနေသည်။

အစီအရီ ခင်းကျင်းထားသော စားပွဲ ကုလားထိုင်များကိုလည်းကောင်း....

သစ်သား ဗီရိုများကို လည်းကောင်း....

နံရံကပ် ချိတ်ဆွဲထားသော ပန်းချီကားချပ်များနှင့် အလှစိုက် ပန်းအိုးများကို လည်းကောင်း တွေ့ရ၏။

ခမ်းနားစွာ ပြင်ဆင်ထားသည့် အခန်းဖြစ်သော်လည်း လူသူ တစ်စုံတစ်ယောက်မျှ ရှိမနေပါချေ။

မင်းယနိုက ပြုံးလိုက်သည်။



'ဟင်း....လူမရှိဘဲ စားပွဲ ကုလားထိုင်ချည်းပဲ ရှိတယ်ဆိုတော့ ကျုပ်ကို ထိုင်စောင့်ခိုင်းတဲ့ သဘောပေါ့၊ ကောင်းပြီလေ....ထိုင်စောင့်ဆိုလဲ စောင့်ရတာပေါ့'

ပြောပြီး အတွင်းဘက်ဝင်၍ ထိုင်ခုံတစ်လုံး ဆွဲယူ ထိုင်ချလိုက်လေ၏။

ပြီးလျှင်....

မိန်းကလေးတစ်ယောက် ထွက်လာသည်ကို တွေ့မြင်လိုက်ရမိ၏။

ထိုမိန်းကလေး လက်ထဲ၌ စားသောက်ဖွယ်ရာများ ထည့်ထားသော လင်ဗန်း တစ်ချပ် ကိုင်ဆောင်လာ၏။

'သခင်မလေး ..မကြာခင် ထွက်လာပါလိမ့်မယ်၊ ရှင်ခဏ လောက် စောင့်ပါဦး၊ စားသောက်ရင်း စောင့်နေဖို့ မှာလိုက်ပါတယ်ရှင်'

ဟု ချိုသာသော အသံဖြင့် ပြောသည်။

မင်းယနိုက ဘာမှမပြောဘဲ နေလိုက်၏။

မိန်းကလေးက သူ့ရှေ့၌ စားသောက်ဖွယ်ရာ ထည့်ထားသော လင်ဗန်းကို ချပေးလိုက်၏။

ပြီးလျှင်....

ဘေး၌ရပ်၍ ပြုစုရန် စောင့်ဆိုင်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းယန်မှာ ကျောက်ဖြူဂူမှ လက်မရှ ကြေးစား အဖြစ် ဟန်ဆောင်လာခဲ့သည်ကို မမေ့ပါ။

များသောအားဖြင့်....

လက်မရှ ကြေးစားများသည် မိန်းကလေးများနှင့်အရက် ကို ခုံမင်တတ်ကြသည် မဟုတ်ပါလား။

မင်းယန် ပြုံးလိုက်သည်။

မိန်းကလေးကို စိုက်ကြည့်ရင်း....

'မင်းရဲ့ သခင်မလေးက ကျုပ်ကို ပြုစုဖို့ မင်းကို လွှတ်လိုက်တာ ဟုတ်လား'

မိန်းကလေးက ဦးညွှတ်ရင်း....

'ဟုတ်ပါတယ်ရှင်၊ လိုအပ်တာရှိသမျှ ခိုင်းနိုင်ပါတယ်'

'ကျုပ် ဘာခိုင်းခိုင်း လုပ်မယ်ပေါ့'

'ဟုတ်ပါတယ်ရှင်'

မင်းယန်က ပြန်မေးလိုက်သည်။

'တကယ်လို့ များ ကျုပ်က မင်းကို သေသွားစေချင်တယ် ဆိုရင်ရော'

'ရှင်'

မိန်းကလေး အံ့ဩသွားသည်။



သူမ၏ မျက်နှာ ချက်ချင်း နီရဲသွားသည်။

မင်းယန်က ပြန်မေးလိုက်၏။

'ဘယ်လိုလဲ ကျုပ်မေးတာ ဖြေပါဦး'

မိန်းကလေး သက်ပြင်း ချလိုက်သည်။

ခေါင်းကလေး ခေါင်းငုံ့၍ အဖြေမပေးပါ။

သူက ဆက်ပြောလိုက်သည်။

'မင်းသခင်မလေးက ဘာမှ မပြောလိုက်ဘူးလား'

ထိုအခါမှ....

မိန်းကလေး ခေါင်းမော့လာသည်။

ရွှန်းလဲ့တောက်ပသော မျက်လုံးများဖြင့် မင်းယန်ကိုကြည့် ကာ....

'ရှင်က ကျွန်မကို သေစေချင်တယ်ဆိုရင် ကျွန်မသေဖို့ ဝန် လေးပါဘူးရှင်'

'မင်းတကယ်ပြောတာလား'

'တကယ်ပါရှင်'

မင်းယန်က ရယ်မောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟား....ဟား....ဟား ကျုပ်က မင်းကို မသေစေချင်ပါဘူးကွာ၊ သေလဲ မသေနိုင်ပါဘူး'

မိန်းကလေးက ငေးသွားသည်။

'ဒါ...ဒါဖြင့်....'

'ကျုပ်အတွက် လုပ်ပေးစရာ တစ်ခုပဲ ရှိပါတယ်'

'ပြော... ပြောပါရှင်၊ ကျွန်မ ဘာလုပ်ပေးရမလဲ'

မင်းယန်က အေးစက်စွာ ပြောလိုက်၏။

'ဟောဒီ...အစားအသောက်တွေကို စားလိုက်ရုံပါပဲ'

လင်ဗန်းထဲ ထည့်ယူလာသည့် စားသောက် ဖွယ်ရာများကို ညွှန်ပြရင်း ပြောလိုက်၏။

မိန်းကလေး၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေတော့သည်၊

သို့သော်....

ချက်ချင်းပင် သူမ၏ မျက်နှာပေါ်၌ အပြုံးရိပ်များ ပေါ်လွင်လာသည်၊

သူမ ငြင်းပယ်မည်ဟု မင်းယန် ထင်မှတ်ထား၏။

သို့ရာတွင်....

ငြင်းပယ်ခြင်း မပြုဘဲ...



'ကောင်းပါပြီရှင်'

ပြောပြောဆိုဆို စားသောက်ဖွယ်ရာများကို နှိုက်ယူစားပြလိုက်သည်။

တစ်ဆက်တည်းပင်....

အရက်တစ်ခွက်လည်း ငှဲ့သောက်လိုက်လေသည်၊

အစားအသောက် စားရာ၌ လည်းကောင်း....

အရက်သောက်ရာ၌ လည်းကောင်း တစ်စက်ကလေးမျှ ဖိတ်စင်ပျက်သွားခြင်း မရှိပါ။

မည်သို့မျှ မထူးခြားသလို အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် စားပြလိုက်ခြင်း ဖြစ်၏။

စားသောက်ပြီးသည်နှင့် မင်းယန်ဘက် ပြုံးပြရင်း ...

'ကျေနပ်ပြီလားရှင်'

မင်းယန်က ခေါင်းညိတ်ပြလိုက်သည်။

'ကောင်းပြီ၊ ကျုပ်ကျေနပ်တယ်'

စကားဆုံးလျှင်....

သူကိုယ်တိုင် အရက်တစ်ခွက် ငှဲ့၍ သောက်ချလိုက်လေသည်။

ပြီးလျှင်....

www.burmeseclassic.com

www.burmeseclassic.com



စားသောက်ဖွယ်ရာများကို နှိုက်ယူ စားသောက်လိုက်ခြင်း ဖြစ်သည်။

ထိုစဉ်....

ခြေသံများ တရှပ်ရှပ်မြည်၍ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

မင်းယန် လုံးဝ ဂရုမစိုက်ဘဲ ဆက်လက် စားသောက်နေသည်။

မိန်းကလေးက မသိမသာ နောက်ဆုတ်သွားသည်ကိုတော့ သတိပြုမိ၏။

ခြေသံများ ထွက်ပေါ်လာပြီး မဝေးမနှောင်းမှာပင်....

'ခင်ဗျား သူစကားကို ယုံကြည်လိုက်တာ အများကြီးမှားသွားပြီ ဗျို့'

ရယ်သံနှင့်စကားသံ ပြိုင်တူထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

မင်းယန်က အားရပါးရ စားသောက်ပြီးစီးသွားသည်ကို ကြားလိုက်ရသည်။

မင်းယန်က အားရပါးရ စားသောက်ပြီးစီးသွားပြီဖြစ်ရာ စားသောက်မှုကို လက်စသတ်ကာ လှမ်းကြည့်လိုက်၏။



ထိုအခါ....

အခန်းတွင်းသို့ လူတစ်ယောက် ရောက်ရှိလာသည်ကို တွေ့ရသည်။

ထိုလူမှာ သူ့အားခေါ်ဆောင်လာသည့် အပြာရောင် ဝတ်ဆင်ထားသူဖြစ်သည်။

မင်းယန်က ပြုံးလိုက်သည်။

'ကျုပ်မှားသွားပြီ ဟုတ်လား'

အပြာရောင် ဝတ်ဆင်ထားသူက ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်တယ်၊ ခင်ဗျားဟာ ကိုယ့်ကိုယ်ကို ယုံကြည်မှုလွန်ကဲတယ်၊ သူများအပေါ်လဲ ယုံကြည်တယ်၊ ဒါဟာ ခင်ဗျားအမှားပေါ့'

မင်းယန်က ပြန်မေးသည်။

'အဲဒီလိုယူဆသွားအောင် ကျုပ်က ဘာမင်လုပ်ခဲ့တာတို့ရင်ကော'

'ဗျာ....'

အပြာရောင်ဝတ်ဆင်ထားသူသည် ကြောင်အအမ်း ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းယန်ကို နားမလည်နိုင်စွာ ကြည့်လေသည်။

မင်းယန်က ရယ်ကျဲကျဲဖြင့်....

'ကျုပ်က စားသောက်စရာတွေကို စားပစ်လိုက်တာဟာ အဆိပ်ခတ်ထားမှာကို မကြောက်လို့ဘဲ'

အပြာရောင်ဝတ်ဆင်ထားသူက မျက်မှောင်ကုတ်ပြီး....

'သေချာလား'

မင်းယန်က ပြန်ပြောလိုက်သည်။

'လျှုမိသားစု သမားတော်ကြီးနဲ့ကျုပ်ဟာ အင်မတန်ရင်းနှီးတယ်ဆိုရင် ခင်ဗျားလက်ခံမှာပဲ'

အပြာရောင်ဝတ်ဆင်ထားသူက ပါးစပ်ပိတ်ထားလိုက်လေသည်။

လျှုမိသားစုမှာ သိုင်းလောက၌ ဆေးပညာနှင့်ပတ်သက်ပြီး အလွန်ကျော်ကြားပေသည်။

အထူးသဖြင့်....

အဆိပ်အမျိုးမျိုးကို သက်သာပျောက်ကင်းအောင် ကုသရာ၌ ထင်ရှားပေသည်။

အပြာရောင်ဝတ်ဆင်ထားသူ ကြောင်အမ်းအမ်း ဖြစ်နေစဉ်....



'အမယ်လေး'

စူးရှသော အော်ဟစ်သံတစ်ချက် ထွက်ပေါ်လာ၏။

စားသောက်ဖွယ်ရာများ ယူဆောင်လာသည့် မိန်းကလေးမှာ တစ်ချက်အော်ပြီး ကြမ်းပြင်ပေါ် ခွေခနဲလဲကျသွားသည်ကို တွေ့မြင်လိုက်ရသည်။

မိန်းကလေး၏ နှာခေါင်းနှင့်ပါးစပ်မှ သွေးမည်းများ ယိုစီးကျလာသည်။

မိန်းကလေးသည် အဆိပ်ခတ်ထားသော စားသောက်ဖွယ်ရာများကို မင်းယန် ယုံကြည်မှုရှိစေရန် အသက်အသေခံကာ စားသောက်ခဲ့ခြင်းဖြစ်သည်။

မင်းယန်က ခေါင်းခါလိုက်သည်။

'ကျုပ်ကို စမ်းသပ်ချင်တာနဲ့ သူတို့ရဲ့လူတစ်ယောက် ဆုံးရှုံးသွားရတာ နှမြောစရာ ကောင်းပါတယ်ဗျာ'

အပြာရောင်ဝတ်ဆင်ထားသူက ပခုံးတွန့်လိုက်၏။

'ကျုပ်တို့ဆီမှာ လူတော်လူကောင်းတွေ အများကြီးရှိပါတယ်....'

'ဒါပေမယ့် ခင်ဗျားလိုလူတစ်ယောက် ရမယ်ဆိုရင် တစ်ယောက်မဟုတ်ဘူး၊ ဆယ်ယောက်ဆုံးရှုံးသွားလဲ ဝမ်းနည်းစရာမလိုပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ဟား....ဟား....ဟား'

မင်းယန်၏ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

အပြာရောင်ဝတ်ဆင်ထားသူက ပြောလိုက်သည်။

'ခင်ဗျားကို နောက်ဆုံးအကြိမ်စမ်းသပ်လို့ စိတ်ချပြီ ဆိုတာနဲ့ သခင်လေးက ဒီနေရာမှာ တံခါးမရှိဓားမရှိ ဝင်ထွက်နေထိုင်ခွင့်ပြုမှာ သေချာပါတယ်၊ ခင်ဗျားဟာ တခြားလူတွေထက် ပိုပြီး ဝင်ငွေကောင်းမယ်ဆိုတာ ကျုပ်....အာမခံတယ်'

မင်းယန်က မျက်မှောင်ကြုတ်ကာ....

'ကျုပ်ကို ထပ်ပြီးစမ်းသပ်ဦးမယ် ဟုတ်လား'

'ဟုတ်ပါတယ်ဗျာ'

'ကဲ....ဘယ်လိုစမ်းသပ်မတ်ဆိုတာ ပြောစမ်းပါဦး'

အပြာရောင် ဝတ်ဆင်ထားသူက ချာခနဲလှည့်ထွက်လိုက်ပြီးလျှင်....

'ကျုပ်နောက် လိုက်ခဲ့ပါ'

မင်းယန်လည်း မည်သည့်စကားမှမပြောဘဲ အပြာရောင်ဝတ်ဆင်ထားသူနောက်သို့ လိုက်သွားသည်။

ပဲဘက်အခန်းရှိ တံခါးပေါက်ကို ဖြတ်ကျော်ပြီးနောက် တစ်ဖက်ခန်းသို့ ရောက်ရှိသွား၏။



စေ ရုံသာစေ ထားသော အခန်းဘုံခါးရှေ့၌ အပြာရောင်ဝတ်ဆင်ထားသူက ခြေလှမ်းရပ်တန့်လိုက်ပြီး မင်းယန်ဘက်သို့လှည့်ကာ....

'အထဲဝင်သွားပါဗျာ၊ အခန်းထဲမှာ ခင်ဗျားကို လူတစ်ယောက် စောင့်နေပါလိမ့်မယ်၊ သူ့ကို ခင်ဗျားကသုတ်သင်ပစ်လိုက်ရုံပါပဲ၊ ပြီးတာနဲ့ သခင်လေးဟာ ခင်ဗျားကို လက်ခံပါလိမ့်မယ်ဗျာ'

မင်းယန်က မျက်မှောင်ကြုတ်ကာ....

'အခန်းထဲကလူကို ကျုပ်က ရှင်းပစ်လိုက်ရမယ် ဟုတ်လား'

အပြာရောင် ဝတ်ဆင်ထားသူက ခေါင်းညိတ်လိုက်သည်၊

'ဟုတ်ပါတယ်ဗျာ'

မင်းယန်က မျက်မှောင်ကြုတ်လိုက်ပြီး....

'ဘယ်သူလဲ'

'မိတ်ဆွေ အထဲရောက်ရင် သိရပါလိမ့်မယ်'

မင်းယန်က မဲပြုံးပြုံးလိုက်သည်၊

'ကောင်းပြီလေ၊ ခင်ဗျားရဲ့သခင်လေးကို ကျုပ်ပြန်ထွက်လာတဲ့အခါ ကောင်းကောင်းမွန်မွန်ကြိုဆိုဖို့ ပြောထားလိုက်ပါဗျာ....

www.burmeseclassic.com

www.burmeseclassic.com



'ဒီလောက်ကြီး နည်းအမျိုးမျိုးနဲ့စမ်းသပ်ပြီးမှတော့ ကျုပ်အပေါ် လေးလေးစားစား ဆက်ဆံသင့်တယ် မဟုတ်လား၊ ကျုပ်မြေပြောတဲ့စကား ပြန်ပြောပြဖို့ မမေ့နဲ့ဦး'

စကားဆုံးလျှင် အခန်းတံခါးထွန်းဖွင့်ကာ အတွင်းဘက်သို့ လှမ်းဝင်လိုက်လေ၏။

အထဲသို့ ခြေလှမ်းမိသနှင့် လူတစ်ယောက်ထိုင်နေသည်ကို လှမ်း၍ တွေ့မြင်လိုက်ရ၏။

ထိုလူကိုမြင်လျှင် မင်းယန်မှာ ပါးစပ်အဟောင်းသားဖြစ်သွားတော့၏။

* * *



ခြေသံများ ထွက်ပေါ်လာ၏။

အခန်းရှေ့သို့ရောက်လျှင် ရုတ်တရက် ရပ်တန့်သွားသည်။

တစ်ဖန်....

တီးတိုးစကားသံများ ထွက်ပေါ်လာသည်ကို ကြားရလေသည်။

အတွေ့အကြုံတစ်ခုအရ အပြင်ဘက်တွင် လူနှစ်ယောက် ရောက်ရှိနေကြောင်း ရှန်ဆင်သိထား၏။

ထိုလူနှစ်ယောက်အနက် တစ်ယောက်မှာ ထိပ်တန်း သိုင်းညာရှင် ဖြစ်ရမည်ဟုလည်း ခြေသံကြားရုံဖြင့် သိထားပြီးဖြစ်လေသည်။

ထို့ကြောင့်....

သတိထား၍ နေလိုက်၏။

ပန်းဝက်ပါအတွင်းသို့ ဝင်လာခဲ့ပြီးနောက် သူ့အား မိန်းမလေးတစ်ယောက်က လာ၍ကြိုဆိုသည်။

ယခု....

သူထိုင်နေသည့် အခန်းတွင်းသို့ခေါ်ဆောင်ကာ နေရာချထားပေးခဲ့ခြင်း ဖြစ်၏။

သူ့အား ယာရှင်းကိစ္စကို မည်သူမျှမမေးပါ၊

www.burmeseclassic.com



သူတွေ့ခဲ့ရသည့်မှာလည်း ကြိုဆိုခဲ့သောမိန်းကလေး တစ်ယောက်တည်းသာ ဖြစ်သည်။

သို့သော်....

ပန်းဝက်ပါရွေ့မှ အဖြစ်အပျက်များကြောင့် သူရောက်လာရသည့် အစီပွာယ်ကို သိရှိထားပြီးဖြစ်သည်ဟု ယုံကြည်ထားလေ၏။

ယခုလည်း....

အခန်းရှေ့၌ရင်ကာ တီးတိုးစွာ ပြောဆိုနေကြသည်မှာ ရိုးသားခြင်း မရှိကြောင်း နားလည်မိသည်၊

သို့သော်....

သူက စိုးရိမ်ပူပန်မှု အလျဉ်းမရှိချေ။

မည်သို့သောကိစ္စကိုမျှ စိုးရိမ်မှုမရှိ၍သာ ပန်းဝက်ပါဝ်အိမ်ထဲသို့ လာခဲ့ခြင်း မဟုတ်ပါသား။

ရှိန်ဆင်က အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်ဖြင့် ထိုင်နေသည်။

သူ၏မျက်လုံးများကား အခန်းတံခါးမှ မခွာချေ။

အခန်းတွင်း၌ သူ၏အသက်ရှူသံကို ပြန်လည်၍ ကြားလောက်အောင် တိတ်ဆိတ်နေ၏။



သူက ကြာကြာ မစောင့်လိုက်ရပါချေ။

'ကျွီ'

အခန်းတံခါးဖွင့်သံ ထွက်ပေါ်လာ၏။

တစ်ဆက်တည်းမှာပင်....

အခန်းတွင်းသို့ အဖြူရောင် ဝတ်ဆင်ထားသော လူရုပ်တစ်ယောက် လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူရုပ်ကိုမြင်လျှင် ရှိန်ဆင်သည် ပါးစပ်အဟောင်းသားဖြစ်သွားလေတော့သည်။

*　　*　　*

'မင်းယန်'

'ရှိန်ဆင်'

ခေါ်သံပြိုင်တူ ထွက်ပေါ်လာသည်။

မင်းယန်၏ခြေလှမ်း တုန့်ခနဲရပ်သွား၏။

ရှိန်ဆင်လည်း ထိုင်ရာမှ ဆတ်ခနဲ ထထိုင်လိုက်မိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် မျက်တောင်မခတ် ကြည့်နေမိကြ၏။

မမျှော်လင့်ဘဲ ဤနေရာ၌ ဆုံတွေ့လိမ့်မည်ဟု မည်သူမျှ မထင်မှတ်ခဲ့ကြပါချေ။

မင်းယန်က ရွှန်ဆင်ကိုလိုက်ရှာ၏။

ရွှန်ဆင်ကလည်း မင်းယန်ကို သုတ်သင်ပစ်လိုသည်။

တစ်ယောက်ကိုတစ်ယောက် ရန်သူများသဖွယ် သဘောထားနေကြသူများ ဖြစ်ကြပေ၏။

ရွှန်ဆင် ဤနေရာသို့လာသည်ကို မမျှော်လင့်ဘဲတွေ့ခဲ့ရပြီးနောက် ရင်ဆိုင်ကြုံတွေ့ရတော့မည်ဖြစ်ကြောင်း သိထားခဲ့ကြသော်လည်း ယခုလိုဖြုန်းစားကြီး ထိပ်တိုက်ရင်ဆိုင်တွေ့ရမည်ဟု မမျှော်လင့်မိခဲ့ပါချေ။

အတော်ကြာအောင် တစ်ယောက်ကိုတစ်ယောက် စိုက်၍ကြည့်နေကြပြီးမှ ပြိုင်တူလိုလို အသက်ဝင်လှုပ်ရှား လာကြသည်။

ပထမဦးစွာ စကားစပြောလိုက်သူမှာ မင်းယန်ပင်ဖြစ်လေသည်။

'ခင်ဗျား မသေသေးဘူးဆိုတာ ကျုပ်သိထားပြီး ဆုံတွေ့ရမယ်ဆိုတာလဲ ကျုပ်သိပါတယ်၊ ဒါပေမယ့် အခုလောက်



မြန်မြန်ဆန်ဆန်ကြီး ပြန်လည် ဆုံတွေ့ရမယ်လို့ မမျှော်လင့်ခဲ့တာတော့ အမှန်ပဲဗျ'

သူ၏စကားကြောင့် ရွှန်ဆင် မျက်မှောင် ကုတ်သွားလေသည်။

မင်းယန်ကို စိုက်ကြည့်ရင်း....

'မင်းက ကျုပ်ကို လိုက်ရှာနေတာ မဟုတ်ဘူးပေါ့'

မင်းယန်က ခေါင်းခါယမ်းလိုက်သည်။

'ဒီလိုလဲ မဟုတ်သေးဘူးလေ၊ ကျုပ်က ခင်ဗျားကိုတွေ့ချင်နေတာတော့ အမှန်ပဲ၊ ဒီတောင်ကုန်းပေါ် ခင်ဗျားတက်သွားတာကို ကျုပ်တွေ့ခဲ့တယ်၊ ဒါကြောင့် လိုက်လာခဲ့တာပဲ'

ရွှန်ဆင် ပြုံးလိုက်သည်။

'တစ်ခါတုန်းက အနိုင်ရခဲ့ဖူးတာကြောင့် အခု ကျုပ်ကို အနိုင်ရမယ်လို့ တွက်ထားရင် ခင်ဗျား မှားသွားနိုင်တယ်၊ အခု မင်းတစ်ယောက်တည်း ကျုပ်ကို ရင်ဆိုင်နေရတယ်ဆိုတာ သတိထားပါ'

သူက ပြန်ပြောလိုက်သည်။

'ကျုပ်က အဖော်ပါလဲ ရတယ်၊ အဖော်မပါလဲ ရတယ်၊ ကျုပ်တစ်ယောက်တည်း ကျင်လည်ကျက်စားခဲ့တာ ကြာပြီပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားရဲ့ သိုင်းပညာကို လေးစားတာ မှန်တယ်၊ ဒါပေမယ့် မကြောက်ဘူးဆိုတာတော့ ယုံ....

'ရှင်းရှင်းပြောရရင် ကျုပ်အသက် သေချင် သေသွားပါစေ၊ ဘယ်လို လူစားမျိုးကိုမဆို မကြောက်မရွံ့ ရင်ဆိုင်သွားမယ်ဆိုတာ မှတ်ထားပါ'

ရှန်ဆင်က ခေါင်းညိတ်လိုက်၏။

'မင်းရဲ့ စိတ်ဓာတ်ဟာ သံမဏိလို မာကျောတယ် ဆိုတာ ကျုပ်သိပါတယ်၊ ဒါပေမယ့် ကျုပ်ကို ဟန့်တား နှောင့်ယှက်လာရင် မင်းကို ချမ်းသာပေးနိုင်မှာ မဟုတ်ဘူး'

သူက ပြန်ပြောသည်။

'ကျုပ်က ဟန့်တားဖို့လာတာ၊ နှောင့်ယှက်ဖို့တော့ မဟုတ်ဘူး၊ ခင်ဗျားကို ဖမ်းဆီးပြီး တရားဥပဒေရဲ့ အဆုံးအဖြတ် ခံစေဖို့ပဲဗျာ'

ရှန်ဆင်က ပတ်ဝန်းကျင်ကို အကဲခတ် ကြည့်ပြီး....

'ကောင်းပြီလေ၊ ကျုပ်နဲ့ ရင်ဆိုင်ချင်တယ်ဆိုရင် ခဏစောင့်ပါ၊ ကိစ္စကလေး တစ်ခု ပြီးပြတ်သွားအောင် ဆောင်ရွက်စရာ ရှိသေးတယ်၊ ပြီးမှ ကျုပ်တို့ နှစ်ယောက် ရင်ဆိုင်မှုကြတာပေါ့ မကောင်းဘူးလား'

မင်းယန်က ခေါင်းခါယမ်းလိုက်၏။



'မဖြစ်ဘူး'

ရှန်ဆင်ကမျက်မှောင်ကုတ်လိုက်၏။

'ဘာဖြစ်လို့လဲ'

'မင်း လုပ်တာကို ကျုပ်ခွင့်မပြုနိုင်လို့ပေါ့'

'ဟား...ဟား....ဟား'

ရှန်ဆင်၏ ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

မင်းယန်က ပြုံးနေလိုက်၏။

ရှန်ဆင်သည် မည်သို့သော လူစား ဖြစ်ကြောင်း သူကောင်းသိသား၏။

ရှန်ဆင်က ရယ်မောလိုက်ပြီးမှ....

'အင်း....ရယ်စရာ ကောင်းလိုက်တာ၊ မင်းကိုယ်မင်း သိပ်ပြီး ထင်နေတာကိုး၊ ကောင်းပြီလေ.... မင်းဟန့်တားချင် တားနိုင်ပါတယ်၊ ကျုပ် လုပ်စရာရှိတာကို ဆက်လုပ်ရမှာပဲ'

မင်းယန်က ပြန်မေးလိုက်သည်။

'ဘာလဲ.... ခင်ဗျားက ပန်းဝက်ပါ စံအိမ် သခင်လေးကို သတ်ပစ်မယ် ဟုတ်လား'

www.burmeseclassic.com



'ဟုတ်တယ်'

'ဒီလိုလုပ်လို့ ဘာအကြောင်းထူးမှာလဲ၊ ခင်ဗျား အတွက် အပြစ်တွေမဲ ပိုလာမှာပေါ့'

ရွှန်ဆင်က မျက်မှောင်ကုတ်လိုက်ပြီး....

'သူ့အကြောင်း မင်းသိလို့လား'

သူက ဆက်ပြောလိုက်သည်။

'ပန်းဝက်ပါ သခင်လေးဟာ အင်မတန် ကောက်ကျစ်စဉ်းလဲတယ်၊ ဉာဏ်များတယ်၊ ဒီဒေသ တစ်ဝိုက်မှာသာမက သိုင်းလောကမှာပါ မြေခွေး တစ်ကောင်လို့ မကောင်းမှု ဒုစရိုက် လုပ်ငန်းတွေ ကျူးလွန် ပြုလုပ်တယ်....

'သူလိုလူ တစ်ယောက်သေသွားတော့ရော ဘာအကြောင်းထူးမှာလဲ၊ မင်းတို့စကားနဲ့ ပြောရရင် လူဆိုးတစ်ယောက် ဆုံးသွားတာဟာ လူကောင်းတစ်ရာ အကျိုး ရှိတယ်လို့ ဆိုရမှာပေါ့'

မင်းယန်က ခေါင်းညိတ်လိုက်သည်။

'ခင်ဗျားဆိုရင် လူကောင်း ဘစ်ထောင်လောက် အကျိုး လိမ့်မယ် ထင်တယ်ဗျ'

ရွှန်ဆင်က ပြုံးလိုက်ပြီး....



'မင်းမှားပြီ၊ ကျုပ်က လူဘစ်ထောင်မကာ တန်ဖိုးညီတယ် ဆိုဘာ မှတ်ထားပါ'

မင်းယန်က ခေါင်းခါယမ်းလိုက်၏။

'ဘာပဲဖြစ်ဖြစ် ခင်ဗျားရဲ့ လုပ်ချပ်ကို ကျုပ် ခွင့်မပြုနိုင်ပါဘူး'

'ကျုပ်ဆုံးဖြတ်ပြီးပြီ'

စကားဆုံးလျှင် ရွှန်ဆင်က မင်းယန်အား ခပ်စိပ်းစိမ်းကြည့်လိုက်၏။

မင်းယန်ကလည်း သူ့ကို ပြန်လည် စိုက်ကြည့်မိလိုက်လေသည်။

သူတို့နှစ်ယောက်သည် တစ်ယောက်ကိုဘစ်ယောက်အတန်ကြာအောင် အကြည့်ချင်း ပြိုင်နေကြ၏။

ထိုစဉ်....

'ကျွီ'

အခန်းတံခါး ပွင့်သွားသည်၊

အခန်းတွင်းသို့ လူတစ်ယောက် လှမ်းဝင် လာလေတော့သည်၊

ထိုလူမှာ ကုရှဲပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကုရဲ့က မင်းယန်နှင့် ရှန်ဆင်တို့ နှစ်ယောက်ကို ဝေ့ကြည့်လိုက်ပြီး....

'ကဲ....ခင်ဗျားတို့ နှစ်ယောက် ဘယ်သူက ကျုပ်ရဲ့ သခင်လေးကို လိုက်တွေ့မှာလဲ၊ သခင်လေးမှာ အချိန်မရှိဘူး၊ ခင်ဗျားတို့ နှစ်ယောက်ထဲက တစ်ယောက်ကိုပဲ တွေ့နိုင်တယ်လို့ ပြောလိုက်တယ်၊ ဘယ်သူ လာတွေ့တွေ့ သူ့အတွက် အရေးမကြီးဘူး၊ ခင်ဗျားတို့ဘာသာ ဆုံးဖြတ်နိုင်တယ်'

မင်းယန်က ကုရဲ့အား လှမ်း၍ မေးလိုက်သည်။

'ခင်ဗျားရဲ့ သခင်က နှစ်ယောက်စလုံးကို ဘာကြောင့် လက်ခံမတွေ့နိုင်တာလဲ'

ကုရဲ့က ပြန်ပြောလိုက်သည်။

'ခင်ဗျားတို့ နှစ်ယောက်မှာ တစ်ယောက်ပဲ အသက်ရှင်နေနိုင်မယ်ဆိုတာ သိထားလို့ပဲ'

မင်းယန်က ပြန်မေးလိုက်သည်။

'ကျုပ်က ခင်ဗျားတို့ ခိုင်းတာ မလုပ်နိုင်ဘူးဆိုရင်ရော'

ကုရဲ့က ကြိုတင် သိထားဟန်ဖြင့်....

'ခင်ဗျားမလုပ်ဘူးဆိုတာ သခင်လေးသိပါတယ်၊ ခင်ဗျားဟာ ထောက်လှမ်းရေးမှူး မင်းယန်ဆိုတာလဲ သိပါတယ် ကြေးစားဓားသမား ရှန်ဆင်ကို အသေအလဲလိုက်ရှာနေတယ်ဆိုတာလဲ သိပါတယ်ဗျာ'



မင်းယန်က သက်ပြင်းချလိုက်၏။

ရှန်ဆင်ဘက် တစ်ချက်လှည့်ကြည့်ပြီးမှ ကုရဲ့ဘက်သို့ ပြန်လှည့်ကာ....

'လက်စသတ်တော့ အားလုံးသိထားတာကိုး၊ ကောင်းပါတယ်လေ၊ သူနဲ့တွေ့ရင် ပြောစရာမလိုတော့ဘူးပေါ့'

စကားဆုံးလျှင် ရှန်ဆင်ဘက်သို့ ပြန်လှည့်ပြီး....

'ကျုပ် စိတ်ပြောင်းသွားပြီ၊ ခင်ဗျားနဲ့ ကျုပ် နောက်မှ တွေ့ဆုံရှင်းလင်းလို့ ရတယ်ဗျ'

ထိုစကားကြားလျှင် ရှန်ဆင်အံ့သြသွားလေ၏။

မင်းယန်ကို မျက်မှောင်ကြုတ်ကာ ကြည့်လိုက်၏။

မင်းယန်က ပြုံးပြလိုက်၏။

ရှန်ဆင်က သက်ပြင်းချလိုက်လေ၏။

'ကောင်းပြီ၊ ကျုပ်သွားတွေ့လိုက်မယ်'

စကားဆုံးလျှင် လှည့်ထွက်သွားဖို့ ခြေလှမ်းပြင်လိုက်၏။

'ခဏနေဦးဗျာ'

ကုရဲ့က ဟန့်ထားလိုက်၏၊

ရှန်ဆင်က ခြေလှမ်းရပ်ကာ....

www.burmeseclassic.com

www.burmeseclassic.com



'မင်းရဲ့သခင်လေးက တစ်ယောက်ကို လက်ခံတွေ့နိုင်တယ် မဟုတ်လား၊ ကျုပ်က သူ့ကိုသွားတွေ့မယ်'

ကုရဲက ခေါင်းယမ်းလိုက်သည်။

'ခင်ဗျားသွားလို့ မရဘူး'

ရှန်ဆင်က နားမလည်နိုင်ဟန်ဖြင့်....

'ဘာဖြစ်လို့လဲ'

'ခင်ဗျားတို့နှစ်ယောက်စလုံး ရှိနေရဲ့သားနဲ့ တစ်ယောက် လက်ခံတွေ့တယ်ဆိုတော့ သခင်လေးကို အပြစ်ပြောစရာ ဖြ လာမှာပေါ့၊ ဒီလိုလုပ်ပါ၊ ခင်ဗျားတို့နှစ်ယောက်က ဘယ်သူ ပိုသာသလဲ ရင်ဆိုင်ကြည့်ကြပေါ့၊ ပညာသာတဲ့လူဟာ သခ လေးကို တွေ့ခွင့်ရမယ် ဖြစ်လာမှာပါ'

သူ၏စကားဆုံးလျှင် မင်းယန်က ဦးအောင် လှမ်းရှ လိုက်၏။

'ကျုပ်က တွေ့ဖို့စိတ်မကူးဘူး၊ ကျုပ်ပညာကို စမ်း ကြည့်ချင်တယ်ဆိုရင်တော့ အချိန်မရွေးပါဘဲ၊ မင်းကိုယ် စမ်းသပ်ရင် ပိုကောင်းမယ်'

ထိုစကားကြားလျှင် ကုရဲ၏မျက်နှာ နီမြန်းသွားသော

မင်းယန်အား ရန်လိုသလိုအကြည့်ဖြင့် ကြည့်ကာ....



'ကောင်းပြီလေ၊ ခင်ဗျားကို ကျုပ်ပဲ တာဝန်ယူပါမယ်' ပြောပြီး ရှန်ဆင်အား လက်ဝှေ့ယမ်းပြကာ....

'မိတ်ဆွေ.... ဟိုဘက်အခန်းမှာ သခင်လေး စောင့်နေပါတယ်၊ ဝင်တွေ့လိုက်ပါ'

ရှန်ဆင်က မင်းယန်ကို လှမ်းကြည့်လိုက်၏။

မင်းယန်ကလည်း သူ့အားစိုက်ကြည့်နေ၏။

ရှန်ဆင်က ဘာမှမပြောတော့ဘဲ ကုရဲ ညွှန်ပြလိုက်သည့် တစ်ဖက်ခန်းသို့ လျှောက်သွားလေ၏။

ထို့နောက်....

စေ့ရုံစေ့ထားသော တံခါးကိုတွန်းဖွင့်ကာ လှမ်း၍ဝင် လိုက်၏။

တစ်ဖက်ခန်းသို့ရောက်သွားစဉ် ကျန်ရစ်ခဲ့သော မင်းယန်ထံမှ စကားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'ကဲ.... မင်းအရင် စမလား၊ ကျုပ်အရင် စရမလား၊ ပြောပါ'

* * *

www.burmeseclassic.com

www.burmeseclassic.com

အလှန်လှပခန့်ညားသော အခန်းတစ်ခုဖြစ်သည်။

အကောင်းစား အဖိုးတန်ပရိဘောဂများက ခန်းလုံးပြည့် တန်ဆာဆင်ထား၏။

အလှစိုက်ပန်းအိုးများ၊ ကော်ဇောများ၊ နံရံကပ်ပန်းချီကားချပ်များက သူ့နေရာနှင့်သူ ရှိနေသလို အခန်းတစ်ခုလုံး အမွှေးရနံ့များ သင်းပျံ့နေ၏။

ရွှန်ဆင်က အခန်းတံခါး ပြန်ပိတ်လိုက်ပြီး အခန်းတွင်းသို့ အကဲခတ်ကြည့်လိုက်၏။

အခန်းထဲတွင် တိတ်ဆိတ် ငြိမ်သက်နေရာမှ ရုတ်တရက် လှုပ်ရှားမှုတစ်ခုဖြစ်ပေါ်လာသည်ကို တွေ့ရ၏။

အခန်းထောင့်၏ တစ်နေရာရှိ ဆုံလည်ကုလားထိုင်ကြီးမှာ တစ်ပတ်လည်ကာ လှုပ်ရှားလာခြင်း ဖြစ်လေ၏။

ဆုံလည်ကုလားထိုင်ပေါ်၌ လူရွယ်တစ်ယောက် ထိုင်နေသည်။

သူ၏ရုပ်ရည်သည် တည်ကြည်ခန့်ညားလှပေသည်။

သူ၏ မျက်လုံးများက ရွှန်ဆင်အား ခြေဆုံးခေါင်းဆုံး အကဲခတ် ကြည့်နေ၏။



ရွှန်ဆင်က မလှုပ်မယှက်ရပ်နေပြီး လူရွယ်အား အကဲခတ်ကြည့်နေမိသည်။

တစ်ယောက်ကိုတစ်ယောက် အတော်ကြာအောင် အကဲခတ်လိုက်ပြီးမှ လူရွယ်က....

'ခင်ဗျားဟာ သိုင်းလောကမှာ ကျော်ကြားနေတဲ့ ကြေးဓားသမား ရွှန်ဆင်မဟုတ်လား'

ရွှန်ဆင်က ပြန်မေးလိုက်၏။

'ခင်ဗျားက ပန်းပက်ပါသခင်လေး စုမာမဟုတ်လား'

လူရွယ်က ကုလားထိုင်ပေါ်မှ ထလိုက်ပြီး ရွှန်ဆင်ထံသို့ လျှောက်လာပြီး ခြေလှမ်း သုံးလှမ်းခန့်အကွာ၌ ရပ်လိုက်ကာ....

'ကျုပ်ဟာ ပန်းဝက်ပါသခင်လေး စုမာပဲ၊ ခင်ဗျားက ဘာကြောင့် ကျုပ်ဆီကို လာတယ်ဆိုတာ ကျုပ်မမေးတော့ဘူး၊ ခင်ဗျားကို ဘယ်သူကခိုင်းလိုက်တယ်ဆိုတာပဲ ကျုပ်သိချင်တယ်'

ရွှန်ဆင်က အေးစက်စွာ ပြန်ဖြေလိုက်သည်။

'ဝတ်ရုံရှင်'

'ဘာ'

'မင်းပဲ သိချင်တယ်ဆို၊ ကျုပ်ကို ခိုင်းလိုက်တဲ့သူဟာဝတ်ရုံရှင်ပဲ'

www.burmeseclassic.com

www.burmeseclassic.com



စုမာ၏ မျက်နှာပေါ်၌ စိတ်ရှုပ်ထွေးသည့် အမူအရာများ ပေါ်လွင်လာ၏။

ရှန်ဆင်ကို စိုက်ကြည့်ရင်း....

'ဝတ်ရုံရှင် ဟုတ်လား၊ ဘယ်က ဝတ်ရုံရှင်လဲ'

'ကွမ်မုန့်က....'

စုမာက မျက်မှောင်ကုတ်၍ စဉ်းစားလိုက်သည်။

ပြီးလျှင်....

ခုံနံ့ လှည့်၍ ကုလားထိုင်ကြီးဆီသို့ လျှောက်သွားပြီး ထိုင်ချလိုက်၏။

သူသည် တစ်စုံတစ်ခုကို လေးနက်စွာ စဉ်းစားနေပုံ ရသေ သည်။

သူက အချိန်ကုန်ခံ၍ တွေးတောနေနိုင်သော်လည်း ရှန်ဆင် မှာမူ အချိန်မပေးနိုင်ပါ။

ထို့ကြောင့်....

အသံပြတ်ပြတ်ဖြင့် လှမ်းပြောလိုက်၏။

'ကျုပ် ဘာကြောင့် လာခဲ့တယ်ဆိုတာ သိပြီးမှတော့ တ သက်သက် အချိန်ဖြုန်းမနေပါနဲ့တော့၊ ကျုပ်တို့လုပ်ငန်း လိုက်ကြရအောင်'



သူ၏ စကား အဆုံးတွင် စုမာက ခုန်ထ လာလေတော့ သည်။

သူက လက်ကာပြလိုက်ပြီး....

'နေဦး.... ကျုပ်စဉ်းစားလို့ ရပြီ၊ ကွမ်မုန့်က ဆိုတော့ သူဘယ်သူလဲ ဆိုတာ ကျုပ်သိပြီ၊ သူဟာ ဟုလုံပဲ ဖြစ်မယ်၊ သူဟာ ကျုပ်အဖေရဲ့မိတ်ဆွေတစ်ယောက်ပဲ၊ သူက ဘာဖြစ် လို့ ကျုပ်ကို သုတ်သင်ပစ်ချင်ရတာလဲ'

ရှန်ဆင်၏ လက်တစ်ဖက်သည် ခါး၌ ချိတ်ဆွဲထားသော ဓား၏ဆီသို့ လှမ်းစပြုနေပြီ ဖြစ်၏။

စုမာ၏ စကားကြားရုံနှင့် သူ့လက်များ တုံ့ခနဲရပ်တန့်သွား သည်။

'ဝတ်ရုံရှင်က ဟုလုံဟုတ်လား'

'ဟုတ်တယ်၊ သိုင်းလောကမှာ ကျုပ်ကို ရှင်းပစ်ဖို့ ကြိုးစား တာ သူတစ်ယောက်ပဲ ရှိတယ်၊ သူဟာ ကျုပ်ကိုရှင်းပစ်ချင်တယ် ဆိုရင် မရဏတောင်ကြားက မုကျုံးကိုလဲ ရှင်းပစ်ဖို့ ကြိုးစား လိမ့်မယ်လို့ အတပ်ပြောရဲတယ်'

သူ၏ စကား မှန်ကန်နေကြောင်း ရှန်ဆင် သိလိုက်ရလေ သည်။

ဝတ်ရုံရှင်သည် သူ့အား အလုပ်အပ်စဉ်က ပန်းဝက်ပေါ် သခင်လေး စုမာ၊ မရဏတောင်ကြား မုကျုံးနှင့် မင်းယန့်တို့

www.burmeseclassic.com



သုံးယောက်အား လုပ်ကြံ သတ်ဖြတ်ရန် စေခိုင်းခဲ့သည်မဟုတ်ပါလား။

စုမာပြောသည့် အတိုင်းဆိုလျှင် ဝဘ်ရှုံရှင်မှာ ဟုလုံဟုသိရသည်။

သူတွေးတော စဉ်းစားနေစဉ်မှာပင် စုမာ၏စကားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

'လက်စသတ်တော့ သူက ကျုပ်ကို ရှင်းပစ်ဖို့ ကြိုးစားနေပြီကိုး သိကြသေးတာပေါ့၊ သူက ကျုပ်ကို ဒုက္ခပေးလာရင် ကျုပ်ကလဲ့ သူကို ပြန်ပြီး ဒုက္ခပေးဖို့ ဝန်မလေးဘူး၊ ကျုပ်အဖေက သူဘယ်လို လူစားဆိုတာ ပြောပြသွားခဲ့တာပဲ၊ တစ်ချိန်ချိန်မှာ ဒုက္ခ ပေးနိုင်တယ်လို့လဲ ကြိုတင် မှာထားခဲ့ပါတယ်'

ရှန်ဆင်က သူ၏ ခါး၌ ချိတ်ဆွဲထားသော ဓားအိမ်ဆီသို့ လက်ကို ရွှေ့လျားသွားပြီး ဓားရိုးကို ဆုပ်ကိုင်ထားလိုက်လေသည်။

စုမာက သူ၏ လှုပ်ရှားမှုကို သတိပြုမိသွားသည်၊

'ခင်ဗျားက သူခိုင်းတဲ့အတိုင်း လုပ်မယ် ဟုတ်လား'

ရှန်ဆင်က ခေါင်းညိတ်လိုက်သည်၊

'ဟုတ်တယ်'



'သူက ဘယ်လောက်ပေးလဲ'

ရှန်ဆင်က ဘာမှ မပြောဘဲ တိတ်ဆိတ်နေ၏။

စုမာက ဆက်ပြောလိုက်သည်။

'ကျုပ်က သူပေးတာထက် နှစ်ဆ ပိုပြီး ပေးမယ် ဆိုရင်ရောဗျာ'

ရှန်ဆင်က ခေါင်းခါယမ်းသည်၊

'မဖြစ်နိုင်ပါဘူးဗျာ'

'ဘာဖြစ်လို့လဲ နည်းတယ်ထင်လို့လား'

'မဟုတ်ဘူး'

'ဒါဖြင့်'

ရှန်ဆင်က တည်ငြိမ်စွာ ပြန်ပြောသည်။

'ခင်ဗျား မပေးနိုင်လို့ပါ'

စုမာက မျက်မှောင်ကုတ်လိုက်ပြီး....

'နေပါဦး၊ ကျုပ်က မပေးနိုင်အောင် သူက ဘယ်လောက်များ ပေးထားလို့လဲ'

ရှန်ဆင်က အေးစက်စွာ ပြန်ပြောလိုက်၏။

'အသက်တစ်ချောင်း'

www.burmeseclassic.com

www.burmeseclassic.com



'ဘာ'

'သူက ကျုပ်အသက်ကို ကယ်ခဲ့တယ်'

စုမာက ပါးစပ်ပိတ်ထားသည်။

ရွှန်ဆင်အား မည်သို့မျှ စည်းရုံးမရနိုင်တော့ကြောင်း နားလည်သွားပြီ ဖြစ်၏။

ရွှန်ဆင်က စိတ်မရှည်နိုင်စွာဖြင့်....

'ကဲ....ကျုပ်တို့'

သူ၏ စကားမဆုံးမီ စုမာက ကမန်းကတန်း ကြားဖြတ်ပြောလိုက်သည်။

'နေဦး....ကျုပ်ပြောစရာရှိသေးတယ်'

ရွှန်ဆင်က ခေါင်းတစ်ချက် ညိတ်လိုက်၏။

'ကောင်းပြီ၊ ပြောပါ'

စုမာက စကားထက်လိုက်သည်။

'တကယ်လို့ များ ကျုပ်လက်ချက်နဲ့ ခင်ဗျားသေသွားခဲ့ရင် ခင်ဗျားအတွက် ဘာလုပ်ပေးရမလဲ'

ရွှန်ဆင်၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်သွားသည်။

သူ၏ မျက်နှာတွင် ဆွေးမြည့်သော အရိပ်အယောင်များ မသဲမကွဲ ပေါ်လွင်လာသည်။



တစ်စုံတစ်ခု ပြောရန် ဟန်ပြင်ပြီးမှ ခေါင်းခါယမ်းလိုက်ပြီး....

'ဘာမှ မလိုပါဘူး'

'အင်း...မလိုဘူးဆိုရင် ပြီးတာပါပဲ၊ ဒီနေရာဟာ ကျုပ်နေရာဆိုတော့ ခင်ဗျားရှုံးဖို့ပဲ ရှိတယ်၊ ဒါပေမယ် လိုရမယ်ရ ပြောထားရဦးမယ်၊ တကယ်လို့ များ ခင်ဗျား လက်ချက်နဲ့ ကျုပ်သေသွားရင် ကျုပ်အတွက် အလုပ်တစ်ခု လုပ်ပေးနိုင်မလား'

ရွှန်ဆင်က သက်ပြင်းချလိုက်၏။

'အာမတော့ မခံနိုင်ဘူး၊ လမ်းကြုံ ခရီးကြုံ သဘောမျိုးဆိုရင်တော့ ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်'

စုမာက ပြောလိုက်သည်။

'ဟာ...သိပ်မပင်ပန်းပါဘူးဗျာ၊ မရထားတောင်ကြားရောက်ရင် မုကျုံးကို ပြောလိုက်ပါ၊ ဝတ်ရုံရှင် ဟုလိုက သစ္စာဖောက်သွားပြီလို့'

ရွှန်ဆင်က ခေါင်းညိတ်လိုက်၏။

'ဒီလောက်တော့ ဖြစ်ပါတယ်'

'ကောင်းပြီ၊ ကျုပ်နဲ့ယှဉ်ပြိုင်မယ်ဆိုရင် ကျုပ်နောက်လိုက်ခဲ့ပါဗျာ၊ ဒီအခန်းထဲ ညစ်ပတ်ပေကျံသွားမှာကို ကျုပ်သဘောမကျဘူးဗျ'

www.burmeseclassic.com

www.burmeseclassic.com



စကားဆုံးလျှင် တစ်ဖက်သို့ လှည့်၍ ထွက်သွားလေတော့သည်။

ရွှန်ဆင် ဘာမှ မစဉ်းစားတော့ဘဲ နောက်မှ လိုက်သွားရန် ခြေလှမ်းပြင်လိုက်၏၊

ထိုစဉ်....

တစ်ဖက်အခန်းမှ တိုက်ခိုက်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

သည်။

* * *

ရွှန်ဆင် ထွက်သွားပြီ ဖြစ်သည်။

အခန်းတွင်း၌ မင်းယန်နှင့် ကုရှဲတို့ နှစ်ယောက်သာလျှင် ကျန်ရစ်ခဲ့ပေ၏။

ထိုအခါ....

ကုရှဲက စကားစလိုက်သည်၊

'ခင်ဗျား ဘာကြောင့် သူ့ကို ဦးစားပေးလိုက်တာလဲ'

မင်းယန်က ပြုံးလိုက်၏။

'သူက သေသင့်သေထိုက်တဲ့ လူတစ်ယောက်မို့ စောစောစီးစီး သေသွားရင် အေးတာမို့ မဟုတ်လား'

'ဟား ဟား' ဟား

ကုရှဲက သဘောကျစွာ ရယ်လိုက်သည်။

မင်းယန် စကားကို လွန်စွာ သဘောကျသွားဟန် ရှိလေသည်။

www.burmeseclassic.com



စုမာနှင့် ယှဉ်ပြိုင်လျှင် ရှုန်ဆင် သေဆုံးသွားလိမ့်မည်ဟု လည်း ယူကြည်ထားပုံ ရလေသည်။

အတန်ကြာ ရယ်မောပြီးမှ....

'ခင်ဗျားမဆိုးဘူး၊ ဒါပေမယ့် ဒီတစ်ချက်တည်းနဲ့တော့ မဖြစ်နိုင်ဘူး၊ သခင်လေးဟာ ရှုန်ဆင်နဲ့ရင်ဆိုင်ခဲ့ရလို့ အားအင်ကုန်ခမ်း နွမ်းနယ်နေလိမ့်မယ်၊ ဒီအချိန်မှာ ခင်ဗျားက အခွင့်ကောင်းယူပြီး သခင်လေးကို တိုက်ခိုက်အနိုင်ယူလိမ့်မယ်လို့ စိတ်ကူးထားတယ် မဟုတ်လား'

မင်းယန်က ခေါင်းခါယမ်းလိုက်၏။

'ဒီတစ်ချက်တော့ မင်းမှားသွားပြီ'

'ဘာဖြစ်လို့လဲ'

'ကျုပ်ကလဲ ပင်ပန်းခဲ့ရတယ်ဆိုတာ မင်းမေ့နေပြီလား'

ကုရှဲက ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

'ဟုတ်သားပဲ၊ ခင်ဗျားလဲ ပင်ပန်းရဦးမှာကိုး၊ ပင်ပန်းရုံသာ တော်သေးတာပေါ့၊ အသက်ပါ ဆုံးသွားမှ'

မင်းယန်က ပြန်ပြောလိုက်၏။

'ကျုပ်အသက်ဆုံးမယ်လို့ ပြောတဲ့လူတိုင်းဟာ သူတို့ အသက်တွေ ဆုံးရှုံးသွားကြတယ်လေ'

'တကယ်ပဲလား'

'မင်းမယုံဘူးပေါ့'

ကုရှဲက ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်'



'ဒါဖြင့် ဘာဖြစ်လို့ ရပ်နေတာလဲ'

ကုရှဲက စကားမပြောတော့ပါချေ။

ခါးမှဓားကို လှစ်ခနဲဆွဲထုတ်ကာ မင်းယန်ဆီ ပြေးဝင်၍ တိုက်ခိုက်လိုက်၏။

မင်းယန်က မလှုပ်မယှက်ရပ်နေ၏။

လေပွေပမာ တိုးဝင်လာသော ကုရှဲကို သူ့အနီးသို့ရောက်မှ ဓားဆွဲထုတ်ကာ ပြန်လည်တိုက်ခိုက်လိုက်၏။

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက်ပြင်းထန်စွာ တိုက်ခိုက်နေကြစဉ်မှာပင် အခန်းတွင်းသို့ လူရိပ်သုံးခုပြေးဝင်လာကြ၏။

ထိုလူရိပ်များသည် လက်နက်ကိုယ်စီဆွဲကိုင်ရင်း မင်းယန်ကို ဝိုင်းရံတိုက်ခိုက်လိုက်ကြ၏။

ထိုသို့ဖြစ်လာနိုင်ကြောင်း မင်းယန်က ကြိုတင်တွက်ဆမိပါသည်။

ထို့ကြောင့်....

သတိကြီးစွာထား၍ ပြန်သည် တိုက်ခိုက်လိုက်လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

'ကျ'

မြည်သံနှင့်အတူ တံခါးပွင့်သွားလေ၏။

စုမာက တစ်ဖက်ခန်းအတွင်းသို့ လှမ်းဝင်လိုက်လေသည်။

ရှန်ဆင်လည်း နောက်မှလိုက်သွား၏။

ထိုအခန်းသည် လေးဘက်လေးဘန် အုတ်နံရံ ကာရံ ထားရှိသောအခန်း ဖြစ်ပေသည်။

ဝင်ပေါက်ထွက်ပေါက် တံခါးတစ်ပေါက်တည်း ထားရှိသော အခန်းဖြစ်၏။

အခန်းထဲတွင် မီးအိမ်တစ်လုံးချိတ်ဆွဲထားသည်။

မီးအိမ်မှအလင်းရောင်ကြောင့် အခန်းတွင်း၌ လင်းလင်းချင်းချင်း ဖြစ်နေသည်ကို တွေ့ရသည်။

တစ်ဆက်တည်းမှာပင်....

အခန်းကြမ်းပြင်၌ တစ်တောင်သာသာခန့်ရှိသော ဆူးချွန်များ ခန်းလုံးပြည့်စိုက်ထားသည်ကို တွေ့ရသည်။



ဆူးချွန်များ ခြေချစရာမရှိအောင် ခင်းကျင်းထားသဖြင့် ဆက်ဝင်ဖို့ ရှန်ဆင်၏ခြေလှမ်း တုံ့သွားသည်။

စုမာက ပေါ့ပါးသွက်လက်စွာ လှမ်းဝင်သွားပြီး ဆူးချွန်များပေါ် ခုန်တက်လိုက်၏။

လွန်စွာ ပေါ့ပါးသွက်လက်စွာ ဆူးချွန်များပေါ် လှမ်းကာ တစ်ဖက်နံရံ အနီးသို့ရောက်အောင် လျှောက်သွားပြီးလျှင် ရှန်ဆင်ဘက် ပြန်လှည့်လိုက်၏။

ထို့နောက်....

ပြုံးရွှင်သော မျက်နှာထားဖြင့် လှမ်းပြောလိုက်၏။

'ကဲ...ကျုပ်နဲ့ယှဉ်ပြိုင်မယ်ဆိုရင် ဆူးပန်းမွေ့ရာအပေါ်ကို တက်လာခဲ့ပါ၊ အဲ့...တစ်ခုတော့ သတိထားနော်၊ ဒီဆူးပန်းတွေဟာ ဝက်မပါးဘူလို တည်ဆောက်ထားတာ၊ ခင်ဗျားရဲ့ တစ်လှမ်း မှားသွားတာနဲ့ ဒုက္ခရောက်သွားလိမ့်မယ်'

ရှန်ဆင်က သက်ပြင်းချလိုက်သည်။

စုမာကို အနိုင်တိုက်ခိုက်ဖို့မလွယ်ကြောင်း ရိပ်မိလိုက်လေပြီ။

သို့သော်....

စုမာကို တိုက်ခိုက်ခြင်းမပြုဘဲ နေ၍ရမည်မဟုတ်ကြောင်း ကောင်းစွာနားလည် သဘောပေါက်သ၏။

www.burmeseclassic.com

www.burmeseclassic.com



မည်သည့်နည်းနှင့်မဆို ရင်ဆိုင်ရမည်ဖြစ်၏။

ထို့ကြောင့်....

'ကောင်းပြီ၊ ခင်ဗျားသာ ထွက်မပြေးနဲ့'

ပြောရင်း ဆူးချုံနွယ်များအပေါ် ခုန်တက်လိုက်လိုက်လေ၏။

ဆူးချုံနွယ်ထိပ်ဖျားများမှာ ချုံနွံမြုပ်နေသည်။

ရွှန်ဆင်၏ ကိုယ်ဖော့ပညာ ထိပ်တန်းအဆင့် ရောက်ရှိနေခြင်းကြောင့်သာ ခြေဖဝါးများ ပေါက်ပြဲမသွားခြင်း ဖြစ်သည်။

စုမာက ပြုံးလိုက်ပြီး....

'ခင်ဗျားက ဘယ်ဆိုးလို့လဲ၊ ကဲ....ကျုပ်တို့ယှဉ်ပြိုင်လိုက်ကြရအောင်၊ ဘယ်သူက အရင်စမလဲ'

'ဘယ်သူ အရင်စစ၊ သိပ်ပြဿနာမထူးပါဘူး'

ရွှန်ဆင်၏ အေးတိအေးစက်စကား ဆုံးသွားသည်နှင့် စုမာ၏ရယ်မောသံ ထွက်ပေါ်လာလေ၏။

'ဟား....ဟား....ဟား၊ ခင်ဗျားလိုလူစားမျိုးကို ကျုပ် သဘောကျသွားပြီ'

စကားဆုံးလျှင် ဆူးချုံနွယ်များပေါ် လျင်မြန်စွာ ခုန်တက်လိုက်ပြီး ရွှန်ဆင်အား တိုက်ခိုက်လိုက်သည်။



ရွှန်ဆင်ကလည်း ချက်ချင်း ဓားဆွဲထုတ်ပြီး ပြန်လည်၍ တိုက်ခိုက်လိုက်၏။

'ချွမ်း'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာလေသည်။

သံသံချင်း ထိတွေ့လိုက်ခြင်းကြောင့် မီးပွင့်ကလေးများ ထွက်ပေါ်သွား၏။

ရွှန်ဆင် ခြေတစ်လှမ်း နောက်သို့ဆုတ်လိုက်ရသည်။

အချုံနွယ်များက တစ်ခန်းလုံးပြည့်နေလေရာ ခြေလှမ်းတိုင်း အချုံနွယ်များပေါ် နင်းရလေသည်။

ရုတ်တရက်....

နောက်ဆုတ်လိုက်သောခြေလှမ်းမှာ အားစိုက်မှုများသွားရာ ဆူးချုံနွယ်သည် ဖိနပ်ကိုထိုးဖောက်ပြီး ခြေဖဝါးကိုလာ၍ စိုက်လေ၏။

ခြေဖဝါး ပေါက်ပြဲသွားခြင်းကြောင့် နာကျင်သော ဝေဒနာကိုခံစားရလေသည်။

သို့သော်....

ခြေဖဝါး ပေါက်သွားသည်ကို ဂရုစိုက်နေလျှင် စုမာ၏ ဓားချက် မိသွားမည် ဖြစ်ရာ

www.burmeseclassic.com



အရေးမစိုက်တဲ့ စုမာကို မျက်ခြည်မပြတ်ကြည့်နေရလေတော့သည်။

'ဟား....ဟား....ဟား....ခင်ဗျား ခြေထောက် တစ်ဖက် ခဏ်ရာရသွားပြီ မဟုတ်လား'

ရှန်ဆင်က ပြုံးလိုက်ပြီး....

'ခြေထောက်တစ်ဖက် ပြတ်သွားတာနဲ့စာရင် တော်သေးတာပေါ့ဗျာ၊ နောက်တစ်ခါဆိုရင် ကျုပ်ပိုပြီး သတိထား မှာပေါ့'

စုမာက နှုတ်ခမ်းမဲ့လိုက်ပြီး....

'ခင်ဗျားပြုံးနိုင်သေးတယ် ဟုတ်လား၊ ခြေထောက် ဖက် ပြတ်သွားတာထက် ဆိုးတယ် ဆိုတာ ခင်ဗျားမှ သေးဘဲ....

'ဆူးချွန်တွေပေါ်မှာ အဆိပ်သုတ်လိမ်းထားတာပြော ကျုပ်သတိမေ့သွားတယ်'

စုမာသည် အသက်နှစ်ဆယ် နှစ်နှစ်ခန့်သာ ရှိသေးသော လူရွယ်တစ်ယောက်ဖြစ်ပေသည်။

သို့သော်....

သူသည် အရွယ်နှင့် မလိုက်အောင်ကြောက်စရာကော လောက်အောင် ကောက်ကျစ်စဉ်းလဲပြီးဉာဏ်များလှသည် ရှန်ဆင်ဆင်ခြင်မိ၏။



ပန်းဝက်ပါသည် ဝက်ပါများအပြင် အဆိပ်ပညာ၌လည်း ကျော်ကြားမှုရှိသည်ကို ကြိုတင်သိထားရှိသာ သူကံကောင်း နေခဲ့ခြင်းဖြစ်သည်။

ပန်းဝက်ပါသို့ မလာမီကြိုတင်ပြီးအဆိပ်ဖြေဆေးသောက် သားခဲ့သည်ကို ပြောမပြတော့ပေ။

စုမာက ဆက်ပြောလိုက်ပြန်သည်။

'တကယ်လို့များ ခင်ဗျား စိတ်ပြောင်း သွားမယ် ဆိုရင် အဆိပ်ဖြေဆေးရဖို့အချိန်မီပါသေးတယ်....

'ကျုပ်ကခင်ဗျားလို လူတစ်ယောက်အသက်သေဆုံးသွား မှာဆက်အသက်ရှင် လှုပ်ရှားနေတာက ပိုပြီး တန်ဖိုးရှိတယ် ဆိုတာနားလည် သဘောပေါက်သားတယ် လေဗျာ'

ကောက်ကျစ်စဉ်းလဲ့နေသော လမ်းဖြူစည်းရှိ သိမ်းသွင်း နေလေသည်၊

ရှန်ဆင်းဟန်ဆောင်ပြီး ခန္ဓာကိုယ် တဆတ်ဆတ်တုန်ယင် အောင်ပြုလုပ်လိုက်သည်။

တစ်ဆက်တည်း အက်ကွဲသောလေသံဖြင့် ...

'မင်း....မင်း....တော်တော် ယုတ်မာပါလား'

စုမာသဘောကျသွားလေသည်၊

www.burmeseclassic.com

www.burmeseclassic.com



'ဟဲ... ဟဲ... ဟဲ့... ရန်သူကိုအနိုင်ရဖို့ဘယ်လိုနည်းလမ်းမဆို အသုံးပြုတာ တရား မျှတတယ်လို့ ကျုပ်အဖေက ပြောခဲ့တယ်ဗျ....

'ခင်ဗျား ဘာပဲပြောပြောပြော ကျုပ် ဂရုစိုက်တာက ခင်ဗျားအ ဆိုင်ဖြေဆေးကို စိတ်ဝင်စားသလား မဝင်စား ဘူးလားဆိုတာဘဲ'

'ကျုပ် ဘယ်တော့မှ စိတ်မဝင်စားဘူး'

ပြောပြော ဆိုဆိုရှေ့သို့ လျှင်တစ်ပြက်တိုးကာ တိုက်ခိုက်လိုက်သည်။

ရှန်ဆင်သည် စကားပြောနေချိန် အတွင်း၊ ဆူးချွန်များအပေါ်သို့နင်းဖြတ်ကာ စုမာအားမည်သို့ တိုက်ခိုက်ရမည်ကို တွက်ချက်ထားပြီးဖြစ်သည်။

ထို့ကြောင့်....

အငိုက်ဖမ်းကာ လှစ်ခနဲပြေးသွားပြီး တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

ကြိုတင်တွက်ချက်ထားပါသော်လည်း တကယ်တန်း တိုက်ခိုက်လိုက်သောအခါ မထင်မှတ်သော ဖြစ်ရပ် တစ်ခု ပေါ်ပေါက်လာသည်။



စုမာအနီးသို့ ရောက်သွားချိန်၌ ဆူးချွန်တစ်ခုပေါ်သို့ ခြေချမိသည်နှင့် ယင်းဆူးများအောက်သို့ရှုတ်တရက် နိမ့်ဝင်သွားလေသည်။

ထိုစဉ်မှာပင်...,

ဘေးပတ်ပတ်လည်မှ ဆူးနှစ်ခုသည် လေးညို့မှ ပစ်လွှတ်လိုက်သော မြားတစ်စင်းအလား ရှတ်ခြည်းအပေါ်သို့ဝှီးခနဲ အသံမြည်အောင်လွင့်တက်လာလေသည်။

ရှန်ဆင် မျက်လုံးပြူးသွားသတဲ့၊

လက်ဖဝါး၌အားထည့်ကာ စုမာကိုတိုက်ဖို့ရန် ဟန်ပြင်နေရာမှ ဆူးများပစ်လွှင့်လာသည်ကိုမြင်လျှင်....

'ယား'

ညာသံပေး၍ နောက်ကျွမ်း ပစ်ကာ ခုန်ဆုတ်လိုက်လေသည်။

တစ်ဆက်တည်းပင်....

ဓားကို ဝေ့ယမ်း၍ ခုတ်ချလိုက်၏။

'တောက် တောက် တောက်'

ဆူးချွန်များ အပိုင်းပိုင်း ပြတ်တောက်သွား၏။

သို့သော်....

တစ်ချောင်းမှပင် ရှန်ဆင်ကို မထိပါ၊

www.burmeseclassic.com

www.burmeseclassic.com



သူနောက်ကျွမ်း ပစ်လိုက်ချိန်၌ အခွင့်ကောင်း စောင့်နေသော စုမာသည် ရှေ့သို့ လျှပ်တစ်ပြက် ခုန်ထွက်လာပြီးတိုက်ခိုက်လိုက်ခြင်း ဖြစ်၏။

ဆူးချွန်များကြောင့် ဘေးကြပ်နံကြပ် ဖြစ်နေချိန်၌ အပိုင်တိုက်ခိုက်ခြင်း ဖြစ်၏။

ရှန်ဆင်မှာ ဝင်းခနဲ လက်သွားသော ဓားရောင်ကိုတွေ့မြင်လိုက်ခြင်းကြောင့် ခန္ဓာကိုယ် တွန့်လိမ်၍ ရှောင်တိမ်းလိုက်သေးသည်။

သို့သော်

စုမာ၏ ဓားချက်မှာ သူ၏ ဝဲဖက်ပခုံးကို ရှပ်ပြီး ခုတ်ချသည်။

'အား'

ရှန်ဆင်၏ ရူးရှသော အော်ပစ်သံ ထွက်ပေါ်လာသေးသည်။

'ဟား....ဟား....ဟား'

စုမာက သဘောကျစွာ ရယ်လိုက်သည်။

သူသည် နောက်ပြန်ဆုတ်၍ ဆူးချွန်များအပေါ် နေရာယူလျက် ရင်ဝရှေ့၌ ဓားကို ကန့်လန့်ပြတ် ကိုင်ရင်း သိုင်းကွက်ခင်းကာ ရပ်တန့်နေပြီ ဖြစ်၏။



ဆူးချွန်များအပေါ်တွင် ပရမ်းပတာ ဖြစ်နေသည့် ရှန်ဆင်ကိုကြည့်၍ ရယ်မောရင်း....

'နောက်ထပ် အချိန်နည်းနည်းလောက် ထပ်ကုန်သွားရင်အခိပ်ဖြေဆေးရလဲ ခင်ဗျားအတွက် ထူးခြားတော့မှာမဟုတ်ဘူး'

ရှန်ဆင်က အံကြိတ်ထားလိုက်သည်။

သူ၏ ပခုံးရှိ ဓားဒဏ်ရာမှ ကျသင်းလာသော သွေးစက်များသည် ဆူးချွန်ပေါ်သို့တိုင် စီးကျနေ၏။

ခြေနှစ်ဖက်ကားလျက် ဆူးချွန်နှစ်ချောင်းပေါ်၌ ရပ်နေသည်။

သူ၏ ခန္ဓာကိုယ်သည် ကျောက်တိုင်ပမာ တောင့်တောင့်ကြီး ရပ်နေသော်လည်း ဘာကယ်တမ်း မသိမသာ ယိမ်းယိုင်နေသည်။

စုမာက ပြုံးလိုက်ပြီး....

'ဘယ်လိုလဲ ခင်ဗျား မဆုံးဖြတ်သေးဘူးလား'

ရှန်ဆင် သက်ပြင်းချလိုက်သည်။

'အဆိပ်ဖြေဆေး ခင်ဗျား ပေးမှာလား'

စုမာက ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်လေ၊ ဟုလုံက ခင်ဗျားကို အသက်တစ်ချောင်း ပေးတယ်၊ ကျုပ်ကလဲ့ သူလိုပဲ ခင်ဗျားကို အသက်တစ်ချောင်း ပေးမယ်ဆိုရင် ခင်ဗျားလက်ခံရတာ တရားမျှတ ပါလိမ့်မယ် ဗျာ'

ရှန်ဆင်က ခေါင်းညိတ်သည်၊

'ကောင်းပြီ....ကျုပ်လက်ခံတယ်'

'ရော့'

စုမာက အင်္ကျီအိတ်ထဲ လက်နှိုက်၍ အထုပ်ကလေးတထုပ် ယူပြီး ရှန်ဆင်ထံ ပစ်ပေးလိုက်၏၊

ရှန်ဆင်က လက်မြှောက်၍ ဖမ်းယူလိုက်သည်၊

သူလက်မြှောက်လိုက်သည့် အချိန်၌ မထင်မှတ်သော လှုပ် ရှားမှု တစ်ခုကို ပြုလုပ်လိုက်၏၊

လက်မြှောက်လိုက်စဉ် အင်္ကျီလက်အိုးထဲမှ ဝှက်ထားသော လက်နက်ပုန်းများ ခါထုတ်ရင်း စုမာအားတိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

လက်နက်ပုန်းများသည် များပိတုန်းအလား စုမာထံ ပစ် လွှင့်သွားလေ၏၊

ရှုတ်တရက်မို့ စုမာ ကြောင်အမ်းအမ်း ဖြစ်သွားလေ သည်၊



သို့သော်....

ချက်ချင်း သတိဝင်လာပြီး နောက်ဆုတ် ရှောင်တိမ်းလိုက် သည်။

ဆူးချွန်များ ရှိနေသည်ကို လုံးဝ အရေးမထားဘဲ မြေ ပြင်ညီအလား ပေါ့ပါး သွက်လက်စွာ နင်း၍ ရှောင်လိုက်ခြင်း ဖြစ်ပေသည်။

ထိုအခိုက်အတန့် ရရှိသော အခွင့်အရေးကို ရှန်ဆင် လုံးဝ လွှတ်လှတ်မခံပါချေ။

အနီးရှိ ဆူးချွန်များကို ခြေဖြင့် ဝှေ့ယမ်း၍ ခုတ်ထစ်လိုက် သည်။

တစ်ဆက်တည်းပင်....

အပိုင်းပိုင်း ပြတ်သွားသော ဆူးချွန်များကို ခြေထောက် ဖြင့် ခတ်၍ တင်ကာ ပစ်ပေါက်လိုက်ပြန်၏။

ယခုတစ်ကြိမ်....

သူက စုမာထံ ပစ်ပေါက်လိုက်ခြင်းမဟုတ်ဘဲ စုမာအနီးရှိ ဆူးချွန်များဆီသို့ ပစ်ပေါက်လိုက်ခြင်း ဖြစ်၏။

စုမာသည် ထောင်ချောက်ဆင်ထားသော ဆူးချွန်များ ပတ် ဝန်းကျင်၌သာ ရပ်နေခြင်း ဖြစ်မည်ဟု တွက်ဆမိလိုက်လေ သည်၊

www.burmeseclassic.com

www.burmeseclassic.com



သူရွေ့ တိုး တိုက်ခိုက်လျှင် စူးချွန် ထောင်ချောက်မိ၍ ဒုက္ခရောက်ရမည် ဖြစ်ပေ၏။

ဤသည်မှာလည်း လက်တွေ့ ကြုံကြိုက်ခဲ့ရပြီ ဖြစ်၏၊

ထို့ကြောင့်....

စခန်းအနီးရှိ စူးချွန်များရှိရာသို့ ခါးဖြင့် ခုတ်ထားသော စူးချွန် အပိုင်းအစတို့မှာ တင်းပုတ်သဖွယ် စိုက်ထားသည့် စူးချွန်များဆီ တဖွဲဖွဲ ထိမှန်သွား၏၊

ထိုသို့ ထိမှန်သွားလျှင် ရှန်ဆင် အတွေး မှန်ကန်ကြောင်း ထင်ရှား ပေါ်လွင်လာလေ၏။

ထောင်ချောက် ခလုတ်ဖြစ်သော စူးချွန်ကို ထိသွားသည်နှင့် ဘေးပတ်ဝန်းကျင်၌ အစုံ စိုက်ထားသည့် စူးချွန်များ အပေါ်သို့ ကန်ထွက်လာသည်၊

ထောင်ချောက်ခလုတ် စူးချွန် မည်ရွေ့မည်မျှ ရှိနေသည်ကို ရှန်ဆင် မသိချေ။

သို့သော်....

သူက တရစပ် ပစ်ပေါက်ပြီးသည်နှင့်....

'ဝှီး ဝှီး'

ပျားအုပ်ကြီး ပျံသန်းလာသည့်အလား တဝှီးဝှီး မြည်သံများ အဆက်မပြတ် ထွက်ပေါ်လာ၍ စူးချွန်အမြောက်အမြား ကန်ထွက်လာသည်ကို တွေ့မြင်လိုက်ရ၏။



အပေါ်သို့ လွင့်တက်လာသော စူးချွန်များသည် ပိုက်ကွန်ကြီး တစ်ခုသဖွယ် လက်နက်ပုန်းများကို ရှောင်တိမ်းလိုက်သည့် စုမာထံ ဖြန့်ကျက် အုပ်မိုးသွားလေ၏။

ရှန်ဆင်ပင် ထိတ်လန့်၍ နောက်ဆုတ်လိုက်မိသည်။

'သူယုတ်မာ'

စုမာ၏ အထိတ်တလန့်အော်သံ ထွက်ပေါ် လာသည်ကို ကြားလိုက်ရ၏၊

'ထောက်'

လွင့်တက်လာသော စူးချွန်တစ်ခုသည် အခန်းယုတ်တန်းမှ ၍ ကြိုးဖြင့် သိုင်းကာ ချိတ်ဆွဲထားသည့် မီးအိမ်ကို ထိမှန်သွားရာ မီးအိမ်ငြိမ်း၍ တစ်ခန်းလုံး မှောင်အတိ ကျသွားလေသည်၊

ရှန်ဆင်သည် အခန်းတံခါး ပေါက်သို့ ရောက်သည်အထိ ဆုတ်လိုက်၏၊

ထိုစဉ်....

'အား'

နားရှသော အော်ဟစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်၊

www.burmeseclassic.com

www.burmeseclassic.com



မရှေးမနှောင်းမှာပင်....

'ဝုန်း'

လူတစ်ယောက် ပြုတ်ကျသွားသော အသံကို ကြားလိုက်ရ ဘည်။

အခန်းတွင်း၌ စူးချွန်မျှား ပြည့်နှက်နေသောကြောင့် ပြုတ် ကျလာသည့် ရှန်ဆင်၏ အဖြစ်မှာ တွေးကြည့်ရုံဖြင့် မည်မျှ ဆိုး ရွားကြောင်း သိနိုင်သည်။

ရှန်ဆင်က သက်ပြင်းချလိုက်၏။

'ရန်သူကို တိုက်ခိုက် အနိုင်ယူမယ်ဆိုရင် ကိုယ့်ရဲ့ လျှို့ဝှက် ချက်ကို ဘယ်တော့မှ သိမသွားစေနဲ့၊ ဘယ်တော့မှ အချိန်ဆွဲ မနေနဲ့ဆိုတဲ့ စကားကို မင်းအဖေ ပြောပြမသွားဘူး ထင်ပ တယ်'

'ဒီအခန်းထဲ ရောက်ကတည်းက အချိန်မဖြုန်းဘဲ တရေ တိုက်ခိုက်လိုက်မယ် ဆိုရင် တကယ်တမ်း သေဆုံးသွားရမယ် သူဟာ ကျုပ်ပဲ....

'အခုတော့ မင်းဟာ ကိုယ့်ကိုယ်ကို အထင်ကြီးပြီး ကျ ကို အထင်သေးခဲ့တာကိုး'

စကားဆုံးလျှင် ချာခနဲ လှည့်၍ ထွက်သွားလေသည်။

အခန်းတွင်း၌ တိတ်ဆိတ် ငြိမ်သက်နေသည်။



စုမာ၏ညည်းညူသံမျှကိုပင် မကြားရချေ၊

ရှန်ဆင်ခြေသံးလှမ်းခန့် လှမ်းလိုက်မိသော အခါ ဆူညံ သော တိုက်ခိုက်သံများနှင့်စူးရှသော အော်သံ ထွက်ပေါ်လာ သည်ကိုကြားလိုက်ရ၏၊

မင်းယန် ကျန်ရစ်ခဲ့သော အခန်းဘက်မှ ဖြစ်ပေတော့ သည်။

* * *

ကုရဲ၏ဓားကွက်များမှာ မကြောက်မက်ဖွယ်ကောင်းအောင် ...က်မြက်လှပေသည်။

ဓားသမားစုမိန်နှင့် ဆရာကြီးလော့တို့အား ပြတ်ပြတ်သား ...း တိုက်ခိုက်အနိုင်ယူခဲ့သည်ကို မင်းယန်မျက်မြင်ကိုယ်တွေ့ ...သည်၊

ထို့ကြောင့်....

www.burmeseclassic.com

မပေါ့ဆဘဲ သတိကြီးစွာထားကာ ပြန်လည် ခုခံတိုက်ခိုက်လိုက်ရသည်။

ကုရှဲသည်သူအားရန်သူတစ်ယောက်လို သဘောထားကာ စာရစင်တိုက်ခိုက်နေခြင်းဖြစ်သည်။

သတိတစ်ချက်လစ်သွားလျှင် အန္တရာယ်နှင့်ရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်ကြောင်း သိထားရာ မပေါ့ဆဘဲ ပြန်လည် တိုက်ခိုက်နေရ၏။

ထိုအခိုက်မှာပင်....

လူရိပ်သုံးခု ပြေးဝင်လာပြီး ကုရှဲနှင့်ပူးပေါင်း၍တိုက်ခိုက်လေသည်။

ရုတ်တရက်....

အပေါ်စီးယူကာ တိုက်ခိုက်နေရာမှ ခုခံရသည့် ဘက်သို့ ချက်ချင်း ကူးပြောင်းသွားလေသည်။

ကုရှဲအားကူညီတိုက်ခိုက်လာသူသုံးယောက်မှာ ချောမောလှပသောမိန်းကလေးများဖြစ်ကြသည်။

ထိုမိန်းကလေး သုံးယောက်အနက် တစ်ယောက်မှာလက်တစ်ဖက်၌ ပတ်တူ့ဓါးများ စည်းနှောင်ထားသည်ကို တွေ့ရလေသည်။

ထိုမိန်းကလေး သုံးယောက်မှာ မေရှန်း၊စုစု၊ ရှဲအောင်သောမိန်းကလေးများပင်ဖြစ်သည်။



စုစုသည်ရှန်ဆင်အား စည်းရုံးသိမ်းသွင်းရန် ကြိုးစားခဲ့သူဖြစ်သည်။

သူတို့သုံးယောက်စလုံး ပန်းဝက်ပါသခင်လေး စုမာထံ အမှုထမ်းရွက်နေကြသူများ ဖြစ်ကြ၏။

ယခုလည်း ရှန်ဆင်အား စုမာက တာဝန်ယူထားသော အခါ သူတို့က မင်းယန်ကို စုပေါင်း၍ တာဝန်ယူတိုက်ခိုက်ကြခြင်း ဖြစ်ပေ၏။

မေရှန်တို့သုံးယောက် ကူညီတိုက်ခိုက်လာလျှင် ကုရှဲ အားတက်သွားလေ၏။

သူတို့၏တိုက်ခိုက်မှုဖြင့် မင်းယန်အား ရှင်းပစ်နိုင်မည်ဟုလည်း ယုံကြည်လာလေ၏။

ထို့ကြောင့်....

ပို၍ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်၏။

ဤတွင်....

မင်းယန်က တစ်ချက်ပြုံးလိုက်၏။

သူ၏ ထိပ်တန်းသိုင်းပညာကို ထုတ်ဖော်အသုံးပြုကာ ခုခံသော်လည်း မေရှန်တို့သုံးယောက်နှင့် ကုရှဲ၏တိုက်ခိုက်မှုက သူအား မလှုပ်သာ မလွန့်သာအောင် ထိန်းချုပ်ထားသလို ရှိနေပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ကြာရှည်စွာ တိုက်ခိုက်ရပါလျှင် ခြေကုန်လက်ပန်းကျပြီး ရှုံးနိမ့်သွားနိုင်သည်။

ဟု မင်းယန် ဆင်ခြင်မိ၏။

ထို့ကြောင့်....

သိုင်းကွက်ပြောင်းကာ တိုက်ခိုက်လိုက်၏။

သူသေကိုယ်သေ တစ်ဇွတ်ထိုးသိုင်းကွက်များအသုံးပြုကာ တိုက်ခိုက်ခြင်း ဖြစ်သည်။

ကြောက်မက်ဖွယ်ကောင်းသော ရန်သူများနှင့် ရင်ဆိုင်ရသည့်အခါ....

တစ်ခါတစ်ရံ သူသေ ကိုယ်သေ တိုက်ကွက်များသည် များစွာ အကျိုးထိရောက်မှု ရှိအောင်ပင် အသုံးဝင်သွားလေသည်။

အချို့သိုင်းသမားများသည် အခြေအနေ အချိန်အခါ မကြည့်တဲ့ တစ်ဇွတ်ထိုးသိုင်းကွက်များ အသုံးပြုခြင်းကြောင့် ရှုံးနိမ့်သွားရသည့် သာဓကများ ရှိကြပေသည်။

သူက ထိုသို့တိုက်ခိုက်ရာ ကုရဲ့က နောက်ဆုတ်သွားခြင်း မရှိသော်လည်း မေရှန်တို့ မိန်းကလေးသုံးယောက်က ထိတ်လန့်ကာ နောက်ဆုတ်သွားကြလေသည်။

မင်းယန်က ရရှိလာသော အခွင့်အရေးကိုလက်လွတ်မခံ ကုရဲ့ကိုဖိ၍ တိုက်ခိုက်လိုက်သည်။



ပြီးလျှင်....

ချက်ချင်းဆိုသလို မေရှန်ဘက်သို့လှည့်ကာ ပြေးဝင်၍ တိုက်ခိုက်လိုက်သည်။

သူ့အဖို့ တစ်ယောက်တည်းလှည့်ပတ်ကာ တိုက်ခိုက်နေရသည်။

မေရှန်တို့ဘက်သို့လှည့်ကာ တိုက်ခိုက်လိုက်စဉ် ကုရဲ့ကပါ ရောက် တိုက်ခိုက်လာ၏။

မင်းယန်က ပြန်လည်တိုက်ခိုက်လိုက်စဉ် မေရှန်တို့ကလည်း ဆက်လက် တိုက်ခိုက်ကြပြန်လေသည်။

သတို့သည် မင်းယန်၏အကြံကို သဘောပေါက်နားလည်သွားကြပြီး ရှေ့တိုးနောက်ဆုတ် သိုင်းကွက်ဆင်ကာ တိုက်ခိုက်ကြသည်။

မင်းယန် ခြေကုန်လက်ပန်းကျအောင် နည်းအမျိုးမျိုးကို အသုံးပြုကာ တိုက်ခိုက်ကြလေသည်။

မင်းယန်ကလည်း ကုရဲ့ဘက်လှည့်ကာ တိုက်ခိုက်လိုက်၊ မေရှန်ကိုလှည့်ကာ တိုက်ခိုက်လိုက်ဖြင့် အနားမအားနိုင်အောင် ဖြစ်နေရသေးသည်။

ကြာတော့ သူ၏တိုက်ကွက် မမှန်သေးကြောင်း ဆင်ခြင်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကုရဲတို့လူစုသည် လွန်စွာပါးနပ်ပြီး သူ၏အကြံအစည်ကို ချက်ချင်း ရိပ်မိလေသည်။

နောက်ထပ် နည်းလမ်းတစ်ခု ပြောင်းလဲဖို့စဉ်းစားနေစဉ် သူ၏တိုက်ကွက် မသိမသာ အရှိန်လျော့သွားသည်။

ကုရဲတို့လေးယောက်မှာ အကင်းပါးကြသူများပီပီ အခွင့်အရေးကို လက်လွှတ်မခံဘဲ တရကြမ်းဝိုင်း၍ တိုက်ခိုက်ကြသည်။

မင်းယန်အတွက် စဉ်းစားဖို့အချိန် မရတော့ပေ။

အသက်ဘေးမှ လွတ်မြောက်အောင် ပတ်ချာလှည့်ကာ ခုခံတိုက်ခိုက်ရပြန်သည်။

သို့သော်....

ရှေ့နောက်ဝဲယာ ညှပ်၍တိုက်ခိုက်ခြင်းကို ခံရလေသည်။

ထိုစဉ်....

'အား'

ဓားဒဏ်ရာတစ်ချက် ဝဲဘက်နံကြားဥ်ရရှိသွားရာ နာနာအော်လိုက်မိ၏။

မင်းယန်မျက်လုံးထဲ ပြာဝေသွား၏။

ခံပြင်းသောစိတ်များ ဟုန်းခနဲ ထလာလေ၏။



အံတင်းတင်းကြိတ်ကာ....

'သေပေတော့'

အော်ဟစ်ကာ အားကုန်ထုတ်သုံးပြီး ဓားဝှေ့ယမ်း၍ တိုက်ခိုက်လိုက်၏။

ထိုစဉ်....

'မင်းမို့ ဒီလောက်အမိုက်ခံပြီး တိုက်ခိုက်နေတယ်၊ ကျုပ်ဆိုရင် အသာကလေး ရှောင်ထွက်သွားမှာပဲ၊ သူတို့ခံလေးဦးနောက်က တကောက်ကောက်လိုက်ပြီး တိုက်ခိုက်နေရတာနဲ့ပဲ မောပြီး လျှာထွက်လာလိမ့်မယ်'

စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေ၏။

ရုတ်တရက် ထွက်ပေါ်လာသော စကားသံကြောင့် သူတို့အားလုံး ကြောင်အမ်းအမ်း ဖြစ်သွားကြ၏။

ကုရဲနှင့် မေရှန်တို့သုံးယောက် ချက်ချင်းပင်နောက်ဆုတ်လိုက်ကြ၏။

စကားသံ ထွက်ပေါ်လာရာသို့ အားလုံး ပြိုင်တူလှမ်း၍ ကြည့်လိုက်ကြ၏။

ထိုအခန်းတံခါးဝ၌ ကံခါးဘောင်ကို မှီကာရပ်နေသူ သူတစ်ယောက်ကို တွေ့မြင်လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူမှာ ရွှန်ဆင်ပင်ဖြစ်လေသည်။

ရွှန်ဆင်၏ ခန္ဓာကိုယ်ပေါ်၌ သွေးစသွေးနများ ပေကျံနေသည်ကို တွေ့မြင်ရသည်။

သူ၏ဓားသည် ခါး၌ထည့်ဝါစွာ ချိတ်ဆွဲထားပြီး တည်ငြိမ်စွာ ရပ်နေလေသည်။

ဒဏ်ရာရရှိထားသော်လည်း သူ၏ပုံပန်းသဏ္ဌာန်မှာ ဘာမှမဖြစ်သလို ရှိနေပေသည်။

'ဟင်....ရွှန်ဆင်'

မေရှန်က လွှတ်ခနဲ အသံထွက်သွား၏။

ဇုံက ကပျာကယာ ခေါင်းငုံ့ထွေးလိုက်လေသည်။

ရွှန်ဆင်က သူတို့ကိုမကြည့်ဘဲ မင်းယန်ကိုသာ စိုက်ကြည့်နေ၏။

မင်းယန် သက်ပြင်းချလိုက်သည်။

'ကျုပ်က ထိပ်တိုက် ရင်မဆိုင်ဘဲ နေရမယ်လို့ ခင်ဗျား ဆိုလိုတာလား'

ရွှန်ဆင် ရောက်ရှိလာခြင်းသည် သူ့အတွက် က ကောင်းခြင်းဖြစ်၏။

အသက်ဝဝ ရှူရှိုက်နိုင်ဖို့ အချိန်ရသွား၏။



ရွှန်ဆင်နှင့် စကားပြောဆိုနေစဉ် အတွင်း မည်သူမှစတင်တိုက်ခိုက်လာရဲခြင်း မရှိဟု ယုံကြည်ထားခြင်းကြောင့် လှမ်းမေးလိုက်ခြင်း ဖြစ်၏။

ရွှန်ဆင် ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ သူတို့ဟာ ရန်သူကို ဘယ်လို တိုက်ခိုက်ရမယ်ဆိုတာကို ကောင်းကောင်းကြီး သိနေကြတယ်၊ သူတို့နဲ့ ထိပ်တိုက် ရင်မဆိုင်ဘဲ ရှောင်နေမယ် ဆိုရင် မင်းရဲ့ အကျိုးကို ထိခအောင် တိုက်ခိုက်ဖို့ ကြိုးစားရင်း သူတို့ မောလို့ လျှာထွက်လောက်ရောပေါ့၊ အခုတော့....'

သူက စကားတစ်ပိုင်းတစ်စဖြင့် ရပ်တန့်လိုက်၏။

မင်းယန် ရယ်လိုက်သည်။

'ဟဲ ဟဲ ဟဲ ခင်ဗျား ဘယ်ဆိုးလို့တုန်း၊ ဒါပေမယ့် ကျုပ်အတွက် ဝင်ပြောတာ ဘာကြောင့်လဲ၊ ကျုပ် သေသွားရင် ခင်ဗျားအတွက် တစ်ရန်အေးတာပဲ မဟုတ်လား'

ရွှန်ဆင်က ပြန်ပြောရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်....

ကုရဲက ကြားဖြတ် ပြောလိုက်၏။

သူက ရွှန်ဆင်ကို ဦးတည် ပြောခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ခင်.... ခင်ဗျား ပန်းဝက်ပါထဲက ထွက်လာနိုင်ခဲ့တယ် ဟုတ်လား'

ရွှန်ဆင်က ပြုံးလိုက်သည်။

'မင်းမှာ မျက်လုံးပါတယ် မဟုတ်လား'

'ဒါ....ဒါဖြင့်'

'ဘာလဲ....မင်းက စုမာရဲ့က ကြမ္မာကို သိချင်တယ် ဟုတ်လား'

ကုရဲ့ ပါးစပ်ပိတ်ထားလိုက်သည်။

မေးစရာ မလိုတော့ကြောင်း သဘောပေါက်ထားလေသည်။

မေရှန်က မျက်လုံးပြူးနေ၏။

စုစုက ခေါင်းငုံ့ထားပြီး ရဲအောက ဒေါသတကြီးဖြင့်—

'သ....သခင်လေးအတွက် ရှင်သေဖို့သာ ပြင်တော့'

ပြောရင်း ရွှန်ဆင်ထံ ပြေးဝင် တိုက်ခိုက် လိုက်လေတော့သည်။

တံခါးပေါက်အနီး ရောက်ရှိသွားပြီး တိုက်ခိုက်လိုက်သည်နှင့်....



သူမ၏ ခံ့ားချက်မှာ တံခါးဘောင်ကိုသာ ထိသွားလေသည်။

ရွှန်ဆင်သည် သူမ၏ မျက်စိရှေ့မှောက်မှ ရိပ်ခနဲခုန်ထွက်၍ ပျောက်ကွယ်သွားပြီ ဖြစ်သည်။

ရဲအော ကြောင်အမ်းအမ်း ဖြစ်နေစဉ်....

'ဘယ်လိုလဲ၊ မင်းတွေ့တယ် မဟုတ်လား'

ရွှန်ဆင်၏ စကားသံသည် ခေါင်းပေါ်မှ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

အားလုံး ခေါင်းမော့ကြည့်လိုက်သော အခါ ခေါင်မိုးထုတ်တန်းပေါ်၌ ခြေထောက် ချိတ်၍ ထိုင်နေသည့် ရွှန်ဆင်ကို တွေ့မြင်လိုက်ကြရ၏။

ရဲအောက အံကြိတ်၍....

'သေပေတော့'

ကြမ်းပြင်ပေါ် ခြေဆောင့်၍ အပေါ်သို့ ခုန်တက်ရင်း တိုက်ခိုက်လိုက်၏။

ရွှန်ဆင် ပြန်လည် တိုက်ခိုက်ခြင်း မပြုဘဲ ခေါင်မိုးပေါ်မှ တန်းများကို တစ်နေရာမှ တစ်နေရာသို့ ကူးပြောင်းသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရဲအောာ၏ တိုက်ခိုက်မှုမှာ လုံးဝ အရာမထင်ဘဲ အကျိုးမရှိဖြစ်သွားသည်။

'ကဲ....ကျုပ်စောင့်နေမယ်၊ မင်းလိုက်ခဲ့ပေါ့ ဟုတ်ပြီလား'

စကားဆုံးလျှင် ခေါင်မိုး အုတ်ကြွပ်ပြားများကို ဖောက်၍ အပြင်ဖက် ခုန်ထွက်လာပြီး မြင်ကွင်းမှ ပျောက်သွားလေသည်။

ရဲအောာ မင်ကျမနပ်ဖြင့်....

'ရှင်ပြေးလို့ လွတ်မလား'

အောင်ဇေါက်ရင်း အခန်းအပြင်ဘက် ပြေးထွက်သွားရန် ခြေလှမ်းပြင်လိုက်၏။

သို့သော်....

သူမ ရှေ့မှ မင်းယန်က လမ်းပိတ် ဟန့်တား လိုက်လေသည်။

'မင်း ဘယ်သွားမလို့ လဲ၊ ကျုပ်တစ်ယောက်လုံး ဒီအခန်းထဲမှာ ရှိနေသေးတယ် ဆိုတာ မေ့နေပြီလား'

ရဲအောာက သူ့အား အရေးမစိုက်ပါချေ။

'လမ်းဖယ်ဖမ်း'



ပြောရင်း တရကြမ်း တိုက်ခိုက်လိုက်၏။

မင်းယန်ကလည်း လျှင်မြန်စွာ ပြန်လည် တိုက်ခိုက်ရန်ဟန်ပြင်လိုက်၏၊

ကုရဲ၊ မေရှန်နှင့် စုစုတို့မှာ ငိုင်နေကြသည်။

သို့သော်....

ချက်ချင်း သတိဝင်လာကြပြီး မင်းယန်အား တိုက်ခိုက်ရန်ပြင်လိုက်၏။

'အား'

စူးရှသော အော်သံ တစ်ချက် ထွက်ပေါ်လာသည်ကိုကြားလိုက်ရ၏။

ရဲအောာမှာ မင်းယန်၏ စားချက်ကြောင့် ကပျာကယာနောက်ဆုတ်လာသည်ကို တွေ့မြင်လိုက်ရ၏။

ရှတ်တရက်မို့....

အားလုံး ကြောင်သွားကြသည်။

'သတိထား'

မင်းယန်၏ စကားသံ ထွက်ပေါ်လာသည်။

တစ်ဆက်တည်းမင်....

www.burmeseclassic.com

www.burmeseclassic.com



မင်းယန်သည် ပြေးဝင်လာပြီး ငိုင်နေကြသည့် ကုရဲ၊ မေ
ရှုန်နှင့် စုစုတို့အား တိုက်ခိုက်လိုက်၏။

ကုရဲတို့လည်း သတိဝင်လာပြီး ပြန်လည် တိုက်ခိုက်လိုက်
သည်။

သူတို့သည် ရှန်ဆင် လက်တွေ့ လုပ်ပြသွားသလို ခပ်ခွာခွာ
ရှောင်တိမ်း တိုက်ခိုက်နည်းကို မင်းယန် အသုံးပြုလိမ့်မည်ဟု
ယူကြည့်ထားကြလေ၏။

သို့သော်....

တကယ်တမ်း ရင်ဆိုင် တိုက်ခိုက်လိုက်သောအခါ မင်းယန်
က နောက်မဆုတ်ဘဲ ရှေ့သို့သာ အတင်းတက်၍ ပြင်းပြင်းထန်
ထန် တိုက်ခိုက်ခြင်းနှင့် ကြုံလိုက်ကြရသည်။

အားလုံးထင်သလို ဖြစ်မလာခြင်းကြောင့် သိုင်းကွက်ပျက်
ပြားသွားပြီးလျှင်....

'ဝုန်း'

'အား'

'အွန့်'

'အမယ်လေး'



စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာပြီး ကုရဲတို့
ကြမ်းပြင်ပေါ်သို့ လဲကျသွားကြသည်။

သူတို့ လေးယောက်စလုံး ဒဏ်ရာ ပြင်းထန်စွာ ရရှိသွားကြ
ပြီ ဖြစ်သည်။

မင်းယန်က ဆက်၍ တိုက်ခိုက်ခြင်း မပြုဘဲ ရပ်နားလိုက်
သည်။

သူသည် ကြေးစား တစ်ယောက် မဟုတ်သလို၊ လူသတ်
လိုစိတ်ရှိသူ တစ်ယောက်လည်း မဟုတ်ပါချေ။

ကုရဲတို့ လေးယောက်စလုံးက မင်းယန်အား ကြောက်လန့်
သော အကြည့်ဖြင့် ကြည့်နေကြ၏။

မင်းယန်က မဲ့ပြုံး ပြုံးလိုက်သည်။

'ကျုပ်က မင်းယန်၊ ကြေးစား ရှန်ဆင်မဟုတ်ဘူး ဆိုတာ
ခင်ဗျားတို့ မှတ်ထားကြ၊ နောက်တစ်ခါ ဆိုးသွမ်းမိုက်မဲနေဦး
မယ်ဆိုရင် ခွင့်လွှတ်မှာ မဟုတ်ဘူးဆိုတာလဲ မမေ့နဲ့'

ပြတ်ပြတ်သားသား စကားဆို၍ အခန်းတွင်းမှ လှည့်ထွက်
သွားသည်။

ကုရဲတို့ပါးစပ်အဟောင်းသား ဖြစ်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သေရွာမှ ပြန်လာကြသူများဟုပင် ကိုယ့်ကိုယ်ကို ထင်မှတ်နေမိကြလေတော့သည်။

* * *

လေတဟူးဟူးတိုက်ခတ်လာသည်။

ပန်းဝက်ပါ အဆောက်အအုံ အတွင်းမှ အသံဗလံများ တိတ်ဆိတ် ငြိမ်သက်နေ၏။

လေတိုက်ခတ်မှုကြောင့် ပန်းပင်များ ယိမ်းနွဲ့လှုပ်ယမ်းသည်။

မီးခိုးရောင် ဝတ်ထင်ထားသော လူရွယ် တစ်ယောက်သည် ပန်းဝက်ပါ စံအိမ် ဝင်ပေါက်ကို ကျောခိုင်းထားလေ၏။

ရုတ်တရက်....



လေထဲမှ ခြေသံများ လွင့်ပျံပါလာသည်ကို ကြားနိုင်လေသည်။

ခြေသံများ တစ်စထက် တစ်စ ကျယ်လောင်လာရင်း ပန်းဝက်ပါ စံအိမ်ထဲမှ အဖြူရောင် ဝတ်ဆင်ထားသော လူရွယ် တစ်ဦး လှမ်းထွက်လာသည်ကို တွေ့မြင်လိုက်ရ၏။

ထိုလူရွယ်မှာ မင်းယန်ဖြစ်သည်။

မင်းယန်သည် ပန်းဝက်ပါ အပြင်ဘက် ရောက်သည်နှင့် ရှန်ဆင်အား ရှာဖွေလိုက်၏။

ဝင်ပေါက်ရှေ့၌ ကျောပေး၍ ရပ်နေသည့် ရှန်ဆင်ကိုမြင်မှ မသိမသာ သက်ပြင်းချမိလေ၏။

ရှန်ဆင်ထံ ခပ်သွက်သွက် လှမ်းသွားသည်။

ရှန်ဆင်က လှည့်မကြည့်ဘဲ သူရောက်နေသည်ကိုသိနေသည့် အလား။

'မင်းက သူတို့ကို ချမ်းသာပေးလိုက်တယ် ဟုတ်လား'

မင်းယန်က ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်'

ရှန်ဆင်က မင်းယန်ဘက်သို့ မျက်နှာလှည့်၍....

'မင်းတော်တော်ခက်ပါလား'

'ကျုပ်က ခက်တာ မဟုတ်ဘူး၊ တာကယ်တမ်းခက်နေတာ ခင်ဗျားပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဘာ....ကျုပ်က ခက်တယ် ဟုတ်လား'

မင်းယန်က ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ ခင်ဗျားဟာ ရာဇဝတ်မှု ကျူးလွန်ဖို့ အစ တမ်း စိတ်ကူးနေတာပဲကိုး'

'ကျုပ်က....'

'ခင်ဗျားက စုမာကို သတ်ပစ်လိုက်ပြီ မဟုတ်လား'

ရွှန်ဆင်က ပခုံးတွန့်လိုက်၏။

'ကျုပ်က သူ့ကိုမသတ်ရင် သူက ကျုပ်ကို သတ်မှာပဲ၊ သူနဲ့ကျုပ် တစ်ယောက်ယောက် သေရမှာပဲ၊ တကယ်လို့များ ကျုပ်က စုမာကို မသတ်နိုင်ဘူးဆိုရင် မင်းလဲ အခုလို စကားပြောနိုင်ဖို့ မလွယ်ဘူး'

မှန်ပေသည်။

ရွှန်ဆင် ပြန်ထွက်လာပြီး စုမာ သေဆုံးသွားသည်ကို သိလျှင် ကုရဲတို့ စိတ်ဓာတ်ကျဆင်းသွားသောကြောင့် မင်းယန်က အလွယ်တကူ အနိုင်ယူခဲ့ခြင်း ဖြစ်၏။

မင်းယန်သည် မည်သို့ ပြန်ပြောရမှန်းမသိ ဖြစ်သွားလေသည်။

ရွှန်ဆင်က ဆက်ပြောလိုက်သည်။



'ကျုပ်ရဲ့ ကြေးစားဆန်တဲ့ စိတ်က စုမာကို အနိုင်ရခဲ့တာပဲ၊ မင်းလို စိတ်ဓာတ်မျိုးသာရှိရင် ကောင်းကောင်းကြီး ဒုက္ခရောက်ပြီပေါ့....'

'လူတိုင်းဟာ မင်းလို စိတ်ဓာတ် မရှိဘူးဆိုတာတော့ မင်းနားလည်ထားစေချင်တယ်'

မင်းယန်က မဲ့ပြုံး ပြုံး၍....

'ခင်ဗျားက စုမာကို အနိုင်ရတာနဲ့ ကျုပ်ကိုပါ အနိုင်ရမယ် ထင်နေတာကိုး'

'မင်းကို ကောင်းကောင်းကြီး အနိုင်ရနိုင်ပါတယ်'

'သေချာရဲ့လား'

ရွှန်ဆင်က ခေါင်းညိတ်လိုက်သည်။

'သိပ်သေချာတာပေါ့'

'ဒါဖြင့် ကျုပ်တို့ လက်တွေ့ စမ်းသပ် ကြည့်လိုက်ကြရင် ကောင်းဘူးလား'

'စိတ်ချ၊ မင်းကို ကျုပ်က ချမ်းသာမပေးဘူးဆိုတာ မှတ်ထားပါ'

သူတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် စိုက်ကြည့်လိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



အတော်လေးကြာမှ ရွှန်ဆင်က....

'မင်းရဲ့ ညာဘက် နံကြားမှာ ဒဏ်ရာရထားတယ် မဟုတ်လား'

'ဟုတ်တယ်'

'ဒါဆို မင်းတိုက်နိုင်ပါ့မလား'

မင်းယန်က သဘောကျစွာ ရယ်လိုက်လေသည်။

'ဟား ဟား ဟား'

ရွှန်ဆင်က သူ့အား စိုက်ကြည့်နေ၏။

မင်းယန်က အတန်ကြာအောင် ရယ်ပြီးမှ....

'ကျုပ်မှာ ဒဏ်ရာရထားတာတော့ ခင်ဗျားမြင်တယ်၊ ခင်ဗျားကျတော့ ဒဏ်ရာမရတဲ့ အတိုင်းဘဲ၊ ခင်ဗျားကိုယ်ခင်ဗျား လဲ ပြန်ကြည့်ပါဦး'

ရွှန်ဆင်က ခေါင်းခါယမ်းလိုက်၏။

'ကျုပ်ဒဏ်ရာက မပြောပလောက်ပါဘူး၊ ဒီလို ဒဏ်ရာရခဲ့တာ များလှပြီ၊ ကျုပ်အတွက် မှုစရာမလိုဘူး'

'ခင်ဗျားတစ်ယောက်တည်း ဒဏ်ရာ ရခဲ့ဖူးတယ်လို့ များထင်နေလား'

ရွှန်ဆင်က အသံမာမာဖြင့်....



'မင်း ဘာပဲဖြစ်ခဲ့ ဖြစ်ခဲ့၊ ကျုပ်နဲ့ ဘာမှမဆိုင်ဘူး'

မင်းယန်က ပြတ်သားစွာ ပြန်ပြောသည်။

'ဒါဖြင့် ကျုပ်ဒဏ်ရာ ရထားတာကို ဘာကြောင့် ရေးကြီးခွင်ကျယ် လုပ်ပြီး ပြောနေတာလဲ'

'ကျုပ်က မင်းကို သတ်ပစ်ရမှာမို့ ပါ'

ရွှန်ဆင်က လေးနက်စွာ ပြောလိုက်ခြင်း ဖြစ်သည်။

မင်းယန်က မျက်မှောင်ကုတ်လိုက်ပြီး....

'ဒဏ်ရာရထားတဲ့ လူကို ခင်ဗျား မသတ်ချင်ဘူးပေါ့'

'တစ်ခြားလူဆိုရင်တော့ ဟုတ်တယ်'

'ကျုပ်က ဘာဖြစ်လို့လဲ'

ရွှန်ဆင်က သူ့အား စိုက်ကြည့်၍ ပြန်ပြောသည်။

'မင်းကိုတော့ ကျုပ်က မုန်းတီးနေလို့ပေါ့၊ ဒါကြောင့် မင်းဒဏ်ရာ ဆေးကုချင်တယ် ဆိုရင် ပြောပါ'

မင်းယန်က လက်တာပြုလိုက်သည်။

'ဒဏ်ရာ အကြောင်း ပြောပြီး အချိန်ဆွဲနေတာမို့ ရှောင်တိမ်းသွားဖို့တော့ စိတ်မကူးနဲ့၊ ကျုပ်က ခင်ဗျားထွက်သွားတာ လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ဟား ဟား ဟား'

ရွှန်ဆင်က အားပါးတရ ရယ်လိုက်သည်။

'ခင်ဗျား ဘာရယ်တာလဲ'

'မင်းပြောတာကို သဘောကျလို့ပေါ့'

'ကျုပ်ပြောတာ ရယ်စရာမှမပါတာ'

ရွှန်ဆင်က ပြုံးလိုက်ပြီး....

'မင်းအတွက် ရယ်စရာမဟုတ်ပေမယ့် ကျုပ်အတွက်တော့ ရယ်စရာပဲ၊ ကျုပ်က ထွက်ပြေးမယ့်လူမှ မဟုတ်တာ'

'ဒါဖြင့် ခင်ဗျား ဓားထုတ်နိုင်ပါပြီဗျာ'

'ခွမ်း'

ရွှန်ဆင်က ချက်ချင်း ဓားဆွဲထုတ်လိုက်သည်။

မင်းယန်ကလည်း သူ၏ခါး၌ချိတ်ဆွဲထားသော ဓားကို ဆွဲထုတ်လိုက်၏။

ရွှန်ဆင်က မေးလိုက်၏။

'မင်းအရင် စ မလား၊ ကျုပ်အရင် စ ရမလား'

မင်းယန်က ပြတ်သားစွာဖြင့်....



'ဘယ်သူက အရင်စစ နောက်ဆုံးတော့ အနိုင်ရရှိဖို့က အဓိကပဲ မဟုတ်လား'

'ကောင်းပြီ၊ မင်းသဘောပဲ၊ ကဲ....ကျုပ်ရဲ့တိုက်ကွက်လာပြီ၊ သတိသာထားပေတော့'

စကားဆုံးသျှင် ရွှန်ဆင်က စတင်တိုက်ခိုက်လိုက်သည်။

မင်းယန်ကလည်း ပြင်းထန်စွာ ပြန်လည် တိုက်ခိုက်လိုက်တော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

---

ရှန်ဆင်...

ရှန်ဆင်က မင်းယန်ထက် အသက်နှစ်နှစ်ခန့် ပို၍ကြီး ရ၏။

သူ၏အမူအရာမှာ အေးစက်တည်ငြိမ်လွန်းလှသည်။

ခန်သူနှင့် တိုက်ခိုက်ရာ၌လည်း ရက်စက်ကြမ်းကြုတ်ရွ မနိုင့်နိုင်အောင် တိုက်ခိုက်တတ်သူဖြစ်၏။

မင်းယန်မှာ မြကောင်းသူငယ်၍ ကောင်းသူ ကယ်သည့် တရားဥပဒေဘက်တော်သား တစ်ယောက်ဖြစ်သည်။

သိုင်းလောက၌ မှေးမှောက်သောင်းကျန်းနေသည့် ကြေး စား ဓားသမား ရှန်ဆင်အား တရားဥပဒေလက်အတွင်းသို့ အပ်နိုင်ရန် ကြိုးစားနေသူ ဖြစ်၏။

သူတို့နှစ်ယောက်စလုံးသည် ထိပ်သီးသိုင်းသမားများ ဖြစ် သောကြောင့် တိုက်ပွဲမှာ ကြောက်မက်ဖွယ်ရာကောင်းလောက် အောင် ပြင်းထန်လှသည်။



ဓါးရောင်များမှာ ဝင်းလက်တောက်ပနေ၏။

သံသံချင်း ပြင်းထန်စွာထိတွေ့သော အသံများက ကျယ် လောင်စွာ ထွက်ပေါ်လာသည်။

အဝတ်အစား လေတိုးသံများ၊ ညာသံပေးသော အသံ များကလည်း မြည်ဟီးထွက်ပေါ်နေသည်။

တိုက်ပွဲမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်လှ ပေတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

ဆည်းဆာရောင် ဖြာကျနေသည်။

နေဝန်းနီမှာ အနောက်ဘက်၌ ငုပ်လျှိုးကွယ်ပျောက်သွားပြီ ဖြစ်၏။

သို့သော်....

ဖျော့တော့သော အလင်းရောင်များက ကျန်ရှိနေဆဲပင်ဖြစ်၏။

ပန်းခင်းမှာ ကြေမွပျက်စီးနေပြီး ပန်းခင်းဘေးမှ လူသားနှစ်ယောက်က အငြိုးကြီးစွာ လိုက်ခိုက်နေကြဆဲပင် ဖြစ်သည်။

ရှန်ဆင်၏ခန္ဓာကိုယ်ပေါ်၌ စုံမှာနှင့်တိုက်ခိုက်စဉ်က ရရှိခဲ့သော ဒဏ်ရာများအပြင် နောက်ထပ်ဒဏ်ရာနှစ်ချက်ပိုလာပြီး ဖြစ်၏။



ထိုကဲ့သို့ပင်....

မင်းယန့်၏ ခန္ဓာကိုယ်ပေါ်၌လည်း ကုရဲနှင့်ရင်ဆိုင်ခဲ့ကြ၍ကထက်ပိုသော ဒဏ်ရာများ ရှိနေသည်။

နှစ်ယောက်စလုံး ဒဏ်ရာရထားသော်လည်း မင်းယန်မှာပို၍များလေ၏။

နှစ်ယောက်သား ပြင်းပြင်းထန်ထန်တိုက်ခိုက်ကြမှ ရှင်ဆင်၏ သိုင်းပညာမှာ ပို၍သာကြောင်း ထင်ရှား ပေါ်လွင်နေသည်။

နှစ်ယောက်စလုံး တစ်ယောက်ကိုတစ်ယောက် အလွတ်မပေးဘဲ ပြင်းထန်စွာ ကိုက်ခိုက်နေကြသည်။

ထိုစဉ်....

'ချွင်'

ဟူသော အသံနှင့်အတူ မင်းယန်လက်ထဲမှ ဓားသည်မြေပြင်ပေါ်သို့ လွတ်ကျသွားလေ၏။

မင်းယန့်၏မျက်နှာ ကွက်ခနဲပျက်သွား၏။

သိုင်းသမားတစ်ယောက်သည် လက်ထဲ၌ဓားမရှိတော့ပါသွင် ရှုံးနိမ့်ဖို့သာ များလေသည်။

ရှန်ဆင်က သူ့ရှေ့ကျလာသောမင်းယန့်၏ဓားကိုကောက်ယူလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



မင်းယန်က မလှုပ်မယှက် ရပ်တန့်နေသည်။

ရှန်ဆင်က မင်းယန်၏ဓားကို စိတ်ဝင်စားစွာ လှည့်ပတ်၍ ကြည့်နေရင်းမှ မင်းယန်အား မေးလိုက်၏။

'မင်း....ဒီဓားကို ဘယ်ကရလဲ၊ ပြောစမ်း'

မင်းယန်က မဲ့ပြုံးပြုံးလိုက်ပြီး....

'ခင်ဗျားနဲ့ ဘာဆိုင်လဲ'

'ဘာကွ'

ပြောရင်း ရှေ့တိုးလာသောကြောင့် မင်းယန်က နောက်သို့ တစ်လှမ်းချင်း ဆုတ်သွားပြီး....

'မင်းပြောရင် ကောင်းမယ်'

'ဘာမှ ပြောစရာမလိုဘူး၊ ဒါကျုပ်ပစ္စည်းပဲ'

'ဘာ'

ရှန်ဆင်၏ခြေလှမ်း တုံ့ခနဲရပ်သွားသည်။

မင်းယန်က လက်ဝါးဖြန့်ကာ....

'ခင်ဗျား ကျုပ်ဓားကိုပြန်ပေးမလား၊ ဒါမှမဟုတ် ဓား မပါဘဲ ယှဉ်ပြိုင်ကြမလား'

ရှန်ဆင်က အံ့ဩထိတ်လန့်စွာဖြင့်....

'ဒီဓားက တကယ်ပဲ မင်းပစ္စည်းလား'



မင်းယန်က ပြတ်သားစွာဖြင့်....

'ကျုပ်က ဘာကြောင့် လိမ်ပြောရမှာတဲ့'

'ရော့'

ရှန်ဆင်က ဓားကို ပစ်ပေးလိုက်သည်။

မင်းယန်က ဓားကိုဖမ်းယူလိုက်ပြီး သေချာစွာ ငုံ့ကြည့်...က်မိသည်။

ဓားမှာ တစ်ပေခွဲခန့်ရှည်၍ ဓားရိုးတွင် မာန်ဖီနေသော ...ားသစ်နက်ပုံသဏ္ဍာန် ထုလုပ်ထားလေသည်။

ကျားသစ်နက်မှာ လက်ရာမြောက်လွန်း လှသောကြောင့် ...သက်ဝင်နေသည်နှင့် တူလှသည်။

ထိုဓားသည် သူငယ်စဉ်ကပင် ကိုင်ဆောင်ခဲ့သောကြောင့် ...အတွက် အဆန်းတကြယ်မဟုတ်ခဲ့ပါ။

သို့သော်....

ရှန်ဆင်သည် ထိုဓားကိုမြင်မှ အံ့ဩထိတ်လန့်သွားသည့် ...အရာများက သူ့မျက်နှာပေါ်တွင် အထင်းသားပေါ်လွင် ...ကြောင်း မင်းယန်က တွေ့လိုက်ရသည်။

မင်းယန်သည် ရှန်ဆင်အား လှမ်းကြည့်လိုက်သောအခါ ...အား မျက်တောင်မခတ်ဘဲ ငေးစိုက်ကြည့်နေသော ရှန်ဆင် မျက်နှာအစုံနှင့် ရင်ဆိုင်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းယန်ယ မျက်မှောင်ကုပ်လိုက်ပြီး....

'ခင်ဗျားက ကျုပ်ရဲ့ဓားကို လိုချင်လို့လား'

ရှန်ဆင်က ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ဘူး'

'ဒါဖြင့်'

'ဒီဓားက မင်းပိုင်တာ တကယ်လား'

မင်းယန်က ပြတ်သားစွာဖြင့်...

'ကျုပ်က ဘာဖြစ်လို့ လိမ်ပြောရမှာလဲဗျာ၊ ဒီဓားဟာ ကျုပ်ငယ်ငယ်တည်းက ကိုင်ခဲ့တဲ့ဓားပဲ'

'ဒါ....ဒါဆိုရင် မင်း....မင်းဟာ'

ရှန်ဆင်က စကားတစ်ပိုင်းတစ်ဖြင့် ရပ်တန့်လိုက်သည်။

သူ၏မျက်နှာတွင် ထူးခြားသည့်အရိပ်အယောင်များထွက်ပေါ်နေသည်။

မင်းယန်က နှုတ်ခမ်းမဲ့လိုက်ပြီး....

'ခင်ဗျားက သိုင်းကွက်တစ်ကွက် အနိုင်ရလိုက်တယ်ဆိုပြီး ဝမ်းသာမနေနဲ့ဦး၊ ကျုပ်ရဲ့ဓားကွက်ကို ကြည့်ပါဦး'

ပြောရင်း လျှပ်တစ်ပြက် တိုက်ခိုက်လိုက်သည်။

ယခုတစ်ကြိမ်တွင်....



ရှန်ဆင်က ပြန်လည်တိုက်ခိုက်ခြင်း မပြုဘဲ နောက်ဆုတ်ရှောင်တိမ်းလိုက်လေသည်။

'ခင်ဗျား ထွက်ပြေးမလို့လား'

မင်းယန်က အော်ပြောရင်း နောက်မှ လိုက်လ တိုက်ခိုက်လိုက်၏။

သို့သော်....

ရှန်ဆင် ပြန်လည် တိုက်ခိုက်ခြင်း မပြုဘဲ နောက်ဆုတ်ရှောင်တိမ်းလေ၏။

အတော်ဝေးဝေးသို့ ရောက်အောင် ဆုတ်သွားပြီးမှ....

'ဒီဓားကို မင်းပိုင်တယ်ဆိုရင် မင်းရဲ့မိဘတွေက ဘယ်သူဘယ်ဝါဆိုတာ ပြောပြနိုင်မလား'

မင်းယန်က မဲ့ပြုံး ပြုံးရင်း....

'ခင်ဗျားလို ကြေးစား လူသတ်သမား တစ်ယောက်နဲ့ ကျုပ်မိဘတွေ ဘာဆိုင်လို့လဲ၊ စော်စော်ကားကား ကျုပ်ရဲ့အကြောင်း မေးရဲသေးတယ်၊ သေပေတော့'

သူက ပြောပြီး ရှေ့တိုး တိုက်ခိုက်လိုက်၏။

ရှန်ဆင်က ခေါင်းခါယမ်းလိုက်ပြီး....

'ကျုပ်မေးတာ မင်းဖြေရင် ကောင်းမယ်၊ နို့မဟုတ်ရင် မင်းအမှားကြီး မှားသွားလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



မင်းယန်က နှုတ်ခမ်းတစ်ချက် မဲ့ပြီး....

'ဘာ....ကျုပ်မှားသွားမယ် ဟုတ်လား၊ဟား ဟား ဟား ရယ်စရာ ကောင်းလိုက်တာ၊ ကျုပ်ဟာ တရားဥပဒေ ဘက်တော်သား တစ်ယောက်ပါ၊ အမှန်တရားဘက်က ရပ်တည်နေတယ်ဆိုတာ လူတိုင်းသိတယ်....

'တကယ်တမ်း မှားနေတာက ခင်ဗျား၊ ခင်ဗျားဟာ ရက်စက် ကြမ်းကြုတ်တဲ့ လူသတ်သမား၊ ဒါကြောင့် ခင်ဗျားကို သေဒဏ် အပြစ်ပေးခံရအောင် ကျုပ် ကြိုးစားရလိမ့်မယ်'

ရှန်ဆင်က ခေါင်းခါယမ်းလိုက်၏။

'ကျုပ်ကလဲ သေရမှာကို မကြောက်ပါဘူး၊ ကျုပ်ရင်ထဲက မရှင်းမလင်း ဖြစ်နေတာလေးတွေကို သိချင်လို့ မေးတာပါ'

မင်းယန်က အသံပြတ်ပြတ်ဖြင့်....

'ခင်ဗျားကိစ္စ ကျုပ်နဲ့ မဆိုင်ဘူး'

'ဆိုင်တယ်၊ ဒီခါး မင်းဘယ်က ရသလဲ့ ပြောစမ်း'

သူက ပခုံးတွန့်၍....

'ခင်ဗျား သိပ်သိချင်တယ် ဟုတ်လား'

ရှန်ဆင်က ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်'



'ဒါဖြင့်....လွယ်ပါတယ်၊ ကျုပ်ပြောသလို လိုက်နာနိုင်ရင် ခင်ဗျား သိချင်တာကို ကျုပ်ပြောပြနိုင်မယ်'

'ကျုပ်က ဘာကို လိုက်နာရမှာလဲ'

သူက အေးစက်စွာ ပြောလိုက်၏။

'တရားဥပဒေက ချမှတ်တဲ့ အပြစ်ဒဏ်ကို ခံယူဖို့ပဲပေါ့'

ယင်းစကားကြောင့် ရှန်ဆင်၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

သူ၏ မျက်လုံးများ ရီဝေနေသည်။
တစ်စုံတစ်ခုအား အလေးအနက် တွေးတော စဉ်းစားနေပုံရသည်။

အတန်ကြာမှ....

မင်းယန်ကို ကြည့်၍....
'ကျုပ်က မလိုက်နာဘူး ဆိုရင်ရော'

'ခင်ဗျား ဒီစကားမျိုးပဲ ပြောမယ်ဆိုတာ ကျုပ် သိထားတယ်၊ ခင်ဗျားနဲ့ ဘာမှ ညှိနှိုင်း ဆွေးနွေးစရာ မလိုတော့ဘူး၊ ခင်ဗျားကို လက်ရ ဖမ်းဖို့ ကြိုးစားရုံပဲပေါ့'

မင်းယန်က စကား-ဆုံးလျှင် တိုက်ခိုက်ရန် ပြင်လိုက်လေသည်။
ရှန်ဆင်က သက်ပြင်းချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ခံ့ားကို ခံ့ားအိမ်ထဲ ထိုးသွင်း၍ နောက်ဆုတ်လိုက်ရင်း....

'မင်းမပြောလဲ သိနိုင်တဲ့ နည်းလမ်းတွေ ရှိပါတယ်၊ အဖြေ မှန်ကို ကျုပ်သိရမှာပေါ့၊ ကဲ....ကျုပ် သွားမယ်၊ နောက်မှ ပြန်တွေ့ကြတာပေါ့'

စကားဆုံးလျှင် ချာခနဲ လှည့်၍ မြေ့ထွက် သွားလေတော့ သည်။

ရုတ်တရက်....

မင်းယန် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

သို့သော်....

ချက်ချင်း သတိဝင်လာပြီး....

'ရပ်လိုက်စမ်း၊ ခင်ဗျား ထွက်ပြေးလို့ ရမလား'

အော်ဟေါက်ရင်း နောက်မှ ပြေးလိုက်သွား၏။

ရှန်ဆင်က လုံးဝ နောက်လှည့်မကြည့်ပေ။

ပန်းခင်းအား ဖြတ်၍ သစ်ပင်များကို ကွေ့ပတ် ပြေးသွား သည်။

သူ၏ ခန္ဓာကိုယ် ရိပ်ခနဲ ရိပ်ခနဲ တောင်အောက်သို့ ပြေး ဆင်းသွားသည်ကို တွေ့မြင်နေရပေ၏။

ရှန်ဆင် လွတ်မြောက်သွားပါလျှင် နောက်တစ်ကြိမ် ပြန် လည် တွေ့ဆုံဖို့ မလွယ်ကူကြောင်း မင်းယန် သိထားလေ သည်။



ထို့ကြောင့်....

အားကုန် ပြေးလိုက်သွားသည်။

အတော်ကလေးကြာလျှင် တောင်ကုန်းအောက်သို့ ရောက် သွား၏။

ရှန်ဆင်ကား အရှေ့ဘက် ကိုက်တစ်ရာခန့် အကွာမှနေ၍ ပြေးလွှားနေဆဲ ဖြစ်၏။

'မပြေးနဲ့၊ ရပ်လိုက်စမ်း'

မင်းယန်က အော်ဟစ် တားမြစ်ရင်း ပြေးလိုက်သွားလေ သည်။

သူတို့နှစ်ယောက် လျင်မြန်စွာ ပြေးလွှားသွားကြရာ ပန်း တော့ပါရှိရာ တောင်ကုန်းနှင့် တဖြည်းဖြည်း ဝေး၍ ဝေး၍ သွားလေသည်။

မင်းယန်သည် ရှန်ဆင်ကို မလွတ်တမ်း နောက်မှ လိုက်ခဲ့ သော်လည်း အမှောင်ထုက တဖြည်းဖြည်း လွှမ်းမိုးလာပြီ ဖြစ် ရာ တောအုပ်တစ်ခုကို လွန်မြောက်ပြီးနောက် ရှန်ဆင်အား လုံးဝ မျက်ခြည်ပြတ်သွား၏။

ရှန်ဆင် လွတ်မြောက်သွားခဲ့ပြန်ပြီ ဖြစ်သည်။

အမှန်စင်စစ်....

သူက မင်းယန်အား သုတ်သင်ရှင်းလင်းပစ်နိုင်သော အခွင့် အရေး ရရှိခဲ့ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်....

အခွင့်အရေးကို အသုံးမချဘဲ နောက်ဆုတ်ခဲ့၏။

အဘယ်ကြောင့်....

သူ၏ နှလုံးသားတွင် အကြင်နာ တရား ပေါ်ပေါက်လာခဲ့ရသည် မဆိုနိုင်ချေ။

မင်းယန်မှာ အသက်ရှင်နေနိုင်ခြင်းကို ဝမ်းသာအားရမဖြစ်မိချေ။

ရှန်ဆင် လွတ်မြောက် သွားသည်ကိုသာ တွေးပြီး မကျေမနပ် ဖြစ်နေလေတော့သည်။

* * *

---

အဝေးဆီတွင် မီးရောင် တလက်လက် ဝင်းလက်နေသော မြို့ကလေးကို လှမ်းပြီး မြင်တွေ့နေရလေ၏။

ယခုအချိန်လောက်ဆိုလျှင်....

ထိုမြို့ကလေးသို့ မင်းယန် ရောက်သွားလောက်ပြီဟု ရှန်ဆင် တွေးနေ၏။

ရှေ့၌ရှိနေသော မီးပုံထဲသို့ သစ်ကိုင်းခြောက်များ ထပ်မံထည့်လိုက်၏။

မီးရှိန်အားကောင်းလာ၍ နွေးထွေးမှုဖြစ်လာသလိုအလင်းရောင်လည်း ပိုလာသည်။

ရှန်ဆင်က ရရှိခဲ့သော ဒဏ်ရာများကို ဆေးလိမ်း ထားပြီးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



တောအုပ်ထဲ၌ အလှေကျ ပေါက်နေသော ဆေးဖက်ဝင် နွယ်ရွက်အချို့ကို ခူး၍ အရည်ညှစ်ပြီး အသင့် ဆောင်ထားသည့် အနာကျက်ဆေး၊ ဒဏ်ကြေထေးများနှင့် အတူ ရောနှော လိမ်းကျံလိုက်ခြင်း ဖြစ်၏။

ဆေးလိမ်းထားခြင်းကြောင့် ဒဏ်ရာများ နာကျင်ကိုက်ခဲမှု ကင်း၍ နေသာထိုင်သာ ရှိသည်။

ယခုအချိန်၌....

သူ့အား လိုက်လံ ရှာဖွေနေမည့် မင်းယန်မှာလည်း ဒဏ်ရာများ ဆေးထည့်ပြီးလောက်ပြီဟု တွေးမိသည်။

မင်းယန် အကြောင်း တွေးရင်း သူ့မျက်နှာကို ထင်ထင်ရှားရှား မြင်ယောင်လာ၏။

ရှန်ဆင် စိတ်ထဲမှ မင်းယန်နှင့် ထပ်မံ တွေ့ဆုံလိုသော ဆန္ဒများ ရှိနေကြောင်း သတိပြုမိသည်။

မင်းယန်မှာ သူ၏ ရန်သူ ဖြစ်ခြင်းကြောင့် တစ်နေ့ ထိပ်တိုက် ရင်ဆိုင်ရဦးမည်မှာ မလွဲပေ။

ထူးခြားသည်ကား သူတွေ့လိုသည်က တိုက်ခိုက် လို၍ မဟုတ်သည်မှာ သေချာနေ၏။

ဤသို့ဆိုလျှင်....

အဘယ်ကြောင့် မင်းယန်ကို တွေ့လိုနေရပါသနည်း။



ရှန်ဆင် သက်ပြင်းချလိုက်၏။

မင်းယန်အား ပြန်ပေးခဲ့ရသော ဓားကို မျက်စိထဲ မြင်လာမိသည်။

ထိုဓားရိုးပေါ်တွင် မာန်ဖီနေသော ကျားသစ်နက်ပုံ ထွင်းထားသည်။

တစ်ဆက်တည်းမှာပင်....

တစ်စုံတစ်ခုအား သတိရလာသည့် အလား သူ၏ ခါး၌ ချိတ်ဆွဲထားသော ဓားကို ဆွဲထုတ်လိုက်သည်။

ထို့နောက်....

မီးပုံရှေ့၌ ဓားကို သေချာစွာ ကြည့်လိုက်၏။

မီးပုံမှ မီးရောင်ကြောင့် ဓားရိုးပေါ်မှ ကျားသစ်နက်ကို ထင်ရှားစွာ တွေ့မြင်ရ၏။

မင်းယန်ဆီမှာ ရှိသော ဓားနှင့် တစ်ပုံစံတည်းပင် ဖြစ်လေသည်။

ရှန်ဆင်သည် လက်ထဲမှ ဓားကို မျက်တောင်မခတ် စိုက်ကြည့်ရင်း....

'ဘာကြောင့် ဒီလောက်တောင် တူနေရတာလဲ၊ သူ့ဆီမှာ ဓား ဘယ်လိုလုပ် ရောက်နေတာလဲ၊ သူ့ပိုင်ပစ္စည်း ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



တကယ်ရော ဟုတ်နေလား၊ သူ့ပစ္စည်း အမှန်ဆိုရင် ငါဘာ လုပ်ရမလဲ’

သူသည် သက်ပြင်းကို လေးတွဲစွာ ချလိုက်ပြီး....

‘ဘဘကလဲ ဒီဓားလိုမျိုး တစ်ပုံစံတည်း ကိုင်ထားတဲ့လူ တွေ့ရင် သူ့ကို လာပြောဖို့ ငါသိုင်းလောကထဲမဝင်ခင် ကြိုပြော ခဲ့တာတဲ့၊ အခုတွေ့ပြီ....

‘ဒါကြောင့် ဒီအကြောင်းနဲ့ ပတ်သက်ပြီး ဘဘကို သွား မေးလိုက်ရင် ရှင်းသွားမှာပဲ၊ ဟုတ်ပြီ....သူ့ဆီ ငါသွားလိုက် မယ်’

တီးတိုး ရေရွတ်လိုက်ပြီး ထိုင်ရာမှ ဆတ်ခနဲ ထလိုက်လေ သည်။

ဓားကို ဓားအိမ်ထဲသို့ ပြန်ထိုးထည့်လိုက်ပြီး မီးပုံမှမီးများ ကို သဲများဖြင့် ငြိမ်းသတ်လိုက်၏။

ထို့နောက်....

တောအုပ်ထဲမှ ထွက်လာခဲ့လေသည်။

မီးငြိမ်းသတ်လိုက်သောကြောင့် တောအုပ်ထဲ၌မှောင်မည်း သွားသည်။

တောအုပ်အပြင်ဖက်ရောက်မှ ရှန်ဆင်က ကောင်းကင်ပေါ် မော့ကြည့်လိုက်၏။



ကောင်းကင်ပေါ်၌ လခြမ်းပဲ့ကလေး ရှိနေသည်။

လရောင် ကြည်လင် ရွှန်းပစွာ ဖြာကျလျက် ရှိ၏။

ရှန်ဆင်က မြောက်ဖက် အရပ်ဆီသို့ တစ်ဖန် မျှော်ကြည့် လိုက်ပြန်လေ၏။

ပြီးမှ....

ခပ်သွက်သွက် ပြေးသွားသည်။

သူထွက်သွားရာ အရပ်သည် မင်းယန်ရှိနေသော မြို့ကလေး နှင့် ဆန့်ကျင်ဖက် အရပ် ဖြစ်ပေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

---

မြို့ထဲ၌ လူစည်ကားနေသည်။
မင်းယန်က ခြေလှမ်းရပ်လိုက်၏။
ပျားပန်းခတ်မျှ လှုပ်ရှား သွားလာနေသော လူများကို ကြည့်၍ ပင့်သက် ရှိုက်မိလေ၏။
'တောက်'
သူသည် တက်တစ်ချက်ကို ခပ်ပြင်းပြင်း ခေါက်မိလိုက်လေသည်။
ရှန်ဆင်အား မည်သို့မျှ ရှာ၍ ရတော့မည် မဟုတ်ကြောင်း နားလည်လိုက်၏။
သူ၏ အဝတ်အစားများ စုတ်ပြဲနေပြီး သွေးများ ပေကျံနေသောကြောင့် လမ်းသွား လမ်းလာများက ထူးဆန်းသလို ကြည့်သွားကြ၏။



လို့ကြောင့်....

တည်းခိုခန်းတစ်ခုသို့ သွားတည်းပြီး အဝတ်အစားအသစ်တစ်စုံ ထပ်ဟူဖို့ စိတ်ကူးမိသည်။

ထိုစဉ်....

'မင်းက ဘယ်မှာအိပ်ပြီး ထလာခဲ့တာလဲ'

ရုတ်တရက်....

စကားသံတစ်ချက် နောက်ကျောဘက်မှ ထွက်လာသည်ကို ကြားလိုက်ရ၏။

ထိုစကားသံမှာ သူနှင့် အလွန်ရင်းနှီးသော စကားသံ ဖြစ်သည်။

မင်းယန်သည် ဝမ်းသာအားရ ဖြစ်သွားပြီး ချက်ချင်းပင် နောက်လှည့်ကြည့်လိုက်၏။

ထိုအခါ....

သူ၏ အနောက်ဖက်၌ လူတစ်ယောက် ရှိနေသည်ကို တွေ့ရလေ၏။

မင်းယန်က ဝမ်းသာအားရ နှုတ်ဆက်လိုက်၏။
'ဆရာစီးကျင်'
မှန်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အနီး ရောက်ရှိနေသူမှာ စီးကျင်ပင် ဖြစ်သည်။

စီးကျင်သည် အဖိုးတန် ပိုးဖဲ အင်္ကျီများ ဝတ်ဆင်ထားသည်။

'ဆရာစီးကျင် ဒီကို ဘယ်လိုလုပ် ရောက်လာတာလဲ'

'ရှူး....တိုးတိုး၊ ငါနောမည် မခေါ်နဲ့'

မင်းယန်က ပါးစပ်ပိတ်ထားလိုက်၏။

စီးကျင်က သူ၏ လက်ကို လှမ်းဆွဲရင်း....

'မင်းကို တွေ့ရတာ အတော်ပဲ၊ ငါနောက်လိုက်ခဲ့စမ်းပါ'

ပြောပြောဆိုဆို ဆွဲခေါ်သွားသည်၊

မင်းယန်လည်း ကြောင်အမ်းအမ်းဖြင့် လိုက်ပါသွားရသေးသည်။

အချို့လူများသည် သူတို့နှစ်ယောက်က ဝိုင်းကြည့်ကြသေးသည်။

အတန်ကြာသောအခါ အထည်အလိပ်များ ရောင်းချသည့် ဆိုင်တစ်ဆိုင်မှ ရှေ့သို့ ရောက်သျှင် စီးကျင်ကပင် မင်းယန်နှင့် လိုက်ဖက်မည့် ဝတ်စုံတစ်စုံ ဝယ်ယူလိုက်၏။

ထို့နောက်

တည်းခိုခန်းတစ်ခုသို့ ခေါ်သွား၍ တစ်ကိုယ်လုံး သန့်ရှင်းစင်ကြယ်စေ၏။



ဒဏ်ရာများကိုလည်း ဆေးလိမ်းကျံစေပြီး အဝတ်အစားလဲစေပြီးနောက်....

'ကဲ...တို့သွားကြစို့'

ထွက်သွားရန် ခြေလှမ်းပြင်လိုက်သည်၊

ယခုတစ်ကြိမ်....

မင်းယန်က ချက်ချင်း လိုက်မသွားတော့ဘဲ စီးကျင်အား အကဲခတ် ကြည့်၍....

'ဆရာ ဘယ်သွားမလို့'

စီးကျင်က ပြန်ပြောလိုက်သည်။

'မင်းက ရှန်ဆင်နောက်ကို သဲသဲမဲမဲ လိုက်နေတော့ သိုင်းလောကထဲမှာ ထူးခြားမှုတွေ ဖြစ်ပေါ်လာခဲ့တယ် ဆိုတာ သတိမပြုမိဘူး ထင်တယ်'

မင်းယန်က မျက်မှောင်ကုတ်လိုက်ပြီး....

'ထူးခြားမှုတွေ ဖြစ်ပေါ်လာတယ် ဟုတ်လား'

စီးကျင်က ခေါင်းညိတ်လိုက်သည်။

'ဘယ်လိုထူးခြားချက်တွေလဲ'

'ဖြည်းဖြည်းပေါ့၊ ကျုပ်ပြောပြမှာပါ၊ သိုင်းသမား ဝေချူး အသတ်ခံလိုက်ရလို့ပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဗျာ'

မင်းယန့်၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

စီးကျင်အား မယုံကြည်နိုင်စွာ ကြည့်ရင်း...

သိုင်းသမားဝေချူး အသတ်ခံလိုက်ရတယ် ဟုတ်လား'

'ဟုတ်တယ်'

မင်းယန့်က ဆက်မေးလိုက်သည်။

'တရားခံမိပြီလား'

စီးကျင်က ခေါင်းခါယမ်းလိုက်ပြီး....

'မမိသေးဘူး၊ သူအသတ်ခံရတဲ့ကိစ္စကြောင့် သိုင်းလောက မှာ အတော်ဂယက် ရိုက်သွားခဲ့တယ်၊ အခုတစ်လော ဒုစရိုက် မှုတွေ ပေါ်များလာတာကြောင့် နေပြည်တော်ကလဲ ချေမှုန်း နှိမ်နင်းဖို့ တောင်းသံတွေ ထပ်နေပြီ၊ ကျုပ်ကိုယ်တိုင် မနေ နိုင်လို့ ထွက်လာရတာပေါ့၊ အံ့ဩလိုထွက်လာလို့ လဲ ထူးခြား ချက်တွေ ခြေရာခံမိတာပေါ့'

မင်းယန့် စိတ်လှုပ်ရှားသွား၏။

စီးကျင်ကို အားစိုက်ကြည့်ကာ....

'ဆရာ ခြေရာခံမိပြီ ဟုတ်လား'

'ဟုတ်တယ်၊ သဲလွန်စတော့ရပြီ၊ ဒါပေမယ့် သိပ်မသေ ချာသေးပါဘူး၊ ဒါကြောင့် ကျုပ်နောက်ကိုလိုက်ခဲ့ဖို့ မင်းကို ပြောတာပေါ့'



မင်းယန့်က ပြန်မေးလိုက်သည်။

'ဆရာ ဘယ်သွားမလို့လဲ'

စီးကျင်က ပြောလိုက်၏။

'ကျုပ် ရရှိထားတဲ့ သဲလွန်စဟာ အထောက်အထား ခိုင်လုံမှုရှိ မရှိ သွားစုံစမ်းမလို့ပေါ့၊ ရှုပ်ထွေးနေတဲ့ ချည်လုံး ထဲက ကြိုးတစ်စတွေ့ဆဲ့မိပြီလေ၊ ဒီကြိုးစကို ဆက်ဆွဲနိုင်ခဲ့ရင် မကြာခင် ချည်လုံးတစ်ခုလုံး ဖြေနိုင်လိမ့်မယ်လို့ ကျုပ်တွက် ထားတယ်'

မင်းယန့်က သက်ပြင်းချလိုက်သည်။

စီးကျင်ပြောသည့် စကားမှာ စိတ်ဝင်စားဖွယ် ကောင်းလှ သော်လည်း ရွှန်ဆင်လောက် သူ့အပေါ် ဆွဲဆောင်နိုင်မှုက မရှိချေ။

ထို့ကြောင့်....

ခေါင်းခါယမ်းလိုက်၏။

'ကျွန်တော် မလိုက်နိုင်သေးဘူး ဆရာ၊ ရွှန်ထင်ကို ကျွန် တော် တွေ့ပြီ၊ ဒီမြို့ထဲမှာ မျက်ခြည် ပြတ်သွားတယ်၊ အဲဒါ ကြောင့် သူ့ကိုလိုက်ရှာရဦးမယ်'

မမျှော်လင့်သော စကားကို ကြားလိုက်ရသောကြောင့် စီးကျင် အံ့အားသင့်သွားသည်။

'ဟေ....မင်းမလိုက်နိုင်ဘူး ဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



မင်းယန်က ခေါင်းညိတ်လိုက်သည်၊

'ဟုတ်ပါတယ်၊ ကျွန်တော် မလိုက်နိုင်သေးလို့ပါ'

စီးကျင်က မျက်မှောင်ကုပ်လိုက်ပြီး....

'မင်း ဘယ်လိုဖြစ်တာလဲ'

မင်းယန်က ပြန်ပြောလိုက်၏၊

'ရှန်ထင်ကို မိအောင်ဖမ်းဖို့က ပိုပြီးအရေးကြီးတယ် ထင်ပါတယ်၊ သူဟာ ဘယ်လိုလူစားမျိုးဆိုတာ ကျွန်တော်က ကောင်းကောင်းသိတယ်....

'အခုအတိုင်း သူ့ကိုလွှတ်ထားလိုက်မယ်ဆိုရင် ဆိုးရွားတဲ့ အကျိုးဆက်တွေ ထပ်ပြီး ဖြစ်ပေါ်လာနိုင်ပါတယ်'

ထိုအခါ....

စီးကျင်က ခေါင်းခါယမ်းလိုက်၏။

'ရှန်ဆင်ဟာ ထူးခြားတဲ့ ကြေးစားတစ်ယောက်ဆိုတာ ကျုပ်မငြင်းပါဘူး၊ ဒါပေမယ့် သူလက်ချက်နဲ့ သေဆုံးသွားသူတွေဟာ လူ့လောကမှာ ရှိမနေသင့်တဲ့လူတွေ....

'လူကြီးလူကောင်းဟန်ဆောင်ပြီး မျက်နှာဖုံးစွပ်ထားတဲ့ ဒုစရိုက်သမားတွေပဲ မဟုတ်လား၊ သူ့ကြောင့် လူဆိုးတွေ လူမိုက်တွေ လျော့နည်းသွားလို့ တို့ကတောင် ဝမ်းသာရဦးမယ် မဟုတ်လား'



မင်းယန်က ပါးစပ်ပိတ်ထားလိုက်၏၊

စီးကျင်က ဆက်ပြောလိုက်၏၊

'အခုကိစ္စဟာ ရှန်ဆင်ထက်ပိုပြီး အရေးကြီးတယ်ဆိုတာ မင်းသဘောပေါက်အောင် ကျုပ်ဆက်ပြီး ရှင်းပြရမှာပေါ့၊ ကဲ....လာ၊ တို့တစ်တွေ လမ်းလျှောက်ရင်း စကားပြောသွားကြရအောင်'

သူက ရှေ့မှဦးဆောင်လျက် လျှောက်သွား၏၊

မင်းယန်သည် မနေသာတော့ဘဲ ဘေးမှယှဉ်၍ လိုက်ပါသွားရသည်။

မင်းယန်မှာ အာရုံအစား လဲလှယ်ထားပြီးသည့်အပြင် ခေါင်းမိုးချိုး၍ သန့်စင်ထားခြင်းကြောင့် သူဌေးသားတစ်ဦး၏ အသွင်ပေါက်နေ၏။

ရှေ့ဘက်လျှောက်သွားရင်း စီးကျင်ကပြောလေသည်၊

'သိုင်းသမားဝေချူး အသတ်ခံရတဲ့ကိစ္စကို စုံစမ်းရင်း သူဟာ ခရီးတစ်ခု ထွက်ခဲ့တယ်၊ အဲ့ဒီခရီးကအပြန် အိမ်ကို ရောက်ပြီး နောက်တစ်နေ့မှာ အသတ်ခံလိုက်ရတယ်ဆိုတာကို သိလာရတယ်'

မင်းယန်က ပြန်မေးလိုက်သည်၊

'အသတ်မခံရမီ ရက်ပိုင်းက ခရီးထွက်ခဲ့ကြသေးတာပေါ့'

စီးကျင်က ခေါင်းညိတ်လိုက်၏၊

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ အဲ့ဒီအချက်က စိတ်ဝင်စားစရာကောင်းမနေဘူးလား'

မင်းယန်က ခေါင်းညိတ်လိုက်လေ၏။

'ဟုတ်ပါတယ်ဆရာ၊ သိပ်ကို စိတ်ဝင်စားစရာ ကောင်းပါတယ်၊ ခရီးထွက်ရာက ပြန်ရောက်ပြီးမှ အသတ်ခံရတယ်ဆိုကတည်းက သူဘာကြောင့် ခရီးထွက်ခဲ့သလဲ ဆိုတာရယ် ခရီးထွက်ခဲ့တဲ့ကာလ အသတ်ခံရဖို့ ဖြစ်လာတာလား ဆိုတာရယ်က သိသာယဝင်စရာတွေ ဖြစ်လာပါတယ်'

စီးကျင်က သဘောကျစွာ ပြုံးလိုက်လေသည်။

မင်းယန်က တဖြည်းဖြည်း စိတ်ဝင်စားလာပြီဖြစ်ကြောင်းလည်း ရိပ်မိလိုက်လေသည်။

စီးကျင်က မင်းယန်အား စိုက်ကြည့်ကာ....

'ကျုပ်...အခု ဘယ်ကိုသွားမလဲ့ဆိုတာ မင်းသိလား'

မင်းယန်က ခေါင်းခါယမ်းလိုက်သည်။

'မသိဘူး'

စီးကျင်က ဆက်ပြောလိုက်သည်။

'ဝေချူး ဘယ်နေရာကိုသွားခဲ့တယ်၊ ဘာကြောင့်သွားတယ်ဆိုတာ ပြောဆိုနိုင်သူဆီကိုပေါ့'

'ဗျာ'

မင်းယန်မှာ အံ့အားသင့်ရင်း ဝမ်းသာသွားလေ၏။



လောလော့ဆယ် ရှန်ဆင်ကိုမေ့သွားပြီ ဖြစ်လေ၏။

စိတ်လှုပ်ရှား တက်ကြွလာလေ၏။

'ကျွန်တော်လဲ လိုက်မယ်'

စီးကျင်က ရယ်မောလိုက်၏။

'ဟား....ဟား....ဟား၊ ကျုပ်က ဆက်ပြီးရှင်းပြရမယ်ဆိုရင် ဒီကိစ္စကို ကျုပ်လက်ထဲက မင်းလုယူသွားမယ်ဆိုတာကို ကျုပ်သိပါတယ်ကွာ'

မင်းယန်ကလည်း သဘောကျစွာ ရယ်မောလိုက်လေ၏။

သူတို့နှစ်ယောက်သည် ပခုံးချင်းယှဉ်ကာ ရှေ့ဆက်ပြီး လျှောက်သွားလေ၏။

အတော်လေးကြာအောင် လျှောက်သွားပြီးမှ ကျယ်ဝန်းသော ခြံဝန်းကြီးတစ်ခုရှေ့သို့ ရောက်ရှိသွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

ခြံဝင်းအတွင်း၌ လူများစည်ကားနေပါသည်။

ရောင်စုံမီးပုံးများကို ကြိုးဖြင့်သွယ်တန်းကာ အလှချိတ်ထွေး၏။

ခြံဝင်းရှေ့ မြက်ခင်းပြင်၌ စားပွဲကုလားထိုင်များ ခင်းကျင်းထားပြီး ဧည့်ပရိသတ် အတော်များများ ရောက်ရှိနေသည်ကို တွေ့မြင်ရမည် ဖြစ်၏။

ခြံဝင်းတံခါးမကြီးမှာ ဟာလာဟင်းလင်း ဖွင့်ထား၏။

စီးကျင်က မင်းယန်၏ ပခုံးကိုပုတ်ကာ....

'ကဲ....တို့အထဲကို ဝင်ကြရအောင်'

ပြောပြီး ရှေ့မှ လှမ်းဝင်သွားလေ၏။

အတွင်းဘက်သို့ ရောက်လျှင်....



လူရွယ်တစ်ယောက်က သူတို့အား လာခရောက်၍ ကြိုဆိုပြီး နေရာထိုင်ခင်း ချထားပေးလိုက်လေသည်။

သူတို့၏စားပွဲမှာ လူခြောက်ယောက်ခိုင်းဖွဲ့၍ရသော်လည်း သူတို့နှစ်ယောက်သာ ရှိနေသေးသည်။

နောက်ထပ် ရောက်ရှိ၍လာကြသော ဧည့်သည်များသည် အခြားစားပွဲများသို့ သွား၍ထိုင်ကြသဖြင့် လူရှင်းသည်ဟု ဆိုရပေမည်။

မင်းယန်က မြက်ခင်းပြင်ကိုကျော်ပြီး တစ်ဖက်ရှိခန်းညားသော အဆောက်အဦးကို ငေးကြည့်မိလေသည်။

အဆောက်အဦးမှာ ကြီးမားခန့်ညားလှသည်။

လွန်စွာ ချမ်းသာကြွယ်ဝသူတစ်ယောက် ပိုင်ဆိုင်သော အဆောက်အအုံ ဖြစ်ကြောင်း သိနိုင်လေသည်။

စီးကျင်က သူ့အားစိုက်ကြည့်ကာ....

'ဘာလဲ၊ မင်း....စိတ်ဝင်စားနေပြီမဟုတ်လား'

မင်းယန်က ပြုံးလိုက်သည်။

စီးကျင်က တဖက်ပြန်လှည့်ရင်း....

'ဟုတ်ပါတယ်ဗျာ'

'ဒီခြံဝင်းပိုင်ရှင်ဟာ ဘယ်သူလဲ၊ ငွေချေးအသတ်ခံရတဲ့ အမှုနဲ့ ဘယ်လိုပတ်သက်နေလဲဆိုတာ သိချင်နေတယ် မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



မင်းယန်က ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်ပါတယ်ဆရာ'

စီးကျင်က ပြောလိုက်သည်။

'တစ်ခါတည်းနဲ့ နားလည် သဘောပေါက်သွားအောင် ရှင်းရှင်းပြောလိုက်ရရင်တော့ ဒီခြံဝင်းပိုင်ရှင်ဟာ သံလက်ဝါး ဟုစိန်ဆိုသူပဲ၊ သူဟာ ဝေချူးဆိုသူနဲ့ပတ်သက်နေတယ် သူလဲခရီးထွက်ခဲ့တယ်၊ ပြန်ရောယ်လာတာမှ မကြာသေးဘူး ဝေချူး အသတ်ခံလိုက်ရတယ်၊ သူကတော့ အသက်ရှင်နေ သေးတယ်၊ ကျုပ်က သူ့ကို မေးမြန်းစုံစမ်းမလို့ဘဲ၊ ရှင်း လား'

သံလက်ဝါးဟုစိန်သည် ရှောင်လင်ကျောင်း၌ သိုင်းပညာ သင်ကြားခဲ့သူဖြစ်ပြီး အပြူရောင် သိုင်းသမားတစ်ယော အဖြစ် ကျော်ကြားသူဖြစ်သည်။

ဟုစိန်သည် ဝေချူးကဲ့သို့ ခရီးထွက်ခဲ့သူဖြစ်ပြီး မကြာ သေးမီကမှ ပြန်ရောက်လာသူဖြစ်သည်။

ဝေချူး သွားခဲ့သောခရီးနှင့် ဟုစိန် သွားခဲ့သောခရီး အတူတူပင်ဖြစ်သည်ဟု စီးကျင်က ယူဆထားပုံရသည်။

ဤအတိုင်းမှန်လျှင် ထူးခြားချက်တစ်ခုခု တွေ့ရှိရမည် မင်းယန် နားလည်ထားလေသည်။

သူ တွေးထင် စဉ်းစားနေချိန်မှာပင် စီးကျင်က....



'ဟော....ပြောရင်းဆိုရင်း ဟုစိန်ထောင်ထွက်လာပြီ'

မင်းယန် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

စီးကျင်ညွှန်ပြရာသို့ လှမ်းကြည့်လိုက်၏။

ထိုအခါ....

အသက်ငါးဆယ်ကျော်ခန့် လူတစ်ယောက်သည် အစိမ်း ရောင် ဝတ်ဆင်ထားသူသုံးယောက် ခြံရံပြီးထွက်လာနေကြ သည်ကို တွေ့မြင်ရ၏။

အသက်ငါးဆယ်ကျော်ခန့်ရှိသူမှာ တစ်ကိုယ်လုံး ရွှေဝါ ရောင်အဝတ်အစားများ ဝတ်ဆင်ထားသည်။

ဥပဓိရုပ်ကောင်းမွန်သလို ချမ်းသာကြွယ်ဝသူဖြစ်ကြောင်း မြင်ရုံဖြင့် သူသာနိုင်ပေသည်။

ထိုသူမှာ သံလက်ဝါးဟုစိန်ဖြစ်လေသည်။

ဟုစိန်သည် ဧည့်ပရိသတ်များကို လိုက်လံနှုတ်ဆက်ရင်း မင်းယန်အနီးသို့ ရောက်မှန်းမသိ ရောက်ရှိလာသည်။

စီးကျင် ရုတ်တရက် သိုင်းရုံမှထကာ....

'သူဌေးကြီးဟုစိန်၊ ကျုပ်ကို မမှတ်မိတော့ဘူးလား ဗျ'

သူက ရုတ်တရက် ကြောင်အမ်းအမ်းဖြစ်သွားသည်။

များပြားလှသော ဧည့်သည်များအတွင်း သူ၏ မိတ်ဆွေ သင်္ဂဟများစွာ ပါဝင်သော်လည်း စီးကျင်အား မမှတ်မိပါ

www.burmeseclassic.com

www.burmeseclassic.com



စီးကျင်ကို မျက်မှောင်ကြုတ်ကာ....

'စိတ်မရှိပါနဲ့ဗျာ၊ ကျုပ်က အသက်ကြီးလာပြီဆိုတော့ မှတ်ဉာဏ်လဲ ချွတ်ယွင်းလာတယ်ဗျ၊ မိယ်ဆွေကို ဘယ်နေရာမှာ တွေ့ခဲ့ဖူးပါလိမ့်လို့ စဉ်းစားလို့ကိုမရဘူး'

သူက ရယ်လိုက်ပြီး....

'ဟဲ့....ဟဲ... ဟဲ့ .. နေပြည်တော်မှာ မြင်းပွဲသဘင် ဆင်ယင်ကျင်းပတုန်းကလေဗျာ၊ မိတ်ဆွေကြီးဟာ မြို့စားနဲ့တွေ့ဖို့ လာခဲ့သေးတယ် မဟုတ်လား'

ထိုစကားကြားလျှင်....

သူ မျက်စိမျက်နှာ ပျက်သွားသည်။

ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်၏။

တဖန် လေသံတိုးတိုးဖြင့်

'မိတ်ဆွေ ကျေးဇူးပြုပြီး အိမ်ထဲကြွပါလာဗျာ၊ ဒီမှာ ညှော်ရှိသတ်များလွန်းတော့ ကျွန်တော့်စကား ကောင်းကောင်း ကြားနိုင်မှာမဟုတ်ဘူး'

စီးကျင်က သဘောကျစွာ ပြုံးလိုက်သည်။

ထိုသို့ဖြစ်လာမည်ဟု ကြိုတင် တွက်ထားသည့်အလား ဦးခေါင်းဖာဆတ်ဆတ်ညိတ်ရင်း....



'ကောင်းပြီလေ၊ သွားကြတာပေါ့'

သူက ပြောလိုက်သည်။

'ဧည့်သည်တွေကို ကျုပ်....လိုက်ဖြီးနှုတ်ဆက်ဦးမယ်၊ အိမ်ထဲမှာ ကောင်းကောင်းနေပါဗျာ'

စီးကျင်က ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီ'

'ဟေ့....သူတို့ကို အိမ်ထဲခေါ်သွားပြီး ကောင်းကောင်းမွန်မွန် ဧည့်ခံထားလိုက်'

သူက ဘေးမှ ခြံရံလိုက်ပါလာသူတစ်ယောက်ကို အမိန့်ပေးလိုက်သည်။

ထိုလူက ဦးညွှတ်အရိုအသေပြုကာ

'ကျုပ်နောက် လိုက်ခဲ့ပါဗျာ'

စီးကျင်တို့ကို ဖိတ်ခေါ်လိုက်သည်။

ဟုစိန်က ရှေ့ဘက်ထွက်သွားပြီး ကျန်ရှိနေသေးသော ဧည့်သည်များကို လိုက်လံနှုတ်ဆက်နေ၏။

စီးကျူနှင့်မင်းယန်တို့က အစိမ်းရောင် ဝတ်ဆင်ထားသူ၏ နောက်သို့ လိုက်ပါသွားကြသည်။

www.burmeseclassic.com

အိမ်ထဲရောက်လျှင် ဘဲဥပုံသဏ္ဌာန် စားပွဲကြီးတစ်လုံး ခင်းကျင်းထားပြီး စားသောက်ဖွယ်ရာများ အရက်များ ပြည့်လျှံအောင်တင်ထားသည်ကို တွေ့မြင်ရသည်။

သူတို့ထက် ဦးစွာရောက်နေသူအချို့ ရှိနေသည်ကို တွေ့ရသည်။

ထိုလူများက လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြပြီး ခက်ထန်ကြမ်းကြုတ်သည့် မျက်နှာထားများ ရှိနေသည်ကို တွေ့ရ၏။

မင်းယန်နှင့်စီးကျင်တို့ ဝင်လာကြသည်ကို မလိုလားဟန်ဖြင့် ကြည့်နေကြသည်။

ဤသည်ကိုရိပ်မိသော်လည်း မင်းယန်နှင့်စီးကျင်တို့က မသိဟန်ဆောင်ကာ ခပ်တည်တည်ဝင်သွားကြပြီး ခုံများဆွဲကာ ထိုင်ချလိုက်သည်။

အစိမ်းရောင်ဝတ်ဆင်ထားသူက

'ကဲ...မိတ်ဆွေတို့ စားကြ သောက်ကြပါဗျာ၊ သူဌေးမင်း မကြာခင် ကြွလာပါလိမ့်မယ်'

ဟု ညွှဲ့ဝတ်စကား ပြောသည်။

မင်းယန်နှင့် စီးကျင်တို့သည် တစ်ခြား လူများလို အားမထူးလေဟန်ဖြင့် အရက်ငှဲ၍ သောက်လိုက်ကြ၏။

စားသောက်ဖွယ်ရာများလည်း ယူ၍ စားသောက်လိုက်ကြသည်။



သူတို့နှစ်ယောက် မင်သေသေဖြင့် စားသောက်နေကြသည်ကို အခြားလူများ ကြည့်၍ အချင်းချင်း တီးတိုး ဝေဖန်နေကြသော်လည်း နောက်ပိုင်း၌ ထူးခြားမှု မရှိတော့ချေ။

သူတို့အပေါ် အာရုံစိုက်မှု လျော့ပါးသွားလေ၏။

သူဌေးကြီး ဟုစိန် အခန်းထဲ ဝင်ရောက်လာသော အခါမှ လုံးလုံး လျားလျား လျစ်လျူ ရှုထားလိုက်ကြ လေတော့သည်။

*   *   *

www.burmeseclassic.com

---

သူဌေးကြီး ဟုစိန် အခန်းထဲ ဝင်ရောက်လာပြီ ဖြစ်လေသည်။

ထိုအခါ....

ကြိုဘင်ရောက်နှင့်နေသူ အားလုံး ထိုင်ရာမှ ထ၍ ဂါရဝပြု လိုက်ကြသည်။

မင်းယန်နှင့် စီးကျင်တို့ နှစ်ယောက်အပြင် ရောက်နှင့်စောင့် ဆိုင်းနေသူ ငါးဦးရှိသည်။

ထိုလူ ငါးဦးက ထိုင်ရာမှ ထ၍ ဂါရဝ ပြုလိုက်ကြခြင်း ကြောင့် စီးကျင်နှင့် မင်းယန်တို့လည်း ထပြီး ဂါရဝပြုလိုက်ကြ သည်။

ဟုစိန်က လက်ကာပြရင်း....



'ထိုင်ကြပါ၊ ထိုင်ကြပါ၊ အေးအေးဆေးဆေးစကားပြော ကြတာပေါ့ဗျာ'

ထိုအခါမှ....

အားလုံး ပြန်လည် ထိုင်ချလိုက်ကြ၏။

ဟုစိန်က လက်နက်ကိုယ်စီ ကိုင်ဆောင်ထားသူ ငါးဦးကို အကဲခတ်ကြည့်လိုက်ပြီး....

'မင်းတို့ငါးယောက်က ကျန်းနန်က ကျားငါးကောင်ဟုတ် သား'

ထိုအခါ

လူငါးယောက်အနက် အသက်အကြီးဆုံး လူက....

'ဟုတ်ပါတယ်၊ ကျုပ်က မာကျင်းပါ'

ဟု ကိုယ့်ကိုယ်ကို မိတ်ဆက်စကား ပြောကြားလိုက်လေ သည်။

ကျန်းနန် ကျားငါးကောင် ဟူသော အမည် ကြားလျှင် မင်းယန်နှင့် စီးကျင်တို့ တစ်ယောက်ကို တစ်ယောက်ကြည့်မိကြ သည်။

ကျန်းနန် ကျားငါးကောင်မှာ သိုင်းလောက၌ ထင်ရှား ကျော်ကြားနေကြသူများ ဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ကောင်းသောဘင်းဖြင့် ကျော်ကြားခြင်းမဟုတ်ဘဲ မကောင်းသော သတင်းဖြင့် ကျော်ကြားနေကြသူများဖြစ်လေသည်။

သူတို့ငါးယောက်မှာ ကြေးစား သိုင်းသမားများ ဖြစ်ကြကြောင်း မင်းယန် သိထား၏။

ကျန်းနန် ကျားငါးဖော် အနက် မာကျင်းမှာ အကြီးဆုံးဖြစ်ပြီး ကျန်လူများမှာ မာချင်း၊ မာစန်း၊ မာစုံနှင့် မာဟန်တို့ဖြစ်ကြသည်။

ဟုစိန်က သဘောကျစွာ ပြုံးလိုက်ပြီး....

'အင်း....မင်းတို့ငါးယောက် ရောက်လာတာ ကျုပ်အတွက် တစ်တပ်တစ်အားပဲ၊ မင်းကို ယန်းမြို့စားက လွှတ်လိုက်တာ မဟုတ်ဘူးလား'

မာကျင်းက ခေါင်းညိတ်လိုက်၏။

'မှန်ပါတယ်ဗျ၊ ယန်းမြို့စားက သူဌေးမင်းမှာ အခက်အခဲ တစ်ခုရှိနေလို့ ကူညီဖို့ ကျုပ်တို့ကို လွှတ်လိုက်တာပါပဲ၊ ကျုပ်တို့အတွက် ကျသင့်တဲ့ စရိတ်စကကိုတော့ သူဌေးမင်းကပဲပေးချေမယ်လို့ ပြောလိုက်ပါတယ်'

ဟုစိန်က ခေါင်းတစ်ချက် ညိတ်လိုက်၏။

'မှန်တယ်၊ ကျုပ်တာဝန်ယူရမှာပေါ့၊ မင်းတို့ငါးယောက်အတွက် ငါးသိန်းဆို လုံလောက်မလား'



မာကျင်း၏ မျက်နှာ ဝင်းပသွားလေသည်။

'ငါးသိန်းဆိုရင် လုံလောက်ရုံတင်မကဘူး၊ ပိုတောင် ပိုပါသေးတယ်ဗျာ၊ သူဌေးမင်းကို ကျေးဇူးတင်ပါတယ်'

ဟုစိန်က မင်းယန်တို့ဘက်သို့ လှည့်လိုက်၏။

မင်းယန်နှင့် စီးကျင်တို့ ခပ်တည်တည်ဖြင့် ထိုင်နေကြလေသည်။

ဟုစိန်က စီးကျင်တို့ဘက်သို့ လှည့်၍....

'မိတ်ဆွေတို့ကိုရော ယန်းမြို့စားက လွှတ်လိုက်တာ ဟုတ်သလား'

ထိုစကားကြားလျှင် မာကျင်း မျက်မှောင် ကုတ်သွားလေသည်။

မင်းယန်တို့ကို အကဲခတ်သလို လှမ်းကြည့်လိုက်၏။

စီးကျင်က ခပ်တည်တည်ဖြင့်....

'ဟုတ်ပါတယ်'

'သူက ကျန်းနန် ကျားငါးဖော်ကို စေလွှတ်လိုက်ပြီးမှ အခုတစ်ခေါက် ခင်ဗျားတို့ နှစ်ယောက်ကို စေလွှတ်လိုက်တာဘာသဘောလဲဗျ'

စီးကျင်က ပြန်ပြောလိုက်၏။

'သူဌေးမင်းအတွက် မလုံလောက်မှာ စိုးရိမ်လို့ပါ'

www.burmeseclassic.com



ဟုစိန်က မေးလိုက်သည်။

'ခင်ဗျား ဘာကို ဆိုလိုတာလဲ'

စီးကျင်က ပြန်ပြောလိုက်သည်။

'သူက စိတ်မချနိုင်ဘူး ဖြစ်နေတယ်'

မာကျင်းသည် စီးကျင်ဆိုလိုသည့် စကားအဓိပ္ပာယ်ကိုနားလည်သွား၏။

ချက်ချင်းဆိုသလို သူ၏ မျက်နှာ နီမြန်းသွားပြီး ရန်စကားပြောလာသည်။

'ခင်ဗျား ဘာကို ဆိုလိုတာလဲဗျ၊ ကျုပ်တို့ ငါးယောက်နဲ့မလုံလောက်ဘူး ဟုတ်လား၊ မိတ်ဆွေ ကျွန်းနန် ကျားငါးကောင်ဆိုတဲ့ အမည် ကြားရုံနဲ့ ဘယ်သူမှ မနှောင့်ယှက်ရဲဘဲ ဝေးဝေးရှောင်သွားရတယ် ဆိုတာ နားရလည်ဘူးလား၊ ခင်ဗျားတို့ နှစ်ယောက်က ကျုပ်တို့ထက် ဘယ်လိုများ ပိုပြီးအသုံးဝင်နိုင်မှာ မို့ လို့ လဲ'

စီးကျင် ဘာတွေ ပြောနေသည်ကို မင်းယန် ကောင်းစွာနားမလည်တော့ပေ။

ယန်းမြို့စား ဟူသော အမည်ကိုလည်း ယခုမှ သူကြားဖူးခြင်း ဖြစ်သည်။

ထို့ကြောင့်....

ဘာမှမပြောဘဲ အသာ စောင့်ကြည့်နေသည်။



စီးကျင်က ပြုံးရှင်သော မျက်နှာဖြင့်....

'ကျုပ်တို့ ဘယ်လို အသုံးဝင်တယ်ဆိုတာကို ပါးစပ်ကပြောတတ်တဲ့လူတွေ မဟုတ်ဘူး'

သူကလည်း မာကျင်းကို အတိအလင်း ပြန်လည်စိန်ခေါ်ပြီး ဖြစ်လေ၏။

မင်းယန်က သက်ပြင်းမသိမသာ ချမိသည်။

ဟုစိန်က သဘောကျနေသည်။

သူက လက်တွေသမားကို ပိုပြီးအထင်ကြီး လေးစားဟန်သည်။

မာကျင်း၏ဒေါသ ထိန်းမရတော့ပါချေ။

'သက်စသတ်တော့ ခင်ဗျားက နေရာကို လာလုတာကိုး၊ ...င်းပြီလေ၊ ငွေငါးသိန်းအတွက် အသက်ကိုမှန့်မြောဘူး... ထွက်လာခဲ့ဗျာ'

...ကားဆုံးလျှင် ကွက်လပ်မှာဖြစ်နေသော ဓားတစ်ဖက်... စုန်ထွက်သွားလေ၏။

သူ၏လှုပ်ရှားပုံကို ကြည့်ရုံဖြင့် ထိပ်တန်း သိုင်းသမား...ယောက်ဖြစ်ကြောင်း သိနိုင်လေသည်။

...ကျင်က ပခုံးတွန့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်းကို ဆုံးမဖို့ကိုတော့ ကျုပ်ကိုယ်တိုင် ထွက်လာ[illegible] မလိုပါဘူး၊ ကျုပ်တပည့်နဲ့လဲ ဖြစ်ပါတယ်၊ မင်း သူ့ကို[illegible] လိုက်ပါ'

မင်းယန်ကို ပခုံးပုတ်ကာ ပြောလိုက်လေသည်။

ရုတ်တရက်မို့ ရှန်ဆင်နှင့်တိုက်ခိုက်စဉ်က ရထားခဲ့[illegible] ဒဏ်ရာကိုထိသွားရာ မင်းယန်မျက်နှာ မဲ့သွားလေ၏။

သို့သော်လည်း....

စီးကျင်က စေခိုင်းနေပြီဖြစ်၍ မတတ်သာတော့ဘဲ [illegible] နေရာမှ ထကာ လှမ်းထွက်လိုက်ရ၏။

မာကျင်းနှင့် မျက်နှာချင်းဆိုင်မိပြီ ဖြစ်လေသည်။

မာကျင်းကမင်းယန်အားအထင်သေးသောမျက်လုံး[illegible] ကြည့်နေ၏။

အထူးသဖြင့် လျော့ရိလျော့ရဲ ချိတ်ဆွဲထား မင်း[illegible] ဓါးမှခါးကို အကဲခတ်ကြည့်လိုက်ခြင်း ဖြစ်လေသည်။

'မင်းက ဓါးကို ဘယ်လိုကိုင်တွယ်ပြီး အသုံးပြုရ[illegible] တာ နားလည်သဘောပေါက်ရဲ့လား'

စီးကျင်၊ ဟုစိန်နှင့်မာကျင်း၏လူလေးယောက်ကဘာ[illegible] မပြောဘဲ အကဲခတ်ကြည့်နေကြ၏။



အားလုံးမှာ တည်ငြိမ်စွာ ရှိနေကြသည်။

မာကျင်း၏လူများက အရက်သောက်နေပျက်ကြပေ။

မာကျင်းအတွက် ယုံကြည်စိတ်ချထားကြပုံ ရလေသည်။

မင်းယန်က ခေါင်းခါယမ်းလိုက်၏။

'ခင်ဗျား ဘာကိုဆိုလိုတာလဲ'

မင်ကျင်းက မျက်မှောင်ကြုတ်သွားပြီး....

'ဟေ....ကျုပ်ဘာပြောတယ် ဆိုတာကိုတောင် မင်းမသိ[illegible]ဘူး မဟုတ်လား၊ ဒါဖြင့် မင်းရဲ့ခါးမှာ ဘာကြောင့် ဓါး[illegible]ချိတ်ထားရတာလဲ'

မင်းယန်က အသံမာမာဖြင့်....

'လူသတ်ဖို့'

'ဘာ'

အမှတ်မထင် ရှန်ဆင်၏လေသံကိုတုကာ ပြောလိုက်ခြင်း [illegible]ဖြစ်သည်။

မာကျင်း မျက်လုံးပြူးသွား၏

သို့သော်....

www.burmeseclassic.com

www.burmeseclassic.com



မင်းယန့်အပေါ် အထင်သေးသည့် အရိပ်အယောင်တို့က ပျောက်ကွယ်သွားခြင်း မရှိသေးပေ။

'လက်စသတ်တော့ မင်းက တကယ့် ကြေးစား တစ်ဦး ကိုး၊ အပြောနဲ့အလုပ် ဘယ်လိုရှိတယ်ဆိုတာ စစ်သေးကြ ရသေးတာပေါ့....

'ကျုပ်ကိုနိုင်ရင် ကျုပ်တို့ငါးယောက်စလုံး ဒီကနေထွ သွားမယ်၊ ကျုပ်ကိုရှုံးရင်တော့မင်းတို့နှစ်ယောက် ဒီအခန်း ထွက်သွားရလိမ့်မယ်'

မင်းယန့်က သဘောတူလိုက်လေသည်။

'ကောင်းတယ်၊ ကျုပ် သဘောတူတယ်၊ ရှုံးတဲ့လူ ဒူးထောက်ပြီး ထွက်သွားတာ့က ပိုကောင်းမယ်'

'ဘာ'

မင်းယန့်က ဆက်ပြောလိုက်သည်။

'လေးဘက်ထောက်ပြီး သွားရမယ်လေ'

မာကျင်းက အံကြိတ်လိုက်သည်။

'တောက်....ဘယ်လဲ ကြီးကျယ်ပါလား၊ သိကြသေး ပေါ့'

စကားဆုံးလျှင် မာကျင်းက စတင်၍ တိုက်ခိုက်လိုက် သည်။



သူ့ခါးမှဓားကို ရုတ်ခြည်းဆွဲထုတ်ကာ မင်းယန့်ထံ ပြေး ဝင်၍ တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

ဓားထုတ်ပုံ၊ ပြေးဝင်ပိုင်းချလိုက်ပုံမှာ အားမာန်ပါပြီး လျင်မြန် သွက်လက်လှပေသည်။

မင်းယန့်က မလှုပ်မယှက် ရပ်နေသည်။

သူ၏ပုံပန်းသဏ္ဌာန် ကြည့်ရသည်မှာ အားရဖွယ်မရှိချေ။

စီးကျင် စိတ်ထင့်သွားသည်။

မင်းယန့် ကျိန်းသေရှုံးနိမ့်သွားခည်ဟု တွက်ဆလိုက်၏။

ထိုစဉ်....

မထင်မှတ်သော ပြောင်းလဲမှုတစ်ခု ဖြစ်ပေါ်လာသည်၊

မင်းယန့်က ဘေးသို့ ခြေတစ်လှမ်းလှမ်းကာ နွဲ့ခါကိုယ် အား ဘေးတိုက်အနေအထားဖြင့် မာကျင်းကို ရင်ဆိုင်လိုက် သည်၊

ကျုပ်ပြက်သလို ခါးမှဓားကိုဆွဲထုတ်၍ ဦးခေါင်းပေါ်မှ ပြီး ခုတ်ချလိုက်သည်။

ဓားနှင့်လူ တစ်ထပ်တည်းကျအောင် လျင်မြန်သွက်လက် မှာ လှုပ်ရှားလိုက်ခြင်း ဖြစ်သည်။

ဓားရောင်တို့က ဖွေးခနဲ ဝင်းလက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



လူရိပ်နှစ်ခု ရောထွေးယှက်တင် ဖြစ်သွားလေသည်။

တစ်ဆက်တည်းမှာပင်....

'အား'

စူးရှသောအော်ဟစ်သံ ထွက်ပေါ်လာသည်ကို ကြားကြရသည်။

လူရိပ်နှစ်ခု ပြန်လည်ကွဲကွာသွားကြပြီ ဖြစ်သည်။ မင်းယန်က မလှုပ်မယှက် ရပ်နေသည်။

သူ့ဓားက ဓားအိမ်ထဲ ပြန်လည်ရောက်ရှိသွားပြီဖြစ်သည်။

ကြမ်းပြင်ပေါ်၌ ဓားတစ်လက် စိုက်ဝင်နေသည်၊

မာကျင်း၏ ဓားဖြစ်လေသည်။

မာကျင်းမှာ တစ္ဆေသရဲ တစ်ကောင်ကို တွေ့မြင်လိုက်သည့်ပမာ မျက်နှာဖြူရော်နေ၏။

သူ၏ဝဲဘက်ပခုံး၌ သွေးချင်းချင်းနီရဲနေသည်။

မင်းယန်က ဆက်ပြီးတိုက်ခိုက်မည်ဆိုပါက အသက်ဆုံးဖို့သာ ရှိတော့ကြောင်း ကောင်းစွာနားလည်ပြီး သဘောပေါက်ထား၏။

မင်းယန်က သူ့ကို တစ်ချက်ကြည့်လိုက်သည်။

သူ၏မျက်နှာတွင် အရယ်အပြုံး ကင်းမဲ့နေ၏။



အနိုင်ရရှိလိုက်ခြင်းကြောင့် ဝမ်းသာအားရဖြစ်ဟန် လုံးဝတွေ့ရပေ။

သာမန် စိတ်လှုပ်ရှားမှုကင်းမဲ့သော လေသံမျိုးဖြင့်....

'ဘယ်လိုလဲ၊ ခင်ဗျားထွက်သွားတော့မယ်၊ ဟုတ်လား' မာကျင်း၏ခန္ဓာကိုယ် တဆတ်ဆတ် တုန်ယင်လာလေ၏။

အံဘင်းတင်းကျတ်သိုက်သည်၊

သို့သော်

ဘာမှမပြောဘဲ ကြမ်းပြင်ပေါ် ဒူးထောက်ချလိုက်လေသည်၊

ပြီးလျှင်

လေးဘက်ထောက်ကာ အခန်းထဲမှ ထွက်သွားလေ၏။ မင်းယန်က ကျန်နေသေးသည့် မာကျင်း၏ အဖော်လေးယောက်အား ကြည့်လိုက်သည်။

တိုလူလေးယောက်မှာ မျက်စိမျက်နှာ ပျက်နေကြလေသည်၊

မင်းယန်ကို မယုံကြည်နိုင်ဟန်ဖြင့် ကြည့်နေကြသည်၊

မင်းယန်က ပြောလိုက်သည်။

'ခင်ဗျားတို့ အစ်ကိုအကြီးဆုံး ထွက်သွားပြီဆိုတော့ ခင်ဗျားတို့ တွေ့တယ်မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



ထိုလူလေးယောက်က လှုပ်လှုပ်ရှားရှား ဖြစ်လာကြလေသည်။

အားလုံး ပြိုင်တူလိုလို ထိုင်ရာမှထလိုက်ကြ၏။

သူတို့သည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြပြီးလျှင်....

'ယား'

ညာသံများပေးကာ မင်းယန်ထံ ပြေးဝင်တိုက်ခိုက်လိုက်ကြသည်။

မင်းယန်က မလှုပ်မယှက်ရပ်နေရာမှ လေ၏ လျှင်မြန်ခြင်းမျိုးကဲ့သို့ လျှင်မြန်စွာလှုပ်ရှားလိုက်သည်။

ထိုလူများရောက်မလာမီ ထိုလူများထံ ပြေးဝင်တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

'ခွမ်း'

'အား'

သံ့သံချင်းထိတွေ့သောအသံများ စူးရှသော အော်ဟစ်သံများ ဆက်တိုက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဓားလေးလက်သည် ဝိုးခနဲမြည်အောင် လွင့်ထွက်လာပြီး ခေါင်မိုးထုတ်တန်းပေါ်သို့ တစ်ချောင်းပြီးတစ်ချောင်း [illegible] အရှိ စိုက်ဝင်သွားကြသည်။

တိုက်ပွဲက ရုတ်ခြည်းဖြစ်ပေါ်လာပြီး ရုတ်ခြည်း ပြီးဆုံးသွားကြပြီဖြစ်သည်။



မာကျင်း၏လူလေးယောက်မှာ ပါးစပ်အဟောင်းသားဖြင့် မင်းယန်ကို ငေးကြည့်နေကြသည်။

သူတို့ကိုင်ဆောင်ခဲ့သော ဓားများမှာ မင်းယန်၏တိုက်ခိုက်မှုကြောင့် လွင့်ထွက်သွားပြီမဟုတ်လား။

မင်းယန်က လေသံမာမာဖြင့်....

'ဘယ်လိုလဲ၊ ခင်ဗျားတို့ ဒီအတိုင်း ရပ်နေကြတော့မှာလား'

မာကျင်းဆိုသူ မျက်နှာပျက်သွားသည်။

သူတို့သည် မာကျင်း၏ လမ်းစဉ်လိုက်ရတော့မည်ဖြစ်မှန်း သဘောပေါက်လာမိသည်။

ထို့ကြောင့်

ဘာမှမပြောဘဲ ကြမ်းပြင်ပေါ် ဒူးထောက်ချလိုက်လေသည်။

ကျန်လူများသည် သူတို့လိုပင် ထွက်သွားကြ၏။

တခဏအတွင်းပင် ကျန်းနန်ကျားပါးကောင်မှာ အခန်းတွင်းမှ ထွက်သွားကြပြီဖြစ်လေသည်။

'ဖြောင်း....ဖြောင်း....ဖြောင်း'

လက်ခုပ်သံများ ထွက်ပေါ်လာသည်၊

မင်းယန် လှည့်မကြည့်ဘဲ လက်ခုပ်တီးသူမှာ ဟုစိန့်ဖြစ်မှန်း သိထားလေတော့သည်၊

* * *

www.burmeseclassic.com

www.burmeseclassic.com

---

'ဖြောင်း....ဖြောင်း....ဖြောင်း'

လက်ခုပ်သံများ ထွက်ပေါ်လာသည်။

ဟုစိန်က သဘောကျစွာရယ်မောရင်း....

'ယန်းမြို့စားက တကယ့်ကိုလူချွေးတော်တာပဲ၊ ကျန်းနန်ကျားငါးကောင်ကို လွှတ်လိုက်ပြီးမှ မှားပြီဆိုတာသိလို့ ခင်ဗျားတို့ကို လွှတ်လိုက်တာထင်တယ်'

စီးကျင်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ သူက ခင်ဗျားအတွက် အတော်ကို စိုးရိမ်မကင်းဖြစ်နေတယ်လေ....'

'ဒါကြောင့် ကျန်းနန်ကျားငါးကောင်ကို လွှတ်လိုက်ရုံနဲ့ အားမရဘဲ ကျုပ်တို့ကိုလွှတ်လိုက်တာပါ'

ဟုစိန်က စိတ်ဝင်စားစွာဖြင့်....



'မိတ်ဆွေတို့ ကာယသူဘာယဝါတွေဆိုတာ မြောပြပါလား'

စီးကျင်က အနည်းငယ်စဉ်းစားလိုက်သည်၊

'ကျုပ်က ဆေးတံအဘိုးအိုပါ၊ သူကတော့ ကျုပ်တပည့် ခါးသမားလေးကျင်းပါ'

သူက မျက်မှောင်ကြုတ်သွားသည်။

စီးကျင်နှင့်မင်းယန်တို့ကို အကဲခတ်ကြည့်လိုက်၏၊

အကြောင်းမှာ....

ဆေးတံအဘိုးအိုဟူသောအမည်နှင့် ခါးသမားလေးကျင်းဟူသောအမည်ကို လုံးဝ မကြားဖူးထားခြင်းကြောင့် ဖြစ်သည်။

စီးကျင်က ပါးစပ်ထဲတွေ့ရာ လျှောက်ပြောနေခြင်းဖြစ်မှန်း မင်းယန် နားလည်သဘောပေါက်မိသည်။

စီးကျင်က ပြောလိုက်သည်။

'ကျုပ်တို့နာမည်ကို ကြားဖူးချင်မှကြားဖူးလိမ့်မယ်၊ ဒါပေမယ့် ဘာကိုမှမစိုးရိမ်ပါနဲ့၊ ကျုပ်တို့အကြောင်း ခင်ဗျားမျက်မြင်ကိုယ်တွေ့ပဲမဟုတ်လား'

သူက သက်ပြင်းချလိုက်သည်။

'အင်းလေ၊ ခင်ဗျားတို့နာမည်ထက် အလုပ်ကသက်သေပြသွားတော့လဲ ကျုပ်က လက်ခံရမှာပေါ့၊ ဟဲ....ထိုင်ပါဦး'

www.burmeseclassic.com

www.burmeseclassic.com



မင်းယန်ကို လက်ဝေ့ယမ်းပြကာ ဖိတ်ခေါ်လိုက်လေသည်။

မင်းယန်လည်း စီးကျင် ဘေးဝဲ ဝင်၍ ထိုင်ချလိုက်လေသည်။

ဟုစိန်က ထိုင်ရာမှ ထလိုက်၏။

အရက်နှစ်ခွက်၌ အရက်ငှဲ့၍ စီးကျင်နှင့်မင်းယန်တို့ကိုလှမ်းပေးလိုက်၏။

'ခင်ဗျားတို့ရဲ့ လုပ်အားခက တော်တော် များများ ထင်တယ်'

စီးကျင်က ခေါင်းခါယမ်းလိုက်သည်။

'ကျားငါးကောင်တက် ဆယ်ဆ သာပါတယ်'

'ဗျာ'

'ငါးသောင်းဆိုရင် လုံလောက်ပါပြီ'

ဟုစိန်က အံ့ဩဟန်ဖြင့်....

'ငါးသောင်း ဟုတ်လား'

စီးကျင်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'



ဟုစိန်က နားမလည်နိုင်အောင် ဖြစ်သွားလေသည်။

စီးကျင်ကို စိုက်ကြည့်ရင်း....

'ဟုတ်ရဲ့လားဗျာ၊ ဈေးနည်းလှချည်လား'

'ဒါတော့ ခင်ဗျားထင်ချင်သလို ထင်နိုင်ပါတယ်၊ ကျုပ်လုပ်ငန်း ပြီးဆုံးသွားတဲ့အခါ ခင်ဗျား သဘောနဲ့ ခင်ဗျား ဆုချီးမြှင့်တာကိုပဲ မျှော်လင့်ပါတယ်၊ လုပ်အားခ ဘယ်ရွေ့ ဘယ်မျှပေးရမယ်ဆိုပြီး တောင်းရတာကို စိတ်ကုန်လွန်းလို့ပါဗျာ'

ဟုစိန်က သဘောကျသွားသည်။

'မဆိုးဘူး၊ ကျုပ်သဘောကျသွားပြီ'

စီးကျင်က မေးလိုက်သည်။

'ဒါဖြင့် ကျုပ်တို့ လက်ခံလိုက်ပြီ ဟုတ်လား'

'ဟုတ်တယ်'

စီးကျင်က ပြန်မေးလိုက်သည်။

'ကျုပ်တို့ ဘာလုပ်ပေးရမယ်ဆိုတာ ပြောပါဗျာ'

ဟုစိန်က လည်ချောင်းရှင်းသည့် အနေဖြင့် ချောင်းတစ်ချက်ဟန့်လိုက်ပြီး....

'ခင်ဗျားတို့ကို ယန်းမြို့စားက အရိပ်အမြွက်လောက်ပဲ ပြောပြလိုက်မယ်ဆိုတာ ကျုပ်သိပါတယ်၊ တကယ်တော့ ခင်ဗျားတို့

www.burmeseclassic.com

www.burmeseclassic.com



တာဝန်ယူရမှာက ကျုပ်အသက် လုံခြုံစိတ်ချရေးအတွက် ကာကွယ် စောင့်ရှောက်ဖို့ပဲ'

စီးကျင်က သဘောပေါက်သွားဟန်ဖြင့်....

'လက်စသတ်တော့ ဒီလိုကိုး'

ဟုစိန်က ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ အခုလောလောဆယ် ကျုပ်မှာ အခက်အခဲ တစ်ခု ကြုံတွေ့နေရတယ်၊ ဒါကြောင့် ကျုပ်ကို ကူညီမယ့် လူ လိုနေတယ်'

စီးကျင်က မေးလိုက်၏။

'သူဌေးကြီးက ခရီးထွက်မလို့လား'

'မဟုတ်ဘူး'

'ဒါဖြင့် အန္တရာယ်ပြုမယ့်လူက ဒီကို ရောက်လာလိမ့်မယ် ပေါ့'

ဟုစိန်က ခေါင်းညိတ်လိုက်သည်။

'ဒါတော့ မှန်တယ်၊ ရောက်လာမယ်၊ မရောက်လာဘူး ဆိုတာ ကျုပ်လဲ တပ်အပ် မပြောနိုင်ဘူး၊ ဒါပေမယ့် ဝေချူး သေဆုံးသွားကတည်းက ကျုပ်အလှည့် တစ်နေ့ ရောက်လာလိမ့်မယ်လို့ တွက်ထားတာပဲ'



စီးကျင်က စိတ်ဝင်စားစွာပြန်မေးလိုက်၏။

'ကျုပ်တို့ကဘယ်လောက်ကြာကြာကာကွယ်စောင့်ရှောက် ပေးရမှာလဲ'

ဟုစိန်က လက်သုံးချောင်း ထောင်ပြလိုက်သောကြောင့် စီကျင်က မေးလိုက်၏။

'သုံးရက် တူတ်လား'

ဟုစိန်က ခေါင်းညိတ်၍....

'ဟုတ်ဘယ်'

'သုံးရက်အတွင်း ရောက်လာမယ်ပေါ့'

ဟုစိန်က ခေါင်းခါယမ်းလိုက်ပြီး....

'ဒါလဲ ကျုပ်မပြောတတ်ဘူး၊ သုံးရက် အချိန် ယူရတာက တော့ ကျုပ်က မိတ်ဆွေ တစ်ယောက်ကို သုံးရက် အတွင်း အရောက်လာခဲ့ပါလို့ မှာထားလို့ပဲ၊ သူရောက်လာရင် ခင်ဗျားတို့ မလိုအပ်တော့ပါဘူး၊ ဘယ်လိုလဲ ခင်ဗျားတို့ တာဝန် ယူနိုင်မယ် မဟုတ်လား'

စီးကျင်က ခေါင်းညိတ်လိုက်၏။

'တာဝန်ယူပါတယ်၊ ဒါနဲ့ ရန်သူဟာ ဘယ်လိုလူစားမျိုး ဆိုတာ ကြိုတင် သိထားရရင် ကောင်းမယ်၊ ဒါမှ သူရောက် လာတဲ့အခါ မလွတ်တမ်း သုတ်ဆင်ဖြစ်နိုင်မှာပဲ မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



ဟုစိန် တွေဝေသွားသည်။

အတော်လေး ကြာအောင် ငြိမ်သက်နေပြီးမှ သက်ပြင်းချ ကာ....

'အင်း....သူဟာ သိုင်းသမား ဝေချူးကို ရှင်းပစ် နိုင်တယ် ဆိုတော့ ခေတ်ပေါ်လူ မဟုတ်ဘူးဆိုတာ ထင်ရှားနေတာပဲ'

စီးကျင်က ခေါင်းညိတ်လိုက်၏။

'မှန်ပါတယ်၊ သူဘယ်သူလဲ၊ ဘာကြောင့် ရန်ရှာချင်ရတာ လဲ ဆိုတာ သိချင်တာပါ'

'ဒါက....'

ဟုစိန်သည် ရှေ့ဆက်ပြောရန် ဟန်ပြင်ပြီးမှ တစ်စုံတစ်ခု ကို သတိပြုမိသွားဟန်ဖြင့် စကား တစ်ဝက်တစ်ပျက် ရပ်ထား လိုက်၏။

စီးကျင်ကို မျက်မှောင်ကုတ်၍ ကြည့်၍....

'ခင်ဗျားက ကျုပ်ရဲ့ကိုယ်ရေးကိုယ်တာ ကိစ္စကို စပ်စုတာ လား'

'ဟာ....ဒီလိုတော့ မဟုတ်ပါဘူး၊ သူဌေးမင်းလို လူစား မျိုးကို ဘာကြောင့် ရန်ရှာချင်ရတယ် ဆိုတာ တွေးမရလို့ပါ၊ ရန်သူဟာ အတော်ကို ရက်စက် ကြမ်းကြုတ်တဲ့ လူယုတ်မာ တစ်ယောက် ဖြစ်ရမယ်လို့ ကျုပ်ထင်နေမိတယ်'



သူက အချက်ကျကျ ပြန်ပြောလိုက်ခြင်း ဖြစ်သည်။

ရုတ်တရက်မို့....

ဟုစိန်သည် မည်သို့ ပြန်ပြောရမှန်းမသိဘဲ ငိုင်ကျသွားလေ သည်။

စီးကျင်က ဘာမှမပြောဘဲ တိတ်ဆိတ်စွာဖြင့် အခြေအနေ ကဲခတ်ကြည့်နေလေ၏။

အတော်ကလေးကြာမှ ဟုစိန် သက်ပြင်း ချ၍....

'အင်း....ဒီကိစ္စဟာ ကျုပ်တို့ အားလုံးရဲ့ မှားယွင်းမှုက ခြေခံပြီး ပေါ်ပေါက်လာတယ်လို့ ဆိုရမှာပေါ့၊ ကျူးလွန် တဲ့ အမှားကြောင့် ဝေချူး သေဆုံးသွားတာ ဖြစ်မှာပဲ၊ သူ သေရွာက ပြန်လာပြီး ကျုပ်တို့ကို သုတ်သင် ရှင်းလင်းဖို့ းစားနေပြီ'

မင်းယန်နှင့် စီးကျင်တို့သည် တစ်ယောက် မျက်နှာ တစ် ယောက် ကြည့်လိုက်မိ၏။

ဟုစိန်က ဆက်ပြောလိုက်သည်။

'ကျုပ်တို့ ငါးယောက်ဟာ လူတစ်ယောက် အထင်လွဲပြီး မိခဲ့ကြတယ်၊ နောက်ပိုင်းမှာ မှားသွားပြီ ဆိုတာ သိတာ မသိခင်ကတော့ အဲဒီလူရဲ့ အမျိုးသမီးပါ သတ်ပစ်ခဲ့ပါ ယ်....

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်တို့ရဲ့အကြောင်းတွေကို အဲ့ဒီလူက နေပြည်တော်
သတင်းပို့ခဲ့တယ်ထင်ပြီး အထင်လွဲခဲ့မိတာ၊ သူတို့သေသွာ
ပြီးမှ နေပြည်တော်ကို သတင်းပို့တာ သူမဟုတ်ဘူးဆိုတာ
သိခဲ့ရတယ်'

သူက ဆက်ပြောလိုက်သည်။

'ကျုပ်တို့အားလုံး တွေ့ဆုံမိတိုင်း ဒီကိစ္စကို ပြန်ပြောမိ
တယ်၊ အခုတော့ ဝေချူးသေသွားပြီ၊ သူဘာကြောင့် သေ
တယ်၊ ဘယ်သူလက်ချက် မိသွားတယ်ဆိုတာ ကျုပ်လဲ မ
ဘူး၊ ကျုပ်စိတ်မှာထင်နေတာက ကျုပ်တို့ရဲ့လုပ်ရပ်က က
တွေကို ပြန်လည်ဒဏ်ခတ်နေပြီလို့ပဲ'

စီးကျင်က ကြားဖြတ်မေးလိုက်၏။

'နေပြည်တော်ကို တိုက်ခိုက်တယ်ဆိုတာ ဘာလဲ၊ ဘယ်
ကို မှားပြီးသတ်မိတာလဲ'

ဟုစိန်က လက်ကာပြလိုက်ပြီး....

'ဒီလောက် ပြောပြတာတောင် လွန်လွန်းနေပြီ၊ က
ခင်ဗျားတို့ အနားယူဖို့အခန်းကို ကျုပ်တပည့်တစ်ယောက်
လိုက်ပြပေးပါလိမ့်မယ်....

'ဒီညတော့ အေးအေးဆေးဆေး အနားယူလိုက်ပါ
မနက်ဖြန်မှ တာဝန်ထမ်းဆောင်ကြပေါ့'

စီးကျင်က သက်ပြင်းချလိုက်၏။



ရှေ့ဆက်မေးရှိလည်း အကြောင်းထူးမည်မဟုတ်ကြောင်း
သဘောပေါက် နားလည်လိုက်၏။

ထို့ကြောင့်....

ခေါင်းညိတ်ကာ သဘောတူလိုက်လေ၏။

'ကောင်းပြီလေ၊ မနက်ဖြန်ကျမှ တွေ့ကြတာပေါ့'

စကားဆုံးသျှင် ထိုင်ရာမှထလိုက်သည်။

ဟုစိန်က သူ၏တပည့် တစ်ယောက်ကို ခေါ်ယူပြီး....

'ဟေ့....သူတို့ကို နေရာပြသားပေးလိုက်ပါ'

အစိမ်းရောင် ဝတ်ဆင်ထားသူတစ်ယောက်က ရှေ့ထွက်
လာပြီး....

'ကျုပ်နောက်ကို လိုက်ခဲ့ပါဗျာ'

စီးကျင်နှင့် မင်းယန်လည်း ထိုသူနောက်သို့ လိုက်သွား
လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

ကောင်းကင်ပေါ်၌ လဝန်းရှိနေသည်။

လရောင်သည် အေးမြလှပစွာ ဖြာကျနေသည်။

လေပြည်လေညင်းမှ မွှေးကြိုင်သင်းပျံ့သော ရနံ့များက စင်္ကြံပေါ်သို့တိုင် သင်းပျံ့လာလေ၏။

စင်္ကြံပေါ်၌ မင်းယန်နှင့် စီးကျင်တို့ ထိုင်နေကြသည်။

သူတို့သည် တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေကြပြီး ညဧ သဘာဝအလှကို ငေးမောကြည့်ရှုနေကြ၏။

သူတို့နှစ်ယောက်၏ စိတ်ထဲတွင် သံလက်ဝါး ဟုစိန်၏ အကြောင်းကို စဉ်းစားနေမိကြသည်။

အတော်ကလေးကြာလျှင် မင်းယန်ကကောက်ကာငင်ကာ စကားစလိုက်၏။

'ရှုပ်ထွေးနက်နဲတဲ့ပြဿနာတစ်ရပ် ပေါ်ပေါက်နေပြီဆိုတာ ဆရာဘယ်လိုလုပ် သိတာလဲ၊ ပြီးတော့ ယန်းမြို့စားက ဘယ်



သူလဲ၊ ဆရာ ဒီလိုထိုးဖောက်ဝင်ဖို့ ဘာကြောင့် ကြံစည်ခဲ့ကြတာလဲ'

စီးကျင်က သူ့အားစိုက်ကြည့်ကာ....

'ဘာလဲ၊ မင်းက ကျုပ်ကိုစစ်ဆေးနေတာလား'

မင်းယန်က ခေါင်းခါယမ်းလိုက်၏။

'ဒီလိုမဟုတ်ပါဘူး ဆရာ၊ ကျွန်တော်က ပြဿနာ အစအဆုံး သိချင်လို့ပါ'

စီးကျင်က သက်ပြင်းချလိုက်ပြီး....

'အင်း....ကျုပ်ကလဲ မတော်တဆ တိုးမိဘယ်ဆိုပါတော့၊ ဝေချူးလို ထိပ်သီးသိုင်းသမား သေဆုံးသွားတော့ သိုင်းလောကမှာ အတော်ဂယက် ရိုက်သွားတယ်....

'ကျုပ်လဲ စိတ်ဝင်စားလာတယ်၊ မင်းကိုမတွေ့ဘဲ အတူတူ ကျုပ်ကိုယ်တိုင် ထွက်ရတာပေါ့၊ ဒီမှာပဲ လူဆိုးတစ်ယောက်ကို လမ်းမှာဖမ်းမိတယ်၊ သူ့ဆီကတစ်ဆင့် ယန်းမြို့စားဆိုတဲ့ သူတစ်ယောက်အကြောင်း သိခဲ့ရတယ်'

မင်းယန်က ပြန်မေးလိုက်သည်။

'ယန်းမြို့စားဟုတ်လား'

'ဟုတ်တယ်လေ'

www.burmeseclassic.com

www.burmeseclassic.com



'သူက ဘယ်လိုလူစားမျိုးလဲ'

စီးကျင်က ဆက်ပြောလိုက်သည်။

'သူက ကြေးစား လူသတ်သမားတွေကို တိတ်တဆိတ် မွေးမြူလေ့ကျင့်နေတဲ့သူပေါ့၊ သူ့ဆီကိုလာပြီး အကူအညီ တောင်းတဲ့လူတွေကို သူကအခကြေးငွေယူပြီး ကူညီတယ်လေ'

'ဪ...ရှန်ဆင်လို ကြေးစားတွေကိုး'

စီးကျင်က ခေါင်းညိတ်ပြပြီး ဆက်ပြောလေသည်။

'သိပ်မှန်တာပေါ့၊ ယန်းမြို့စားဆီကို သိုင်းသမား ဝေချူ လည်း အကူအညီ တောင်းခဲ့တယ်လို့ ကြားတယ်၊ ဒါ စုံစမ်းလိုက်တော့ အခုချက်ချင်း အပူတပြင်း အကူအညီ စေလွှတ်ပေးဖို့ တောင်းခံသူဟာ သံလက်ဝါး ဟုစိန်ဆိုတာ သိရတယ်...

'သူဟာ ဝေချူးနဲ့ ပတ်သက်နေတယ်ဆိုတာလဲ သိလှန်း ရခဲ့တယ်၊ ဒါကြောင့် ကျုပ်ဆီကိုလိုက်လာခဲ့တာပေါ့၊ ကျား ငါးကောင်က ကျုပ်တို့ထက်စောပြီး ရောက်နေပေမယ့် မင်းက မောင်းထုတ်နိုင်ခဲ့လို့ တော်သေးတာပေါ့'

မင်းယန်က သက်ပြင်းချလိုက်ပြီး....

'အင်း...သူတို့မှာ ဘယ်လိုအရှုပ်အထွေးတွေများ ရှိတယ် မဆိုနိုင်ဘူး'



'ဒါပေါ့၊ အရှုပ်အထွေးတစ်ခုတော့ ရှိမယ်၊ သူပြောသလို တစ်ချိန်က မကောင်းမှုတစ်ခု ကျူးလွန်ခဲ့မိတယ် ဆိုတာဘာလဲ ဖြစ်နိုင်တာပဲ'

မင်းယန်က စီးကျင်ကိုကြည့်ကာ....

'ဆရာသိချင်တယ် ဆိုပါတော့'

'ဟုတ်တယ်၊ ဘာတွေဖြစ်တယ် ဆိုတာကို စုံစမ်းယူရ သိမှာမယ်'

သူတို့နှစ်ယောက် ပတ်ဝန်းကျင်ကို မေ့လျော့နေကြစဉ် မှာပင်....

ရုတ်တရက် နောက်ကျောဘက်မှ အေးတိအေးစက်ဖြင့် စကားသံတို့ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'ခင်ဗျားတို့ နောက်ကျသွားပြီ'

စကားသံ ထွသပေါ်လာသည်နှင့် တစ်စုံတစ်ယောက်က နောက်ဘက်တွင် ရောက်နေကြောင်း သိလိုက်သည်၊

မင်းယန်က ရုတ်တရက် နောက်ကျမ်းပစ်ကာ ခုန်ထွက် လိုက်၏။

တစ်ဆက်တည်းမှာပင်...

စကားသံ ထွက်ပေါ်လာရာဆီသို့ မှန်းဆကာ ခြေဖြင့် ကန်ကျောက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



စီးကျင်ကလည်း သူနှင့် ထပ်တူထပ်မျှ လှုပ်ရှားလာ
သူသည် ခုန်ထလာပြီး လက်ဝါးဆန့်တုတ်ကာ ရိုက်
လိုက်သည်။

သူတို့နှစ်ယောက်မှာ တိုင်ပင်ထားခြင်း မရှိသော်လည်း
သော်လည်း နှုတ်ခြည်း တိုက်ခိုက်လိုက်ကြသည်မှာ အံ့
စရာ ကောင်းလောက်အောင် လှုပ်မြန်၍ သွက်လက်နေ
တူညီနေသည်။

အနောက်ဘက်မှ လူရိပ်ထုစ်ခု ရိပ်ခနဲလှုပ်ရှားသွားသည်
တွေ့မြင်လိုက်ရသည်။

ထိုလူရိပ်သည် မီးအိမ်ချိတ်ဆွဲထားသော အခန်းတွင်း
လျှပ်တပြက် ဆုတ်သွားခြင်းဖြစ်သည်။

'မပြေးနဲ့'

စီးကျင်နှင့်မင်းယန်က အော်ပေါက်ရင်း နောက်မှ
ကြပ်မကွာ ပြေးလိုက်သွားသည်။

သူတို့သည် ထပ်မံတိုက်ခိုက်ရန်ထက် ထိုလူ ထွက်ပြေ
လွတ်မြောက်သွားခြင်းမရှိအောင် ပိတ်ဆို့ဟန့်တားဖို့ ကြိုး
စားနေကြသည်။

ရှေ့နောက်နှစ်ဖက်ပိတ်ကာ ပြေးဝင် တိုက်ခိုက်လိုက်ကြ
ခြင်းကြောင့် လူရိပ်မှာ အခန်းတွင်းမှ ထွက်မသွားနိုင်တော့
အခန်းအလယ်သို့ ပြန်လည်ရောက်ရှိလာသည်။



မင်းယန်က အခန်းတံခါးဝ၌ရပ်နေပြီး စီးကျင်က စကြံ
ဘက်သို့ ထွက်ရာ အပေါက်၌ရနေသည်။

အခန်းအလယ်မှလူသည် ထွက်ပြေးရန်မကြိုးစားတော့ဘဲ
အခန်းအလယ်၌ တည်ငြိမ်စွာရပ်နေသည်။

မီးရောင့်ကြောင့် ထိုလူကို ကောင်းစွာ မြင်တွေ့လိုက်ရ
သည်။

ထိုလူမှာ ခန္ဓာကိုယ် ပိန်ပိန်ပါးပါးရှိသူတစ်ယောက် ဖြစ်
သည်။

အသက်သုံးဆယ်ကျော်ခန့် ရှိမည်ထင်ရပြီး အနက်ရောင်
အဝတ်အစားများ ဝတ်ဆင်ထားလေသည်။

စီးကျင်က မေးလိုက်သည်။

'မင်းဘယ်သူလဲ'

အနက်ရောင် ဝတ်ဆင်ထားသူက ပြုံးလိုက်ပြီး

'ခင်ဗျားမသိဘဲ သိတယ်လို့ ပြောတဲ့လူလေ'

'ဘာ'

'ခင်ဗျားပဲ ကျုပ်ကိုသိတယ်ဆို'

စီးကျင်က မျက်မှောင်ကြုတ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို မင်းဟာ ယန်းမြို့စားပေါ့'

အနက်ရောင် ဝတ်ဆင်ထားသူက ခေါင်းညိတ်လိုက်လေသည်။

'သိပ်မှန်တာပေါ့'

'ခင်ဗျား ဘယ်လိုလုပ်ရောက်လာတာလဲ'

ယန်းမြို့စားက ပြုံးလိုက်ပြန်သည်.

စီးကျင်က ခေါင်းတဆတ်ဆတ်ညိတ်ကာ

'လက်စသတ်တော့ သူတို့က ခင်ဗျားဆီကို ပြန်ပြီးသတင်းပို့ခဲ့ကြတယ်ပေါ့ ဟုတ်လား'

အနက်ရောင် ဝတ်ဆင်ထားသူက ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်တယ်'

'ခင်ဗျားက ဟုစိန်ကို မြှောပြုလိုက်ပြီလား'

'မြှောစရာမလိုပါဘူး'

စီးကျင်က မျက်မှောင်ကြုတ်ပြီး

'ဘာဖြစ်လို့လဲ'

'ကျုပ်မပြောလဲ သူကသိနေလို့ပါ'



ဟုစိန်အား အဃ သွင်းနိုင်သည့်ဟု မကျနပ်နှစ်သိမ့်မိသော်လည်း ယန်းမြို့စား၏ စကားကြားသောအခါ စီးကျင်၏ ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားလေ၏။

ထိုစဉ်....

ရယ်မောသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

မင်းယန်က ပခုံးတွန့်ကာ

'ကျုပ်ဆရာဟာ သိပ်ကောင်းတဲ့ လူတစ်ယောက်ဆိုတာ တွေးမိလို့ ရယ်တာပါဗျာ'

စီးကျင် မကျေမနပ်ဖြစ်သွား၏။

သို့သော်

ဘာမှမပြောဘဲ ပါးစပ်ပိတ်ထားလိုက်သည်။

ယန်းမြို့စားက ပြောလိုက်သည်။

'သူဟာ ခင်ဗျားတို့ရဲ့ပညာကို လဘောကျတယ်....'

'ဒါကြောင့် ဘယ်လိုလူစားတွေဆိုတာ သိရအောင် ကျုပ်ကိုလွှတ်လိုက်တာပဲ....'

'ခင်ဗျားတို့နှစ်ယောက်ဟာ ကျားငါးကောင်ကိုကိုယ်စားသူ့အတွက် တာဝန်ထမ်းဆောင်ချင်စိတ် ရှိ မရှိ မေးခိုင်းလိုက်တာကွ....'

www.burmeseclassic.com

www.burmeseclassic.com



'ဒါပေမယ့် ခင်ဗျားတို့ ပြောဆိုနေကြတဲ့စကားအတိုင်းဆိုရင် သူ့အတွက် ဘယ်လိုမှဖြစ်နိုင်တော့မှာမဟုတ်ဘူး၊ သူက စပ်စုတာကို သဘောမကျဘူး၊ ကျုပ်ကလဲ့ ဒီအတိုင်းပဲ....'

မင်းယန်နှင့် စီးကျင်တို့အား ဤနေရာမှ နှင်ထုတ်လိုက်သည့်သဘောဖြစ်လေသည်။

စီးကျင် ခေါင်းယမ်းလိုက်သည်။

'ခင်ဗျား သဘောမတူပေမယ့် ကျုပ်က သဘောတူတယ်လေ'

'ဘာ'

'ကျုပ်က မွေးကတည်းက စပ်စပ်စုစုလုပ်ခဲ့တဲ့ လူတစ်ဦးပဲ၊ ဒါကြောင့် ဒီအသက်အရွယ်တိုင်အောင် စပ်စပ်စုစုလုပ်ရမှ အိပ်ပျော်တယ်လေ၊ ရှင်းပြီလား'

ယန်းမြို့စားက ပြောလိုက်သည်။

'ဒါဆို ခင်ဗျားတို့နှစ်ယောက် ဒီက အမြန်ဆုံးထွက်သွားတာ ကောင်းမယ်'

'ကျုပ်မသွားဘူးဆိုရင်ရော'

'ဒီလိုဆို ခင်ဗျားအတွက် စိတ်မကောင်းစရာပဲ'

စီးကျင်က မျက်မှောင်ကြုတ်ပြီး



'ဘာကြောင့်လဲ'

'သူက ခင်ဗျားတို့နှစ်ယောက်ကို သုတ်သင်ရှင်းလင်းပစ်ဖို့ အကူအညီတောင်းနေလို့ ပေါ့'

စီးကျင်က ခပ်အုပ်အုပ်ရယ်လိုက်သည်။

ယန်းမြို့စားက မလှုပ်မယှက်ရပ်နေသည်။

သူ၏ပုံဟန်မှာ စီးကျင်နှင့် မင်းယန်တို့နှစ်ယောက်အား ကြောက်လန့်သည့်အရိပ်အယောင် လုံးဝမရှိချေ။

မင်းယန်က သက်ပြင်းချလိုက်သည်။

ယန်းမြို့စားကိုကြည့်ရင်း

'ကျုပ်တို့ကလဲ့ ခင်ဗျားအတွက် စိတ်မကောင်းပါဘူးဗျာ'

'ဘာ'

ယန်းမြို့စား၏စကားသံ ဟိန်းထွက်လာသည်။

မင်းယန်က ဆက်ပြောလိုက်သည်။

'ခင်ဗျားဟာ ဒုစရိုက်လုပ်ငန်းတွေ လုပ်ကိုင်နေတဲ့ လူဖြစ်လို့ ကျုပ်တို့က ခင်ဗျားကိုဖမ်းဆီးပြီး အပြစ်ပေးရမှာမို့ပါ'

www.burmeseclassic.com

www.burmeseclassic.com



ယန်းမြို့စားက မထီမဲ့မြင်ဖြင့်

'မင်းက ဘာတတ်နိုင်မှာမို့လဲ'

'ခင်ဗျားလည်ပင်းနဲ့ ကိုက်ညီမယ့် ကြိုးတစ်ချောင်း လက်ဆောင်ပေးနိုင်ပါတယ်ဗျာ'

ယန်းမြို့စားက ဘာမှမပြောဘဲ တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

မင်းယန်ကလည်း ပြန်လည် တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်၏။

ထိုစဉ်....

'အား'

စူးရှသော အော်ဟစ်သံ တစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ရုတ်တရက်မို့....

မင်းယန်၊ စီးကျင်နှင့် ယန်းမြို့စားတို့ ကြောင်အမ်းအမ်း ဖြစ်သွားကြ၏။

ပထမဆုံး သတိဝင်လာသူမှာ ယန်းမြို့စား ဖြစ်သည်။

ချက်ချင်း လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး....

'ဒါဟာ ဟုစိန်ရဲ့ အသံပဲ'



စကားဆုံးလျှင် မင်းယန်ကိုပင် အရေးမစိုက်ဘဲ အခန်းတွင်းမှ ပြေးထွက် သွားသည်။

မင်းယန်လည်း ဟန့်တားခြင်း မပြုဘဲ နောက်မှ ပြေးလိုက်သွား၏။

ထိုအချိန်တွင်....

သတိဝင်လာပြီဖြစ်သည့် စီးကျင်မှာ နောက်မှ ပြေးလိုက်လာပြီး ဖြစ်လေတော့သည်။

*  *  *

www.burmeseclassic.com

www.burmeseclassic.com

---

'အား'

ရှူးရှသော အော်ဟစ်သံ ထွက်ပေါ်လာသည်။

အောက်ဖက်၌ မီးရောင်များ ထိန်ညီးအောင် ထွန်းညှိထားသည်။

မီးရောင်ကြောင့် အော်သံသည် အောက်ထပ်၏ဂဲဖက်အစွန်ဆုံး အခန်းမှ ဖြစ်ကြောင်း သိရလေ၏။

ထိုအခန်းမှာ ဟူစိန်၏ အိပ်ခန်း မဟုတ်ပါလား။

ယန်းမြို့စားသည် ပျံလွှား တစ်ကောင်ပမာ လျင်မြန်စွာ ပြေးထွက်သွား၏။

အခန်းရှေ့သို့ ရောက်သွားလျှင် အစိမ်းရောင် ဝတ်ဆင်ထားသူ သုံးယောက် သူတို့ထက် ဦးအောင် ပြေးဝင်သွားကြသည်ကို တွေ့မြင်လိုက်ရ၏။



သူတို့လည်း ပြေးဝင်သွားကြသည်။

အခန်းတွင်းသို့ ရောက်လျှင် အရှုပ်ဆုံး အကျည်းတန်လှသော မြင်ကွင်းတစ်ခုကို တွေ့မြင်လိုက်ရ၏။

ဟူစိန်မှာ ခုတင်ပေါ်၌ ကန့်လန့်ဖြတ် လဲကျနေသည်။

သူ၏ အနီးပတ်ဝန်းကျင်၌ အနံ့ဖတ်များ ပြန့်ကျဲမေကျနေသည်။

အနီးကပ် စစ်ဆေးကြည့်လိုက်သောအခါ သူ၏ တစ်ကိုယ်လုံး မီးလောင်ထားသည့်နှယ် မည်းနက် ပြာနှမ်းနေသည်ကို တွေ့ရလေ၏။

အစိမ်းရောင် ဝတ်ဆင်ထားသူ သုံးယောက်က သူ့အားပွေ့ဖက် မေးမြန်းလိုက်ကြသည်။

ယန်းမြို့စားလည်း ကူညီရန် ဟန်ပြင်လိုက်၏။

ထိုစဉ်....

'နောက်ဆုတ်လိုက်စမ်း'

မင်းယန်က အော်ခေါ်က် တိုက်ခိုက်လိုက်၏။

ယန်းမြို့စားက ထိတ်လန့်၍နောက်ဆုတ်သွားသည်။ မင်းယန်ကို မကျေမနပ် ကြည့်ရင်း....

'မင်းဘာယ်လို လုပ်လိုက်တာလဲ'

www.burmeseclassic.com

www.burmeseclassic.com



မင်းယန်မှာ ဆက်၍ တိုက်ခိုက်ခြင်း မပြုတော့ချေ။

အစိမ်းရောင်ဝတ် သုံးယောက်ဘက် လှည့်၍....

'ခင်ဗျားတို့ နောက်ကို မြန်မြန် ဆုတ်လိုက်ကြပါ၊ ဒီ အလောင်းကို လက်ဖျားနဲ့ကောင် မတို့နဲ့၊ အန္တရာယ် ရှိတယ် မြန်မြန် ဆုတ်လိုက်ကြပါ'

သူ၏စကားကြောင့် အစိမ်းရောင်ဝတ်နှင့် လူသုံးယော ဒေါပွသွားကြသည်။

ဟုစိန်၏ အလောင်းကို ခေါင်းပိုင်းမှ မွေ့ ဖက်ထားသူ ယောက်က....

'မင်းဒီက မြန်မြန် ထွက်သွားစမ်း၊ မဟုတ်ရင် ကျုပ် မင်းကို သတ်ပစ်မိမယ်'

ကျန်နှစ်ဦးကလည်း သူ့အား မုန်းတီးသော အကြည့် ကြည့်လိုက်၏။

မင်းယန်က ပခုံးတွန့်လိုက်၏။

ထိုလူသုံးဦးအား တားဆီးနိုင်တော့မည် မဟုတ်ကြော နားလည်မိသည်။

'ကျုပ်က စေတနာနဲ့ ပြောတာပါ၊ ခင်ဗျားတို့ ဆရာဟာ

သူ၏ စကားမဆုံးမီ....



'အား'

စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာသည်။

မင်းယန်အား ပြန်လည် အော်ခေါက်လိုက်သည့် လူမှာ စူးရှစွာအော်ဟစ်၍ ဘေးတိုက် လဲကျသွား၏။

မခံရှုမနှောင်းမှာပင်....

'အား'

'အမယ်လေး'

စူးရှသော အော်ဟစ်သံများ ဆက်တိုက် ထွက်ပေါ်လာသည်။

ကျန်အစိမ်းရောင်ဝတ်နှင့်လူနှစ်ဦးသည် စူးစူးရှရှအော်ဟစ်လိုက်ကြပြီးလျှင် ကြမ်းပြင်ပေါ် လဲကျသွားကြ၏။

သူတို့သည် ကြမ်းပြင်ပေါ်၌ လူးလိမ့် အော်ဟစ်နေကြလေသည်။

ယန်းမြို့စားက ပြေးသွားပြီး ကူညီ ဖေးမဖို့ ဟန်ပြင်လိုက်သည်။

မင်းယန်က ဟန့်တားလိုက်သည်။

'ဘာလဲ...ခင်ဗျားရော သူတို့လို ဖြစ်သွားချင်လို့ လား'

www.burmeseclassic.com

www.burmeseclassic.com



သူ၏စကားကြောင့် ယန်းမြို့စား ခြေလှမ်းတုံ့ ခနဲရပ်သွားလေသည်။

မင်းယန်ကို မကျေမနပ် စိုက်ကြည့်ရင်း....

'ဒါ....မင်းလက်ချက်ပေါ့ ဟုတ်လား'

'ကျုပ်က အဆိပ်မသုံးဘူးဗျ'

'ဒါဖြင့် သူ့ကို သွားပြီး ထိုခွတ္တ ကိုင်တွယ်သူမှန်သမျှ အဆိပ်သင့်ရမယ်ဆိုတာ ဘယ်လိုလုပ် သိနေတာလဲ'

မင်းယန်က ပြန်ပြောလိုက်သည်။

'သုံးလေးရက် ကြာမှ အစွမ်းပြတတ်တဲ့ အဆိပ်ဟာ အာနီသင် ဖြူလာပြီဆိုတာနဲ့ ကြောက်စရာ ကောင်းလောက်အောင် ထက်မြက်နေတယ်ဆိုတာ သိထားလို့ပါဗျာ'

'ဘာ'

ယန်းမြို့စားသည် တစ်စုံတစ်ခု ပြောရန် ဟန်ပြင် ပြီးမှ အတော်ထား ပြောင်းလဲ သွားဟန်ဖြင့် ပါးစပ်ပိတ်ထားလိုက်သည်။

ထိုအချိန်မှ....

ကြမ်းပြင်မပေါ်၌ လူးလိမ့်နေသူ နှစ်ယောက်သည် ညည်းညူသံ ကွယ်ပျောက်သွားသလို မလှုပ်မယှက် ငြိမ်သက်သွားကြပြီ ဖြစ်၏။



အစိမ်းရောင်ဝတ်နှင့် လူသုံးယောက်စလုံး ဟုစိန် နည်းတူ သေဆုံးသွားကြပြီ ဖြစ်၏။

စီးကျွင်က သက်ပြင်းချလိုက်၏။

'အတော်ကို ပြင်းထန်တဲ့ အဆိပ်ပဲ'

ယန်းမြို့စားက ပြောလိုက်သည်။

'ကျုပ်ရောက်တော့ သူနဲ့ စကားပြောခဲ့သေးတယ်၊ ခင်ဗျားတို့နဲ့ လာတွေ့တာ ဘာမှ မကြာသေးဘူး၊ ဒီအချိန်လေးမှာ လုပ်ကြံခံလိုက်ရတယ်....

'တကယ်လို့ များ ခင်ဗျားတို့ဟာ ကျုပ်နဲ့ အတူ ရှိမနေဘူးဆိုရင် ခင်ဗျားတို့ လက်ချက်လို့ စွပ်စွဲမှာ အမှန်ပဲ'

စီးကျွင်က ခေါင်းခါယမ်းလိုက်ပြီး

'ကျုပ်တို့ လက်ချက် မဟုတ်ဘာတော့ အမှန်ပဲဗျ'

'ဒါဖြင့် ဘယ်သူလက်ချက်လဲ'

'ဒီအဖြေကို ခင်ဗျားပဲ သိနိုင်မယ်'

'ဘာ'

ယန်းမြို့စားသည် ကြားဖင် ပြောကြားလိုက်သော မင်းယန်ဘက် လှည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



မင်းယန်သည် တည်တည်ငြိမ်ငြိမ် ရှိနေ၏။

ယန်းမြို့စားက မင်းယန်အား မျက်မှောင်ကုတ်၍

'ကျုပ်သိတယ် ဟုတ်လား'

'ဟုတ်တယ်'

'ခင်ဗျားက ကျုပ်ကို စွပ်စွဲနေတာလား'

မင်းယန်က ခေါင်းခါယမ်းလိုက်ပြီး

'မဟုတ်ဘူး'

'ဒါဖြင့်'

'လွန်ခဲ့တဲ့သုံးလေးရက်က ခရီးသွားခဲ့တယ်၊ သူ ခရီးထွက်ရာက ပြန်ရောက်တဲ့အချိန် အဆိပ်မိပြီးသေသွားတယ်....'

'ဒီတော့ သူ ဘယ်နေရာကိုသွားခဲ့သလဲဆိုတာ အရေးအပါဆုံးအချက်ပဲ၊ သူဟာ ခရီးထွက်ရင်း အဆိပ်မိတာပဲ ဖြစ်မယ်'

ယန်းမြို့စားက မျက်မှောင်ကုတ်ပြီး

'ခင်ဗျားဆိုလိုတာက သူဟာ မရဏတောင်ကြားမှာ အဆိပ်မိခဲ့တာလို့ ပြောချင်တာပေါ့'

မင်းယန်က ပြုံးလိုက်သည်။



အကြောင်းမှာ

ဟုစိန် ခရီးထွက်ခဲ့သည်ဆိုခြင်းမှာ မရဏတောင်ကြားကို သွားခဲ့ခြင်းဖြစ်ကြောင်း သိလိုက်ရခြင်းဖြစ်၏။

မရှင်းမလင်းဖြစ်နေသော အချက်များကို ထပ်မံမေးမြန်းလိုက်၏။

'သိုင်းသမားဝေချူးရော မရဏတောင်ကြားကို သွားခဲ့တယ် မဟုတ်လား'

'ဟုတ်တယ်'

'ခင်ဗျား ဘယ်လိုလုပ်သိလဲ'

'ကျုပ်....'

ယန်းမြို့စား ရုတ်တရက် မည်သို့ပြောရမှန်းမသိ ဖြစ်သွားသည်။

မင်းယန်က ဖိအားပေးသည့်သဘောဖြင့် ဆက်မေးလိုက်သည်။

'သူတို့ဟာ မရဏတောင်ကြားက ပြန်လာပြီးတဲ့နောက် ခင်ဗျားဆီကိုလာပြီး အကူအညီ တောင်းခဲ့ကြသေးတယ် မဟုတ်လား'

ယန်းမြို့စားက ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်'

မင်းယန်က ခေါင်းညိတ်လိုက်သည်၊

'ဒါဆို ကျုပ်နားလည်ပြီ'

'ခင်ဗျား ဘာကိုဆိုလိုတာလဲ'

'သူတို့ မရဏတောင်ကြားကိုသွားကြတာ ခင်ဗျား ဘာကြောင့် သိနေတယ်ဆိုတာကိုပေါ့'

ယန်းမြို့စား ပါးစပ်ပိတ်ထားလိုက်၏၊

မင်းယန်က ဆက်ပြောလိုက်၏၊

'သူတို့ဟာ ကျော်ကြားတဲ့ သိုင်းသမားရှင်တွေ ဖြစ်ကြပေမယ့် ခင်ဗျားဆီကို လာပြီး အကူအညီတောင်းကြတယ်....'

'ဒါကြောင့် ခင်ဗျားဟာ တစ်ခုခုထူးခြားနေပြီဆိုတာကို ရိပ်မိခဲ့လို့ သူတို့ရဲ့ နောက်ကြောင်းရာဇဝင်ကို စုံစမ်းခဲ့တယ်၊ ဒီမှာပဲ သူတို့ဟာ မရဏတောင်ကြားက ပြန်လာခဲ့ကြတယ်ဆိုတာ သိခဲ့ရတယ်မဟုတ်လား'

ယန်းမြို့စားမှာ မငြင်းသာတော့ဘဲ ခေါင်းညိတ်၍ ဝန်ခံလိုက်၏၊

'ဟုတ်ပါတယ်ဗျာ၊ သူတို့က ကျုပ်ဆီကိုလူလွှတ်ပြီး အကူအညီတောင်းကြတော့ ထူးခြားတယ်ထင်ပြီး စုံစမ်းခဲ့တာပါ၊



ကျုပ်က ကူညီဖို့ကြိုးစားပေမယ့် သူတို့သုံးယောက်စလုံး သေဆုံးသွားကြတယ်'

မင်းယန်က ဆက်မေးလိုက်သည်၊

'ဒါဖြင့် ဝေချူးရဲ့အလောင်းကို ခင်ဗျား တွေ့မြင်ခဲ့ရတယ်ပေါ့'

'ဟုတ်တယ်'

'သူနဲ့ဟုစိန် ဘယ်လိုကွာခြားလဲ'

ယန်းမြို့စားက ခေါင်းခါလိုက်၏၊

'မကွာဘူးဗျ၊ ဝေချူးလဲ ဒီလိုအသိပ်မိပြီး သေဆုံးသွားကြတာပဲ'

'ဒါဖြင့် လူသတ်တရားခံဟာ တစ်ယောက်တည်းဆိုတာ သေချာနေပြီပေါ့'

ယန်းမြို့စားက မင်းယန်ကိုစိုက်ကြည့်ကာ

'ဘာလဲ၊ လူသတ်တရားခံဟာ မရဏတောင်ကြားပိုင်ရှင်လို့ ခင်ဗျား ဆိုလိုချင်တာလား'

မင်းယန်က သက်ပြင်းချလိုက်၏၊

www.burmeseclassic.com

www.burmeseclassic.com



'အသေအချာတော့ မပြောနိုင်သေးဘူးပေါ့ဗျာ၊ ဒါပေ မယ့် ဖြစ်ဖို့တော့များပါတယ်'

'ကျုပ်လိုက်လို့ရော မဖြစ်ဘူးလား'

'ခင်ဗျားအတွက် အကျိုးမရှိနိုင်ဘူးဗျ'

မင်းယန်က ခေါင်းခါလိုက်ပြီး....

'ခင်ဗျားသဘောပဲလေ. တစ်ခုတော့ရှိတယ်၊ ခင်ဗျား အတွက် အသက်အန္တရာယ် လုံခြုံရေးကိစ္စကိုတော့ ကျု တာဝန်မယူနိုင်ဘူးနော်'

ယန်းမြို့စားက ရယ်မောလိုက်၏၊

'ဟား....ဟား....ဟား....စိတ်ချပါဗျာ၊ ကျုပ်ကိုယ်က ကာကွယ်နိုင်ပါသေးတယ်'

မင်းယန်က ဆက်ပြော၏။

'ခင်ဗျားရဲ့လုပ်ငန်းကိုလဲ ရပ်ဘန်းကရပ်ပါ၊ ဒါမှမဟုတ် ရင်တော့ ကျုပ်က ခင်ဗျားကိုမညှာနိုင်ဘူး'

ယန်းမြို့စားက မျက်မှောင်ကြုတ်လိုက်သည်။

'မင်း....ဘာလုပ်မလို့လဲ'

မင်းယန်က တည်ငြိမ်စွာဖြင့်



'ခင်ဗျားကိုဖမ်းပြီး ကြိုးစင်ပို့ရမှာပေါ့'

'ဒါဖြင့် မင်းဟာ'

'ထောက်လှမ်းရေးမှူးမင်းယန်ဆိုတာ ကျုပ်ပဲ'

ယန်းမြို့စား၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွား၏။

မင်းယန်ကို မယုံကြည်နိုင်စွာကြည့်ကာ

'မင်း....မင်း....မင်းယန် ဟုတ်လား'

'ကျုပ်....ဘယ်တော့မှ လိမ်မပြောဘူး'

ယန်းမြို့စားက ခေါင်းခါလိုက်ပြီး....

'ဒီလိုဆိုရင် ကျုပ် လိုက်လို့မဖြစ်တော့ဘူး'

မင်းယန်က ဘာမှမပြောဘဲ ပါးစပ်ပိတ်ထားလိုက်လေသည်။

ယန်းမြို့စားက ဆက်ပြောလိုက်သည်။

'ဖားနဲ့မြွေ အတူတူနေတာ ဘယ်လိုလုပ်ပြီး သဘောတူ ကျနိုင်ပါ့မလဲ၊ ဒီတော့ ကျုပ်က ရှောင်တာပဲကောင်းပါ တယ်၊ နောက်မှ ပြန်တွေ့ကြသေးတာပေါ့ဗျာ၊ ကျုပ်အသက် ကို ကယ်လိုက်တဲ့အတွက် ကျေးဇူးမမေ့ပါဘူး၊ ကျုပ်.... သွားတော့မယ်'

www.burmeseclassic.com



စကားဆုံးလျှင် ချာခနဲလှည့်ကာ ထွက်သွားလေ၏။

စီးကျင်က ဟန့်တားရန်ပြင်လိုက်သည်။

သို့သော်....

မင်းယန်က လက်ကာပြလိုက်သည်။

'သူ သွားပါစေဆရာ'

စီးကျင်က သက်ပြင်းချကာ နောက်ဆုတ်လိုက်၏။

ယန်းမြို့စားသည် အနှောင့်အယှက် အတားအဆီးကင်းမဲ့စွာဖြင့် အခန်းတွင်းမှ ထွက်သွားလေသည်။

ယန်းမြို့စား ထွက်သွားပြီးမှ မင်းယန်နှင့် စီးကျင်တို့က တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။

စီးကျင်က မျက်မှောင်ကြုတ်လိုက်ပြီး....

'မင်း ဘယ်တုန်းက စိတ်သဘောထား ပြောင်းလဲသွားခဲ့တာလဲ'

မင်းယန်က ပြုံးလိုက်၏။

'ကျွန်တော် ဘယ်တော့မှ စိတ်သဘောထား ပြောင်းလဲသွားမှာ မဟုတ်ပါဘူး'

စီးကျင်က နားမလည်နိုင်ဟန်ဖြင့်....

'ဒါဖြင့် သူ့ကိုလွှတ်လိုက်တာက'



'သူလှုပ်ရှားနိုင်သမျှ ကျွန်တော်တို့အတွက် အကျိုးရှိမယ်ထင်လို့ပါ'

သူကရယ်မောပြီး ဆက်ပြောလိုက်၏။

'ကျွန်တော်တို့ အလုပ်ရမယ်ဆိုတာ ဆရာသိပါတယ်'

'ဟေ...ငါသိတယ် ဟုတ်လား'

'ဟုတ်ပါတယ်'

စီးကျင်က ခေါင်းခါယမ်းလိုက်၏။

'ငါမသိပါဘူး'

မင်းယန်က ခေါင်းယမ်းလိုက်သည်။

'ဒါတော့ ကျွန်တော်မယုံဘူး၊ ဆရာက တမင်မသိဟန်ဆောင်နေတာပဲ ဖြစ်မယ်'

စီးကျင်က ခေါင်းခါယမ်းလိုက်ပြီး....

'ဟေ... ငါတကယ်မသိဘူး၊ ဒီတော့ အိမ်ပြန်ပြီးတစ်ရက်နှစ်ရက်လောက် စဉ်းစားလိုက်ဦးမယ်၊ မင်းလဲသွားစရာရှိတာသွားပေတော့၊ ကဲ...ငါသွားမယ်'

စကားဆုံးလျှင် အခန်းထဲမှ ခြေလှမ်းသွက်သွက်ဖြင့် ထွက်သွားသည်။

သူ၏လုပ်ရပ်မှာ အူကြောင်ကြောင်နိုင်လှပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်...,

နှစ်ပေါင်းများစွာ ပေါင်းသင်းဆက်ဆံသူများ ဖြစ်ကြရာ တစ်ယောက်အကြောင်း တစ်ယောက် ကောင်းကောင်းသိနေပေသည်။

မင်းယန်က သဘောကျစွာ ပြောလိုက်သည်။

'ဆရာကတော့ ဆရာနေရာမှာပဲ နေချင်မှာပေါ့၊ ဘယ်ကိုမှ မဆို တပည့်ကိုခိုင်းမယ်၊ တပည့်မဟန်မှ ဆရာကိုယ်တိုင် ဝင်မယ်၊ ကောင်းပြီလေ၊ ငါလဲ့ သွားစရာရှိတာ သွားဆိုတော့ မုရကာတောင်ကြားကိုပဲ သွားစရာရှိတော့တာပေါ့'

ယခု လော့လော့ဆယ်တွင် ရွှန်ဆင်အား သူမေ့ချော့နေတော့၏။

* * *

ဖားပိုင်မျှင်

စမ်းရေ တသွင်သွင် စီးဆင်းနေသည်၊

လေအခဝေ့တွင် ကြွေသွင့်လာသော ရွက်ကြွေများတို့သည် စမ်းရေနှင့်အတူ လှေငယ်ကလေးများသဖွယ် မျောပါသွားသည်၊

ကြည်လင်အေးမြလှသော စမ်းချောင်းထဲ၌ ငါးကလေးများ ကူးခတ်သွားလာနေသည်ကို လည်းကောင်း....

ရေမှော်ပင်အချို့ ရှိနေသည်ကို လည်းကောင်း....

ကျောက်တုံးကလေးများ ရှိနေသည်ကို လည်းကောင်း တွေ့မြင်ရသေ၏၊

စမ်းချောင်းကလေး တစ်ဖက်၌ စိမ်းလန်းစိုပြည်နေသော တောအုပ်နှင့် လျှိုမြောင်ကြီးတစ်ခု ရှိသည်၊

www.burmeseclassic.com

www.burmeseclassic.com



အခြားတစ်ဖက်တွင်မူ တောင်ကုန်းမို့မို့ တောင်ကုန်း တစ်ခုရှိ၏။

တောင်ကုန်းပေါ်တွင် ဝါးအိမ်တလုံး ရှိနေသည်။

ဝါးအိမ်ရှေ့မှ ထွက်ပေါ်နေသော မီးခိုးများသည် ပြာလွင်သော အရောင်အဆင်းဖြင့် ကောင်းကင်ပေါ်သို့ လွင့်သွား၏။

ကျေးငှက်ကလေးများ၏ ဘာသာဘာဝ တေးကျူးသံ၊ လေတိုက်၍ သစ်ရွက်များ လှုပ်ခတ်သွားသော အသံ။

တောကောင်ငယ်ကလေးများ မြူးတူးခုန်ပေါက် ဆော့ကစားရာမှ ထွက်ပေါ်လာသော အသံများမှာ စီစီညံညံ ရှိနေစဉ်....

ထူးခြားသော အသံတစ်ချက် ထွက်ပေါ်လာ၏။

ရွက်ကြွေခြောက်များ၊ သစ်ကိုင်းခြောက်များအပေါ် နင်းလာသည့် လူတစ်ယောက်၏ခြေသံ ဖြစ်လေ၏။

ခြေသံထွက်ပေါ်လာလျှင် တောကောင်ငယ်ကလေးများ ပြေးသွားကြ၏။

ကျေးငှက်သံများ တိတ်ဆိတ်ငြိမ်သက်သွား၏။

တောင်တန်းတစ်ခွင်၌ လူတစ်ယောက်၏ ခြေသံသာလျှင် စည်းချက်ဝါးချက်ညီညီ ထွက်ပေါ်နေပေ၏။



မှန်ပေသည်။

လူတစ်ယောက် သစ်တောအုပ်ကိုဖြတ်ကာ စမ်းချောင်းဆီသို့ ဦးတည်လှမ်းလာနေပါသည်။

စမ်းချောင်းအနီးသို့ရောက်လျှင် ခြေလှမ်းရပ်ကာ တစ်ဖက်ကမ်းရှိ တောင်ကုန်းပေါ်သို့ လှမ်းကြည့်လိုက်၏။

တောင်ကုန်းပေါ်မှ ဝါးအိမ်ကလေးကို တွေ့မြင်နေရပါသည်။

တဲအိမ်ရှေ့မှ မီးခိုးများ ထွက်ပေါ်နေသည်ကိုလည်း တွေ့လိုက်ရ၏။

တောထဲမှ ထွက်လာသူမှာ ရှင်ဆင်ပမိဖြစ်လေသည်။

ရှင်ဆင်က သဘောကျစွာ ပြုံးလိုက်သည်။

'တော်ပါသေးရဲ့၊ သူရှိနေလို့၊ မဟုတ်ရင် ဘယ်မှာလိုက်ရှာရမယ် မဆိုနိုင်ဘူး'

ပြောရင်း စမ်းချောင်းကိုဖြတ်ကာ တစ်ဖက်ကမ်းသို့ ကူးလိုက်လေ၏။

တစ်ဖက်ကမ်းသို့ရောက်လျှင် တောင်ကုန်းပေါ်သို့ အပြေးတစ်ပိုင်း တက်သွားလေ၏။

www.burmeseclassic.com

တောင်ကုန်းပေါ် မရောက်မီကပင် မွှေးကြိုင်သင်းပျံ့သော ငါးကင်နံ့များ ထွက်ပေါ်နေသည်ကို ရှူရှိုက်မိ၏။

ရှန်ဆင်မှာ ဗိုက်ဆာလာလည်းဟုပင် ခံစားလိုက်ရလေ၏

တောင်ကုန်းပေါ် ပြေးတက်ရာ....

'အတော်ပဲ၊ ကျွန်တော် ထမင်းမစားခဲ့ရတာ သုံးရက်ရှိပြီ ကျွန်တော့်အတွက် ငါးကင်တကောင် ပေးလို့မရဘူးလား

သူ၏စကားသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်၊

မရှေးမနှောင်းမှာပင်....

'ရှန်ဆင်....ကလေး၊ မင်းပြန်လာတာ အံ့ဩစရာပဲဟေ့ မင်း ငါ့ဆီကိုပြန်လာတယ် ဟုတ်လား'

အိုမင်းရင့်ရော် နေပြီဖြစ်သော စကားသံသည် တောင်ကုန်းပေါ်မှ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ရှန်ဆင်က ပြန်ပြောလိုက်၏။

'ဟုတ်တယ် ဘဘ၊ ကျွန်တော်ပြန်လာပြီ'

ပြောရင်း တောင်ကုန်းအတိုင်း ပြေးတက်သွားလေ၏။

မကြာပါချေ။

ဝါးအိမ်လေးတစ်လုံးကို တွေ့လိုက်ရသည်။



ထိုဝါးအိမ်ရှေ့၌ မီးပုံတစ်ခုရှိပြီး မီးပုံဘေး၌ အဘိုးအိုတစ်ယောက် မတ်တတ်ရပ်နေ၏။

သူ၏လက်ထဲ၌ ငါးကို ဝါးဖြင့်တံစို့ထိုးကာ ရှူးမျှားမီးပြီး ကင်ထားသော ငါးကင်တို့ ကိုင်ထား၏။

မီးပုံပေါ်၌လည်း နောက်ထပ် လေးငါးခုရှိနေသည်ကို တွေ့ရ၏။

အဘိုးအိုမှာ ခန္ဓာကိုယ် ပိန်ပိန်ပါးပါးရှိသူ ဖြစ်လေ၏။ ဖျင်ကြမ်းအင်္ကျီ ဝတ်ဆင်ထားပြီး ခါး၌ ဘူးသီးခြောက် အရက်ဘူးကို ချိတ်ထား၏။

ခြေထောက်၌မူ ကောက်ရိုးများဖြင့် ယက်လုပ်ထားသည့် ဖိနပ်စီးထား၏။

သူ၏ဦးခေါင်းတစ်ခုလုံး ဖြူဖွေးနေသအပြင် မျက်ခုံးမွေး၊ မုတ်ဆိတ်မွေးများပင် ဖြူဖွေးနေသည်ကို တွေ့မြင်နိုင်ပေ၏။ ထိုအဘိုးအိုက ပြေးလွှားတက်လာသော ရှန်ဆင်ကိုမြင်လျှင် ခေါင်းမော့ကာ ရယ်လိုက်၏။

'ဟား....ဟား....ဟား၊ ငါတစ်ယောက်တည်း အစားမယ်ဆိုပြီး စဉ်းစားထားတာ၊ အခုတော့ ငါ့ဆီလာစားမယ့်သူ ရောက်လာတာကိုးကွ၊ လာစမ်းပါကွာ၊ ငါ့လက်ထဲက ငါးကင်တို့ ရအောင်လုနိုင်မှ စားရမယ်'

www.burmeseclassic.com



ငါးကင်ကိုမြှောက်ပြရင်း ပြောလိုက်လေ၏။

ရှန်ဆင်မှာ တောင်ကုန်းပေါ် ရောက်ရှိလာပြီဖြစ်သည်။

အဘိုးအို၏ စကားကြားလျှင်....

'ကောင်းပြီလေ၊ ကျွန်တော် ရအောင်လုပြမယ်'

ပြောရင်း ပြေးဝင်လုယူလိုက်၏။

အဘိုးအိုက တဟားဟားရယ်ရင်း မီးပုံကိုပတ်ကာ ပြေးလွှား ရှောင်တိမ်းလေ၏

ရှန်ဆင်ကလည်း မရမနေလုယူဖို့ ကြိုးစား၏။

ခြေလက်များ အသုံးပြုကာ လုယူသော်လည်း အဘိုးအို အင်္ကျီစကိုပင် ထိအောင်ကြိုးစားနိုင်ခြင်း မရှိပေ။

အဘိုးအိုက ရှောင်တိမ်းရင်း ငါးကင်မှရွှံ့များကို ခွာချနေ၏။

ထိုအခါ....

ဆူဖြိုးသည့် ငါးတစ်ကောင် ပေါ်လာသည်။

ရှန်ဆင်က ပြောလိုက်၏။

'ကျွန်တော် သိပ်ဆာနေပြီ၊ မရမက လုတော့မယ်'

ပြောရင်း တရကြမ်းလုလေသည်။



အတန်ကြာသည့် တိုင်အောင် လုယူနိုင်ခြင်း မရှိသောကြောင့် အဘိုးအိုအား ပြင်းထန်စွာတိုက်ခိုက်လိုက်၏။

အဘိုးအိုလဲကျသွားမှ ငါးကင်ကိုယူကာ အေးအေးဆေးဆေး စားသောက်မည့်သဘောပင်ဖြစ်သည်။

သို့သော်

အဘိုးအိုအား ထိရောက်စွာ မတိုက်ခိုက်နိုင်ခဲ့ပေ။

ထို့ကြောင့်....

ဆက်လက်တိုက်ခိုက်ဖို့ မကြိုးစားတော့ဘဲ မီးပုံပေါ်တွင် ကင်ထားသောငါးများကို တွေ့မြင်သွား၏။

ရှန်ဆင်က သဘောကျစွာပြုံးလိုက်သည်။

အဘိုးအိုလက်ထဲမှ ငါးကင်မရသော်လည်း မစားရမှာ ပူပင်စရာမလိုတော့ချေ။

အဘိုးအိုအား တိုက်ခိုက်ရန် လှည့်ယောင်ပြုလိုက်၏။

အဘိုးအို နောက်ဆုတ်သွားသည်ကို အခွင့်ကောင်းယူကာ မီးပုံအနီးသို့ပြေးသွားပြီး ငါးကင်များဆွဲယူလိုက်၏။

အဘိုးအို ကြောင်အမ်းအမ်းဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ရှန်ဆင်က အရေးမစိုက်ဘဲ အဘိုးအိုနှင့်ဝေးရာသို့ ဆုတ်သွားရင်း ငါးကင်မှရှိ များကို ခွာချလိုက်သည်။

'ဟော ...မင်း ဘယ်လိုလုပ်တာလဲကွ'

အဘိုးအိုက ရှေ့တိုးလာသည်။

ရှန်ဆင်လည်း မစားရမှာကိုပူပန်ပြီး ခပ်မြန်မြန်ဖဲ့ယူကာ ပလုတ်ပလောင်းစားလိုက်သည်။

ငါးကင်မှာ ယခုမှ မီးပုံပေါ်ကချသဖြင့် ပူလောင်နေပေရာ....

'ဖူး....ဖရူး'

အပူဒဏ်မခံနိုင်ဘဲ ထွေးထုတ်ပစ်လိုက်၏။

ထိုအခါ

အသားစများမှာ ရှေ့တိုးလာသည့် အဘိုးအို၏မျက်နှာ၌ ပေကျံသွားလေသည်။

'ဟော ....ရှန်ဆင်၊ မင်း...ဘယ်လိုလုပ်လိုက်တာဘဲ၊ တယ်လေ ငါရိုက်လိုက်ရ'

ငါးကင်ခဲ့သော ငါးတံစို့ကို အပေါ်မြှောက်ကာ ရိုက်ချဖို့ဟန်ပြင်လိုက်သည်။



ရှန်ဆင်က မြေပေါ်ထိုင်ချလိုက်ပြီး ငါးကင်အေးသွားအောင် တဖူးဖူးမှုတ်ကာ....

'ကျွန်တော်ပြောသွားပဲ ဗိုက်ဆာနေပါတယ်လို့၊ ဘာဘဲရိုက်ချင်ရိုက်ပါ ကျွန်တော်ကတော့ ထွက်မပြေးဘူး၊ စားနေမှာပဲ'

ပြောပြီး ပလုတ်ပလောင်း စားသောက်လိုက်၏။

အဘိုးအိုက မြှောက်ထားသောလက်ကို ပြန်ချလိုက်လေသည်။

ရှန်ဆင်နှင့် မျက်နှာချင်းဆိုင်ထိုင်လိုက်ပြီး....

'မင်းကို ငါသင်ပေးလိုက်တဲ့ပညာထဲမှ ထခင်းစားတဲ့အတတ်ပညာမှမပါတာကိုး၊ ဒါကြောင့် မင်း...ထမင်းငတ်တာပေါ့၊ ဒီတစ်ခါတော့ ထမင်း ဘယ်လိုရှာစားရမယ်ဆိုတာ သင်ပေးလိုက်မှထင်တယ်'

ရှန်ဆင်က သူ၏စကားကို အမှုမထားဘဲ ငါးကင်ကိုတုန်အောင်စားပစ်လိုက်၏။

သူ၏လက်ထဲမှ ငါးကင်ကုန်သွားချိန်တွင် အဘိုးအိုက နောက်ထပ်ငါးကင်တစ်ခု လှမ်းပေးသည်။

ရှန်ဆင်က ခေါင်းညိတ်ပြရင်း....

www.burmeseclassic.com

www.burmeseclassic.com



'ကျေးဇူးပဲ'

ဟုဆိုတာ ထပ်မံ စားသောက်လိုက်၏။

တခဏအတွင်းတွင် ငါးကင်လေးကောင်တိတိ ကုန်အောင် စားသောက်လိုက်သည်။

စားသောက်ပြီးသွားချိန်၌ ဗိုက်တင်းလာပြီး နှုတ်ခမ်း၌ အဆီဝေ နေပေသည်။

အဘိုးအိုက....

'အစာစားပြီးမှတော့ အရက်လဲ တစ်ကျိုက်လောက် သောက်ချင်ဦးမှာပေါ့'

ပြောပြီး ခါးမှ ဘူးသီးခြောက်အရက်ဘူးကို လှမ်းပေး လိုက်သဋ်။

ရှန်ဆင်လည်း ယူကာမော့ချလိုက်၏။

တဝသောက်ပြီးမှ အရက်ဘူးကို ပြန်ပေးလိုက်၏။

ပြီးလျှင် ဝါးအိမ်ခြေရင်း၌ ခြေဆင်းကာ

'ကျုန်တော် မအိပ်ရတာကြာပြီ၊ ဒါကြောင့် ကျွန်တော် အိပ်တော့မယ်'



စကားပင် ဆုံးအောင်မပြောတော့ဘဲ တခေါခေါဟောက် သံ ထွက်ပေါ်လာ၏။

အဘိုးအို စိတ်ပျက်သွားသည့်အလား ခြေပစ်လက်ပစ် ထိုင်ကာ ရှန်ဆင်ကိုငေးကြည့်နေ၏။

ရှန်ဆင်က တခေါခေါဟောက်ကာ အိပ်ပျော်နေလေ တော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

---

အချိန်များ ကုန်မှန်းမသိကုန်သွား၏။

တခေါခေါဟောက်လျက် အိပ်ပျော်နေသော ရွှန်ဆင်မှာ ဆတ်ခနဲခုန်ထလာသည်။

တစ်ဆက်တည်း မျက်လုံးဖွင့်ကြည့်လိုက်လျှင် ညနေဆည်းဆာအချိန်သို့ပင် ရောက်ရှိနေပြီဖြစ်ကြောင်း တွေ့မြင်ရလေသည်။

'ဟင်....မိုးတောင်ချုပ်တော့မယ်၊ ဘဘ ဘယ်သွားနေပါလိမ့်'

ဟု တွေးတောစဉ်းစားလိုက်၏။

ထိုစဉ်...

တောင်ကုန်းပေါ်သို့ ပြေးတက်လာသော လူရိပ်ထစ်ခုကို တွေမြင်လိုက်ရ၏။



ရွှန်ဆင်ကြည့်နေစဉ် ထိုလူရိပ်သည် သူ့အနီးသို့ ရောက်ရှိလာ၏။

ထိုလူမှာ သူ့အား ငါးကင်ကျွေးခဲ့သော အဘိုးအိုပင် ဖြစ်သည်။

'ဘယ်လိုလဲ မင်း....နိုးနေပြီလား၊ ဒီတစ်ခါတော့ မင်းကို ယုန်သားထင်ကျွေးမယ်ကွ'

ပြောရင်း လက်ထဲ၌ကိုင်ထားသော ယုန်များကို မြှောက်ပြလိုက်သည်။

ရွှန်ဆင်က ပြုံးလိုက်ပြီး

'ဘဘ ကျွန်တော့်အပေါ် သိပ်ကောင်းတာပဲ၊ ဒါကြောင့် ကျွန်တော်က ဘဘကို'

သူ၏စကားမဆုံးမီ အဘိုးအိုက လက်ကာပြလိုက်လေသည်။

'တော်ပါတော့ကွာ၊ မင်းက ငါ့ကိုသိပ်ချစ်တယ်၊ သိပ်ပြီး သံယောဇဉ်ရှိတယ်လို့ ပြောတယ်၊ နောက်တော့ တောထဲမှာ နေချင်ဘူး၊ သိုင်းလောကထဲ ခြေချတော့မယ်ဆိုပြီး ငါ့ကို တောင် အရေးမစိုက်ဘဲ ထွက်သွားတာချည်းပဲ မဟုတ်လား'

ရွှန်ဆင်က ဘာမှ ပြန်မပြောဘဲ ရယ်မောနေ၏။

အဘိုးအိုက ဆက်ပြောလိုက်၏။

www.burmeseclassic.com



'အခုလဲ ကျုပ်ဆီကို ပြန်လာတာ ဘာကြောင့်လဲ၊ ကျုပ်ကို သတိရရဲ့လောက်နဲ့တော့ ဒီတော ဒီတောင်ထဲကို မင်းလာမှာ မဟုတ်ဘူးဆိုတာ ကျုပ်သိတယ် ရှန်ဆင်၊ ကျုပ်ကို လိမ်ဖို့တော့ စိတ်မကူးနဲ့၊ မင်းလိမ်ရင်လဲ ကျုပ်သိတာပဲ'

ရှန်ဆင်က ပခုံးတွန့်လိုက်သည်။

'ဘဘကို ကျွန်တော် ဘယ်တုန်းက လိမ်ညာခဲ့ဖူးလို့လဲ'

အဘိုးအိုက ခေါင်းညိတ်လိုက်၏။

'အေး....ဒါတော့ မှန်တယ်'

ရှန်ဆင်က ပြုံးလိုက်ပြီး....

'ဘဘသိပါတယ်'

'အေးပါ....ငါ့ကို မလိမ်ဘူးဆိုရင် ဘာကိစ္စလာခဲ့တယ်ဆိုတာ ပြောစမ်းပါ၊မင်းရောက်လာကတည်းက ရင်တထိတ်ထိတ်နဲ့ နေရတာကို စိတ်ညစ်လွန်းလို့'

ရှန်ဆင်၏ မျက်နှာ တည်တည်ကြည်ကြည် ဖြစ်သွားလေသည်။

သူ၏ ခါး၌ ချိတ်ဆွဲထားသော ဓားကို ဖြုတ်ယူ၍အဘိုးအိုအား လှမ်းပေးလိုက်သည်။



'ဒါက ဘာလုပ်တာလဲ ရှန်ဆင်'

ရှန်ဆင်က တည်ငြိမ်စွာဖြင့်....

'ဘဘကြည့်ပါ'

အဘိုးအိုက နားမလည်ဟန်ဖြင့်....

'ဘာကြည့်စရာ လိုလို့လဲ၊ ဒီဓားက မင်းကို ငါကိုယ်တိုင်ပေးခဲ့တာပဲ'

ရှန်ဆင် ခေါင်းညိတ်သည်။

'ဟုတ်ပါတယ်၊ ဒါက ဘဘပစ္စည်းပါ၊ ဘဘ ပေးခဲ့လို့ ကျွန်တော် ရခဲ့တာပါ'

အဘိုးအိုက မျက်မှောင်ကုတ်ပြီး....

'နေပါဦး၊ မင်းဘာတွေ ဖြစ်လာတာလဲ၊ ဒီဓားကိုကိုယ်နဲ့မကွာ သိမ်းထားပါလို့ ကျုပ်ပြောခဲ့ပြီးပြီ၊ အခု ကျုပ်ကို ပြန်လာပြတယ်၊ ပြန်ပေးတယ်၊ ဘာတွေ အရူးထနေရတာလဲကွ....'

ရှန်ဆင်က ခေါင်းခါယမ်းလိုက်ပြီး....

'ကျွန်တော် အရူးထတာ မဟုတ်ဘူး၊ ဘဘ ဘာကြောင့်များ ကျွန်တော့် ကို ဖုံးကွယ်ထားရသလဲ ဆိုတာ မေးချင်လို့ ပြန်လာခဲ့တာပါ'

www.burmeseclassic.com

www.burmeseclassic.com



'ဟော'

အဘိုးအိုက မျက်လုံးပြူးသွားသည်။

ရွှန်ဆင်အား နားမလည်နိုင်စွာ ကြည့်နေ၏။

သူက ဆက်ပြောသည်။

'ဘဘ မှတ်မိလား၊ ကျွန်တော် သိုင်းလောကထဲ ခြေ... တော့မယ် ပြောတုန်းက ဓါးမျိုး တစ်ပုံစံတည်း ကိုင်ထား... လူ တွေ့ရင် ပြောပါဆိုတာလေ'

အဘိုးအို ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ငါမင်းကို ပြောခဲ့တယ်'

သူကစကားထက်လိုက်၏။

'ဘဘမပြောဘဲ လျှို့ဝှက်ထားတဲ့ ကိစ္စကို ကျွန်တော်သိ... တယ်၊ ကျွန်တော့်ကို ပြောပြပါ'

အဘိုးအိုက စိတ်ပျက်သွားပုံဖြင့် ခေါင်းခါ ယမ်းလို... သည်။

'ငါက မင်းကို ဘာတွေများ လျှို့ဝှက်ထားတယ် ထင်လို့... ငါ ဘာ တစ်ခုမှ လျှို့ဝှက်စကား မပြောဘူး ဆိုတာ မင်းယ... စမ်းပါ'



ရွှန်ဆင်က ခေါင်းခါယမ်းလိုက်၏။

'ကျွန်တော် မယုံနိုင်ဘူး ဘဘ'

'မင်းတော့ ခက်နေပြီ'

'ခက်နေတာက ဘဘ၊ ကျွန်တော် မဟုတ်ဘူး'

အဘိုးအိုက သက်ပြင်းချလိုက်၏။

ရွှန်ဆင်ကို စိုက်ကြည့်၍....

'နေပါဦး....မင်းက ဘာတွေ ဖြစ်လာတာလဲ၊ ငါ့ကိုအရင်ဆုံး ရှင်းပြစမ်းပါဦး'

ရွှန်ဆင်က ခေါင်းညိတ်၍....

'ကောင်းပြီလေ၊ ဘဘ သိချင်တယ် ဆိုရင် ပြောပြရသေးတာပေါ့၊ ဓါးနဲ့ တစ်ပုံစံတည်းတူတဲ့ ဓားတစ်လက်ကို ကျွန်တော် တွေ့ခဲ့တယ်'

'ဟော'

အဘိုးအိုက မယုံကြည်နိုင်အောင် ဖြစ်သွားသည်။

ရွှန်ဆင်က ဆက်ပြောလိုက်၏။

'ဒါကြောင့် ဘဘဆီကို ကျွန်တော် လာပြောတာပေါ့၊ သူက ကျွန်တော့်ရဲ့ ရန်သူ ဖြစ်နေတယ်၊ ဒါကြောင့်မို့ မမှားသင့်တာ မမှားရအောင် ဘဘဆီကို ပြေးလာခဲ့တာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုက စဉ်းစားရင်း ငိုင်နေမိသည်။

ရှန်ဆင်က မအောင့်အည်းနိုင်တော့ဘဲ....

'ဘဘ ဒီခါးနှစ်လက်ဟာ ဘယ်လို ဆက်စပ်မှုရှိနေတယ်ဆိုတာ ပြောပြပါလား၊ ကျွန်တော့်ကို လျှို့ဝှက် မထားပါနဲ့လို့ တောင်းပန်ပါတယ်'

အဘိုးအိုက သက်ပြင်းချလိုက်ပြီး ခေါင်းတွင်တွင်ခါယမ်းကာ....

'အင်း....ဒုက္ခပဲ၊ ငါတော့ ဘယ်လို ရှင်းပြရမှန်းတောင်မသိတော့ဘူး၊ အခုမှ ခက်ပြီ'

ဟု ညည်းညူလိုက်သည်။

ရှန်ဆင်က အဘိုးအိုအား ငေးစိုက်ကြည့်နေ၏။

'အင်း....မင်းက သိပ်သိချင်နေမှတော့ ကျုပ်ပြောပြရဦးမှာပေါ့၊ မင်းအတွက် တစ်သက်လုံး ကျုပ် လိမ်ညာထားခဲ့တာတွေကို ဖွင့်ပြောရမှာမို့ ကျုပ်ကိုလူလိမ်လူညာတစ်ယောက်လို့ မထင်စေချင်ဘူး....

'တကယ်ဆိုရင် ဘာမှ ထူးခြားတဲ့ ကိစ္စ မဟုတ်ပေမယ့် ငါ့အပေါ် မင်းအထင် လွဲသွားမှာကိုတော့ စိုးရိမ်မိပါတယ်ကွာ'



ရှန်ဆင်က ခေါင်းညိတ်လိုက်သည်။

'စိတ်ချပါ အဘ၊ ကျွန်တော့် အပေါ် ကောင်းလှတဲ့ အဘကို ဘယ်လိုမှ သဘောမထားပါဘူး၊ အဘအပေါ် အပြစ်မမြင်ဘူးဆိုတာ ကတိပေးပါတယ်'

အဘိုးအို၏ မျက်လုံးများ ရီဝေနေသည်။

ရှန်ဆင်ကို မကြည့်ဘဲ အဝေးဆီသို့ ငေးမော ကြည့်နေမိသည်။

သူ၏ မျက်လုံးအိမ်ထဲ၌ အတိတ်မှဖြစ်ရပ်များကို အစီအရီ ပြန်လည် မြင်ယောင်လာပုံ ရသည်။

အတော်ကြာအောင် ငေးကြည့် နေပြီးမှ သက်ပြင်းချ၍ လေးတွဲသော အသံဖြင့်....

'အင်း....မင်းက ပြောပြပါလို့ တိုက်တွန်းလွန်း အားကြီးတော့လဲ ပြောပြရသေးတာပေါ့၊ ငါ့အပေါ် ဘယ်လိုမှတော့ မမြင်စေချင်ဘူး၊ အစကတည်းက ငါပြောမပြတာဟာ မင်းအတွက်ပါပဲ....

'မင်းရင်ထဲမှာ ဝေဒနာတစ်ရပ်အဖြစ် စွဲစွဲမြဲမြဲ ခံစားမနေရလေအောင် ငါက ဖုံးဖိထားတာပါ၊ အခုမှ မထူးတော့ပါ

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ သိသင့်သလောက် ပြောပြရသေးတာပေါ့၊ ကဲ…မင်းသေချာ နားထောင်ပေတော့'

သူက အတိတ်မှ ဖြစ်ရပ်များကို ပြန်ပြောင်း ပြောပြလိုက်သည်။

ရှန်ဆင်လည်း တိတ်ဆိတ်ငြိမ်သက်စွာဖြင့် နားထောင်နေလေတော့သည်။

* * *

အဘိုးအိုက တစ်လုံးချင်း ပြောပြလိုက်သည်။

'ငါ့ရဲ့နာမည်က ချောင်ကျင်ဆိုတာ မင်းသိတယ်နော်၊ မင်းရဲ့မိဘနာမည်က ချန်းစီနဲ့ လူမေပဲ၊ တစ်နေ့မှာ ငါက ခရီးသွားရင်း မိုးချုပ်သွားလို့ သူတို့အိမ်မှာ တည်းခဲ့တယ်၊ အဲဒီတုန်းကသူတို့ရဲ့ ကလေး နှစ်ယောက်က သုံးနှစ်သားနဲ့တစ်နှစ်သားလောက် ရှိတယ်…

'အဲဒီညမှာ အနက်ရောင် ဝတ်ဆင်ထားပြီး အနက်ရောင်မျက်နှာဖုံး စွပ်ထားတဲ့ လူငါးယောက်က ချန်းစီနဲ့ လူမေကိုသတ်သွားခဲ့တယ်'

သူက သက်ပြင်းချပြီး စကားဆက်သည်။

'လူမေက မသေခင်မှာ သူ့ရဲ့ သားလေး နှစ်ယောက်ကို

www.burmeseclassic.com



က နေပြည်တော်ကို သတင်းပို့လိုက်တယ် ထင်ပြီး သတ်သွားတာလို့ မသေခင်မှာ ပြောခဲ့တယ်၊ ဒါနဲ့ ငါကလဲ ကလေးနှစ်ယောက်ကို ခေါ်လာခဲ့တယ်'

အဘိုးအို(ဝါ)ရှောင်ကျင်၏ စကား ဆုံးသွားသည်၊

အဘိုးအိုက ဆေးတံကို မီးညှိလိုက်သည်၊

ပြီးလျှင်....

ရှိန်ဆင်ဘက်သို့ တဖြည်းဖြည်းချင်း လှည့်လာ လေတော့သည်။

ရှိန်ဆင်က ငိုင်တွေနေသည်။

ရှောင်ကျင်က ဆေးတံကို ဖွာရှိုက်ပြီးမှ....

'မင်းသဘောပေါက်သွားပြီလား'

ရှိန်ဆင်က ခေါင်းခါယမ်းလိုက်သည်၊

'ကျွန်တော် သိပ်နားမလည်ဘူး'

'ဟေ့....ဘာပြောတယ်'

ရှောင်ကျင်က အံ့ဩဟန်ဖြင့်မေးလိုက်၏၊

'အဘပြောတာ ဆုံးမှမဆုံးသေးဘဲ'



ရှောင်ကျင်က ခေါင်းညိတ်ပြီး

'အေး....ငါဆက်ပြောမယ်၊ ငါက ကလေးနှစ်ယောက်ကို ခေါ်ပြီး ထွက်လာခဲ့တယ်....'

'ဒါပေမယ့် ကလေးနှစ်ယောက်ကို ဘယ်လို ထိန်းသိမ်းစောင့်ရှောက်ရမယ်ဆိုတာ မွေးမြူရမယ်၊ ကြီးပြင်းအောင် စောင့်ရှောက်ရမယ်ဆိုတာ မသိဘူး၊ ကလေးနှစ်ယောက်စလုံးရဲ့တာဝန်လဲ မတတ်နိုင်ဘူး ချုန်းစီနဲ့လုမေက အဘအပေါ် ကျေးဇူးရှိခဲ့လေတော့ ကလေးနှစ်ယောက်အနက် တစ်ယောက်ကိုပဲ တာဝန်ယူဖို့ ဆုံးဖြတ်လိုက်တယ်....'

'ကလေးအကြီးကိုခေါ်သွားပြီး ကလေးအငယ်ကိုတော့ ဘုန်းကျောင်းတစ်ခုရှေ့မှာ ထားပစ်ခဲ့တယ်....'

'ကြီးလာရင် အမှတ်အသားတစ်ခုဖြစ်ကြောင်းဆိုပြီး အဲဒီကလေးရဲ့ဘေးနားမှာ မင်းကို ကောက်ယူမွေးစားခဲ့သူက အဲဒီဓားတိုကလေးကို ပေးခဲ့မယ်လို့ အဘယုံကြည်တယ်'

သူက စကားဆက်လိုက်ပြန်သည်၊

'ကလေးအကြီးကတော့ မင်းပဲ'

ရှိန်ဆင်၏ခန္ဓာကိုယ် ဆတ်ခနဲတုန်သွား၏၊

ရှောင်ကျင်ကို မျက်တောင်မခတ်စိုက်ကြည့်ရင်း....

'ကလေးငယ်က ဘယ်မှာလဲ'

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ကျင်က ပါးစပ်ပိတ်ထားလိုက်၏။

ရှန်ဆင်က ပြောလိုက်သည်။

'အင်း....သူက ဒီဓားကို သူပိုင်တယ်လို့ ပြောတယ်၊ ဒါဆို ကျွန်တော့်ညီလေးပဲဖြစ်ရမယ်'

ရှောင်ကျင်က သူ့အားစိုက်ကြည့်ကာ....

'သူဆိုတာ ဘယ်သူလဲ၊ ခုနကတော့ မင်းရဲ့ရန်သူဆို'

ရှန်ဆင်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်အဘ၊ သူနဲ့ကျွန်တော်နဲ့ ရန်သူတွေပါ၊ သူ့နာမည်က မင်းယန်တဲ့'

ရှောင်ကျင်က ကောက်ကာငင်ကာ မေးလိုက်၏။

'သူက ဘာလုပ်လို့ မင်းရဲ့ရန်သူဖြစ်ရတာလဲ'

ရှန်ဆင်က ပြန်ပြောလိုက်သည်။

'သူက ထောက်လှမ်းရေးမှူးပါ၊ ဥပဒေဘောင်အတွင်းက လူတစ်ယောက်ပါ'

ရှောင်ကျင်က သူ့အား မျက်လုံးပြူးကြည့်ကာ....



'ဒါ... ဒါဆို မင်းကလူဆိုးလား၊ ဒီမှာရှန်ဆင် မင်း.... ဘာ့မဟုတ်တာတွေ လျှောက်လုပ်နေတာလဲ'

ရှန်ဆင်က ပါးစပ်ပိတ်ထားလိုက်သည်။

ရှောင်ကျင်က ဆက်ပြောလိုက်၏။

'မင်းကို သိုင်းလောကထဲ ခြေချခွင့်ပေးလိုက်တာ ငါ့လို အဖြူရောင် ထိပ်သီးသိုင်းသမားတစ်ယောက် ဖြစ်လာဖို့ပဲ'

'ဒါကြောင့် ငါ့ရဲ့ပညာတွေ မင်းကို အကုန်သင်ပေးခဲ့တာ အခု မင်း ဘာတွေလျှောက်လုပ်နေလဲ ပြောစမ်း ရှန်ဆင်၊ သိုင်းလောကထဲက အနားယူပြီး လူသူကင်းဝေးတဲ့ နေရာမှာ သာနေတာကို မင်းက အခွင့်ကောင်းယူပြီး မဟုတ်တာတွေ လျှောက်လုပ်နေတာပေါ့ဒလ ပြောစမ်း'

ရှန်ဆင်က ခေါင်းငုံ့ထားရာမှ ရှောင်ကျင်ကို မော့ကြည့်ကာ....

'ကျွန်တော့်ကို ခွင့်လွှတ်ပါအဘ၊ ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော် အခု ကြေးစားဓားသမားအလုပ်ကို လုပ်နေပါတယ်'

'ဘာ'

ရှောင်ကျင်၏အသံ ဟိန်းထွက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



'မင်း....မင်းကို ငါသင်ပေးခဲ့တဲ့ပညာတွေ အလကား ဖြစ်နေပါလား....'

'ဟင်း....ရွှန်ဆင်၊ မင်းကိုငါချစ်ခဲ့တာတွေလဲ အလကားပဲ ငါကတော့ ဒီကိစ္စတွေ မင်းကိုပြောပြရင် ငါက မင်းရဲ့ဦးလေး ဆိုပြီး လိမ်ညာပြောခဲ့တာကို မင်း စိတ်ဆိုးမှာစိုးလို့ မပြောရက်ခဲ့ဘူး၊ ငါ အဲ့ဒီလောက်ထိ မင်းအပေါ် သံယောဇဉ်ထားခဲ့တယ်'

သူ၏အသံမှာ တုန်ခါလာ၏။

'မင်းကို ငါ့ရဲ့သားလေးတစ်ယောက်လိုပဲ စောင့်ရှောက်ခဲ့တယ်၊ ငါ့ဘဝမှာ မင်းရှိနေလို့ အိမ်ထောင်တောင်မပြုခဲ့ဘူး အခုတော့ မင်းက'

သူသည် စကားကို တစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်လေသည်။

ရွှန်ဆင်က ရှောင်ကျင်၏ ဒူးထောက်ထိုင်ချလိုက်ပြီး....

'ကျွန်တော် ခွင့်လွှတ်ပါအဘရယ်၊ ဒီနေ့ကစပြီးတော့ ကြေးစားအလုပ်ကို ကျွန်တော် စွန့်လွှတ်လိုက်ပါတော့မယ် ဘာပဲဖြစ်ဖြစ် ကျွန်တော် အဲ့ဒီအလုပ်ကိုလုပ်ခဲ့လို့သာ ကျွန်တော့်ရဲ့ညီလေးနဲ့ တွေ့ခဲ့ရတာပါ'



ရှောင်ကျင်က သူ့အားစိုက်ကြည့်ကာ....

'အဲ့ဒီအလုပ်ကို စွန့်လွှတ်တော့မယ်ဆိုတာ တကယ်လား'

ရွှန်ဆင်က ခေါင်းညိတ်လိုက်သည်။

'ကျွန်တော် ဘယ်တုန်းက လိမ်ပြောဖူးလို့လဲအဘရယ်၊ အဘက ကျွန်တော့်ရဲ့ဦးလေးပါလို့ ပြောခဲ့တဲ့အတွက် ကျွန်တော့်စိတ်ထဲမှာ ဒေါသလဲမဖြစ်ဘူး၊ အထင်လဲမလွဲပါဘူး'

သူက တည်ကြည်သောမျက်နှာဖြင့် ဆက်ပြောလိုက်လေသည်။

'အဘဟာ ကျွန်တော့်ကို ကျွေးမွေးပြုစု စောင့်ရှောက်ခဲ့တယ်....'

'ကျွန်တော့်နဲ့ဘဝမှန်လဲ စေတနာစိတ် ချစ်တဲ့စိတ်တွေနဲ့ ဖုံးကွယ်ခဲ့တယ်ဆိုတာ ကျွန်တော်သိပါတယ်၊ ဘာကြောင့် ကျွန်တော်က အဘကို မခံကျေနပ်ရမှာလဲ'

ရှောင်ကျင်က သက်ပြင်းချလိုက်သည်။

သူ၏မျက်နှာသည် ပြုံးရွှင်နေပြီး

'ဒီစကားကြားရတာ အဘ ဝမ်းသာတယ်ကလေးရယ်၊ မင်းသာ ကတိတည်အောင်လုပ်ပါကွယ်၊ အဲ့ဒါဆိုရင် မင်း လိုချင်ဖို့ကောင်းတဲ့သူ ဖြစ်သွားလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



ရှန်ဆင်က သက်ပြင်းချပြီး

'သူကတော့ ကျွန်တော့်ကို ဒီလိုထင်မှာမဟုတ်ဘူး'

ရှောင်ကျင်က မေးလိုက်သည်။

'ဘယ်သူလဲ'

ရှန်ဆင်က မျက်နှာညှိုးနွမ်းသွားပြီး....

'မင်းယန်လေ၊ သူက ကျွန်တော့်ကို ရန်သူတစ်ယောက်လို သဘောထားနေတယ်၊ တစ်နေ့မှာ သူနဲ့ကျွန်တော် တစ်ယောက်ယောက်သေရလိမ့်မယ်လို့ သူကဆုံးဖြတ်ထားတယ်'

ရှောင်ကျင်က ပြောလိုက်သည်။

'ဒါဆို မင်းက ရှင်းပြလိုက်ပေါ့ကွာ'

နန်ဆင်က ပြန်ပြောလိုက်သည်။

'ကျွန်တော်ရှင်းပြတော့ရော သူယုံပါ့မလား၊ ကျွန်တော်ကတော့ မကောင်းတဲ့အလုပ်တွေကို စွန့်လွှတ်ပြီး အဘနဲ့ညီလေးတို့နဲ့အတူ ပျော်ပျော်ရွှင်ရွှင်နေသွားချင်တယ်'

ရှောင်ကျင်က သူ့အားငေးကြည့်နေသည်။

ရှန်ဆင်က တစ်စုံတစ်ရာကို သတိရဟန်ဖြင့်

'ဒါနဲ့ ကျွန်တော် ညီလေးကို ဘယ်ကုန်ကျောင်းရှေ့မှာ ထားပစ်ခဲ့တာလဲအဘ'



ရှောင်ကျင်က ပြန်မေးလိုက်၏။

'မင်းရဲ့ညီလေးက မင်းယန်ဟုတ်မဟုတ်ဆိုတာ စုံစမ်းကြည့်မလို့လားကွ'

ရှန်ဆင်က ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ် အဘ၊ ပိုပြီးသေချာအောင် လုပ်ပါ'

'အေး....ငါက သူ့ကို ထိုက်ရှမ်းမြို့မြောက်ဘက် ငါးမိုင်အကွာလောက်မှာရှိတဲ့ ဟန်လူမျိုး ဘုံကျောင်းမှာ စွန့်ပစ်ခဲ့တာပဲ။ မင်းရဲ့ညီလေးကို အဘစွန့်ပစ်ခဲ့တဲ့အတွက် အဘကို စိတ်မဆိုးသွားနဲ့ဦး'

ရှန်ဆင်က ထိုင်ရာမှ ထလိုက်၏။

ရှောင်ကျင် မျက်လုံးပြူးသွားသည်။

'ဟေ့....ရှန်ဆင်၊ မင်းဘယ်သွားမလို့လဲ'

'ကျွန်တော်သွားတော့မယ် အဘ'

'ဘာလဲ၊ မင်း ငါ့ကိုစိတ်ဆိုးသွားလို့လား'

ရှန်ဆင်က ခေါင်းခါယမ်းလိုက်၏။

'အဘတို့ ကျွန်တော် စိတ်တော်မဆိုးပါဘူး၊ မင်းယန်ဟာ တကယ်ပဲ ကျွန်တော့်ညီ ဟုတ်မဟုတ်ဆိုတာ စုံစမ်းဖို့ အခိုက်အရေးကြီးနေလို့ပါ....

www.burmeseclassic.com

www.burmeseclassic.com



'နောက်ပြီး ကျွန်တော့် မိဘတွေကို သတ်ဖြတ်သွားကြတဲ့ သူတွေကိုလဲ ပြန်ပြီး ကလဲ့စားချေရဦးမယ်၊ ဒါနဲ့ လူငါးဦးဆိုတာ ဘယ်သူတွေလဲ ဘဘသိလား'

ရှောင်ကျင်က အနည်းငယ် စဉ်းစားလိုက်ပြီး....

'ဘဘ စုံစမ်းသလောက် သိရတာကတော့ မရဏတောင်ကြားက မုကျုံးပါတယ်လို့ သိရတာပဲ၊ ကျန်တဲ့လေးဦးတော့ ဘဘ မသိဘူး၊ မင်းက ဒါနဲ့ တစ်ရက်နှစ်ရက်လောက်တောင် မနေတော့ဘူးလား'

ရှန်ဆင်က ခေါင်းခါယမ်းလိုက်ပြီး....

'အဲဒီမရဏတောင်ကြားက မုကျုံးကို သုတ်သင်ပြီးတာနဲ့ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက် ဘဘဆီ လာခဲ့ပါမယ်၊ ကျွန်တော့်ကို သွားခွင့်ပြုပါဦး'

ရှောင်ကျင်သည် မကျေမနပ် ဖြစ်သွား၏။

သူ၏ရှေ့၌ပုံထားသော ယုန်သေသုံးကောင်ကို ခြေဖြင့် ကန်ကျောက်လိုက်ပြီး....

'ဒီယုန်တွေ ဘယ်သူစားမှာလဲ၊ သွားစမ်း'

ရှန်ဆင်က ဘာမှမပြောဘဲ ချာခနဲလှည့်ကာ ထွက်လာခဲ့သည်။

အဝေးသို့ရောက်လျှင် အနောက်ဘက်ဆီမှ ရှောင်ကျင်၏ အော်ပြောလိုက်သောအသံကို ကြားရ၏။



'ရှန်ဆင်....မင်း နောက်တစ်ခေါက် လာမယ်ဆိုရင်တော့ အေးအေးဆေးဆေး နေနိုင်မှ လာခဲ့၊ ခဏလေးနဲ့ နေပြီး ပြန်မယ်ဆိုရင် မလာခဲ့နဲ့'

ရှင်ဆင်၏ခြေလှမ်း တုံ့ခနဲရပ်သွား၏။

သို့သော်....

ချက်ချင်းပင် ရှေ့ဆက်၍ လျှောက်သွားလေ၏။

ရှောင်ကျင်သည် သူ့အား မျက်စိတဆုံး ကြည့်နေမည်ကို နောက်သို့မကြည့်ဘဲ သူသိနေ၏။

သူသည် အလွန်ပင်ခေါင်းမာသူတစ်ယောက် ဖြစ်သည်ကို လည်း ရှောင်ကျင် သိပေလိမ့်မည်။

* * *

www.burmeseclassic.com

ဘုံကျောင်းစောင့်

ထိုက်ရှမ်းမြို့....

ထိုက်ရှမ်းမြို့သည် လွန်စွာစည်ကား သိုက်မြိုက်သော မြို့တစ်မြို့ဖြစ်၏။

ထိုက်ရှမ်းမြို့၏ အရှေ့အနောက်ဝဲယာတွင် တောင်ကုန်းတောင်တန်းများ ဝိုင်းရံနေသော်လည်း တောင်အောက်၌မူ ဝိုမ်းလန်းသော သစ်တောများ ရှိနေသည်ကို တွေ့မြင်နိုင်ပေသည်။

ထိုက်ရှမ်း မြို့လယ်ဈေးမှာ နံနက် မိုးစင်စင်လင်းချိန်မှ အစပြုကာ မိုးချုပ်သည်အထိ စည်ကားသောဈေး ဖြစ်လေသည်။



ထိုက်ရှမ်းမြို့၏ အနီးပတ်ဝန်းကျင်ရှိ ကျေးလက်တောရွာများမှ ဈေးရောင်းဈေးဝယ်များ လာရောက်လေ့ရှိ၏။

ယနေ့တွင်....

လူရွယ်တစ်ယောက်သည် ဈေးထဲ၌ ဟိုဟိုသည်သည်ကြည့်ရင်း လျှောက်သွားလေ၏။

ထိုလူရွယ်မှာ မီးခိုးရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး ခါး၌ ဓားတစ်လက် ချိတ်ဆွဲထားသည်။

ထိုလူရွယ်မှာ ရှောင်ကျင်နှင့်လမ်းခွဲလာခဲ့သော ရှန်ဆင်ပင်ဖြစ်၏။

သူသည် တက်ကြွသန်းဆန်းနေ၏။

မင်းယန်အံမှစားကို တွေ့ရပြီးသည့်နောက်ပိုင်း သူ၏ဘဝမှာ အဓိပ္ပာယ်ရှိလာသည်ဟု ခံစားရ၏။

သူမိဘနှစ်ပါးအား သတ်ဖြတ်သွားကြသူများကို စုံစမ်းဖော်ထုတ်ဖို့ ရည်ရွယ်ထားသည်။

ထိုကိစ္စကို နောက်ပိုင်းမှ မင်းယန်နှင့်ညှိနှိုင်းဆောင်ရွက်ရန် တော်ကူးထားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်....

သူ၏မိတ်ဆွေများကို လုပ်ကြံသွားသူများမှာ မည်သူမည်ဝါ ဖြစ်ကြောင်း ရှောင်ကျင်ထံ၌မမေးမြန်းဘဲနေခဲ့ခြင်း ဖြစ်လေသည်။

မင်းယန်ကိုလက်တွဲ၍ ရှောင်ကျင်ထံခေါ်သွားလျှင် အမှန်တရားတို့ ပေါ်ပေါက် လာမည်ဟုလည်း ယုံကြည်ထား၏။

မြို့လယ်ဈေးကို ဖြတ်ကျော်ပြီး တစ်ခဏအကြာတွင် မြို့၏ မြောက်ဘက်ထွက်ပေါက်သို့ ရောက်ရှိလာခဲ့၏။

ရွှန်ဆင်ကမြင်းတစ်ကောင်ဝယ်ယူဖို့ စိတ်ကူးမိသော်လည်း မဝယ်ဖြစ်ဘဲ ဆက်၍ထွက်လာခဲ့၏။

ရှောင်ကျင် ပြောပြသည့်အတိုင်း မြောက်ဘက်စူးစူးသို့ ဆက်ပြီး ခရီးနှင်သွားလေသည်။

နေမွန်းတည့်ချိန် ရောက်သောအခါ အတော်ခရီးပေါက် နေပြီဖြစ်၏။

စိမ်းလန်းသော တောအုပ်များကို ဖြတ်ကျော်ပြီးနောက် အဝေးတွင် ကျေးရွာကလေး တစ်ရွာရှိနေသည်ကို တွေ့မြင်ရသည်။



ရွှန်ဆင်က ထိုကျေးရွာကလေးဆီသို့ ဦးတည်ကာလျှောက် သွား၏။

ကျေးရွာအနီးသို့ရောက်လျှင်အိမ်ခြေမှာ ငါးဆယ်ခန့်ရှိပြီး လယ်သမားများ မှီတင်းနေထိုင်ရာ ကျေးရွာတစ်ခုဖြစ်သည်ကို တွေ့ရ၏။

သူက ရွာဘေးမှဖြတ်လျှောက်ရင်း လမ်း၌တွေ့ရသူ တစ်ယောက်ထံတွင် စုံစမ်းမေးမြန်းလိုက်သည်။

'မိတ်ဆွေ.... ဒီမှာ ဟန်လူမျိုးဘုံကျောင်း ရှိတယ်မဟုတ်လား'

ထိုလူက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး....

'ရှိပါတယ်'

ရွှန်ဆင် ဝမ်းသာသွား၏။

'အဲဒီဘုံကျောင်း ဘယ်မှာ ရှိတယ်ဆိုတာ ညွှန်ပြပေးပါ လား'

'ရပါတယ်၊ သိပ်တော့ မဝေးပါဘူး၊ တို့ရွာရှေ့က မြင်နေရတဲ့ တောတန်းကလေးကို ဖြတ်ကျော်ပြီးရင် ဟန်လူမျိုး ဘုံကျောင်းကို ရောက်ပါတယ်၊ ခင်ဗျားက အဲဒီကိုသွားမလို့ လား'

www.burmeseclassic.com

www.burmeseclassic.com



ရွှန်ဆင်က ခေါင်းညိတ်ပြလိုက်၏။

'ဟုတ်တယ်'

ထိုလူက အံ့အားသင့်စွာဖြင့်....

'ဘာသွားလုပ်မှာလဲဗျ၊ အဲ့ဒီမှာဘယ်သူမှမနေတော့ဘူး'

'ဗျာ'

မမျှော်လင့်ဘဲ ကြားလိုက်ရသောစကားကြောင့် ရွှန်ဆင် ကြောင်အမ်းအမ်း ဖြစ်သွားလေ၏

ထိုလူကို ငေးကြည့်ရင်း....

'မိတ်ဆွေ.... အဲ့ဒီဘုံကျောင်းမှာ ဘယ်သူမှမနေတော့ဘူး မဟုတ်လား'

'ဟုတ်တယ်၊ အဲ့ဒီဘုံကျောင်းပျက်သွားတာ ဘယ်လောက်ကြာပြီလဲ'

ရွှန်ဆင်သည် ငိုင်ကျသွားသည်။

ထိုလူက ဆက်ပြောလိုက်သည်။

'အစကတော့ လူစည်ကားသိုက်မြိုက်ခဲ့ပါတယ်....'



'ဒါပေမယ့် လမ်းခရီးက ခေါင်လွန်းအားကြီးတော့ တစ်စထက်တစ်စ လူအလာနည်းသွားတယ်၊ အေးအေးချမ်းချမ်း တရားအားထုတ်ချင်တဲ့ ဘုန်းတော်စင်တွေအတွက်တော့ ကောင်းတာပေါ့....'

'ဒါပေမယ့်ဗျာ လှူမယ့်တန်းမယ့်လူမရှိတော့လဲ ဘယ်လိုလုပ် ဆက်ပြီးရပ်တည်နိုင်မှာလဲ၊ နောက်ဆုံး အားလုံး စွန့်ခွာသွားခဲ့တော့တာပေါ့'

မင်းယန်အကြောင်းစုံစမ်းဖို့ ကွင်းဆက်ပြတ်သွားပြီဟု ရွှန်ဆင် တွေးလိုက်မိသည်။

ဟန်လူမျိုး ဘုံကျောင်းရှေ့၌ သူ၏ညီငယ်ကို ထားပစ်ခဲ့သည်မှာ မှန်သော်လည်း ထိုအကြောင်းကို မည်သူ့အား မေးမြန်း၍ရနိုင်ပါမည်နည်း။

ထိုလူက သူ့အား စူးစမ်းသလိုကြည့်ကာ

'နေပါဦး၊ မိတ်ဆွေက ဘုံကျောင်းကို ဘာသွားလုပ်မလို့လဲ၊ ဘယ်သူမှမရှိတော့ဘူးဗျ'

ရွှန်ဆင်က ပြန်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်ရဲ့ မိတ်ဆွေတစ်ယောက်က ဒီဘက်ကိုရောက်ရ
ဟန်လူမျိုးဘုံကျောင်းမှာရှိနေတဲ့သူ့ရဲ့ညီလေးအကြောင်း စုံစမ်း
ပေးဖို့ လူကြုံမှာလိုက်လို့ပါ'

ထိုလူက ပြောလိုက်သည်။

'ဟာ....ဒါဆိုရင်တော့ ဒီလူ ဒီမှာရှိတော့မှာမဟုတ်ဘူးဗျ
တခြားတစ်နေရာရာကို ထွက်သွားလောက်ရောပေါ့၊ ခင်ဗျား
မိတ်ဆွေ မှာလိုက်တဲ့လူကဘယ်သူလဲ၊ ရွာထဲက အဘိုးအ
မားလျှကို သွားမေးကြည့်ပါလား၊ သူဟာ တစ်ချိန်က ဟ
လူမျိုးဘုံကျောင်းမှာ သန့်ရှင်းရေးကုသိုလ်ပြုခဲ့တဲ့ လူတ
ယောက်ပဲ၊ ဒီနယ်တစ်ဝိုက်မှာတော့ အဲ့ဒီ ဘုံကျောင်
အကြောင်း သူ့လောက် ဘယ်သူမှမသိနိုင်ဘူးဗျာ၊ အသ
ကြီးသွားပေမယ့် ဘုံကျောင်းကို ဘယ်ရက်မှာ ဘယ်
စတင်တည်ထောင်ခဲ့တာကအစ မှတ်မိနေတုန်းပဲ'

ရွှန်ဆင် စိတ်လှုပ်ရှားသွားသည်။

'အဘိုးအိုမားလျှ ဘယ်မှာရှိတယ်ဆိုတာကို ညွှန်ပြပေးပ
လား'

ထိုလူက ခေါင်းညိတ်ပြီး

'ရပါတယ်ဗျာ၊ ကျုပ်နောက်လိုက်ခဲ့ပါ'

ပြောပြီး ရှေ့မှ လမ်းပြခေါ်ဆောင်သွားသည်။



ရွှန်ဆင်လည်း ထိုလူ့နောက်မှ ခပ်သွက်သွက်လျှောက်ကာ
လိုက်ပါသွားသည်။

မကြာပါချေ။

သူတို့နှစ်ယောက် ရွာစွန်ရှိ အိမ်ကလေးတစ်လုံးရှေ့သို့
ရောက်ရှိသွားကြတော့သည်။

*   *   *

www.burmeseclassic.com

www.burmeseclassic.com

---

အိမ်ကလေးမှာ သေးငယ်သော်လည်း သပ်သပ်ရပ်ရပ် ရှိပေသည်။

အိမ်ရှေ့မြေကွက်လပ်၌ အမှိုက်သရိုက် စိုးစဉ်မျှမရှိဘဲ ရှင်းလင်းနေသည်ကို တွေ့ရ၏။

လမ်းပြခေါ်ဆောင်လာသူက အိမ်ရှေ့သို့ ရောက်လျှင်....

'အဘလျှ ....အဘလျှ ရှိသလား၊ ဧည့်သည်ပါလာတယ်'

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင်....

'ဘယ်သူလဲ၊ အိမ်ပေါ်တက်ခဲ့လေ'

အိမ်ထဲမှ စကားသံပြန်လည်ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

လမ်းပြသူက ရှန်ဆင်ဘက်လှည့်ကာ....



'ကဲ....မိတ်ဆွေပဲ တက်သွားပြီး မေးစရာရှိတာ မေးပေတော့၊ ကျုပ်မှာ သွားစရာရှိလို့ သွားလိုက်ဦးမယ်'

ဟု နှုတ်ဆက်ကာ ထွက်သွားလေ၏။

ရှန်ဆင်လည်း ထိုလူကိုနှုတ်ဆက်ပြီး အိမ်ပေါ်တက်လာခဲ့သည်။

အိမ်ပေါ်ရောက်လျှင် ခုတင်တစ်လုံးပေါ်၌ လဲလျောင်းနေသော အဘိုးအိုတစ်ယောက်ကို တွေ့ရ၏။

အဘိုးအိုသည် တစ်ကြိမ်တစခါမျှ မမြင်ဖူးသော လူစိမ်းတစ်ယောက် အိမ်ပေါ်တက်လာသည်ကိုမြင်လျှင် ခေါက်ခနဲ ထထိုင်လိုက်သည်။

'ဧည့်သည်ကိုး ထိုင်ပါ....ထိုင်ပါ'

ပျူပျူငှာငှာ နေရာထိုင်ခင်းပေး၏။

ရှန်ဆင်က ထိုင်ချရင်း....

'အဘဟာ ဟန်လူမျိုးဘုံကျောင်းမှာ အလုပ်လုပ်ခဲ့တယ်ဆိုတာ ဟုတ်ပါသလားခင်ဗျာ'

စတင်မေးလိုက်သည်။

အဘိုးအို၏မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပသွားကြောင်း ထင်ရှားပေါ်လွင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟန်လူမျိုး ဘုံကျောင်းဟူသည့်အမည်က စိတ်လှုပ်ရှားသွားစေကြောင်း ထင်ရှားပေါ်လွင်နေသည်။

ဦးခေါင်းတဆတ်ဆတ်ညိတ်ရင်း

'ဟုတ်ပါတယ်ကွယ်၊ ကျုပ်ဟာ ဟန်လူမျိုးဘုံကျောင်းစတင် တည်ထောင်ခဲ့ချိန်ကစပြီး နောက်ဆုံး ပျက်သုန်းသွားတဲ့အထိ ကျောင်းဝင်းကျောင်းပြင် သန့်ရှင်းရေးလုပ်ငန်းပြုလုပ်ပြီး ကုသိုလ်ရယူခဲ့သူတစ်ယောက်ပါပဲ'

ရှန်ဆင်က ပြန်ပြောလိုက်သည်။

'ကျွန်တော်ဟာ ဟန်လူမျိုးဘုံကျောင်းအကြောင်း စုံစမ်းစရာလေးရှိနေလို့ ခရီးဝေးကလာခဲ့ရတာပါဗျာ'

မားလျှံက အနည်းငယ်စဉ်းစားပြီး

'ဩော်....ငါ့တူက ဘာများသိချင်လို့လဲ'

ရှန်ဆင်က အနည်းငယ်စဉ်းစားပြီး....

'ဟန်လူမျိုးဘုံကျောင်းမှာ ထူးခြားတဲ့ အဖြစ်အပျက်တစ်ခု ဖြစ်ပေါ်ခဲ့တယ်ဆိုတာ အမှန်ပဲလားလို့ သိချင်လို့ပါခင်ဗျာ'

မားလျှံက မျက်မှောင်ကုတ်ပြီး

'ဘယ်လိုထူးခြားတဲ့ကိစ္စလဲ'



ရှန်ဆင်က ပြန်ပြောလိုက်သည်၊

'ဘုံကျောင်းရှေ့မှာ ကလေးတစ်ယောက်ကို လာပြီးစွန့်ပစ်ထားခဲ့တဲ့ကိစ္စပါ'

ထိုစကားကြားသျှင်....

မားလျှံ မျက်မှောင်ကြုတ်သွားလေသည်၊

ရှန်ဆင်က သူ့ကို စိတ်ဝင်စားစွာ စောင့်ကြည့်နေသည်၊

မားလျှံ၏တုံ့ပြန်မှုသည် သူ့အတွက် များစွာအရေးပါလှသည် မဟုတ်။

မားလျှံကသာ သူပြောသည့်သတင်းမမှန်ဟု ငြင်းဆိုလိုက်ပါလျှင် သူ၏မျှော်လင့်ချက်များ သဲထဲရေသွန်သလို ဖြစ်ရပေမည်။

အတော်လေးကြာမှ မားလျှံက ခေါင်းကို တဆတ်ဆတ်ညိတ်ကာ....

'လက်စသတ်တော့ ငါ့တူက ဒီကိစ္စကိုစိတ်ဝင်စားနေတာကိုး၊ အဲဒီအဖြစ်က ကြာလှပြီကွယ်၊ နှစ်ပေါင်း နှစ်ဆယ်ကျော်လောက် ရှိရော့မယ်၊ ဒီအဖြစ်မျိုး ဒီတစ်ခါပဲ ကြုံတွေ့ဖူးတာပေါ့....'

သူက ဆက်ပြောလိုက်သည်၊

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီနေ့ မနက်စောစောထပြီး ကျုပ်ဘုံကျောင်းပတ်ဝန်းကျင်ကို သန့်ရှင်းရေး လုပ်မယ်ကြံတုန်း ထုံကျောင်းအရှေ့က ကလေးငိုသံကြားလို့ သွားကြည့်တဲ့အခါ တစ်နှစ်သားရွယ်ရှိတဲ့ ကလေးငယ်တစ်ယောက် တွေ့ခဲ့ရတယ်....

'တစ်ယောက်ယောက်က လာပြီးစွန့်ပစ်ထားခဲ့ပုံ ရတယ်၊ ဆောင်းတွင်းကာလမို့ 'နှင်းတွေသိပ်ကျနေတာ မှတ်မိသေးတယ်'

ရှောင်ကျင်ပြောသည့်စကားနှင့် မားလျှံပြောသည့်စကားနှစ်ခုကို နှိုင်းယှဉ်ကြည့်ပါက ကိုက်ညီနေကြောင်း တွေ့ရပေသည်။

ရွှန်ဆင်မှာ ဖော်မပြနိုင်အောင် ဝမ်းသာသွားပြီး မားလျှံပြောမည့်စကားကို နားစွင့်နေမိ၏။

မားလျှံက ဆက်ပြောလိုက်၏။

'ရုတ်တရက် ကလေးတစ်ယောက်ကို တွေ့လိုက်ရတော့ ကျုပ်လဲ အတော်ကို အံ့အားသင့်နေမိတယ်၊ နောက်မှ သတိဝင်လာပြီး ကလေးကို ကောက်ချီလိုက်တယ်....

'နောက်ပြီး ကလေးနားမှာ ဓားတစ်လက်ချထားတာကို တွေ့ရတယ်၊ အဲဒါနဲ့ ကျုပ်လဲ ချက်ချင်းပဲ ကျောင်းထိုင်ဆရာတော်ဆီကိုသွားပြီး လျှောက်ထားလိုက်တယ်'



'ကျောင်းထိုင်ဆရာတော်ဆီ ကလေးကသွားပို့ခဲ့တာပေါ့နော်'

ရွှန်ဆင်က အလောတကြီး ဝင်မေးလိုက်သည်။

မားလျှံက လက်ကာပြလိုက်ပြီး....

'နေဦးလေ၊ ကျုပ်ပြောပြတာကို အရင်နားထောင်ဦး'

ရွှန်ဆင်က ပါးစပ်ပိတ်ထားလိုက်၏။

မားလျှံက ဆက်ပြောလိုက်၏။

'ကလေးတစ်ယောက် ဘုံကျောင်းရှေ့မှာတွေ့ရတယ်ဆိုတဲ့ သတင်းပြန့်သွားလို့ အားလုံးကလာကြည့်ကြတယ်၊ ကျောင်းထိုင် ဆရာတော်ကိုယ်တိုင် ဒီကလေးကိစ္စကို ဆုံးဖြတ်ရ ခက်သွားတယ်....

'တာဝန်ရှိသူတွေ အားလုံးလဲ တစ်ယောက်တစ်ပေါက်ဖြစ်နေကြတယ်၊ တစ်ချို့က ကလေးကို ဘုံကျောင်းကမွေးစားရမယ်....

'တစ်ချို့ကလဲ ဂရားအားထုတ်တဲ့နေရာမို့ ကလေးတွေနဲ့ ဘာမှမဆိုင်ဘူး၊ ဒါကြောင့် မွေးချင်တဲ့သူရင် မွေးစားကြဖို့ ပေးပစ်လိုက်လို့ ပြောကြတယ်'

www.burmeseclassic.com

www.burmeseclassic.com



မားလျှ က ကေားရှည်လျား စွာ ပြောလိုက်ရခြင်းကြောင့် မောသွားဟန်ဖြင့် ခဏရပ်လိုက်ပြီးမှ ဆက်ပြောလေ၏။

'နောက်ဆုံးတော့ အများဆန္ဒကို လိုက်လျောတဲ့အနေနဲ့ အများစုရဲ့ သဘောထားအရ ကလေးကိုတစ်ယောက်ယောက် လက်ထဲအပ်ပြီး မွေးစားရမယ်လို့ ကျောင်းထိုင်ဆရာတော်က အမိန့်ချလိုက်တယ်....

'ပြီးတော့ ဒီကလေးက ဘုံကျောင်းကကောက်ရတာမို့ ဘုံကျောင်းပိုင်ဖြစ်တယ်၊ သူ့အတွက် လှူအပ်တာ မှန်သမျှကို ဘုံကျောင်းက ထောက်ပံ့ဖို့ အမိန့်ချလိုက်တယ်'

ရွှန်ဆင်က မအောင့်နိုင်ဘဲ ကြားဖြတ်မေးလိုက်၏။

'အဲ့ဒီကလေး ဘယ်သူ့လက်ထဲ ရောက်သွားလဲ'

မားလျှုက ပြုံးလိုက်၏။

'ဘယ်သူရှိမလဲ၊ ကျုပ်တို့ရွာက ဆေးဆရာကြီးတစ်ဦးဆီ ရောက်သွားတာပေါ့၊ ဆေးဆရာကြီးဟာ လူတိုင်းရဲ့ ကြည်ညို လေးစားခြင်းကို ခံရသူပါ....

'အိမ်ထောင်ရှိပေမယ့် ကလေးမရနိုင်ကြလို့ ကလေးကို လိုချင်နေကြတာ၊ သူတို့အတွက်လဲ အလွန့်အဆင်ပြေအားတာ ပေါ့'



ရွှန်ဆင်က မေးလိုက်ပြန်၏။

'ဆေးဆရာကြီးအိမ်မှာ အဲ့ဒီကလေး ရှိနေသေးလား'

မားလျှ က ခေါင်းခါယမ်းလိုက်သည်။

'မရှိတော့ဘူး၊ ဆေးဆရာကြီးလင်မယား သေဆုံးသွားတာတောင် လေးငါးနှစ်ရှိပြီ၊ သူတို့ဟာ မွေးစားသားလေး ကို ပညာသင်ပေးတယ်....

'အရွယ်ရောက်လာတဲ့အခါမှာ ဟန်လူမျိုးဘုံကျောင်းက ကျောင်းထိုင်ရဲ့ ထောက်ခံချက်နဲ့ ရှောင်လင်ကျောင်းတော်ကို ပို့ပြီး ပညာသင်ကြားစေပြန်တယ်လေ'

သူက ဆက်ပြောလိုက်၏။

'သူဟာ ရွာကိုမကြာခဏ ပြန်လာပြီး လည်တတ်တယ်၊ ဒါပေမယ့် ဆေးဆရာကြီးဇနီးမောင်နှံ ကွယ်လွန်သွားပြီးတဲ့ နောက်ပိုင်း သူက အလာကျဲသွားတယ်....

'ရွာထဲက လူတွေကတော့ ရှောင်လင်ကျောင်းမှာ သိုင်းပညာ သင်ပြီးတဲ့နောက်ပိုင်း မင်းမှုထမ်း ဝင်လုပ်နေတာခုမှ မအားမလပ်နိုင်အောင် ဖြစ်နေကြတယ်လို့ ပြောကြတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



သူကြိုတင် တွေးထင်ထားသည့်အတိုင်း မင်းယန်မှာ သူ၏ ညီဖြစ်ရမည်ဟု ပိုပြီးယုံကြည်လာ၏။

မားလျှံအား စိုက်ကြည့်ကာ....

'ဘဘကို ကျွန်တော်တစ်ခုလောက် မေးချင်ပါတယ်'

မားလျှံက ခေါင်းတဆက်ဆက်ညိတ်ကာ....

'မေးပါ....မေးပါ'

ရွှန်ဆင်က ဆက်ပြောလိုက်၏။

'အဲ့ဒီကလေးကို မွေးစားကြတဲ့ ဆေးဆရာကြီးရဲ့နာမည် ဘယ်လိုခေါ်လဲ၊ ကလေးနာမည်ကရော ဘယ်သူများလဲ'

မားလျှံက ပြန်ပြောလိုက်သည်။

'ဩော်....ဩော်....သူတို့နာမည် သိချင်တာကိုး၊ ဆေးဆရာနာမည်က တော်မင်းလို့ ခေါ်တယ်၊ ကလေးနာမည်ကတော့ မင်းယန်တဲ့'

ရွှန်ဆင်မှာ လေထဲမြောက်တက်သွားဟု ခံစားလိုက်ရလေသည်။

'ငါ့ညီလေး....သူဟာ ငါ့ညီလေးပါလား'



ဟုလည်း တဘွတ်တွတ် ရေရွတ်မိလေသည်။

မားလျှံက မျက်မှောင်ကြုတ်ကာ....

'ဘာဖြစ်လို့လဲ မောင်ရင်'

ရွှန်ဆင်က သတိဝင်လာပြီး ခေါင်းခါယမ်းလိုက်ကာ....

'ဘာ....ဘာမှ မဟုတ်ပါဘူးဗျာ၊ ကျွန်တော် သိလိုတာတွေကို အခုလို စုံစုံလင်လင်ပြောပြလို့ ဘဘကိုကျေးဇူးတင်ပါတယ်ဗျာ'

မားလျှံက ခေါင်းခါယမ်းလိုက်သည်။

'ကျေးဇူးတင်စရာ မလိုပါဘူးကွာ၊ လူအများသိကြတဲ့ ကိစ္စပဲ၊ ဘာမှလျှို့ဝှက်နေစရာလဲ မလိုပါဘူး၊ ကျုပ်လဲ ဟန်လူမျိုး ဘုံကျောင်းအပေါ် သံယောဇဉ် ကြီးလေတော့လဲ ဒီဘုံကျောင်းနဲ့ပတ်သက်တဲ့ ကိစ္စတွေကိုပြောမိတိုင်း ကျေနပ်နှစ်သိမ့်မှု ရမြဲပါပဲ၊ ဒါနဲ့ မင်းယန်နဲ့ ဘယ်လိုများ ပတ်သက်နေလို့လဲ'

ရွှန်ဆင်က အနည်းငယ် စဉ်းစားလိုက်ပြီး....

'သူက ကျွန်တော့် မိတ်ဆွေတစ်ယောက်နဲ့ ဆွေမျိုးတော်နေလို့ပါ၊ ဒီနယ်ဘက်ရောက်ရင် စုံစမ်းပေးပါလို့ မှာတာနဲ့ အခုလိုဝင်ပြီး စုံစမ်းမိတာပါ'

'ဩော်....ဩော်'

ရွှန်ဆင်က ဆက်ပြောလိုက်၏။

www.burmeseclassic.com



'ကျွန်တော်လဲ သွားစရာလေးတွေရှိသေးလို့ ခွင့်ပြုပါဦး၊ နောက်မှ ကျွန်တော့် မိတ်ဆွေကိုခေါ်ပြီး တစ်ခေါက်လာခဲ့ဦးမယ်'

မားလျှကခေါင်းညိတ်လိုက်၏၊

'သိပ်ကောင်းတာပေါ့၊ မင်းမိတ်ဆွေကိုခေါ်ပြီး လာဖြစ်အောင် လာခဲ့စမ်းပါ၊ ဟန်လူမျိုးဘုကျောင်းရဲ့ အကြောင်းအားလုံးသိသွားစေရမယ်လို့ ကျုပ်အာမခံတယ်'

ရှန်ဆင်က မားလျှအားနှုတ်ဆက်ကာ ထွက်လာခဲ့လေသည်၊

အပြန်လမ်းတစ်လျှောက်၌ သူ၏ခြေလှမ်းများ ပေါ့ပါးသွက်လက်နေလေတော့သည်။

* * *

ဝတ်ရုံရှင်၏ကံကြမ္မာ

---

ကွမ်းမူမြို့....

ကွမ်းမူမြို့သည် စည်ကားသိုက်မြိုက်လှသော မြို့တစ်မြို့ ဖြစ်သည်၊

ကုန်သည်ပွဲစားများ ခရီးသွားများအပြင် သိုင်းလောကသားများပါ ကျင်လည်ကျက်စားခြင်းကြောင့် လူသိများလှသည်။

ကွမ်းမူမြို့ရှိ တစ်ခုတည်းသော လက်ဖက်ရည်ဆိုင်ရှေ့တွင် လမ်းဘေးရှိ သစ်ပင်နှစ်ပင်၌ ဆိုင်းဘုတ်အား ကြိုးဖြင့် သွယ်တန်းချည်နှောင်ကာ ကြော်ငြာဆားသော ဗေဒင်ဆရာတစ်ဦးရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုဗေဒင်ဆရာ၏ ဆိုင်းဘုတ်ပေါ်၌

'မေးရောမေး၊ မမှန်လျှင် ငွေနှစ်ဆပြန်အမ်းမည်'

ဟု ရေးသားထားသည်။

ခြစ်ခြစ်တောက် နေပူနေသော်ကြောင့် လမ်းပေါ်၌ လူသွားလူလာ ကင်းရှင်းနေ၏။

မီးခိုးရောင်ဝတ်ဆင်ထားသော လူရွယ်တစ်ယောက်သည် လမ်းမအတိုင်း ခပ်သွက်သွက်လျှောက်လာကာ ယင်းဗေဒင်ဆရာ၏ ကြော်ငြာထားသော ဆိုင်းဘုတ်ကိုမြင်လျှင် လက်ဖက်ရည်ဆိုင်သို့ မဝင်တော့ဘဲ ဗေဒင်ဆရာဆီသို့ သွားလေသည်။

ဗေဒင်ဆရာ နေရာယူထားသော သစ်ပင်ရိပ်သည် နေ့ခင်းကို ကောင်းစွာအုံ့နိုင်၏။

ဗေဒင်ဆရာသည် လေးထောင့်စားပွဲပေါ် မေးတင်ရင်း အိပ်ငိုက်လျက်ရှိသည်။

မီးခိုးရောင်ဝတ်ဆင်ထားသော လူရွယ်မှာ ရှန်ဆင် ဖြစ်သည်။

ရှန်ဆင်သည် ဗေဒင်ဆရာအနီးသို့ ချဉ်းကပ်သွားပြီး—



'ကျုပ်ကို ဗေဒင်ဟောစမ်းပါ'

ဟု အသံကျယ်ကျယ်ဖြင့် ပြောလိုက်၏။

ရုတ်တရက် ထွက်ပေါ်လာသည့် ရှန်ဆင်၏အသံကြောင့် ဗေဒင်ဆရာ လန့်သွား၏။

ချက်ချင်း မျက်လုံးပွင့်ကာ...

'ဗေဒင်မေးမလို့လား ထိုင်ပါ...ထိုင်ပါ၊ ကျုပ်က အာမခံနဲ့ဟောတယ်၊ မမှန်ရင် ငွေနှစ်ဆပြန်ပေးမယ်'

ရှန်ဆင်က ဗေဒင်ဆရာရှေ့၌ ထိုင်ချလိုက်သည်၊

တစ်ဖန်

အိတ်ထဲမှ ငွေစက္ကူများကိုထုတ်ပြီး ဗေဒင်ဆရာ၏ စားပွဲပေါ် ပစ်ချလိုက်ပြီး....

'ကဲ...ကျုပ်ညီပျောက်နေတယ်၊ ဘယ်ရောက်နေလဲ ဘာတွေဖြစ်နေပြီလဲဆိုတာ ဟောပေတော့'

ငွေစက္ကူများသည် အိပ်ငိုက်နေသော ဗေဒင်ဆရာအား မျက်လုံးပြူးကျယ်သွားစေ၏၊

ဗေဒင်ဆရာသည် ရှန်ဆင်ကို မော့ကြည့်လိုက်၏၊

www.burmeseclassic.com

ပြီးလျှင်

'စိတ်ချ၊ အခုချက်ချင်း သိရစေမယ်'

အရာရာကို စွမ်းဆောင်နိုင်သူတစ်ယောက်၏ လေသံမျိုးဖြင့် ပြောရင်း ကျောက်သင်ပုန်းနှင့် ကျောက်တံကိုယူကာ ရေးခြစ်တွက်ချက်လိုက်သည်။

တစ်ယောက်တည်း စာပိုက် လက်ာပိုက်များ ရွတ်ဆို တွက်ချက်လိုက်ပြီးမှ တကျွတ်ကျွတ်အောင် စုတ်သပ်ရင်း....

'ဒုက္ခပဲ၊ ခင်ဗျားညီတော့ ဘေးတွေ့နေပြီ'

ထိုစကားကြားလျှင်....

ရွှန်ဆင်၏ခန္ဓာကိုယ် ဆတ်ခနဲတုန်သွား၏။

ဒေါသထွက်သော မျက်လုံးများဖြင့် ဗေဒင်ဆရာကိုကြည့်ကာ....

'ရှင်းရှင်းပြောစမ်းပါဗျာ၊ ကျုပ်ညီက ဘယ်လိုဘေးတွေ့တာလဲ'

ဗေဒင်ဆရာက ပြန်ပြောလိုက်သည်။



'ဘေးတွေ့တယ်ဆိုတာ ဒုက္ခရောက်တာကို ပြောတာပေါ့၊ သူမကြာခင် ဒုက္ခရောက်တော့မယ်၊ အသက်အန္တရာယ် စိုးရိမ်ရတယ်'

'ဘာ'

ဗေဒင်ဆရာက စကားဆက်လိုက်သည်။

'ခင်ဗျား မယုံဘူးလား၊ ကောင်းပြီ ကျုပ်ရှင်းပြမယ်၊ သူဟာ လူတစ်ယောက်ရဲ့လှည့်စားမှုကို ခံလိုက်ရပြီး ထောင်ချောက်ထဲရောက်သွားတယ်၊ သူ့ကို အချိန်မီကယ်မှဖြစ်မယ်'

ရွှန်ဆင်၏အသံ တုန်လာ၏။

'သူဘယ်ရောက်နေလဲ'

ဗေဒင်ဆရာက ပြန်ပြောလိုက်၏။

'အရှေ့မြောက်အရပ်မှာရှိတယ်၊ ဗေဒင်ကိန်းဂဏန်းအရတော့ အလျားအနံကျဉ်းမြောင်းတဲ့ အခန်းတစ်ခု၊ ဒါမှမဟုတ် နံရံကြား၊ ဒါမှမဟုတ် တောင်ကြားထဲ ရောက်နေပြီ ဆိုပါတော့'

ရွှန်ဆင် ငိုင်သွား၏။

www.burmeseclassic.com



ထိုစဉ်မှာပင်

'ရွှန်ဆင်၊ မင်း ဘာတွေလျှောက်လုပ်နေတာလဲ'

စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရ သည်။

ရွှန်ဆင် ခေါက်ခနဲခေါင်းထောင်လာ၏။

ချက်ချင်း ဧဗဒင်ဆရာရှေ့မှ ဖယ်ခွာထွက်ကာ လမ်းမ ပေါ်သို့ ကြည့်လိုက်၏။

ထိုအခါ....

လမ်းကြားတစ်ခုအတွင်းသို့ လူတစ်ယောက် လှစ်ခနဲ ဝင် သွားသည်ကို တွေ့လိုက်ရ၏။

'မင်း....ဘယ်လောက်ပြေးနိုင်မှာလဲ'

တီးတိုးရေရွတ်ကာ လမ်းကြားဆီသို့ တဟုန်ထိုးပြေးသွား သည်။

လမ်းကြားအတွင်းသို့ ဝင်မိလျှင် ရပ်နေသူတစ်ယောက်နှင့် ဝင်တိုက်မိလို ဖြစ်သွားရသည်။

ရပ်နေသူက ပြောလိုက်သည်။



'ရွှန်ဆင်၊ မင်း ကျုပ်ကိုတောင် မတွေ့မမြင်တော့ဘူး လား'

ထိုလူကိုမြင်လျှင် ရွှန်ဆင် ပါးစပ်အဟောင်းသား ဖြစ် သွားပြီး....

'ဝတ်ရုံရှင်'

ဟု လွှတ်ခနဲခေါ်လိုက်မိလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

ဝတ်ရုံရှင် မလှုပ်မယှက်ရပ်နေ၏။

သူ၏မျက်လုံးများသည် ရွှန်ဆင်ကိုစိုက်ကြည့်နေ၏။

ရွှန်ဆင်ကလည်း ဝတ်ရုံရှင်ကို စိုက်ကြည့်နေ၏။

ဝတ်ရုံရှင်က တည်ငြိမ်အေးဆေးသော လေသံဖြင့်....

'ရွှန်ဆင်၊ မင်းက ကျုပ်အတွက် လူသုံးယောက် သတ်ပေးမယ်လို့ ဂတိပေးထားတာကို မေ့နေပြီလား'

ရွှန်ဆင်က မဲ့ပြုံးပြုံးကာ...

'မင်းကော့ ပါသခင်မ စုမာသေသွားပြီလေ'



'ဟုတ်တယ်၊ ဒါကိုကျုပ်သိတယ်၊ ဒါပေမယ့် လူနှစ်ဦး ကျန်နေသေးတယ်'

ကျန်လူနှစ်ယောက်မှာ မရဏတောင်ကြားက မုကျုံးနှင့် မင်းယန်တို့ဖြစ်ကြလေသည်။

ဝတ်ရုံရှင်က မေးလိုက်သည်။

'ကျုပ်ပြောတာ ကြားတယ်မဟုတ်လား'

ရွှန်ဆင်က မဲ့ပြုံးပြုံးကာ

'မရဏတောင်ကြားပိုင်ရှင်တော့ ဖြစ်နိုင်တယ်'

'မင်းယန့်အတွက်တော့ မဖြစ်နိုင်ဘူး ဟုတ်လား'

'ဟုတ်တယ်'

ဝတ်ရုံရှင်က အံ့သြဟန်ဖြင့်....

'မင်းက ဘာဖြစ်လို့ စိတ်ထားပြောင်းသွားရတာလဲ'

ရွှန်ဆင်က ပြတ်သားသော လေသံဖြင့် ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒါ ကျုပ်ကိစ္စပါ၊ ခင်ဗျားနဲ့ မဆိုင်ပါဘူး၊ မင်းယန်ကို ကျုပ်ဘယ်နည်းနဲ့မှ မရှင်းပစ်နိုင်ဘူး ဆိုတာ မှတ်ထားစမ်းပါ'

ဝတ်ရုံရှင်က သက်ပြင်းချလိုက်သည်။

'ကောင်းပြီလေ၊ မင်းစိတ်မပါဘူးဆိုရင် ကျုပ်ကလဲ မခိုင်းတော့ပါဘူး၊ ဒါပေမယ့် မရဏ တောင်ကြား ပိုင်ရှင်ကိုတော့ မင်းရှင်းပစ်မယ် မဟုတ်လား'

'သူ့အတွက်တော့ စိတ်ချပါ'

'ဒါဆိုရင် မင်းအမြန်ဆုံး လှုပ်ရှားဖို့ ကောင်းနေပြီ'

ရွှန်ဆင်က မျက်မှောင်ကုတ်လိုက်ပြီး....

'ဘာဖြစ်လို့လဲ'

'ဘာဖြစ်ရမှာလဲ၊ မင်းယန်က သူ့ဆီကို ဦးတည် သွားနေ ပြီပေါ့'

'ဘာ'

ရွှန်ဆင်၏ စကားသံ ဟိန်းထွက်လာသည်။



ဝတ်ရုံရှင်က လက်ကာပြလိုက်သည်။

'သူနဲ့ ပတ်သက်ပြီး မင်းစိတ်လှုပ်ရှားနေတယ်ဆိုတာ ကျုပ်သိတယ်၊ သူက မရဏ တောင်ကြား ပိုင်ရှင်ဆီ သွားနေပြီ၊ ကျုပ်စိတ်ထင် မင်းကို သွားရှာတာပဲ ဖြစ်ရမယ်'

ရွှန်ဆင် မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

ဝတ်ရုံရှင်က ပြော၏။

'မင်း မရဏတောင်ကြား ပိုင်ရှင်ကို သုံးရက်အတွင်း ရှင်းပစ်ရမယ်'

'တကယ်လို့များ ကျုပ်က ခင်ဗျား ပြောတဲ့အတိုင်း မလုပ်ဘူးဆိုရင်ရော'

ဝတ်ရုံရှင်က ရယ်လိုက်ပြီး....

'မီးနဲ့ ကစားတဲ့လူဟာ မီးကို မကြောက်လို့ ဆိုတာ မင်း သဘောပေါက်ထားစမ်းပါ၊ မင်းဒီလိုလုပ်လို့ ဘာအကျိုး ရှိမှာလဲ'

ရွှန်ဆင်က ပြန်မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အနည်းဆုံး ကျုပ်ညီကတော့ သူ့အစ်ကိုက ကြေးစားဖြစ်ပေမယ့် လူကောင်းတွေကို သက်ဖျားနဲ့တောင် မတို့ဘူး၊ လူဆိုးလူယုတ်မာတွေကိုပဲ ရွေးချယ် သုတ်သင်ပစ်လေ့ ရှိတယ်ဆိုတာ သိသွားနိုင်တာပေါ့'

ဝတ်ရုံရှင်က မကျေမနပ်ဖြင့်....

'ရွှန်ဆင် မင်းဟာ ကိုယ့်ကိုယ်ကို သိပ်ပြီး အထင်ကြီးနေပါလား၊ ကျုပ်သာ မကယ်ဘူးဆိုရင် အခုလောက်ဆို အရိုးဆွေးနေလောက်ပြီဆိုတာလဲ အမှတ်ရစမ်းပါဦး'

ရွှန်ဆင်က ရယ်လိုက်ပြီး....

'ဟား....ဟား....ဟား ရယ်ရတယ်၊ ခင်ဗျားက ကျုပ်ကို သူဌေးကြီး ကျန်းစန်ကို လုပ်ကြံခိုင်းခဲ့ပြီး တစ်ဘက်ကလဲ ကျုပ်လုပ်ကြံမယ့် သတင်း မင်းယွန်ဆီ ပို့ပေးလိုက်တယ်၊ ဒါနဲ့ ကျုပ်လဲ ထောင်ချောက်မိပြီး အဖမ်းခံခဲ့ရတာပေါ့၊ ဒီတော့ တစ်ခါ ခင်ဗျားက ကျုပ်ကို ကယ်တင်ခဲ့ပြန်ဘယ်....

'ခင်ဗျားက ကျုပ်အပေါ်မှာ ကျေးဇူးရှိဘယ်ဆိုပြီး ချယ်လှယ်ချင်တိုင်း ချယ်လှယ်လို့ ရအောင် အကွက်ဆင်ခဲ့တာပဲ မဟုတ်လား၊ ယင်းချစ်နဲ့အတူ ကျန်းစန်ကို သတ်ဖို့ အလုပ်အပ်



တဲ့ လူကို လာတွေ့ခဲ့ကတည်းက ခင်ဗျားမှန်း ကျုပ်သိခဲ့ပါတယ်'

ဝတ်ရုံရှင်က ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေတော့သည်။

ရွှန်ဆင်သည် သူ့အား မျက်တောင်မခတ် စိုက်ကြည့်နေမိသည်။

ရွှန်ဆင် တွေးထင်ထားသည့်အတိုင်းပင် ရုတ်တရက် ဝတ်ရုံရှင်က ခြေထောက် နှစ်ချောင်းဖြင့် ကန်ကျောက် တိုက်ခိုက်လာသည်။

ရွှန်ဆင် မဲ့ပြုံးပြုံး၍....

'ဟိုတစ်ခါ ခင်ဗျား ထွက်ပြေးလို့ လွတ်သွားပေမယ့် အခုတစ်ကြိမ်တော့ ဘယ်နည်းနဲ့မှ မလွတ်စေရဘူး ဆိုတာ မှတ်ထားပါ'

စကားဆုံးလျှင် ခါးမှ ဓားကို ဆွဲထုတ်၍ တိုက်ခိုက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ရှုရှင်က ရှေ့ဆက် မကန်ကျောက်ဘဲ ခြေထောက်ကို ပြန်လည် ရုပ်သိမ်းလိုက်၏။

ထို့နောက်....

ဓားကို ဆွဲထုတ်၍ ပြင်းထန်စွာ ဘိုက်ခိုက်လိုက်လေတော့သည်။

*　*　*

---

ဝတ်ရှုံရှင်က ရှန်ဆင်အား အလစ်ချောင်း၍ မရှမ္မန်းသိလျှင် အာရုံပြောင်းသွားစေရန် စကားစလိုက်၏။

'ရှန်ဆင်....မင်းယန်နဲ့ စီးကျင်တို့က မင်းကို မလိုလားကြဘူး၊ တစ်နေ့ မင်းကို ကြိုးစင်တင်ဖို့ ကြိုးစားကြလိမ့်မယ်၊ဘာ့ကြောင့်များ သူတို့နဲ့ ရင်ဆိုင်ဖို့ ကျုပ်နဲ့ မပူးပေါင်းရတာလဲ'

ရှန်ဆင်က ပြန်ပြောလိုက်သည်၊

'ခင်ဗျားက သူတို့ထက် ပိုပြီး ကြောက်စရာကောင်းနေလို့ပေါ့'

'ဟား....ဟား....ဟား'

ဝတ်ရှုံရှင်က သဘောကျစွာ ရယ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ရယ်မောရင်း ရွှန်ဆင်အား အဆက်မပြတ် တိုက်ခိုက်နေ၏။

ရွှန်ဆင်က နောက်ဆုတ်၍ ဓားဖွေ့ယမ်းပြီး ရှောင်တိမ်းလိုက်၏။

ဝတ်ရုံရှင်က သဘောကျပြီး ရွှန်ဆင့်အား ဖိ၍ တိုက်ခိုက်လာသည်။

ရွှန်ဆင်က ရှောင်တိမ်းနေသည့် ကြားမှပင်....

'အွန်....'

ပေါက်ဓားတစ်ချောင်းမှာ သူ၏ ဝဲဖက်ပခုံး၌စိုက်ဝင်သွားလေသည်။

ဝတ်ရုံရှင်က ကျေနပ်သည့် လေသံဖြင့်....

'ကဲ ကောင်းလို့ မင်းအသက် ရှင်နေနိုင်သေးတယ် မှတ်ပါ။ ဒါပေမယ့် မကြာခင်မှာ သေချင်နေတဲ့ မင်းရဲ့ ဆန္ဒကို လိုက်လျောပေးပါမယ်'

ဝတ်ရုံရှင်က အချိန်မဆိုင်းဘဲ သုတ်သင်ပစ်ရန် ပြေးလိုက်သည်။



ဤတွင်....

ရွှန်ဆင်က မထင်မှတ်သော လှုပ်ရှားမှုတစ်ခု ပြုလုပ်လိုက်သည်။

လက်ထဲ၌ ကိုင်ထားသော ဓားရှည်ဖြင့် တစ်ဟုန်ထိုး ခုန်အုပ်လာသည့် ဝတ်ရုံရှင်ထံ ပစ်ပေါက်လိုက်ခြင်း ဖြစ်လေတော့သည်။

ဓားရောင် ဖွေးခနဲ ဝင်းလက်သွား၏။

'အား'

စူးစူးရှရှ အော်လိုက်သော ဝတ်ရုံရှင်၏ အသံနက်ကြီးထွက်ပေါ်လာသည်။

ရွှန်ဆင်၏ ဓားမှာ သူ့ခန္ဓာကိုယ်ပေါ်၌ ထုတ်ချင်းခတ်မျှ စိုက်ဝင်နေသည်။

ရွှန်ဆင်က အရုပ်ကြိုးပြတ် ပုံလျက်သား လဲကျနေလူ ဖြစ်နေသော ဝတ်ရုံရှင်အား သူ့အပေါ် ကျမလာနိုင်စေရန် ခြေထောက်ဖြင့် ကန်လိုက်၏။

'ဗုန်း'

ကျယ်လောင်သော အသံ တစ်ချက် ထွက်ပေါ် လာလေသည်။

အသက်ဝိညာဉ် ကင်းမဲ့နေပြီဖြစ်သော ဝတ်ရုံရှင်၏ ခန္ဓာကိုယ်သည် တစ်ဖက်သို့ လည်ထွက်သွားလေသည်။

မြေပေါ်၌ လဲကျနေသော ဝတ်ရုံရှင်၏ အလောင်းကိုကြည့်ကာ ရွှန်ဆင် လူးလိမ့်ထလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှန်ဆင်က သူ၏ ပခုံး၌ စိုက်ဝင်နေသော မြားမြှောင်ကို ဆွဲနုတ်လိုက်၏။

သွေးများ စီးကျလာသော ဒဏ်ရာကို ဆေးထည့်လိုက်လေသည်။

ထို့နောက်....

သူသည် ဝတ်ရုံရှင်၏ အလောင်းနား တိုးကပ်သွားပြီး မျက်နှာဖုံးစွပ်ကို ဆွဲချွတ်လိုက်သည်။

ထိုအခါ....

အသက်ငါးဆယ်ခန့်ရှိသော ဝတ်ရုံရှင်၏ မျက်နှာပေါ်လွင်လာသည်။

'ဟုလို'

ရှန်ဆင်က တီးတိုး ရေရွတ်လိုက်သည်။

သူသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး ဝတ်ရုံရှင်၏ကိုယ်၌ စိုက်ဝင်နေသော ဓားကို ဆွဲနုတ်လိုက်ပြီး ထိုနေရာမှ ကျောခိုင်း ထွက်ခွာခဲ့သည်။

သူ၏ ခြေလှမ်းများသည် မရဏတောင်ကြားသို့ ဦးတည်နေလေတော့သည်။

* * *



မရဏတောင်ကြား....

မရဏတောင်ကြားသည် မြောက်ပိုင်းတစ်နေရာရှိ တောင်စဉ် တောင်တန်း သွယ်တန်းလျက်ရှိသော [illegible] တည်ရှိနေခြင်း ဖြစ်သည်။

ကျောက်တောင်များကြား၌ ကျဉ်းမြောင်း၍ ရှည်လျားသော တောင်ကြားလမ်းအဖြစ် တည်ရှိလာသည်။

မရဏ တောင်ကြားအတွင်း၌ ဆိုင်းလောကမှ လူထူးလူဆန်းတစ်ယောက် နေထိုင်လျက်ရှိသည်။

ထိုလူမှာ မုကျုံးပင်ဖြစ်သည်။

ယနေ့....

-မရဏတောင်ကြားရှေ့သို့ အဖြူရောင်ဝတ်ဆင်ထားသော လူရွယ်တစ်ယောက် ရောက်ရှိလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူရွယ်မှာ အသက် နှစ်ဆယ့်သုံးနှစ်ခန့်ရှိပြီး ရုပ်ရည်သန့်ပြန့်၍ ယောကျ်ားပီသစွာ ချောမောခန့်ညားသူဖြစ်လေသည်။

ထိုလူသည် တောင်ကြားရှေ့သို့ရောက်လျှင် မြေလှမ်းရပ်၍ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

တောင်ကြားပတ်ဝန်းကျင်၌ လူသူကင်းရှင်းနေပြီး သက်ရှိအရိပ်အယောင် စိုးစဉ်းမျှမတွေ့ရပေ။

ထိုလူရွယ်မှာ မင်းယန့်ပင် ဖြစ်သည်။

မင်းယန့်သည် တောင်ကြားထဲသို့ လှမ်းဝင်လိုက်လေ၏။

ကျဉ်းမြောင်းသော တောင်ကြားလမ်း၏ အတွင်းဘက်၌ ကွေ့ကွေ့ကောက်ကောက် ဖြစ်နေသည်။

အတော်ကြာအောင် လျှောက်သွားပြီးလျှင် အတွင်းပိုင်းသို့ ရောက်မှန်းမသိ ရောက်သွား၏။

သူသည် ကျောက်လှေကားထစ်များကို တွေ့သောကြောင့် တိုလှေကားထစ်များအတိုင်း တက်လာခဲ့သည်။

ထမင်းတစ်အိုးကျက်ခန့် ကြာအောင် တက်သွားပြီးလျှင် အပေါ်ဘက်သို့ ရောက်ရှိသွား၏။

ရောင်စုံပန်းများဖြင့် လှပနေသော ပန်းခြံတစ်ခုနှင့်အတူ ရဲတိုက်သဖွယ် ဆောက်လုပ်ထားသော အဆောက်အအုံကြီးတစ်ခုကို တွေ့ရသည်။

မင်းယန့်သည် ပန်းခြံကိုကျော်ဖြတ်ကာ အဆောက်အဦးရှေ့သို့ရောက်သွားလျှင် တံခါးဟာလာဟင်းလင်း ဖွင့်ထားသည်ကိုတွေ့မြင်ရသည်။



ထို့အပြင်....

တံခါးဝ၌ ခရမ်းရောင်ဝတ်ဆင်ထားသော လူတစ်ယောက်သည် ငြိမ်သက်စွာ ရပ်နေသည်။

ထိုလူမှာ အသက်ငါးဆယ်ခန့် ရှိလေသည်။

မင်းယန့်က ချောင်းတစ်ချက် ဟန့်လိုက်ပြီး....

'ကျုပ် မင်းယန့်က မရဏတောင်ကြားပိုင်ရှင် မုကျုံးကို တွေ့ဖို့ ရောက်လာပါတယ်'

သူ၏စကားသံ ထွက်ပေါ်လာသည်နှင့် မလှုပ်မယှက်ရပ်နေသူက တဖြည်းဖြည်း လှုပ်ရှားလာ၏။

ကျောက်လှေခါးထစ်များအတိုင်း အောက်သို့ ဆင်းလာသည်။

မကြာပါချေ။

မင်းယန့်ရှေ့သို့ ရောက်ရှိလာသည်။

မုကျုံးသည် ဥပဓိရုပ် တည်ကြည်ခန့်ညားပြီး အသားဖြူလွန်းသူတစ်ယောက် ဖြစ်၏။

မုကျုံးက သူ့အားခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်ပြီးလျှင်....

'မင်းက မင်းယန့်ဟုတ်လား၊ ကျုပ်ကိုသိလား'

မင်းယန့်က ပြန်ပြောလိုက်သည်။

'ဦးကိုတော့ မမြင်ဖူးပါဘူး၊ ဒါပေမယ် ဦးကို မြင်လိုက်ကတည်းက ဒီတောင်ကြားရဲ့ ပိုင်ရှင် ဖြစ်လိမ့်မယ်လို့ ခန့်မှန်းမိတာပါ'

မုကျုံးက ခေါင်းတဆတ်ဆတ်ညိတ်ကာ...

www.burmeseclassic.com

www.burmeseclassic.com



'ဒီနေရာ ရောက်လာမှတော့ ကျုပ်ရဲ့ဧည့်သည် ဖြစ်သွားပြီပေါ့ အထဲကိုဝင်ပါဦး'

ပြောပြီး ရှေ့မှလမ်းပြခေါ်ဆောင် သွားလေသည်၊

မင်းယန်လည်း ဘာမှမပြောတော့ဘဲ နောက်မှလိုက်သွားသည်။

အခဆောက်အဦး အတွင်းဘက်သို့ ရောက်လျှင် အမြင်မှ ကြည့်ရသည်ထက် ပို၍လှပနေကြောင်း တွေ့မြင်ရသည်၊

မုကျုံးက အရက်နှင့် သစ်သီးများ ချပေးလေ၏။

'ကဲ.... ရောက်တုန်းရောက်ခိုက် စားသောက်လိုက်ပါဦး၊ ပြီးမှ လာတဲ့ကိစ္စကို ပြောကြတာပေါ့'

သူကိုယ်တိုင် အရက်တစ်ခွက် သောက်လိုက်၏၊

ဝေချူးနှင့် ဟုစိန်သည် မရဏတောင်ကြား၌ ထူးခြားသည့် အဆိပ်တစ်မျိုး မိခဲ့ခြင်းကြောင့် အိမ်ပြန်ရောက်သည့်အခါ သေဆုံးသွားခြင်းဖြစ်ကြောင်း မင်းယန်သိထားသည်၊

စားသောက်ဖွယ်ရာများနှင့် အရက်များကို လက်ဖျားနှင့်ပင် မတို့ဘဲ....

'ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော့်မှာ စားသောက်ဖို့ အချိန်မရပါဘူး'

မုကျုံးက အံ့အားသင့်ဟန်ဖြင့်....

'စားသောက်ဖို့တောင် အချိန်မရဘူးဆိုတော့ ဘယ်လို အရေးကြီးတဲ့ကိစ္စများ ရှိနေလို့လဲ၊ ကျုပ်ရဲ့တောင်ကြားထဲကို အလည်လာတာမဟုတ်မှန်းတော့ သိပါတယ်၊ ကဲ....ပြောစရာရှိတာ ပြောပါ'



မင်းယန်က ပြောလိုက်၏၊

'ကျွန်တော် ဒီကိုလာခဲ့တာဟာ ဦးကို နည်းနည်းပါးပါး စစ်ဆေးမေးမြန်းချင်လို့ပါ'

'ဟော.... ကျုပ်ကို စစ်ဆေးမေးမြန်းချင်လို့ ဟုတ်လား'

'ဟုတ်ပါတယ်'

မုကျုံးက သူ့အားစိုက်ကြည့်ကာ....

'မင်းဟာ တကယ်ပဲ ကျုပ်ကိုစစ်ဆေး မေးမြန်းနိုင်တဲ့သူ တစ်ယောက်လား'

မင်းယန်က ပြုံးလိုက်ပြီး....

'ကျွန်တော်ဟာ နေပြည်တော်က အသိအမှတ်ပြုထားတဲ့ သောက်လှမ်းရေးမှူး တစ်ယောက်ပါ'

မုကျုံးက သက်ပြင်းချလိုက်ပြီး....

'ဒီလောက် ခေါင်တဲ့နေရာမှာ ကျုပ်တစ်ယောက်တည်းနေတာတောင် အေးအေးဆေးဆေး မနေရပါလား၊ ကဲ....ပြောစမ်းပါဦး၊ ကျုပ်ကို ဘာတွေများ စစ်ဆေးချင်ရတာလဲ'

သိုင်းသမား ဝေချူးနဲ့ သီလက်ဝါး ဟုစိန်တို့ အသတ်ခံလိုက်ရတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး မရှင်းမလင်းဘာလေးတွေ မေးမြန်းချင်လို့ပါ'

'ဘာ'

မုကျုံး၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်၊

'ကျုပ်ကို ပြောစမ်းပါဦး၊ သူတို့ အသတ်ခံရတယ် ဆိုတာ တကယ်ပဲလား'

'အမှန်ပါပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်သူက သူတို့ကို လုပ်ကြံလိုက်တာလဲ'

မင်းယန်က ခေါင်းခါယမ်း၍....

'အခုထိ တရားခံ မမိသေးဘူး'

'ဒါဆို မင်းတို့ ညံ့တာပေါ့'

မင်းယန်က ပြုံးပြီး ပြောလိုက်သည်။

'သူတို့နှစ်ယောက် အသတ်မခံရမီ ရက်ပိုင်းက ခရီးထွက်သွားခဲ့ကြတယ်လို့ သိရတယ်၊ သေသေချာချာ စုံစမ်းကြည့်တော့ မရမ်းကောင်ကြားကို လာခဲ့ကြတယ်ဆိုတာရယ်၊ ဒီက အပြန် အသတ်ခံရတယ်ဆိုတာရယ်ကို တွေ့ရပါတယ်'

မုကျုံးက နှုတ်ခမ်းမဲ့ လိုက်ပြီး....

'လက်စသတ်တော့ သူတို့ဟာ တိုက်တိုက်ဆိုင်ဆိုင်ကျုပ်ဆီက အပြန်မှာ သေကုန်ကြတာကိုး၊ ဒါကြောင့် ကျုပ်ကိုတရားခံ တစ်ယောက်လို့ ထင်နေတာ မဟုတ်လား'

မင်းယန်က ပြန်ပြောလိုက်သည်။

'ဒီလိုထင်စရာ ဖြစ်လာလို့ ကျွန်တော် ဦးကို စုံစမ်း မေးမြန်းခဲ့တာပါ၊ တရားခံအဖြစ် ဖမ်းဆီး အရေးယူဖို့မဟုတ်ပါဘူး'

မုကျုံးက အေးစက်စွာ ပြုံးလိုက်ပြီး....

'ကျုပ်ပြောတာကို သေချာ နားထောင်ဦး၊ ယင်းကျန်းကျေးရွာက ချန်းစီနဲ့ လုမေကို ကျုပ်တို့ မှားပြီး သတ်ခဲ့မိကြတယ်၊ တကယ်တော့ ကျုပ်တစ်ယောက်တည်း သတ်ခဲ့တာလို့ ပြောလဲ ရပါတယ်....



'သိုင်းသမား ဝေချူး၊ သံလက်ဝါး ဟုစိန်၊ ပန်းဝက်ပါပိုင်ရှင် စုမာ၊ ဝတ်ရုံရှင် ဟုလုံနဲ့ ကျုပ်အပါအဝင် ငါးဦးက အမှုတစ်ခုကို ကျူးလွန်ခဲ့တာပါ'

သူက ဆက်ပြောသည်။

'ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျုပ်ကို ခြိမ်းခြောက်လာတဲ့ ပန်းဝက်ပါ ပိုင်ရှင် စုမာကို ကျုပ်ပထမဆုံး ရှင်းပစ်ခဲ့တယ်၊ အခု သူ့ရဲ့သား စုချန်းလဲ အသတ်ခံလိုက်ရပြီလို့ သိရတယ်၊ ဟုစိန်နဲ့ ဝေချူးကလဲ ကျုပ်ကို အကြပ်ကိုင်ချင်တာနဲ့ ကျုပ်အထူးဖော်စပ်ထားတဲ့ အဆိပ်ကို ခတ်သတ်ခဲ့တာပါ၊ အခုဆိုရင် ဟုလုံ တစ်ယောက်ကို ရှင်းပစ်ဖို့ပဲ ကျန်တော့တယ်'

မင်းယန်က တစ်စုံတစ်ခု ပြောရန် ဟန်ပြင်လိုက်စဉ် မုကျုံးက လက်ကာပြလိုက်ပြီး....

'ကဲ....မင်းကို ကျုပ်အားလုံး ဖွင့်ပြောလိုက်ပြီ၊ ကျုပ်ကို မင်းဖမ်းမယ်ဆို ဖမ်းလို့ ရပြီ'

မင်းယန်က အသံပြတ်ပြတ်ဖြင့်....

'ကောင်းပြီ၊ ခင်ဗျား သတိထားပါ'

သူသည် ပြောပြီးသည်နှင့် ရှေ့သို့ လျှပ်ဘစ်ပြက် တိုး၍ လက်သီးတစ်လုံး ပစ်သွင်းရင်း စတင် တိုက်ခိုက်လိုက်လေတော့သည်။

မုကျုံးက သဘောကျစွာ ရယ်မောလိုက်ပြီး မင်းယန်အား ပြန်လည် တိုက်ခိုက်လိုက်လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



အချိန်သည် တရွေ့ရွေ့ ကုန်ဆုံးသွား၏။

သိုင်းကွက်နှစ်ရာကျော်လာသည်အထိ မုကျုံး၏ အင်္ကျီစကို ပင် ထိအောင် တိုက်ခိုက်နိုင်ခြင်း မရှိပေ။

မင်းယန် ရင်ထိတ်သွားသည်။

တိုက်ခိုက်ရင်း မင်းယန်၏ တစ်ကိုယ်လုံး ချွေးများ စိုနစ်လာသည်။

လက်နက်မဲ့ တိုက်ခိုက်နေ၍ ယှဉ်ပြိုင်မရမှန်း သိသောအခါ မင်းယန်က ခါးမှ ဓားကို လျှပ်တစ်ပြက် ဆွဲထုတ် လိုက်လေသည်။

တစ်ဆက်တည်းမှာပင်....

မုကျုံးအား အငိုက်ဖမ်း၍ တိုက်ခိုက်လိုက်သည်။

မုကျုံးသည် နောက်သို့ ဆုတ်သွားသော်လည်း သူ၏ အင်္ကျီ အနည်းငယ် စုတ်ပြဲသွားပြီး သွေးများ စို့နေ၏။

'သေပေတော့'

မုကျုံးက ဒေါသတကြီးဖြင့် မင်းယန်၏ လည်ပင်းသို့ ရည်ရွယ်၍ ကုတ်ချလိုက်သည်။

မင်းယန်က ထိုင်ချလိုက်ပြီး ရှောင်တိမ်း လိုက်လေတော့သည်။

မုကျုံး၏ ကုတ်ချမှု လွတ်သွားသော်လည်း ခြေထောက် ကန်ချက်ကို မရှောင်နိုင်ခဲ့ပါ။

'ဝုန်း'

'အား'

မင်းယန်သည် အဝေးသို့ လွင့်စင်သွား၏။



သူ၏ ပါးစပ်နှင့် နှာခေါင်းထဲမှ သွေးများ စီးကျလာလေသည်။

သူသည် ထရပ်နိုင်အောင် ကြိုးစားလိုက်စဉ် မုကျုံးကပြေးကာ ကန်လိုက်သောကြောင့် လဲကျသွားပြန်၏။

သုံးလေးကြိမ်မက ဖြစ်လာသောအခါ မင်းယန်၏မျက်လုံးများ ပြာဝေလာသည်။

'ရပ်လိုက်စမ်း'

ကျယ်လောင်သော အော်ဟစ်သံ တစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရသောကြောင့် အသံလာရာဆီသို့လှမ်းကြည့်လိုက်သည့်အခါ မင်းယန် အံ့သြသွားသည်။

'ရွှန်ဆင်'

မှန်ပေသည်။

ရောက်ရှိလာသူမှာ ရွှန်ဆင်ပင်ဖြစ်လေတော့သည်။

* * *

'ညီလေး'

ရွှန်ဆင်သည် ကျယ်လောင်စွာအော်ခေါ်ပြီး မင်းယန်ထံ ပြေးသွားပြီး ပွေ့ထူလိုက်သည်။

မင်းယန် အံ့သြနေမိသည်။

'ညီလေး ဘာမှမဖြစ်ဘူးနော်၊ တော်သေးတာပေါ့၊ အစ်ကို နောက်ကျသွားတာခွင့်လွှတ်နော်၊ အစ်ကိုရောက်လာပြီ ဘာမှ မပူနဲ့ ဟုတ်လား သူ့ကို အစ်ကိုဆုံးမလိုက်မယ်'

ရွှန်ဆင်သည် ပြောပြီး မင်းယန်အား နံရံဥမှီထားလိုက်ပြီး မုကျုံးအားလှည့်ကာ ရင်ဆိုင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်းဘယ်သူလဲ'

'ကျုပ်က သူ့ရဲ့အစ်ကိုပဲ၊ သူ့ကို အခုလို ဒဏ်ရာရအောင် တိုက်ခိုက်ခဲ့တာ ကျုပ် ခွင့်မလွှတ်နိုင်ဘူး'

'မင်း....ဘာတွေလျှောက်ပြောနေတာလဲ'

ရှန်ဆင်က ခေါင်းတစ်ချက်ညိတ်လိုက်သည်။

'ကောင်းပြီ၊ ခင်ဗျားမသိရင် ကျုပ်ပြောပြမယ်၊ ချန်းစီနဲ့ လုမေဟာ ကျုပ်တို့ညီအစ်ကိုရဲ့ မိဘနှစ်ပါးပဲ၊ အဲ့ဒါကို ခင်ဗျားအပါအဝင် လူယုတ်မာငါးယောက်က ရက်ရက်စက်စက် သတ်ဖြတ်ခဲ့တယ်လေ၊ ဒါကြောင့် ခင်ဗျားကို ကျုပ်ပြန်သတ်ဖို့ ရောက်လာတာ'

မုကျိုးက မျက်မှောင်ကြုတ်ပြီး

'အဲ့ဒီတုန်းက မင်းတို့ညီအစ်ကိုနှစ်ယောက် အိမ်ထဲမှာ ရှိနေတယ်ပေါ့'

'ဟုတ်တယ်'

မင်းယန်သည် ရှန်ဆင်၏စကားကို ကြားရသောအခါ ထိတ်လန့်တုန်လှုပ်သွားသည်။

ရှန်ဆင်က ဆက်ပြောလိုက်သည်။

'ကျုပ်ရဲ့ မိဘနှစ်ပါးကို ရက်ရက်စက်စက်နဲ့ သတ်ခဲ့တဲ့ ခင်ဗျားကို ကျုပ်ကိုယ်တိုင် သုတ်သင်ပစ်မယ်ဆိုတာမှတ်ထားပါ၊ ကျုပ်တို့ညီအစ်ကိုနှစ်ယောက်ကို ကယ်တင်ပေးခဲ့တဲ့သူက ဓားတစ်ချောင်းစီပေးခဲ့လို့ ဒီကိစ္စကို ဖော်ထုတ်နိုင်ခဲ့တာပဲ၊ နို့မဟုတ်ရင် ခင်ဗျားရဲ့ယုတ်မာမှုကို ဘယ်လိုမှ သိနိုင်ကြမှာ



မဟုတ်ဘူး၊ ခင်ဗျားဘယ်လောက်တတ်နိုင်မလဲ ကြည့်ကြသေးတာပေါ့'

စကားဆုံးလျှင် ခါးမှဓားကိုဆွဲထုတ်ကာ မုကျိုးထံပြေးဝင်၍ တိုက်ခိုက်လိုက်လေတော့သည်။

* * *

မင်းယန်သည် ရှန်ဆင်ပြောသောစကားများကို ကြားမိရသောကြောင့် သူ၏ဓားကိုကြည့်ကာ တုန်လှုပ်သွားခဲ့ဖူးသော ရှန်ဆင်၏အဖြစ်ကို ပြန်လည်မြင်ယောင်လာသည်။

ငယ်စဉ်ကပင် မွေးစားမိဘများနှင့် နေထိုင်ခဲ့ရသည့်ဘဝကိုလည်း ပြန်လည်၍ မြင်ယောင်နေမိသည်။

သူသည် အရွယ်ရောက်လာသောအခါ သူ၏မိဘများကို လိုက်လံရှာဖွေသော်လည်း မတွေ့ခဲ့ရပေ။

'သူ.... သူဟာ ငါ့အစ်ကို ဆိုပါလား၊ ဒါကြောင့် ပန်းဝက်ပါမှာ တွေ့တုန်းက ငါ့ရဲ့ဓားကိုတွေ့တာနဲ့ တွေဝေငေးငိုင်ပြီး ချက်ချင်း ပြေးထွက်သွားတာကိုး'

သူသည် စဉ်းစားတွေးတောရင်း တိုက်ပွဲကို လှမ်းကြည့်လိုက်သည်။

'ချွမ်း'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။

ရှန်ဆင်၏ဓားနှင့် မုကျိုး၏ဓား ထိပ်တိုက်တွေ့မိခြင်းဖြစ်သည်။

ရှန်ဆင်သည် နောက်သို့ အနည်းငယ် ဆုတ်သွားသည်။

'ဟား....ဟား....ဟား'

www.burmeseclassic.com

www.burmeseclassic.com



မုကျုံး၏ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

'သိပ်လဲ ရယ်မနေနဲ့ဦး၊ ခင်ဗျားအသက် တိုသွားလိမ့်မယ်'

ပြောပြီး ပြေးဝင်၍ တိုက်ခိုက်လေ၏။

ယခုတစ်ကြိမ်တွင်....

သူကဓားဖြင့် ဝှေ့ယမ်းခုတ်ချလိုက်သလို ခြေထောက်ဖြင့်လည်း ကန်ကျောက်လိုက်သည်။

'ဝုန်း'

အသံတစ်ချက် ထွက်ပေါ်လာပြီး မုကျုံး နောက်ဆုတ်သွား၏။

ရွှန်ဆင်က သဘောကျစွာ ပြုံးလိုက်ပြီး....

'ဘယ်လိုလဲ၊ ခင်ဗျားရယ်နိုင်သေးလား'

မုကျုံးက အံသွားတစ်ချက် ကြိတ်လိုက်ပြီး....

'သေပေတော့'

အော်ငေါက်ရင်း မြှုသို့တရကြမ်း ပြေးဝင်၍တိုက်ခိုက်လိုက်၏။

မင်းယန် ရင်ထိတ်သွားသည်။

'သတိထား'

ဟု လှမ်း၍ သတိပေးလိုက်၏။

ရွှန်ဆင်က မုကျုံး၏တိုက်ကွက်ကို ရှောင်တိမ်းလိုက်ပြီး ခြေထောက်ဖြင့် ကန်ထည့်လိုက်သည်။

'ဝုန်း'

မုကျုံးမှာ အဝေးသို့ လွင့်စင်သွားသည်။



သူ၏ဒါးစပ်မှ သွေးများ စီးကျလာသည်။

'ရပ်လိုက်ကြစမ်း'

ခြေသံများ၊ အမိန့်ပေးသံများနှင့်အတူ စီးကျင်ဦးဆောင်သော မင်းမှုထမ်းများ ရောက်ရှိလာသည်။

မုကျုံးသည် အံကြိတ်ကာ လဲကျနေရာမှ ကုန်း၍ထလိုက်သည်။

မင်းမှုထမ်းများက သူ့အားဝိုင်းရံ ထားလိုက်၏။

'သွားကြစမ်း'

မုကျုံးက လက်တစ်ချက် ဝေ့ယမ်းလိုက်ရာ မင်းမှုထမ်းများ အလဲလဲအပြိုပြို ဖြစ်သွားသည်။

ထိုအချိန်တွင်....

ရွှန်ဆင်သည် လက်ထဲမှဓားဖြင့် မုကျုံး၏နောက်ကျောကို ပစ်ပေါက်လိုက်သည်။

'အား'

အနောက်ဘက်မှ ဝင်ရောက်လာသော ဓားကို မရှောင်နိုင်တော့ပေ။

ဓားသည် မုကျုံး၏ နောက်ကျောမှတစ်ဆင့် ရင်ဝသို့တိုင် ထိုးဖောက် ဝင်ရောက်သွားသည်။

'ဝုန်း'

မုကျုံးသည် ကြမ်းပြင်ပေါ်သို့ လဲကျသွားလေသည်။

သူသည် တစ်ချက် နှစ်ချက် လူးလွန့်ပြီး ငြိမ်၍သွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



နေရောင်ခြည်သည် ကမ္ဘာမြေပေါ်သို့ နွေးထွေးစွာဖြင့် ကျရောက်နေပြီး သာယာသောနေ့တစ်နေ့ ဖြစ်သည်။

ထိုစဉ်....

မြင်းနှစ်ကောင်သည် ယှဉ်တွဲကာ ခပ်မြန်မြန် မောင်းနှင်လာသည်။

ထိုမြင်းနှစ်ကောင်ပေါ်၌ လူနှစ်ယောက်လိုက်ပါလာလေသည်။

ထိုလူနှစ်ယောက်မှာ....

ရှန်ဆင်နှင့် မင်းယန်တို့ပင် ဖြစ်လေသည်။

သူတို့သည် ရှောင်ကျင်ဆီသို့ ဦးတည်သွားနေခြင်း ဖြစ်သည်။

သူတို့၏ဘဝသည် ယခုမှအဓိပ္ပာယ်ရှိလာသည်ဟု ထင်မိသည်။

ရှန်ဆင်က ကြေးစားအလုပ်ကို မလုပ်တော့ဖို့ဆုံးဖြတ်ချက်အတိုင်း မင်းယန်အား ပြောပြခဲ့သည်။

မင်းယန်သည် ဝမ်းသာပျော်ရွှင်စွာဖြင့် ရှန်ဆင်နှင့်အတူ အေးချမ်းစွာရှိနေသည့် ရှောင်ကျင်အား သွားရောက်တွေ့ဆုံရန် လိုက်လာခြင်း ဖြစ်သည်။

ရှောင်ကျင်ကလည်း သူတို့အား ဝမ်းသာပျော်ရွှင်စွာဖြင့် ကြိုဆိုနေလိမ့်မည်ဟု သူတို့က ယုံကြည်ထားလေတော့သည်။

ပြီးပါပြီ။

ဝဏ္ဏအောင်

BURMESE CLASSIC

www.burmeseclassic.com